www.burmeseclassic.com

# ပရသသိဒ္ဓိ

## တမလွန်မှသူသိစေ

နှင့် ဝတ္ထုတိုများ



ညီညီနိုင်၊ ဆွေမြင့်၊ လွန်းကျော်ဦး
မနတ်ဟိန်းဇော်၊ ဟိမဝေဝေ၊ ကလျာစတိ

www.burmeseclassic.com

www.burmeseclassic.com

တာမူခွင့်ပြုချက်အမှတ် - ၅၀၀၁၆၅၀၂၀၉
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၃၂၁၀၃၀၉
ထုတ်ဝေသူ
ဦးနိုင်မျိုးထွန်း (၀၃၉၉၂) အင်ပါယာစာပေ
တိုက် (၂၁)၊ အခန်း (၁၁)၊ ဦးဝိစာရလမ်း၊
စိမ်းဖွားကူးသန်းဆန့်ထမ်းအိမ်ယာ၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)၊ ရန်ကုန်။
အတွင်းနှင့်အဖုံးပုံနှိပ်
ဦးကျင်ရင် (၀၅၄၁၇) ရွှေခြသေ့ပုံနှိပ်တိုက်၊
အမှတ် (၁၂)၊ သရဖီလမ်း၊ စောရန်ပိုင်အနောက်ရပ်ကွက်၊ အလုံ။
ထုတ်ဝေခြင်း
၂၀၀၉ ခုနှစ်၊ မေလ၊ ပထမအကြိမ်။
အုပ်ရေ - ၅၀၀၊ တန်ဖိုး - ၁၀၀ ကျပ်။
ဖြန့်ချိရေး
ထူးအိမ်ရွာစာပေ
အမှတ် (၅၀)၊ ဓမ္မပါလလမ်း၊ ဆရာစံ မြောက်/အနောက်ရပ်ကွက်၊
ဗဟန်းမြို့နယ်၊ ရန်ကုန်။
☎ - ၀၉၅၀၅၄၆၈၇၁

၈၉၅.၈၃
ကလောင်စုံ
ပရသည်းဖို တမလွန်မှသူသိစေနင့် ဝတ္ထုတိုများ / ကလောင်စုံ၊ - ရန်ကုန်၊ အင်ပါယာစာပေ၊ ၂၀၀၉၊
၂၄၉ - စာ၊ ၁၂.၂ x ၁၈.၄ စင်တီ ၊
(၁) ပရသည်းဖိုတမလွန်မှသူသိစေနင့်ဝတ္ထုတိုများ

# ကျေးဇူးတင်လွှာ

ကျွန်တော်တို့စာပေမှ ပရသည်းဖို ဝတ္ထုများ စုစည်းပြီး ဝရိသတ်ကို တင်ဆက်ခဲ့တာဆိုလျှင် ( ၄ ) အုပ်မြောက်ဖြစ်ခဲ့ပါပြီ။

ဒီစာအုပ်များ ဖြစ်မြောက်အောင် ရေးသားခဲ့ကြသော စာရေးဆရာများအားလုံးကို ကျေးဇူးတင်ပါသည်။ ကျွန်တော်တို့ ပရသည်းဖို ဝတ္ထုများထဲမှ စာရေးဆရာများ၏ စာမူများရရှိအောင် ကူညီခဲ့ကြသော စာရေးဆရာ နေတိုးကိုကိုဇော် နှင့် မင်းပုညကိုလည်း ကျေးဇူး တင်ပါသည်။

ကျွန်တော် ပရသည်းဖို ဆိုသောအမည်ကို ကျွန်တော် ဤသို့အဓိပ္ပါယ်ဖွင့်ခဲ့ပါသည်။ မှားယွင်းခဲ့ပါက ခွင့်လွှတ်ပေးကြပါ။ ပရဆိုတာ (၃၁)ဘုံမှာ ကျင်လည်နေကြသော သတ္တဝါများ၏ ဖြစ်ရပ်များကို ဆိုလိုပါသည်။ သည်းဖိုဆိုသည်မှာ ဤလူ့လောကတွင် ဖြစ်ပျက်နေသော ထိတ်လန့်အံ့ဩဖွယ်ကောင်းသော အရာများကို ဆိုလိုပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်တို့စာပေမှ ထုတ်ဝေသော စာအုပ်များကို ဖတ်ရှုအားပေးသူများအားလုံးနှင့် စာဖတ်ပရိသတ်အားလုံး ကျန်းမာချမ်းသာပြီး ကိုယ်စိတ်နှလုံး အေးငြိမ်းချမ်းသာပြီး လိုအင်ဆန္ဒများ ပြည့်ကြပါစေလို့ ဆုမွန်ကောင်း တောင်းလိုက်ပါသည်။

မောင်အောင်ကိုကို
(စီစဉ်သူ)
ထူးအိမ်ခြွာစာပေ

[illegible]


၁။ တစ္ဆေမှုဆိုးနှင့်မိစ္ဆာရန်စွယ်
ညီညီနိုင် ၉

၂။ သားကောင်အဖြစ်သို့
ဆွေမြင့် ၄၁

၃။ တမလွန်မှသူသိစေ
ကလျာဝါဝါ ၅၉

၄။ စည်းပျက်နှလုံးသား
ဇလွန်ကျော်ဦး ၉၅

၅။ မြေနှန်းစောင့်သခင်မ
ဟိဏ်းထော ၁၁၅

၆။ ဆားပုလင်းမြိုင်မဟာမင်းမောင်
နှင့်
ဝိညာဉ်တောင်ကျိန်စာ
မနုတ်ဟိထ်းဇော် ၁၅၃


www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

## တမ္ဘွေမှဆိုးနှင့် မိဿာရန်ဖွယ်

( ၁ )

နီးစ်အော်စင်သည် မီးဖိုခန်းထဲတွင်ထိုင်လျက် ရှည်လျား သေးသွယ်သော လက်ချောင်းလေးများဖြင့် စားပွဲခုံကိုခေါက်ကာ တွေးမိတွေးရာ တွေးနေမိသည်။ အပြာဖျော့ဖျော့ မျက်လုံးများက တော့ တစ်စုံတစ်ခုကို အလေးအနက် စဉ်းစားနေဟန်ပင်။

ယနေ့အဖို့ သူနှင့် ချိန်းဆက်ထားမှုမရှိသလို ဘယ်သူ့ကို မှလည်း စောင့်နေခြင်းမဟုတ်ပါ။

ထိုစဉ်မှာပင် တံခါးပွင့်လာပြီး သူ့အောက်ထပ်မှ အရပ်ရှည် ရှည်နှင့် အမေရိကန် ရှေ့နေကြီး ဝင်လာသည်ကို တွေ့လိုက်သည်။





မျက်နှာကို ဖမ်းကြည့်လိုက်သည်နှင့် အတော်လေး စိုးရိမ်သောက ဖြစ်လာကြောင်း တန်းသိလိုက်၏။

"ခင်ဗျား ဘာဒုက္ခကြုံလာလို့လဲ ဟမ်းမင်းဝေး ကဲ... ကျိက်သလောက်စပ်သောက်ပြီး အေးအေးဆေးဆေး ထိုင်ပြောစမ်း ပါဦး"

ဆံပင်နက်နက်နှင့် ရှေ့နေက လှုလုံးလှုဖန်ခပ်ခွေခွေလေး နီးစ်အော်စင်ကို ခပ်ယဲ့ယဲ့လေး ပြုံးပြလိုက်ရင်း စီးကရက်ဆိုဒါကို ငင်လျက်က...

"ခင်ဗျားကတော့ အံ့ရောဗျာ၊ ကျွန်တော်ဝင်လာတာနဲ့ ဘာ ဖြစ်လာတယ်ဆိုတာ ဒက်ကနဲသိလိုက်တာ၊ မှန်တယ်ဗျ ခင်ဗျား ပြောတဲ့အတိုင်းပဲ ကျုပ်တကယ့်ကို သောကရောက်ပြီး ရင်ပူနေရ တာဗျ"

ထို့နောက် ဟမ်းမင်းဝေးက ရုတ်တရက် ရှေ့သို့ကိုင်းညွတ် လိုက်ရာမှ...

"အော်စင် အဖြစ်က ရိုးရိုးတန်းတန်း မဟုတ်ဘူး၊ ခင်ဗျားပဲ ဖြေရှင်းပေးနိုင်မယ်လို့ ဆိုရမယ့်အဖြစ်ပဲ"

"ပြော်...ပြော်"

"ဖြစ်ပုံက ဒီလို၊ ကျွန်တော့်ရဲ့တူလေး တစ်ယောက်ဟာ တလောကပဲ လက်ထပ်လိုက်တယ်၊ သူတို့လင်မယားနေဖို့ တိုက်



www.burmeseclassic.com

www.burmeseclassic.com



ခန်းလေးတစ်ခန်းလည်း ငှားခဲ့တယ်၊ ဒီအခန်းက ကျွန်တော်တို့ ထိန်းထားတဲ့အခန်းပါပဲ၊ ဒါပေမဲ့ ကံမကောင်းပုံက သူငှားတဲ့အချိန်မှာ ကျွန်တော်ကလည်း အဝေးတစ်နေရာ ရောက်နေတယ်"

"ကံမကောင်းတာက ဘာကြောင့်ပါလိမ့်"

အော်စင်က အဓိကအချက်ကို ထောက်ပြုစမ်းလိုက်သည်။

ရှေ့နေကြီးက...

"ပြောရတာပေါ့ဗျာ၊ ဒီအခန်းက ရာဇဝင်ဆိုးကြီးနဲ့ဗျ။ ကျွန်တော်နဲ့ မတည့်တဲ့ရန်သူကိုတောင် မငှားသင့်တဲ့အခန်းပဲ၊ သူ ရာဇဝင်ဆိုးလွန်းတာကြောင့်လည်း အခန်းလေးက နေချင်စရာ လှပကောင်းမွန်ပေမယ့် မငှားရဲကြပဲ ဒီအတိုင်းလွတ်နေတာကြာပြီ"

"သူ့ရာဇဝင်ကကော"

အော်စင်က ကြားဖြတ်ဝင်မေးမိသည်။

"အင်း...ပြောရရင်တော့ အဲဒီအခန်းမှာ ကိုယ့်ကိုယ်ကို သတ်သေမှု သုံးမှုတောင်ရှိခဲ့လို့ပဲ၊ တခြားအိမ်ငှားတွေလည်း တစ်ပတ်ထက် ပိုမနေနိုင်ပဲ ပြောင်းပြေးကြရတာချည်းပဲ၊ သူတို့စကားအရတော့ ညဘက်ရင် ရေချိုးခန်းပြတင်းပေါက်တံခါးက အလိုလို ပွင့်သွားတာနဲ့ စိတ်ခြောက်ချားစရာကောင်းအောင် အေးစက်လာလို့ဆိုပဲ"

"လူသေမှုတွေနဲ့ ပတ်သက်တဲ့ ထူးခြားမှုတွေ ပြောပါဦး"





ဟမ်းမင်းဝေးက စီးကရက်မူးကို ထုတ်ရင်းက တစ်လုံးချင်း ထောက်ဆက်သည်။

"အပေါ်ယံကြော ကြည့်ရင်တော့ ထူးခြားမှုမရှိဘူးလို့ ပြောလောက်ပါတယ်၊ ပထမတစ်ယောက် အသက်(၃၀)လောက်ရှိတဲ့ မြင်းသစ်အမျိုးသမီးပါပဲ၊ နောက်သုံးလလောက်အကြာမှာ ဒုတိယက အသက်(၆၀)အရွယ် လူကြီးတစ်ယောက်ပေါ့၊ တတိယနဲ့ နောက်ဆုံးကတော့ အဖွားကြီးတစ်ယောက်ဖြစ်ပြီး လွန်ခဲ့တဲ့တစ်နှစ်ကမှ သေသွားတာ"

"ဖြစ်စဉ်အားလုံးဟာ တိုက်ဆိုင်မှုလို့ ဆိုနိုင်ပေမယ့် ထူးဆန်းတာက အဲဒီရေချိုးခန်း ပြတင်းပေါက်ကိုမှရွေးပြီး ခုန်ချကြတာပေါ့"

"ဒါ အတော်ကြီးကို ဆန်းတာပဲ၊ ဒါပေမဲ့ နောက်ကွယ်မှာ နိုင်လုံတဲ့အကြောင်းတစ်ခုခုတော့ ရှိလောက်တယ်၊ ခင်ဗျားသိတဲ့အတိုင်း ကျွန်တော်ကြုံတွေ့ခဲ့တဲ့ အမှုငါးမှုမှာ လေးမှုက စိတ္တဇဆန်တဲ့ အဖြစ်ဆန်းတွေဖြစ်ပြီး ခပ်ကြမ်းကြမ်းနဲ့ မနှစ်မြို့စရာတွေ ကောင်းတဲ့တိုင်အောင် တကယ်စုံစမ်း စစ်ဆေးလိုက်တော့ အဖျားရှူးရှူးသွားတတ်ကြတာပဲ၊ အင်း...ခုအမှုကတော့ တကယ့်ကို ထူးမယ်ထင်ရတာပဲ၊ ခင်ဗျားက ကျွန်တော် ဘာလုပ်စေချင်သလဲ"

"ဒီလိုဗျ၊ ကျွန်တော့်တူလင်မယားက အခန်းကို မွမ်းမံပြင်ဆင် အလှဆင်ထားခိုင်းပြီး ဟန်းနီးမွန်းထွက်သွားကြတယ်၊ တစ်



www.burmeseclassic.com

www.burmeseclassic.com



ခင်လောက်အကြာမှာ ပြန်လာလိမ့်မယ်၊ ကျွန်တော့်လက်ထဲမှာ သော့တစ်စုံရှိထားတယ်၊ ဒီတော့ ခင်ဗျားအနေနဲ့ အဲဒီအခန်းကိုသွားကြည့်ပြီး ဘာကြောင့် ဘယ်လိုတွေဖြစ်တယ်ဆိုတာ လေ့လာစေချင်တယ်"

"ကျွန်တော့်စိတ်ထင်တော့ နောက်ထပ်အောဒနလုံးနာစရာအဖြစ်တွေ ထပ်ဖြစ်လာဦးမယ်လို့ အောင်းမေ့တယ်၊ ဒီတော့ စိတ်နယ်လွန်ပြဿနာတွေနဲ့ပတ်သက်လို့ ကျွမ်းကျင်တဲ့ခင်ဗျားဆီကို ပြေးလာတာပဲ၊ ဒါကို ကျွန်တော့်မိတ်ဆွေ ရဲတွေသိရင်တော့ ဝိုင်းလှောင်ကြမှာသေချာတယ်"

နေးစ်အော်စင်က နောက်ကိုလှည့်ပြီး…

"ပူစီ…ပူစီ"

လို့ခေါ်လိုက်သည်။ ချစ်စရာကောင်းအောင်လှပသော ယိုးဒယားကြောင်နက်ကြီးက ဘယ်ကဘယ်လိုရောက်လာမှန်းမသိ သူ့ပခုံးပေါ်သို့ ခုန်တက်လာသည်။

"ဗိုးပူစီရေ တို့ကိုတော့ တစ္ဆေဖမ်းဖို့ လာခေါ်နေပြီကွ၊ မင်း ဘယ်လိုသဘောရလဲ"

ကြောင်နက်ကြီးက ပျင်းပျင်းတွဲတွဲဖြင့် ညောင်ခနဲ အသံပေးလိုက်သည်။ ပြီးတော့ ပြာမှိုင်းမှိုင်း မျက်လုံးကြီးများနှင့် ဟမ်းမင်းဝေးကို စိုက်ကြည့်သည်။

အော်စင်က ဟမ်းမင်းဝေးကို လက်ကမ်းပေးလိုက်၏။





"ကောင်းပြီလေ…ကျွန်တော့်ကို သော့တွေပေးခဲ့၊ ကျွန်တော်ဘာလုပ်ပေးနိုင်သလဲဆိုတာ သွားကြည့်မယ်၊ တစ်ရက်နှစ်ရက်ကြာရင် ပြန်ဆုံပြီး အဖြေထုတ်ကြတာပေါ့"

"ဟာ…ကျေးဇူးတင်လိုက်တာ ဆရာရယ်၊ ခုမှပဲ ကျွန်တော့်ရင်ထဲက အလုံးကြီးကျသွားတော့တယ်၊ တိုက်ခန်းက ဇာင်စင်တန်တောင်ပိုင်း ကော်လင်းဘန်းကုတ် နံပါတ် (၃၅)ပါ"

ဟမ်းမင်းဝေးက အရက်ခွက်ကို လက်စသပ်လိုက်ပြီး ပြောလိုက်ခြင်းဖြစ်၏။

✠ ✠ ✠

( ၂ )

လေးရက်မြောက်နေ့၌ သူတို့ညစာစားရင်း ပြန်ဆုံကြသည်။ ကော်ဖီများလာမချခင် အော်စင်က ဟမ်းမင်းဝေးအား ခုလိုရှင်းပြခဲ့သည်။

"ကျွန်တော် တစ်နေ့ညက အဲဒီအခန်းကို ရောက်သွားတယ်ဗျ၊ ခင်ဗျားပြောတာ မှန်တယ်၊ အခန်းက ထားကာယ့်ကို နေချင်



www.burmeseclassic.com

www.burmeseclassic.com



စရာမကောင်းအောင် ခြောက်ချားစရာကြီးပဲ၊ ဒါပေမဲ့ ဘာကြောင့် ဒီလိုဖြစ်နေရတယ်ဆိုတာ စဉ်းစားလို့ မရသေးဘူး•••

ကျွန်တော် အခန်းကို နှစ်ခေါက်သုံးခေါက် သွားကြည့်ရဲ့ မကာ ရှေးခန်းထဲမှာတောင် ညအိပ်ခဲ့သေးတယ်၊ ကျွန်တော် အတွေ့ အကြုံအရတော့ သဘာဝလွန်တဲ့ အရိပ်အယောင်၊ ဘာတစ္ဆေ ဘာ ဝိညာဉ်မှတော့ မတွေ့ခဲ့ရဘူး။ ညို့ယူဖမ်းစားတဲ့ လက္ခဏာလည်း မမြင်ခဲ့ရပါဘူး•••

ကျွန်တော်က ခုနစ်ယောက်မြောက်သားဖြစ်သလို အာရုံ ထူးလည်း ရသူဆိုတော့ ဝိညာဉ်လောကကိုလည်း သိတန်သလောက် သိပါတယ်၊ ကြောင်နက်ကြီးပုစီလည်း မကောင်းဆိုးဝါးတွေမှန်ရင် အကြားအမြင်ရထားတဲ့ သတ္တဝါပဲ၊ သူကိုယ်တိုင်လည်း အခန်းပတ် ဝန်းကျင် ကြိုက်ပုံမရပေမယ့် ထူးခြားမှုတော့ တွေ့ပုံမရဘူးဗျ''

''အဲဒါနဲ့ပဲ ကျွန်တော်လည်း သဲလွန်စရှာတဲ့အနေနဲ့ ရဲစခန်း ကို လိုက်သွားပြီး သေကြောင်းကြံမှုတွေ အကြောင်းကို စုံစမ်းခဲ့ တယ်၊ ဒီလိုနဲ့ သိခဲ့ရတာက ပထမဆုံးသေတဲ့ ပြင်သစ်မလေး နာမည် က ဗစ်တိုးရိန်းနီဒူးဘတ်တဲ့၊ အတော့်ကိုလှတယ်ဆိုပဲ•••

သူက အိမ်ဖော်တစ်ယောက်နဲ့ အတူနေတယ်၊ သူသေတဲ့ အချိန်မှာ အိမ်ဖော်မလေးက သူ့ရွာသူပြန်သွားနေတယ်တဲ့၊ ဒုတိယ လူကတော့ သဘော်သူဌေး အာနီးရောဘတ်ဆင်တဲ့၊ သူက မဒမ်ဒူး





ဘတ်ကို အခန်းငှားပေးတာ၊ နောက်ဆုံးသေတဲ့ အဖွားကြီးက မစ် စွမက်သီဆန်တဲ့၊ ငှားပြီးတစ်ပတ်အကြာမှာ တိုက်ပေါ်က ခုန်ချ သွားတာပဲ•••

ကျွန်တော့်ရဲ့ လေ့လာစုံစမ်းချက်တွေအရ စိတ်ဝင်စားစရာ ကောင်းတဲ့ အချက်သုံးချက်တွေ့ရတယ်၊ တစ်ချက်က သူတို့သုံး ယောက်စလုံးမှာ ကိုယ့်ကိုကိုယ် သတ်သေလောက်တဲ့ အကြောင်း တွေ ဘာမှမရှိတာပဲ•••

ဒုတိယအချက်အနေနဲ့ သတ်သေမှု သုံးမှုစလုံးဟာ သန်း ခေါင်ကျော် မိုးမလင်းကာလမှာ ဖြစ်ခဲ့တယ်၊ တတိယအချက်ကတော့ တိုက်ဆိုင်မှုပဲ ဆိုရမလား၊ သေသူအမျိုးသမီး နှစ်ယောက်စလုံးဟာ အနီရောင်ဆံပင်ပိုင်ရှင်တွေ ဖြစ်နေတာပဲ၊ ဘာပဲဖြစ်ဖြစ် အဲဒီတိုက် ခန်းထဲမှာ မကောင်းဆိုးဝါး ရှိတဲ့ပုံစံနဲ့ ခြောက်လားလှန့်လား လုပ်ခဲ့ တာမျိုး မရှိခဲ့တာပဲ၊ လောလောဆယ်တော့ ဒီထက်ပိုပြီး မထူးခြား သေးဘူး ဆိုရမှာပေါ့''

ဟမ်းမင်းဝေး၏ နဖူးကြောရှုံ့သွားရာမှ စိုးရိမ်မှုလက္ခဏာ ဖြတ်သန်းသွားသည်။

''ကျွန်တော် နားလည်ပါတယ်ဗျာ၊ ဒီလောက်ကြိုးစားပေး တာပဲ ကျေးဇူးတင်လှပါပြီ''

''တစ်ခုတော့ရှိတယ်၊ သူတို့သေတဲ့ ရက်စွဲတွေကိုကြည့်



www.burmeseclassic.com

www.burmeseclassic.com



လိုက်တော့ ဖြူဒိန်ရက်တွေနဲ့မဆိုင်ပဲ လကွယ်ညတွေနဲ့ ဆက်နွယ်နေတာ တွေ့ရတယ်၊ အမျိုးသမီး နှစ်ယောက်စလုံးဟာ လကွယ်ညတွေမှာ တိုက်ပေါ်က ခုန်ချခဲ့ကြတာကလား။ မစ္စတာရောဘတ်ဆင်ကတော့ လကွယ်ပြီး ဆယ်ရက်လောက်မှာ သီးခြားသေခဲ့ရတာပဲ'

'ဒီတော့ ကျွန်တော်ဟာ လောလောဆယ် မသွားသေးပဲ လာမယ့် လကွယ်ညကျမှ အခန်းကို သွားကြည့်မယ်လို့ စဉ်းစားလိုက်တယ်၊ အဲဒီညမှာ တစ်ခုခုထူးခြားလိမ့်မယ်လို့လည်း စိတ်ကထင်နေတယ်၊ ဘာမှမထူးခြားဘူးဆိုရင်တော့ ခင်ဗျားတူလေးအတွက် ဘာမှ စိုးရိမ်စရာ မလိုတော့ပါဘူး။ ဒါထက် စကားမစပ် သူတို့က ဘယ်နေ့ ပြန်လာမှာလဲ''

''သူတို့ ပြန်လာမယ့်ရက်က (၁၅)ရက်လောက် လိုပါသေးတယ်''

''ဟုတ်ပြီ သဘာက်ခါဆိုပဲ လကွယ်ညဖြစ်ပြီ၊ ဒီတော့ ကျွန်တော်တို့ အဲဒီညကျရင် သွားအိပ်ကြရအောင်၊ ခင်ဗျားလည်း လိုက်ခဲ့ပါ ဘယ့်နှယ်လဲ''

''ဘာပြင်းစရာရှိမှာမို့လဲဗျာ၊ ကျွန်တော့်ကိစ္စပဲဟာ''

''ဘယ်အချိန်ဆုံကြမလဲသာပြော''

''သန်းခေါင်မတိုင်ခင် သွားလို့ရတော့ အလကားပဲ၊





ဒီတော့ ညစာစားပြီးမှ သွားကြတာပေါ့၊ အဲဒီမနက်မှာလည်း ကျွန်တော် စီစဉ်စရာလေးတွေ သွားလုပ်လိုက်ချင်သေးတယ်''

''စီစဉ်စရာ ဟုတ်လား။ ဘာများပါလိမ့်''

''တခြားတော့ မဟုတ်ပါဘူး၊ ကျွန်တော့်ရဲ့ အထူးကင်တွေကို ပြတင်းပေါက်နဲ့ချိန်ပြီး သွားတပ်မလို့ပါ၊ လျှပ်တစ်ပြက်တွေလည်း ကြိုးပျောက်နဲ့ ဆက်ထားရဦးမယ်လေ၊ ပြတင်းပွင့်သွားတာနဲ့ လျှပ်တစ်ပြက် မီးတွေပွင့်ပြီး ကင်မရာတွေက ရိုက်ပြီးသား ဖြစ်သွားမှာပေါ့၊ ဒီတော့ ဘယ်သဘာဝလွန်ဒ ပေါ်လာလာ ကင်မရာတွေက မှတ်တမ်းတင်လိုက်မှာပဲ''

✠ ✠ ✠

( ၃ )

လကွယ်ည သန်းခေါင်ယံမတိုင်မီ• • •

၁၁ နာရီခွဲပြီ ဆိုကတည်းက အော်စင်နှင့် ဟမ်းမင်းရေးတို့နှစ်ဦးသား မိစ္ဆာတိုက်ခန်းထဲသို့ ရောက်သွားကြသည်။

အော်စင်က ကားထဲမှထွက်ပြီး အခန်းရှိရာသို့ မော့ကြည့်



www.burmeseclassic.com

www.burmeseclassic.com



ဇော လက်မောင်းကိုဖျစ်၍ တီးတိုးကပ်ပြောမိသည်။

နေ "ဟာ…ဟိုမှာ အခန်းမီးပွင့်နေတယ်၊ ကြည့်စမ်း… ညချိုးခန်းကတော့ မှောင်နေတာပဲ၊ ကော့တော့ ရေချိုးခန်းထဲ တစ်ဆယ့်ဂကယောက် ဝင်နေပြီ"

တာ၊ "သူနိုးပဲ ဖြစ်မှာပေါ့၊ လာ…ကျွန်တော်တို့ တက်ကြည့်ငြ"

လာမယ့် ဟမ်းမင်းဝေးက ပြောလိုက်သည်။

တယ်၊ ဒု အော်စင်က ခပ်တင်းတင်းမျက်နှာထားဖြင့် လှဲ့ဆော်လိုက်တယ်၊

စိုးရိမ် ထို့နောက် နှစ်ဦးသား တိတ်တဆိတ် အပေါ်ထပ်တက်ခဲ့ ပြန်လည်အော်စင်က တံခါးသော့ကို ဖွင့်လိုက်သည်။ ဒါပေမဲ့ တံခါးကို တွန်းဖွင့်မဝင်ခင် ဟမ်းမင်းဝေးက တအံ့တဩ…

"ပီတာ…မင်းဒီမှာ ဘာလာလုပ်နေတာလဲ၊ ငါထင်တာ က"

"ကျွန်တော်…အဲ…အမှန်တော့ ကျွန်တော်တို့ နောက် တစ်ပတ်အထိနေဖို့ပါ၊ ခရီးစဥ် တစ်ဝက်တစ်ပျက်နဲ့ ပြန်လာရတာ၊ ကျွန်တော့်အလုပ်က အရေးတကြီး ပြန်ခေါ်လို့ပါ၊ အခန်းကလည်း ပြင်ပြီးသပြီးသား ဖြစ်မယ်ဆိုတော့ ရထားဆိုက်ဆိုက်ချင်း ဒီကိုပဲ တန်းလာခဲ့ကြတာပါပဲ"





လူငယ်လေးအသံက ခပ်စူးစူးနှင့် ခရီးပန်းမောပန်း နွမ်းနယ်လာပုံလည်းရသည်။ မမျှော်လင့်ပဲ ဦးလေးဖြစ်သူကို တွေ့လိုက်သောကြောင့် အံ့ဩဝမ်းသာမှုလည်း ရောစွက်နေ၏။

ဖကတီအခြေအနေကတော့ ကမောက်ကမဖို့ အဆင်ပြေနိုင်စရာမရှိပါ။ သူတို့အနေနှင့် အိမ်သစ်မှာ လာနေသူကို ပထမဆုံးညမှာပင် အမင်္ဂလာအဖြစ်ဆိုးများကို ဖွင့်ပြောပြရတော့မည်။ သူတို့ညအိပ်လာရောက်ရသည်ကိုလည်း မလွှဲမရှောင်သာ အသိပေးရဦးမည်။

သည့်အတွက် ဟမ်းမင်းဝေးက အော်စင်နှင့် မိတ်ဆက်ပေးလိုက်ရင်း ဖာဖာထေးထေးလေး ပြောလိုက်သည်။

"အေးလေ၊ ငါကလည်း မင်းတို့မရောက်သေးတော့ အိမ်အခြေအနေ လာကြည့်တာပါ၊ ဒီက မစ္စတာအော်ဆင်နဲ့ ညစာအတူစားရင်းဆိုတော့ သူ့ကိုလည်း တစ်ပါထဲ ခေါ်လာမိတယ်ဆိုပါတော့"

ပီတာဝမ်ဘလေက တအောင့်တော့ တွေဝေသွားသည်။ တစ်နေကုန် ခရီးပန်းလာသည့်ကြားမှ ဧည့်သည်တွေရောက်လာခြင်းကို သည်းခံလိုက်ရပုံဖြင့် သူ့စိတ်ရင်း သဘောရင်းကောင်းသူဖြစ်ကြောင်း သိသာစေခဲ့သည်။

"ဟုတ်ပါတယ်၊ ခုလို အန်ကယ်တို့ ဂရုစိုက် စောင့်ရှောက်ပေးတာပဲ ကျေးဇူးတင်လှပါပြီ၊ ကဲ…အထဲဝင်ကြဦး၊ ပေါလင်း



www.burmeseclassic.com

www.burmeseclassic.com



ကတော့ အိပ်ရာဝင်တော့မယ်၊ ကျွန်တော်လည်း မအိပ်ခင် တစ်ခွက် တစ်ဖလားချဦးမလားလို့ အနီးကယ်တို့ ရောက်လာတာနဲ့ အတော်ပဲ”

အော်စင်နှင့် ဟမ်းမင်းဝေးတို့အဖို့တော့ ပီတာ၏ခွင့်ပြုချက် အရ အိမ်ထဲဝင်လိုက်ရသော်လည်း စိတ်ထဲမှာ စနိုးစနောင့် ခံစားနေရသည်။ ဘာပဲပြောပြော လူငယ်၏မျက်နှာက ကြည်ကြည်သာသာ မရှိလှ။

သူတို့လည်း မျက်နှာပြောင်တိုက်ကာ မအူမလည် မသိ ကျိုးကျွံလုပ်၍ နောက်ဖေးခန်းသို့ ဝင်ထိုင်လိုက်မိကြသည်။ သန်းခေါင် ကျော်မို့ မိနစ်နှစ်ဆယ်ကြီးများတောင် စောင့်ရဦးမယ် မဟုတ်ပါလား။

“ကဲ • • •ဘာသောက်ကြမလဲ၊ ဝီစကီ • • •ဘရန်ဒီ”

ပီတာက နံရံကပ် အရက်စင်လေးဆီမှ လှမ်းမေးလိုက်သည်။

“ငါ့အတွက်တော့ ဝီစကီလုပ်ကွာ”

ဟမ်းမင်းဝေးက ဟန်ဆောင်ပန်ဆောင် သွက်လက်စွာပြော လိုက်သည်။

“ဆရာကရော”

ပီတာက အော်စင်ကိုမေးသည်။

“ရေတစ်ခွက်ပဲပေးပါ”

ညှော်သည်နှစ်ယောက်က ထိုင်ချလိုက်ပေမယ့် ပီတာက





တော့ မီးလင်းဖိုရှေ့တွင် ရပ်နေ၏။

အဆင်ကြည့်ရတာတော့ ညှော်သည်တွေကို ညလုံးပေါက် မနေချင်တဲ့ပုံ။

ဟမ်းမင်းဝေးက အော်စင်ကို အားနာပါးနာ လှမ်းကြည့် သည်။

အော်စင်ကတော့ ပီတာကို အပြစ်ကင်းသောအပြုံးဖြင့် ပြုံး ပြလျက် • • •

“ခုန• • •ငါ့ညီ ဟန်းနီးမွန်းက ပြန်ရောက်ခါစလေးပဲ ဆိုတာ ကြားလိုက်ပါတယ်၊ ဘယ်တွေများ ရောက်ခဲ့ပါလိမ့်”

“အီတလီ တောင်ပိုင်းက အေမဲလ်ဖိုင်းနေရာလေးပါ။ ဆရာ သိပါလိမ့်မယ်”

“အင်း • • •ကျွန်တော် တစ်ချိန်တုန်းက နေပဲလီကနေ ဖြတ်သွားဖူးပါတယ်၊ အင်မတန် သာယာလှပတဲ့ နေရာလေးပေါ့”

ပီတာက ခေါင်းညိတ်ပြသည်။ ဒါပေမဲ့ ရှေ့ဆက်စကား ပြောလိုဟန်မရှိ။

“ဟိုမှာ ရာသီဥတု အခြေအနေကကော”

အော်စင်က စကားမရှိ စကားရှာ၍ ကြဲဖန်မေးလိုက်သည်။

“အား • • •အေးလိုက်တာမှ ရေတောင်မချိုးနိုင်ဘူး၊ အဲ ဒီကောင်းကင်ပြာပြာကြီးကတော့ အရမ်းလှပြီး စိတ်ကိုပြောင်းပေးထာ



www.burmeseclassic.com

www.burmeseclassic.com



ပါပဲ''

အော်စင်က တာဝန်မကြေမှာ စိုးသည့်အလား စီးကရက်ဗူးလေးကို ထုတ်ပေးသည်။

''တစ်လိပ်လောက် သောက်ပါဦး။ ကျွန်တော် အထူးမှာသောက်တဲ့ တပ်စ်(စ)စီးကရက်ပါ''

''နေပါစေ ရပါတယ်''

ပီတာက ခေါင်းခါငြင်းဆန်လိုက်သည်။

ဟမ်းမင်းဝေးလည်း စကားဆက်မပြတ်အောင် သူကြားဝင်ရမည့်အချိန်လို နားလည်လိုက်၏။

သူတို့အတွက် သန်းခေါင်ကျော်သည့်တိုင် ပီတာလိုလိုလားလား စကားပြောနေဖို့လိုသည်။

''ခု မောင်ရင်ပြန်လာပြီဆိုတော့ အမဲလိုက်ထွက်ကြဦးမယ်ပေါ့လေ''

ပီတာက သူဝါသနာပါရာအကြောင်းကို စလိုက်သည့်အတွက် ပိုစိတ်ဝင်စားလာပုံရသည်။

''ဘယ်မထွက်ပဲ နေပါ့မလဲ အန်ကယ်ရာ၊ နောက်တစ်ပတ်ရုံးပိတ်ရက်ကျရင် လိုင်ဆက်စတာရှိုင်းယားဘက်ကို ထွက်မယ်လို့တောင် စိတ်ကူးထားပြီးပြီ''

''ဒါနဲ့ မနှစ်က အမဲလိုက်ရာသီတုန်းက ပြောင်ပေါက်တစ်

..... ထုအိမ်ဘြာ တလေ .....



ကောင်ရလိုက်သေးတယ်ဆို''

''ကျွန်တော်နဲ့ မိတ်ဆွေတွေ ဝိုင်းသတ်ကြလို့ပါ၊ ပေါလင်းတောင်ပါဦးမယ်၊ တစ်နေ့ကျမှ အန်ကယ်ကို သူ့အစွမ်းပြခိုင်းရဦးမယ်''

''ပေါလင်းကလည်း အတော်သတ္တိကောင်းပြီး အမဲလိုက်ကျွမ်းပုံပဲနော်''

ပီတာ၏စကားကို လိုက်နှင်း၍ ဟမ်းမင်းဝေးက အစဖော်လိုက်ခြင်းပါ။

ပြောပြောဆိုဆိုနှင့်လည်း အိပ်ခန်းတံခါးဘက်သို့ သူလှမ်းကြည့်လိုက်သည်။

''အေးဗျာ • • •အန်ကယ်တို့ကို သူထွက်မတွေ့နိုင်တာတောင်းပန်ပါတယ်၊ သူလဲ ခရီးပန်းလွန်းလို့ အိပ်ပျော်နေပြီထင်ပါရဲ့''

စကားဝိုင်းအခြေအနေက ပြန်လည်ခြောက်သွေ့ ငြိမ်သက်သွားသည်။

တိုင်ကပ်နာရီကြီးဆီမှ ဆယ့်နှစ်နာရီထိုးသံများ မြည်ဟီးလာသည်။

ဟမ်းမင်းဝေးက ဆတ်ခနဲ ခေါင်းထောင်ကြည့်သည်။

ဒါပေမဲ့ အော်စင်က ခေါင်းရမ်းပြလိုက်ပြီး 'မြန်နေသယ်' လို့ ရေရွတ်လိုက်သည်။

..... ထုအိမ်ဘြာ တလေ .....

www.burmeseclassic.com

www.burmeseclassic.com



ဟမ်းမင်းဝေးလဲ အိမ်ရှင်ပီတာကို အာရုံပြောင်းပြီး အချိန်ဆွဲ၍ စကားတွေ အမျှင်မပြတ် ပြောခဲ့မြန်သည်။

ဖခင်က သားကိုအမွေမပေးပဲ နောက်မိန်းမကို ပေးလိုက်သဖြင့် ပြဿနာတက်နေရသော မိတ်ဆွေသားအဖအကြောင်း။ တံဆိပ်ခေါင်းစုသည့် အကြောင်းစသည်ဖြင့် ခေါင်းထဲပေါ်လာသမျှ လျှောက်ပြောနေလိုက်သည်။

"ကျွန်တော်ကတော့ အဲဒါတွေ စိတ်မဝင်စားဘူးဗျ"

ပီတာ့အသံက ခပ်ထန်ထန်နှင့် ရှိုင်းပျသံပေါက်နေပြီး အိပ်ခန်းဘက်သို့ ခြေလှမ်းပြင်နေပါပြီ။

ဖွတ်အခမ္မ ကျူးကျော်ဝင်ရောက်နေသော ညှိုသည့်နှစ်ယောက်ကတော့ ဣန္ဒြေမပျက် ခပ်တည်တည် ဆက်ထိုင်နေရာမှ တခြားအကြောင်းအရာတစ်ခုတွင် ဦးနှောက် ကစားနေကြရသည်။

အော်စင် ကိုယ်တိုင်အဖို့ ဝို၍ခေါင်းရှုပ်နေရသည်။

တကယ့်တကယ် အိမ်ရှင်ကောင်မလေး ဘာလုပ်နေသလဲ။

အိပ်ရာထဲ ရောက်နေရိုးမှန်ရင်တော့ ဘက်သာစရာရှိပါရဲ့။

ဒါပေမဲ့ တကယ်ပဲ အိပ်ရာဝင်နေပြီလား။

သို့မဟုတ် ရေချိုးခန်းထဲမှာ ကိုယ်လက်သန့်စင်နေတာများ လား။

အော်စင်က အာရုံစိုက်၍ နားစွင့်ကြည့်လိုက်သည်။





မီးဖိုနံရံမှ နာရီသံကိုသာ တစ်ချက်ချက် ကြားနေရသည်။ တိတ်ဆိတ်ငြိမ်သက်မှုကို ဖောက်ထွင်းထွက်ပေါ်လာသော နာရီသံများ။

ဒီအတိုင်း သူတို့က ဘယ်လောက်ကြာအောင် စောင့်နေရဦးမှာလဲ။

✠ ✠ ✠

( ၄ )

အော်စင် မျက်လုံးအကြောင်သားနှင့် မသက်မသာ ငေးနေသည်။ စင်စစ်တော့ သူ့ဆဋ္ဌအာရုံလှိုင်းများက အန္တရာယ်တစ်ခု အမြန်ဆုံးနှုန်းနှင့် အနီးကပ်လာနေကြောင်း သတိပေးနေသည် မဟုတ်လား။

ဟမ်းမင်းဝေးကလည်း အရုပ်ကြီးလိုထိုင်လျက် ဆေးလိပ်ကိုသာ အဆက်မပြတ် ထိုင်ဖွာနေမိ၏။

ပီတာကိုယ်တိုင်ပင် ပတ်ဝန်းကျင်ကို ရိုက်ခတ်လွှမ်းမိုးလာသော ထူးဆန်းသော အင်အားတစ်ခု၏ ဖိစီးမှုကို ခံလိုက်ရသလို



www.burmeseclassic.com

www.burmeseclassic.com



အိပ်ခန်းထဲ ဝင်မည့်ဆဲဆဲမှာ နီးရာကုလားထိုင်ပေါ်သို့ ထိုင်လျက်သား ကျသွားပြီး ကြမ်းပြင်ကိုသာ စိုက်ကြည့်နေမိ၏။

မသတိစရာကောင်းသော တိတ်ဆိတ်ငြိမ်သက်မှုက သူတို့အားလုံးကို မြူလွှာနှင်းထုကြီးတစ်ခုလို ဖုံးလွှမ်းထားလိုက်ပါပြီ။

သည့်နောက် 'ဒုန်း'ခနဲ အသံကြီးလိုလို ကြားလိုက်ကြရသည်။

အော်စင်က အရင်ဆုံး ပေါက်ခနဲမြုန်းခနဲ ခုန်ထလိုက်ရာမှ အိပ်ခန်းဝသို့ တန်းပြေးသည်။

ပီတာလည်း ဆတ်ခနဲ အသက်ဝင်လာသလို…

"ဟော့လူ ဘယ်သွားမလို့လဲ၊ အဲဒါ ကျုပ်မိန်းမအခန်းဗျ"

လို့ စိတ်ဆိုးမာန်ဆိုးနှင့် နောက်ကအော်လိုက်သွားသည်။

သူတို့နှစ်ဦးသား တံခါးဝတွင် ဆွဲလားရုန်းလားနှင့် လုံးထွေးနေစဉ်မှာပင် ကျောချမ်းစရာ အော်သံတစ်ခုက စူးစူးရှရှ ပေါ်လာသဖြင့် အော်စင်ရော ပီတာပါ အထိတ်တလန့် ဖြစ်သွားရသည်။

ဟမ်းမင်းဝေးက ပြေးလာပြီး ပီတာကို ပခုံးမှဖက်ဆွဲထားလိုက်သည်။

အော်စင်က အိပ်ခန်းထဲ ပြေးဝင်သွားရာမှ တစ်ဆက်ထဲဖောက်ထားသော ရေချိုးခန်းထဲသို့ 'ရှေ့ဆုံးက ရောက်သွား၏။

အခန်းတစ်ခန်းလုံး မှောင်အတိ။

..... ကားအိမ်ခြာ တပေ .....



ပြတင်းပေါက်ကြီးက ပွင့်လို့။

မိန်းကလေးက ပြတင်းပေါက်အောက် ကြမ်းပြင်ပေါ်မှာ ခွေလျက်ကလေး။

ပီတာက ဟမ်းမင်းဝေးကို တွန်းဖယ်ပြီး မီးခလုတ်ကို ပြေးဖွင့်ဖို့ ကြိုးစားသည်။

အော်စင်က သူ့ကိုဟန့်တားဆွဲထားလိုက်သည်။

ဟမ်းမင်းဝေးက ပေါလင်းကိုပွေ့ချီကာ အိပ်ခန်းမွေ့ယာရှိရာ သယ်လာသည်။

ပီတာက ဘရန်ဒီတချို့ သွားယူနေခိုက် အော်စင်က မနက်တုန်းက ရေချိုးခန်းပတ်လည် တပ်ဆင်ခဲ့သော ကင်မရာတွေကို သွားဖြုတ်ယူခဲ့သည်။

တစ်လုံးက နံရံထိပ်ထောင့်တစ်ထောင့်မှာ တပ်ထားသလို၊ နောက်တစ်လုံးကတော့ ပြတင်းပေါက်အပြင်၌ ဘရက်ကက် ဒေါက်ဆင်ပြီးတပ်ထားခဲ့သည်။ ခုတော့ ပြတင်းပေါက်က ကင်မရာမရှိတော့။

အိပ်ခန်းထဲသို့ သူပြန်လာချိန်မှာ ပေါလင်းကသတိရနေပါပြီ။ မျက်လုံးရွဲကြီးတွေ ပွင့်နေပြီး ကြောက်လန့်ခြောက်ချားမှုကအထင်းသား။

ဆံပင်နီလေးများကလည်း အိပ်ခန်းမီးရောင်အောက်တွင် ထက်လက်ထ တောက်ပနေသည်။

..... ထူးအိမ်ခြာ တပေ .....

www.burmeseclassic.com

www.burmeseclassic.com



"မင်း ဘယ်လိုဖြစ်သွားတာလဲ အချစ်၊ မင်းဘာတွေဖြစ်ခဲ့တာလဲ"

ပီတာက ကတုန်ကရင် ငိုသံပါကြီးနှင့်မေး၏။

သူ့မျက်နှာကလည်း စိုးရိမ်ထိတ်လန့်မှုအပြည့် ဖြူဖတ်ဖြူလျော်။

ပေါ်လင်းက သူ့နဖူးပေါ်ကျော်၍ လက်တစ်ဖက်ဖြင့် ခေါင်းကိုစမ်းလိုက်သည်။

"ကျွန်မ…ကျွန်မ အိပ်ရာဝင်စမှာ အာခေါင်တွေ ခြောက်ကပ်ပြီး ရေငတ်နေမိတာကလွဲလို့ ဘာမှမမှတ်မိတော့ဘူး။ ဒါနဲ့ ရေတစ်ခွက်ခပ်သောက်ဖို့ ရေချိုးခန်းထဲ ဝင်ခဲ့တာပဲ၊ ရေချိုးခန်းထဲမှာ အငွေ့ထွက်မတတ် ပူလောင်နေတာနဲ့ ပြတင်းပေါက်ကို သွားဖွင့်ထားလိုက်မိတယ်။

ထိုနောက် ပြောရင်းတန်းလန်းက နှုတ်ဆွံ့သွားသည့်အပြင် ကြက်သီးထသလို ပခုံးကလေးတစ်ချက်တွန့်သွားပြီး…

"လေအေးကြီးတစ်ချက်က မယုံနိုင်စရာကောင်းတဲ့ အင်အားကြီးနဲ့ နောက်ကနေ ပင့်တိုက်ပြီး ပွေ့ချီမြှောက်လိုက်တယ်၊ ငါတော့ ပြတင်းပေါက်အပြင်ကို ကျသွားအောင် ကိုင်ပစ်လိုက်ပြီလို့ ထင်လိုက်ရတယ်၊ အဲဒီတုန်းမှာပဲ ကျွန်မမျက်နှာကို အလင်းရောင်ကြီးတစ်ခုက ရိုက်ကျလာသလို အလန့်တကြား အော်လိုက်မိရာက





သတိမေ့သွားတာ၊ ဘာမှမသိတော့ဘူး"

အော်စင်လည်း ဟမ်းမင်းဝေး၏ မျက်လုံးများကို ဖမ်းကြည့်လိုက်သည်။ ပြီးတော့ အညင်သာဆုံးအသံဖြင့်…

"ကဲ…ကဲ ဘာမှစိုးရိမ်စရာ မရှိတော့ဘူး၊ အားလုံးကောင်းသွားပါပြီ ကလေးမရယ်၊ ကဲ…ပီတာရေ အန်ကယ်တို့လည်းပြန်မယ်၊ မင်းပဲဆက်ပြုစု စောင့်ရှောက်ထားလိုက်ပါကွာ"

✠ ✠ ✠

( ၅ )

နောက်တစ်နေ့မနက်…

အော်စင်က ဟမ်းမင်းဝေးနှင့်အတူ ပီတာတို့ တိုက်ခန်းသို့ ရောက်သွားသည်။

အောက်ထပ်မှာ လသာဆောင်ထုတ်ထားပြီး လှမနေသဖြင့် ဟမ်းမင်းဝေး လက်ထဲအသင့်ပါလာသော သော့ဖြင့်ဖွင့်ဝင်နိုင်ခဲ့သည်။

သူတို့ကင်မရာက တစ်စစီကွဲမသွားပဲ အကောင်းပကတိ ပြန်ရှိသည်။ ကံကောင်းလို့ပဲ ဆိုရပါမည်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့လည်း အော်စင်၏အိမ်သို့ ချက်ချင်းပြန်ကာ ဓာတ်ပုံတွေကို ကူးဆေးကြည့်ကြသည်။

“ဒါ…ပထမပုံပဲ၊ အခန်းထောင့်ထိပ်ဘက်မှာ တပ်ထားတဲ့ ကင်မရာက ရိုက်ထားတာ”

အော်စင်က စိတ်လှုပ်ရှားစွာ အသိပေးလိုက်သည်။

ဟမ်းမင်းဝေးက အော်စင်ပခုံးကိုကျော်၍ကြည့်သည်။

စိတ်ပျက်စရာကြီးပါပဲ။

လေထဲမှာ လက်ချောင်းတွေ ကားလျက်သားကြီး လေတွေကို ဖမ်းဆုပ်နေဟန်ဖြင့် လွင့်ပါလာသော လက်ကြီးတစ်ချောင်း။ နောက်ကွယ်မှာတော့ အရိပ်သဏ္ဌာန်တစ်ခုဆိုပေမဲ့ သဲသဲကွဲကွဲ ဘာမှ မရှိ။

“ဓာတ်ပုံက မစွံဘူးဗျာ၊ ဒုတိယပုံရလောက်ပြီ၊ ဒီထက်တော့ ပိုကောင်းမယ် ထင်တာပဲ”

အော်စင်က အားတက်သရော မျှော်လင့်တကြီးနှင့် ပြောလိုက်သည်။

တအောင့်ကြာ သူတို့စောင့်လိုက်ရသည်။

“ဟာ…ဟုတ်ပြီဗျို့၊ ဒီမှာကြည့်စမ်း”

ဟမ်းမင်းဝေးက ဖလင်ဆေးသော ကြွေရည်သုတ်ခွက်ထဲသို့ ငုံ့ကြည့်မိသည်။

….. ထူးအိမ်ခြာ တမေ …..



ပေါလင်း၏မျက်နှာကို အရင်တွေ့သည်။

သူ့မျက်နှာမှာ ညှိုးနွမ်းလျက် ထိတ်လန့်ခြောက်ချားနေပုံ အတိုင်းသား။

မျက်လုံးနက်ကြီးတွေကလည်း ပြူးထွက်လို့။

သူ့ခန္ဓာကိုယ်မှာ လေထဲသို့ လွင့်ဝဲနေသလို နောက်ပိုင်းက တိုးဝင်နေသည်။

သို့သော် သူ့ပုခုံးနောက်၌ မျက်နှာကြီးတစ်ခု ပါလာသည်။

မထင်မရှား မှုန်ဝါးဝါးပေမယ့် လူရုပ်သဏ္ဌာန်တွေ ပီသသည်။

“ဒါပဲ…ဒါပဲ…ကျုပ်လိုချင်တာ အဲဒါပဲ”

အော်စင်က သက်ပြင်းရှိုက်လိုက်သည်။ ပြီးတော့ ဒူးတုပ်ထိုင်ချလိုက်ကာ သူ့ယိုးဒယားကြောင်ကြီးကို ပေးလိုက်သည်။

ကြောင်နက်ကြီးက သူ့ခြေထောက်ကြား တိုးဝှေ့နေ၏။

အော်စင်က ဆတ်ခနဲပြန်ထပြီး…

“ခင်ဗျားတို့နဲ့တူမကို မနက်ဖြန်အခန်းက ခဏရှောင်နိုင်းလိုက်ဗျာ၊ ကျွန်တော်တို့ ဒီအဖြစ်ဆိုးကြီးကို အသေးစိပ် ထပ်စစ်ဖို့လိုတယ်”

“စိတ်ချ၊ ကျွန်တော်ပြောရင် ရလောက်ပါတယ်၊ ခုလာ လောဆယ် ဘာအဖြေများရပလဲ”

….. ထူးအိမ်ခြာ တမေ …..

www.burmeseclassic.com

www.burmeseclassic.com



"အဖြေကတော့ မှန်းပြီးသိလောက်ပါပြီ၊ ဒါပေမဲ့ တိကျအောင် စစ်ရဦးမယ်၊ အဲ…ဒီနေ့တော့ ကျွန်တော်အရမ်းကို ပင်ပန်းသွားပြီ၊ ကျွန်တော့်ကို နားခွင့်ပေးပါဦး၊ မနက်ကျတော့ ကြိုက်တဲ့အချိန်လာခေါ်၊ ကျွန်တော် အဖြေမှန်ကို ကောက်ချက်ဆွဲပြီး ရှင်းပြပါမယ်။

✠ ✠ ✠

( ၆ )

နောက်တစ်နေ့ မနက်တွင် အော်စင်နှင့် ဟာမ်မင်းဝေး ကင်ဆင်တန်တောင်ပိုင်းသို့ ဦးတည်သွားခဲ့ကြပါပြီ။

ကားပေါ်၌ အော်စင်က ရှင်းပြသည်။

"အခု မိန္ဓာကောင်ကြီးမျိုးတွေဟာ အစွဲအလန်းတစ်ခုကို အကြောင်းပြုပြီး ဇာတိရုပ်ပေါ်လေ့ရှိတယ်၊ အဲဒီကမှ ရုပ်ကြွလာပြီး အန္တရာယ်ပေးတော့တာပဲပေါ့"

"အင်း…ဆက်ပြောပါဦး"

"ခင်ဗျားတွေ့မ်လေး ပေါလင်းကိုတွေ့တော့ သူ့မှာချစ်စရာ





လှပတဲ့ ဆံနီတွေရှိနေတာကြည့်ပြီး ခုလိုမှန်းချက်ထုတ်မိတာပါပဲ၊ ဆံပင်နီတဲ့လူတွေ အားလုံးဟာ စိတ်ဝင်စားစရာ ကောင်းသလို ဆွဲဆောင်မှုတွေ ရှိတတ်ကြတာပဲ၊ ခု သေမှုသေခင်းတွေမှာကြည့်ရင် အဲဒီတိုက်ခန်းမှာ ဆံပင်နီနဲ့ အမျိုးသမီးသုံးယောက်နေခဲ့ကြတာမဟုတ်လား။ ဒီကြားထဲက ပထမနှစ်ယောက်ဟာ ကိုယ့်ကိုကိုယ်သတ်သေရတဲ့အထိ ကြုံခဲ့ရပြီ။ ပေါလင်းကိုယ်တိုင်လည်း အသတ်ခံရလုနီးနီး တိုက်ခိုက်တာခံရတာပေါ့"

"ခင်ဗျားပြောတာ ကြောင်းကျိုးညီညွတ်ပါတယ်လေ၊ ဒါပေမဲ့ ဒုတိယသေတဲ့လူ ရောဘတ်ဆင်ရဲ့ ဆံပင်တွေက အနက်ရောင်တွေပဲ"

"ဟုတ်ပါတယ်၊ ဒါပေမဲ့ ကျွန်တော့်သီအိုရီသာ မှန်မယ်ဆိုရင် အခန်းရောက်တဲ့အခါ အသေအချာ ထပ်ရှင်းပြလို့ ရပါလိမ့်မယ်"

သူတို့တိုက်ခန်းရောက်တော့ ပီတာတို့လင်မယားကို မတွေ့ရပါ။ ရေချိုးခန်းထဲသို့ တန်းဝင်သွားမိကြသည်။

"ကြည့်…ဒီနံရံတံခါးပေါက်က ပိတ်ထားတာမှ ကြပ်နေတာပဲ၊ မနေ့ညက ကျွန်တော်တို့ ပြေးဝင်လာတော့လည်း တံခါးကိုတွန်းဖွင့်ခဲ့ရတာကလား။ ဒီတော့ တစ်ဘက်နံရံဟာ လျှို့ဝှက်မှုရဲ့သော့ချက်ဖြစ်နိုင်တယ်၊ ဒီဘက်က တံခါးဖွင့်လိုက်တာနဲ့ ဟိုနံရံက



www.burmeseclassic.com

www.burmeseclassic.com



တံခါးအံဝှက်လည်း အလိုလိုပွင့်သွားပြီးသားပေါ့။ တစ်ဖက်က တွန်းဝင်လာရုံပဲ ရှိတော့တယ်"

အော်စင် စကားအဆုံး ဟမ်းမင်းဝေးက မှတ်ချက်ပေးသည်။

"ဒါဆို နံရံကအရှင်ပေါ့"

"ဟုတ်တယ်၊ ဒီမှာကြည့်..."

အော်စင်က နံရံကို ဆွဲဖွင့်လိုက်ရာမှ တစ်ဘက်တွင် လှေကားတိုလေးတစ်ခု ပေါ်လာသည်။ အပေါ်ထပ်နှင့် ဆက်သွားသည့် လှေကား။

"ဒါ...မကောင်းဆိုးဝါးလာတဲ့ လမ်းပဲ၊ ဒီမကောင်းဆိုးဝါးရဲ့ ဖစ်မြစ်ကို ရှာတွေ့ပြီဆိုတော့ မန္တာန်ရွတ်ပြီး နှင်ထုတ်ရမှာပဲ၊ တစ်နည်းဆိုရင် မကောင်းဆိုးဝါးဝိညာဉ်ကို သူတွယ်ကပ်နေတဲ့နေရာက လွတ်ရာကျွတ်ရာကို ပို့ပေးရမယ်ဆိုပါတော့"

"ဒီလိုလုပ်လိုကော လွယ်ပါ့မလား"

"ဘာလို့မလွယ်ရမှာလဲဗျာ၊ ဘုရားသခင်ရဲ့ တန်ခိုးတော်ပဲဥစ္စာ၊ ဘုရားသခင်က ဝိညာဉ်အားလုံးကို ပိုင်စိုးသလို၊ မကောင်းတဲ့ဝိညာဉ်ကို နှင်ထုတ်ပြီး လူတွေအသက်ရှင်ခွင့်လည်း ပေးနိုင်တယ်၊ ဒီယုံကြည်ချက်အရ ကျွန်တော်က အကျိုးတော်ဆောင် လုပ်နေတာပါပဲ၊ ဘာပဲဖြစ်ဖြစ် နောက်ပိုင်း ခင်ဗျားရဲ့တူ၊တူမလေးတွေ ကြောက်စရာအန္တရာယ်က လွတ်မြောက်သွားတော့မှာပါဗျာ"





"ဒါပေမဲ့...ဘာတွေကို ဘယ်လိုနှောင်ဖွဲ့ထားတယ်ဆိုတာ ကျွန်တော်တော့ ခုထိမမြင်ရသေးပါလား၊ ခင်ဗျားက နှိရဲတဲ့ဆံပင်တွေက မကောင်းဆိုးဝါးဝိညာဉ်ကို နှိုးဆွပေးရာက ရုပ်လုံးကြွလာတယ်ဆိုတာလောက်ပဲ ကျွန်တော် နားလည်ခဲ့ရသေးတယ်၊ ဒါဟာ အမျိုးသမီးနှစ်ယောက် အသက်ဆုံးရတဲ့အထိ အန္တရာယ်တွေ့ခဲ့ရတဲ့အဖြစ်ကိုပဲ အဖြေထုတ်နိုင်ခဲ့တာပဲ၊ သဘော်ပိုင်ရှင်ကြီး ရောဘတ်ရဲ့သေဆုံးမှုကိုတော့ ရှင်းမပြနိုင်သေးဘူးလေ"

အော်စင်က ပြုံးလိုက်သည်။

"ဒီမှာမိတ်ဆွေ ပထမဆုံးသေတဲ့ ပြင်သစ်လူမျိုး ဗစ်တိုရီနိုးဘတ်ဟာ သူ့ကိုယ်သူသတ်သေတာ မဟုတ်ဘူးဆိုတာ နားမလည်သေးဘူးထင်တယ်၊ ဒီအပေါ်ထပ်နဲ့ အောက်ထပ်ကိုကူးတဲ့ လှေကားက ပြဿနာတစ်ခုလုံးရဲ့ အဓိကပဲပေါ့၊ စင်စစ်တော့ ပြင်သစ်မလေးနဲ့ ရောဘတ်ဆင်ဟာ တိတ်တိတ်ပုန်း ညားနေကြတာဆိုရမယ်"

မမျှော်လင့်သောစကားကြောင့် ဟမ်းမင်းဝေး တအံ့တသြနှင့် မျက်ခုံးမွေးတစ်ဘက် ပင့်တက်သွားသည်။

"ဟင်...တကယ်ပဲလား"

"ခု...ခင်ဗျားမြင်တဲ့ အနေအထားနဲ့ ကျူပ်စုံစမ်းကြည့်ရသလောက် ဆက်စပ်ကြည့်ရင် ရှင်းနေတာပဲပေါ့၊ အဲ...သူတို့ချင်း



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေတဲ့ကြားမှာ ပြဿနာပေါ်လာပုံလဲရတယ်၊ ကောင်မလေးက နောက်တစ်ယောက်နဲ့ရှုပ်လို့ပဲ''

''အဖိုးကြီးက အတည်လက်ထပ်ဖို့ပြောတာကို သဘောမတူလို့လား၊ ဒါမှမဟုတ် ကောင်မလေးက ယူနိုင်းပါလျက်နဲ့ အဖိုးကြီးက ငြင်းခဲ့လို့လား၊ တစ်ယောက်နဲ့တစ်ယောက် အဆင်မပြေတဲ့ အခုံး ရောဘတ်ဆင်က လျှို့ဝှက်လှေကားက ဆင်းလာပြီး ကောင်မလေးကို ရေချိုးခန်းထဲမှာ ပိတ်ဖမ်းခဲ့ရာက ပြတင်းပေါက်က ပစ်ချခဲ့တာပဲ''

''ဒီနောက်တော့···''

''ဒီနောက်တော့···သူက သူ့အခန်းပေါ် သူပြန်တက်မယ်၊ ဒါပေမဲ့ ကောင်မလေးက သူ့ကိုပြန်စီးခဲ့လို့လား၊ ကိုယ်တိုင်ပဲ သူ့ချစ်သူကို သတ်မိတဲ့အတွက် ယူကျုံးမရ နောင်တတွေ ခံစားနေရလို့လားတော့မသိဘူး၊ နောက်သုံးလအကြာမှာ သူကိုယ်တိုင် ဒီပြတင်းပေါက်ကိုခုန်ချပြီး အဆုံးစီရင်သွားတာပဲ၊ အဲ···အမှုပေါ်မှာ စိုးရိမ်စိတ်နဲ့ သွေးပျက်ခြောက်ချားသွားလို့လဲ ဖြစ်နိုင်တယ်''

''စဉ်းစားစရာတွေပဲပေါ့''

''ဒီဖြစ်ရပ်နှစ်ခုစလုံးဟာ လကွယ်ညတွေမှာ ဖြစ်ပျက်ခဲ့ရသလို၊ လကွယ်ညတိုင်း အခွင့်အရေးရရင် ဒီလူကြီးဝိညာဉ်က ထသောင်းကျန်းပြီး ဒီမှာလာနေတဲ့ လူတွေကို ခြောက်လားလှန့်လား





လုပ်ရုံမက နှုတ်ပိတ်သတ်ဖြတ်ဖို့အထိ ကြံခဲ့တယ် ဆိုရမှာပဲ၊ တနည်းအားဖြင့် သူ့ချစ်သူ ဗစ်တိုးရီးနီး ဒူးဗတ်သတ်မှုကြောင့် ခံစားရတဲ့ စိတ္တဇဝေဒနာကို သားကောင်အသစ်ရှာပြီး ဖြေဖျောက်တဲ့သဘောပေါ့''

''အထူးသဖြင့် အနီရောင်ဆံပင်တွေက သူ့ကိုမိစ္ဆာတန်ခိုးတွေဖြည့်ပေးပြီး လူသတ်အောင် လှုံ့ဆော်ခဲ့ရာက သွေးသံသရာလည်ရတဲ့အဖြစ်ပဲ ဆိုပါတော့''

''ခင်ဗျားကတော့ ရှာရှာဖွေဖွေ အဖြေထုတ်နိုင်တာပဲ မစ္စတာအော်စင်ရာ၊ တကယ့်ကို ချီးကျူးပါတယ်၊ ဒါတွေကို ဘယ်လိုလုပ်များ သေချာတပ်အပ်ပြောနိုင်ပါလိမ့်''

ဟမ်းမင်းဝေးက သံသယအကြွင်းကျန်နေသေးသလို ခပ်ညည်းညည်းလေး ပြောလိုက်သည်။

အော်စင်ကလည်း စိတ်ရှည်လက်ရှည်နှင့် ထပ်ရှင်းပြသည်။

''ဟောဒီ ဓာတ်ပုံနှစ်ပုံကို ယှဉ်ကြည့်လေဗျာ၊ ပထမပုံက ရောဘတ်ဆင် တိုက်ပေါ်က ခုန်ချပြီးတဲ့နောက် ရိုက်ထားတဲ့ပုံ၊ ကျွန်တော် စကော့တလန်ယာဒ် စုံထောက်ဌာနချုပ်က တောင်းလာတာ၊ ဒုတိယပုံကတော့ သိတဲ့အတိုင်း ဓေါလင်း ပြတင်းပေါက်က ပစ်ချခံရမယ့်ဆဲဆဲ တစ်နေ့ညက ကျွန်တော်ဆင်ထားတဲ့ ကင်မရာက ရိုက်ယူခဲ့တာ၊ ကဲ···ဒီမျက်နှာကြီးနှစ်ခုစလုံးဟာ ရောဘတ်ဆင်ရဲ့



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာကြီးတွေ ဖြစ်နေတာပဲ မဟုတ်လား"

"ဟုတ်လိုက်လေဗျာ၊ ခင်ဗျား တကယ်တော်တာပဲ၊ နောက်ဆုံး ကျွန်တော် မရှင်းတာလေးတစ်ခုပဲ မေးဖို့ပဲ ကျန်ပါတော့တယ်၊ ပေါလင်း အသက်အန္တရာယ်က ဘယ်လိုလုပ်လွတ်ပြီး အသက်ချမ်းသာရခဲ့သလဲဆိုတာလေးပါ"

"သူ့ကိုအသက်ကယ်လိုက်တာတော့ ကင်မရာနဲ့ ဆက်ထားတဲ့ ဖလက်ရှ်လိုက် လျှပ်တပြက်မီးက အလင်းရောင်တွေပဲ၊ အမှောင်ထုရဲ့ အစွမ်းတန်ခိုးမှန်သမျှ အလင်းရောင်ရဲ့ အစွမ်းတန်ခိုးနဲ့တွေ့ရင် ပျက်ပြယ်ကုန်ကြရတဲ့ ဓမ္မတာပေါ့ဗျာ"

ညီညီနိုင်

(ဝန်ခံချက်)

***DENNIS SHEATLEY* ၏ *GHOST HUNTER***

*ဇာတ်လမ်းတွဲမှ*

***THE CASE OF THE RED-HEADED WOMEN***

*ကို ပြန်ဆိုပါသည်။*

..... ထူးဒိမ္မာ ဇာပေ .....



ဆွေမြင့်
သားကောင်အဖြစ်သို့

www.burmeseclassic.com

www.burmeseclassic.com

## သားကောင်အဖြစ်သို့

သူ၏စိတ်ရင်းအတိုင်းသာဆိုလျှင် ထိုဖိတ်စာကို ရဲရဲတောက်နေသော မီးလင်းဖိုကြီးထဲသို့ ပစ်ထည့်လိုက်ချင်သည်။ သို့ရာတွင် လူမှုဆက်ဆံရေးနယ်ပယ်တွင် ထိုကဲ့သို့ မလုပ်သင့်ပါချေ။ ထို့ပြင် မိမိတို့သည် နိုင်ငံကြီးသားများဟူ၍ ကင်ပွန်းတပ်ထားကြသည် မဟုတ်ပါလား။

"ရှင့်ကိုဖိတ်တာမှ ဟုတ်ရဲ့လား"

သူ့ဇနီးအီမိုင်လီက လှမ်းမေးသည်။





"ဒီနယ်မြေဒေသမှာ ဖရက်ပါကင်ဆိုတာ ကျုပ်တစ်ယောက်ပဲရှိတယ်၊ ဘယ်နာမည်နဲ့မှ မှားစရာအကြောင်းမရှိဘူး"

ဖရက်ပါကင်သည် ဒုတိယကမ္ဘာစစ်အပြီးတွင် မြန်မာနိုင်ငံသို့ ဗြိတိသျှအရာရှိကြီးများ ဒုတိယအကြိမ် ပြန်လည်ရောက်လာသောအခါ ပါလာသူဖြစ်သည်။ မြန်မာနိုင်ငံ လွတ်လပ်ရေးမရမီကာလ၌ နယ်ပိုင်ဝန်ထောက်အဖြစ် တာဝန်ထမ်းဆောင်နေသူ ဖြစ်သည်။

ဖရက်ပါကင်သည် မြန်မာနိုင်ငံတွင် ဆက်လက်နေထိုင်ရန် သက်တမ်းသုံးလသာ ကျန်တော့သည်။ ထို့ကြောင့် မြန်မာနိုင်ငံသို့ မရောက်ဖူးသေးသော ဇနီးဖြစ်သူ အီမိုင်လီအား အလည်အပတ်ခေါ်လိုက်သည်။

အင်းလေးကန်အပါအဝင် အခြားထူးခြားဆန်းကြယ်သော မြန်မာနိုင်ငံ၏ ရှုခင်းများကို လိုက်လံပြသခဲ့၏။

သူတို့လင်မယားသည် ဗြိတိသျှအုပ်ချုပ်ရေးအရာရှိကြီးများအတွက် သီးသန့်နေရာချထားသော ဘန်ဂလိုတွင် လွတ်လပ်စွာ ငြိမ်းချမ်းစွာ နေကြသည်။ သူတို့၏ဘန်ဂလိုသည် တောင်ပေါ်ဒေသ မြို့ငယ်လေးတစ်မြို့တွင် တည်ရှိသည်။

"ရှင့်ကိုဖိတ်တဲ့လူတွေကို ရှင်မသိဘူးလား"

"မြန်မာအရာရှိတွေဆိုတာတော့ ကျုပ်သိတယ်၊ ဒါပေမဲ့ ဘယ်သူဘယ်ဝါဆိုတာ နာမည်နာမနဲ့ အတိအကျမသိဘူး၊ သူတို့က



www.burmeseclassic.com

www.burmeseclassic.com



တော့ သူတို့ရဲ့အထက်အရာရှိဖြစ်တဲ့ ကျုပ်ကို သိနေကြမှာပေါ့။ အဲဒီလို မြင်ဖူးတွေ့ဖူးရုံနဲ့ အမဲလိုက်ဖို့ဖိတ်တာ ဘာသဘောလဲ"

ဖရက်ပါကင်က ဘဝင်မကျစွာ ပြောလိုက်သည်။

"ကျွန်မ ထင်နေတာက အဲဒီ မြန်မာအရာရှိလေးတွေက ရှင်တို့ ကျွန်မတို့လို ဗြိတိသျှလူမျိုးတွေအပေါ်မှာ လေးလေးစားစားနဲ့ ရင်းရင်းနှီး နှီး ဆက်ဆံချင်တယ်၊ ဒါပေမဲ့ . . . ရှင်က သူတို့ကို တာဝန်အရ ဆက်ဆံတာကလွဲလို့ လုံးဝလူရာ မသွင်းခဲ့ဖူးဘူး။ ဗြိတိသျှအရာရှိကြီး အချင်းချင်းသာ ဆက်ဆံပေါင်းသင်းခဲ့တာ မဟုတ်လား"

"ဟုတ်တယ်လေ၊ အဲဒါဘာဖြစ်လဲ"

"ရှင်ဟာ မကြာခင်ကာလအတွင်းမှာ ဗြိတိန်ကို အပြီး ပြန်တော့မယ်ဆိုတာ သူတို့သတင်းရပြီးလို့ ရှင်မပြန်ခင် တစ်ကြိမ် တစ်ခါလောက် အမဲလိုက်ဖို့ဖိတ်ခေါ်တာ ဖြစ်ပါလိမ့်မယ်၊ နှုတ်ဆက်ရုံ အဖြစ်နဲ့ တရင်းတနှီး အမဲလိုက်လို့ရတဲ့ သားကောင်တွေကို ပျော်ပျော် ပါးပါး မီးပုံမှာကင်စားကြတာဟာ သူတို့ရဲ့ဓလေ့ထုံးစံ ဖြစ်ကောင်း ဖြစ်နိုင်တယ်"

"အဲဒါ မင်းရဲ့ထင်မြင်ယူဆချက်ပဲ၊ ဒါပေမဲ့ အဲဒီမြန်မာတွေနဲ့ အမဲလိုက်ထွက်ဖို့ ဆန္ဒမရှိဘူး။ သူတို့ဖိတ်တာကို ကျုပ် မသွားတော့ ရော . . . ဘာဖြစ်လဲ"





ဖရက်ပါကင်က တစ်ဖွတ်ထိုးပြောနေသည်။

"ဘာမှတော့ မဖြစ်ပါဘူး၊ ဒါပေမဲ့ . . . ကျွန်မတို့ဟာ ယဉ်ကျေးတဲ့ နိုင်ငံကြီးသားတွေလို့ သတ်မှတ်ခံထားကြသူတွေ မဟုတ်လား။ သူတို့က ယဉ်ကျေးမှုအရ ရှင့်ကိုမှ သီးသန့်ရွေးချယ်ပြီး လေးလေးစားစားဖိတ်ခဲ့တယ်၊ ဒါပေမဲ့ ရှင်မသွားတာဟာ စိုးရိမ်စရာ အကြောင်းတစ်ခုခုများ ရှိနေလို့လား။ မသွားရဲတာများ ဖြစ်နေမလား"

"ဘာကြောင့်မသွားရဲရမှာလဲ၊ ကျုပ်က သူတို့ကို အုပ်ချုပ် စေခိုင်းနေတဲ့ အထက်အရာရှိကြီးတစ်ယောက်ပဲ"

ဖရက်ပါကင်သည် သူ့မာနကို အထိပါးမခံ။

ရင်ကော့၍ လက်မ့ထောင်လျက်ပြောသည်။ ထို့နောက် ခတ္တမျှ စဉ်းစားနေရာမှ . . .

"အဲဒီဖိတ်စာကို ပြစမ်းပါဦး၊ ကျုပ် သေချာတောင် မဖတ်မိ သေးဘူး"

ဟူ၍ ပြောလိုက်သည်။ အီမိုင်လီက ဖိတ်စာကို ဖျတ်ခနဲ တစ်ချက်ကြည့်ပြီးမှ . . .

"ရှေးထုံးအင်္ဂလိပ်ဘာသာနဲ့ ရေးထားတဲ့ ဖိတ်စာပါလား" ဟု မျက်ခုံးနှစ်ဖက်ချီလျက် အံ့ဩစွာ ပြောလိုက်သည်။ ဖိတ်စာထဲတွင် . . .

အမဲလိုက်ပွဲတစ်ခု ပျော်ရွှင်စွာဆင်နွှဲရာတွင် မိတ်ဆွေ

..... ထုအိန္ဒြာ တမေ .....

www.burmeseclassic.com

ကြီးကိုလည်း အတူပါဝင်စေချင်ပါသည်။ ဂုဏ်ယူစွာဖြင့် အလေးအနက် မေတ္တာရပ်ခံအပ်ပါသည်။

သတ်မှတ်ထားသောနေ့မှာ ယခုနှစ် ဩဂုတ်လ (၁၆) ရက်နေ့ ဖြစ်ပါသည်။ စုရပ်အဖြစ် သတ်မှတ်ထားသော နေရာနှင့်အချိန်မှာ အနောက်တိုင်းကလပ်၊ ဝ၆း၀၀ နာရီ ဖြစ်ပါသည်။

လေးစားစွာဖြင့်

*အပျော်တမ်းအမဲလိုက်အဖွဲ့ (တောင်ပေါ်ဒေသ)*

ဟူ၍ သေသပ်ကျနစွာ ပန်းစာလုံးများကို ငွေမင်ဖြင့် ရေးထားလေသည်။

"အဲဒီအမဲလိုက်အဖွဲ့ဟာ သူတို့နဲ့အတူ ရှင်လိုက်ပါလာတဲ့အတွက် ဂုဏ်ယူရလို့ သတ်မှတ်ထားကြဟန်တူတယ်၊ ဒါကြောင့် ဗြိတိသျှချင်းအတူတူ ရှင့်ကိုမှရွေးချယ်ပြီး လေးလေးစားစား ဖိတ်လိုက်တာလို့ ပြောနိုင်တယ်"

အီမိုင်လီ၏စကားလုံးများနှင့် သေသပ်သားနားသော ဖိတ်စာကတ်သည် ဖရက်ပါကင်၏ခေါင်းမာမှုကို ပြောင်းလဲသွားစေရန် တွန်းအားတစ်ခု ဖြစ်နေသည်။ သို့ရာတွင် သူသည် ထိုဖိတ်စာကို ပမာမထားသည့် အသွင်ဖြင့်···





"အဲဒီ (၁၆)ရက်နေ့မှာ ကျုပ်တို့အတွက် တခြား အရေးကြီးတဲ့ အစီအစဉ်တွေ့ဘာတွေ ရှိသေးလား အီမိုင်လီ"

"လုံးဝ···ဘာအစီအစဉ်မှမရှိဘူး။ စိတ်လွတ်ကိုယ်လွတ်နဲ့ နောက်ဆံမတင်းဘဲ သွားလို့ရတယ်၊ ကျွန်မကတော့ တိုင်းမင်းကြီးကတော် မစ္စစ်မိုနာတို့အိမ်မှာ ကျင်းပမယ့် လက်ဖက်ရည်ပွဲ တက်ရလိမ့်မယ်"

"အဲဒီလက်ဖက်ရည်ပွဲအတွက် ကျုပ်ကို မဖိတ်ဘူးလား"

"နိုး···အဲဒါ ကျွန်မတို့ ဥရောပအမျိုးသမီးတွေချည်းပဲ ကျင်းပတာ၊ ရှင်တို့လို အမျိုးသားတွေမပါဘူး။ ရှင့်ဘာသာ အေးအေးဆေးဆေး အမဲလိုက်သွားစမ်းပါ"

"ဒါပေမဲ့··ကျုပ်က သားကောင်ရဲ့ချက်ကောင်းကို သေချာထိမှန်အောင် ပစ်တတ်တာမှမဟုတ်ဘဲ"

"ရှင့်ဟာရှင် သားကောင်ကို ထိမှန်အောင် ပစ်တတ်သည်ဖြစ်စေ, မပစ်တတ်သည်ဖြစ်စေ တောင်ပေါ်ဒေသ အမဲလိုက်အဖွဲ့မှာပါတဲ့ အဖွဲ့သားတွေကတော့ အမဲလိုက်အတတ်ကို ကျွမ်းကျင်ကြမှာသေချာပါတယ်၊ သူတို့ပစ်လို့ရတဲ့ သမင်သားကိုစားပြီး သမင်ခေါင်းခွံချိုနဲ့တကွ ကြွားကြွားရွားရွား သားသားနားနားနဲ့ တန်ဆာဆင်ပြီး တိုင်းမင်းကြီး မစ္စတာမက်ကောလ် တို့ဧည့်ခန်းမှာ ရှိုးပြထားတာ တွေ့ဖူးတယ်မဟုတ်လား"

www.burmeseclassic.com



အိမိုင်လီက နှုတ်ခမ်းတစ်လန် ပန်းတစ်လန် ပြောလိုက်သည်။

ဖရက်ပါကင်က စိတ်ပါလက်ပါ ခေါင်းညိတ်ပြသည်။

"ဟုတ်တယ်နော်၊ မစ္စတာမက်ကောလ်ဆိုရင် ငါးကိုက်အကွာမှာရှိတဲ့ တစ်ပေပတ်လည် ပစ်မှတ်ကတ်ပြားကိုတောင် ဝင်အောင်မပစ်နိုင်ဘဲနဲ့ အဲဒီသမင်ချိုကြီးကို သူကိုယ်တိုင် ပစ်လာသလိုလို၊ဘာလိုလိုနဲ့ ကြွားလိုက်သေးတယ်"

"ဒါကတော့ရှင်…အကြောင်းမသိတဲ့လူတွေက ယုံကြမှာပေါ့၊ ရှင်လည်း အဲဒီလိုအခွင့်အရေးရရင် သမင်ချိုတစ်စုံလောက်ဆွဲလာခဲ့စမ်းပါ"

အိမိုင်လီက တိုက်တိုက်တွန်းတွန်း ပြောလိုက်သည်။

သို့ဖြင့် ဖရက်ပါကင်သည် အမဲလိုက်အဖွဲ့၏ ဖိတ်ကြားစာကို လက်ခံပြီးသားအခြေအနေမျိုး ဖြစ်သွားလေတော့သည်။

✠ ✠ ✠

တောင်ပေါ်ဒေသ၏ အမဲလိုက်ပွဲတွင် အတွေ့အကြုံ မရှိသော ဖရက်ပါကင်သည် သူတို့၏ ဖိတ်ကြားချက်အရ သတ်မှတ်ထားသော အချိန် နံနက်(၆)နာရီ မတိုင်မီကတည်းက အနောက်တိုင်း





ကလပ်၏ အဆောက်အအုံ၏ ရှေ့မျက်နှာစာတွင် ရောက်ရှိကာ တစ်ယောက်တည်း စောင့်ဆိုင်းနေခဲ့သည်။

(၆)နာရီတိတိအချိန်တွင် မြင်းတစ်စီးနှင့် လူတစ်ယောက် ရောက်လာသည်။ ထိုသူသည် အနက်ရောင်ဖဲသားတိုက်ပုံ၊ ရှမ်းဘောင်းဘီနှင့် ရှမ်းခမောက်ကို ဝတ်စားဆင်ယင်ထားသည်။ ထိုသူစီးလာသော မြင်း၏နောက်တက်တွင် ကြိုးတန်းလန်းနှင့် မြင်းအလွတ်တစ်ကောင်ပါသည်။ ထိုမြင်းကျောပေါ်တွင် ကုန်းနှီးကို အဆင်သင့်တပ်ဆင်ပေးထားသည်။

"နယ်ပိုင်ဝန်ထောက်မင်းကြီးအနေနဲ့ မြင်းတော့ ကောင်းကောင်းစီးတတ်မှာပေါ့နော်"

မြင်းပေါ်မှ ရှမ်းခမောက်နှင့်အမျိုးသားက အင်္ဂလိပ်စကားဖြင့် ပီသစွာမေးသည်။

"ဖြစ်ပါတယ်၊ ဒါပေမဲ့ ကျန်တဲ့အမဲလိုက်အဖွဲ့ကလူတွေကော မလာကြသေးဘူးလား"

ဖရက်ပါကင်က မေးလိုက်သည်။

"သူတို့က မနေ့ညကတည်းက အမဲလိုက်စခန်းချတဲ့ နေရာကို သွားနှင့်ကြပြီ၊ ကျွန်တော်က ဒီနေ့မနက်စောစောမှာ နယ်ပိုင်ဝန်ထောက်မင်းကြီးကိုခေါ်ပြီး အဲဒီစခန်းကိုသွားမှာ၊ ကဲ…မြင်းပေါ်ကို တက်ပါတော့"



www.burmeseclassic.com

www.burmeseclassic.com



ထိုလူက ရှင်းပြရာမှ တစ်ဆက်တည်း တိုက်တွန်းလိုက်သည်။

ဖရက်ပါကင်က ဖဝေဖဝါဖြင့် အနောက်တိုင်း ကလစ်အမှောက်အအုံဘက်သို့ တစ်ချက်မျှ လှမ်းကြည့်သည်။ ကလစ်ထဲတွင် အလုပ်သမားဖြစ်စေ၊ ကလစ်မင်ဘာ တစ်ယောက်ဖြစ်စေ တွေ့လိုတွေ့ငြား အကဲခတ်လေ့လာလိုက်ခြင်း ဖြစ်သည်။

သို့ရာတွင် တစ်ယောက်မှ မတွေ့ရ။

သူသည် မြင်းပေါ်သို့တက်လိုက်သည်။

"လာ…သွားစို့၊ ကျွန်တော့်နောက်ကလိုက်ခဲ့ပါ နယ်ပိုင်ဝန်ထောက်မင်းကြီး"

ရှမ်းခမောက်ဆောင်းထားသူ၏ ဦးဆောင်မှုအတိုင်း နောက်မှ မြင်းတစ်လျားစာအကွာဖြင့် လိုက်ပါသွားသည်။ ထွက်ခါစတွင် မြင်းကို ခြေလေးဖက် အသားကျစီးခဲ့ကြသည်။ အနည်းငယ်မျှ ခရီးရောက်လာသောအခါ ဒုန်းစိုင်းကြသည်။

တောအုပ်ထဲသို့အဝင် ရှေ့မှဦးဆောင်သူအား မျက်ခြည်မပြတ်စေရန် ဖရက်ပါကင်အနေနှင့် မြင်းဇက်ကြိုးတိုလျှော့၍ အလိုက်သင့် စီးလာခဲ့လေသည်။

စထွက်ကတည်းက ရှမ်းခမောက်နှင့်လူသည် နောက်သို့ တစ်ချက်မျှ ပြန်မကြည့်ဘဲ သူ့အရှိန်နှင့်သူ တောက်လျှောက် ဒုန်းစိုင်း





သွားသည်။ တစ်ခါတစ်ရံ တောလမ်းကွေ့တစ်ခုစ်ချိုးသို့ ရောက်သွားသော အခါမျိုးတွင် ရှေ့မှလူကို ရုတ်တရက် မျက်ခြည်ပြတ်သွားလေ့ရှိသည်။

ထိုအခါ ဖရက်ပါကင်သည် တစ်ဆစ်ချိုးလမ်းကွေ့အတိုင်း တောက်လျှောက်ကွေ့စီးလိုက်ရာ တောလမ်း၏အထက် လက်တစ်ဖောင်ခန့်အကွာတွင် ကန့်လန့်ပြတ်သစ်ကိုင်းကို ဘွားခနဲတွေ့လိုက်ရသည်။

ဖရက်ပါကင်သာ မျက်စိမလျင်ခဲ့လျှင် ထိုသစ်ကိုင်းနှင့် မျက်နှာကို ပြင်းထန်စွာ တိုးမိတိုက်မိနိုင်သည်။ ထိုအခါမျိုးတွင် ပက်လက်လန်၍ နောက်ပြန်ကျရုံမှတစ်ပါး အခြားသက်သာဖွယ်ရာ မရှိ။

သို့ရာတွင် ဖရက်ပါကင်သည် လျှပ်တစ်ပြက်ဦးခေါင်းငုံ့လျက် မြင်းကျောကုန်းနှင့် သူ့ရင်ဘတ် ထိကပ်သွားသည်အထိ ကိုယ်ကိုကိုင်းညွတ်လိုက်ရသည်။ ကန့်လန့်ပြတ်သစ်ကိုင်းနှင့် သူ၏မျက်နှာသည် ခြောက်လက်မအကွာမျှ နီးကပ်စွာတွေ့လိုက်ပြီး တိုက်မိတော့မည့် အခြေအနေမှ လွတ်မြောက်သွားသည်။

ထိုအခါမျိုးတွင် ငြိတ်သွေကြီး ဖရက်ပါကင် ဒေါသထွက်သွားသည်။

ရှေ့မှသွားနေသူကို မမြင်ရသော်လည်း ပက်[illegible]စက်စက်



www.burmeseclassic.com

www.burmeseclassic.com



ရေရွတ်လိုက်သည်။ အကယ်၍သာ နီးနီးနားနားတွင် ရှိနေပါက ကိုယ်ထိလက်ရောက် ပြုမိမည်မှာ သေချာသည်။

ဖရက်ပါကင်သည် ဗြိတိသျှ အရာရှိကြီးများထဲတွင် လက်အောက်ငယ်သား၊ မြန်မာတိုင်းရင်းသားများ အပေါ်တွင် နိုင်ထက်စီးနင်း ပြုမူလေ့ရှိသည်။

ထိုခေတ်ထိုအခါက သူတို့လို ဗြိတိသျှလူမျိုးများအား တုံ့ပြန်ရန်မှုသော တိုင်းရင်းသားကို ကြီးလေးသောပြစ်ဒဏ် စီရင်လေ့ရှိသည်။ အုပ်ချုပ်သူဗြိတိသျှတို့ဘက်သို့ ဥပဒေက မျက်နှာသာပေးလေ့ရှိသည်။ ဗြိတိသျှများကို လက်တုံ့ပြန်သူများအား မှတ်လောက်သားလောက်ဖြစ်စေရန် ပြင်းပြင်းထန်ထန် နှိပ်ကွပ်တတ်သည်။

ထို့ကြောင့် ဖရက်ပါကင်သည် အစွမ်းကုန်မောက်မာနေခြင်းဖြစ်သည်။

သူသည် အမဲလိုက်အဖွဲ့နှင့်လိုက်ပါရန် ဆုံးဖြတ်ခဲ့ရာတွင် သူ့ထံ၌ အမဲပစ်လက်နက်များ လုံးဝမရှိပါချေ။ သို့ရာတွင် သူ၏ လက်စွဲတော် ဒသသမသုံးရှစ်ပြောင်းတိုတစ်လက်ကို ကျည်အပြည့်ထည့်လျက် သားရေခါးပတ်နှင့် တွဲထားသော သေနတ်အိတ်ထဲတွင် ဆောင်ထားသည်။

သူသည် သေနတ်ပစ်ကျွမ်းကျင်သူ မဟုတ်သော်လည်း လက်တစ်ကမ်းအကွာရှိ ပစ်မှတ်ကို ထိထိရောက်ရောက် လျှင်လျှင်





မြန်မြန် ပစ်နိုင်သည်။ သူ့ကိုယ်သူ ယုံကြည်မှုရှိသည်။ သူ၏ အရပ်မှာ (၆)ပေမြင့်ပြီး ကိုယ်အလေးချိန်အားဖြင့် ပေါင်(၂၀၀) သာသာရှိသည်။

သူ့အနေနှင့် အမဲပစ်ဇိတ်ကြားချက်အရ ထွက်လာရာတွင် ကာကီရောင်ရှပ်လက်တိုနှင့် ဘောင်းဘီရှည်၊ ရေညှိရောင် ဘယ်ရီဦးထုပ်၊ တောစီးဖိနပ်တို့ကို ဝတ်ဆင်ခဲ့သည်။ သတ္တုအပါးစားဖြင့် ပြုလုပ်ထားသော ရေဘူးတစ်ဘူးကို သိုင်းကြိုးဖြင့် စလွယ်သိုင်းလွယ်လာသည်။

တောလမ်းအကွေ့အကောက် အနိမ့်အမြင့် ကုန်းတက်ကုန်းဆင်းလမ်းများကို မိနစ်ပေါင်းများစွာ ကျော်ဖြတ်ခဲ့သောအခါ ထူထပ်သိပ်သည်းသော သစ်တောအုပ်တစ်ခုကို တွေ့လိုက်ရသည်။

သစ်တောအုပ်ကို လွန်မြောက်သည်နှင့် တစ်ပြိုင်နက်••

မြက်ခင်းကွက်လပ်တစ်ခုကို ကျယ်ပြောစွာ တွေ့လိုက်ရသည်။ ထိုမြက်ခင်း၏ ဘယ်ဘက်တွင် အကာအရံမရှိသော အင်ဖက်မိုး တဲတစ်လုံး၊ ညာဘက်ကွင်းစပ်တွင် စမ်းချောင်းလေးတစ်ခု တသွင်သွင် စီးဆင်းနေသည်။

အင်ဖက်မိုးတဲ၏ အကျယ်အဝန်းမှာ ပေနှစ်ဆယ်ပတ်လည်ခန့်ရှိသည်။ ထိုတဲတွင်း၌ စုစုပေါင်း လူသုံးယောက် ပြောင်းရှည်လက်နက်ကိုယ်စီနှင့် တွေ့ရသည်။ လေးယောက်စလုံး အနက်ရောင်ရှမ်းဘောင်းဘီ ကိုယ်စီဝတ်ထားသည်။



www.burmeseclassic.com

www.burmeseclassic.com



အင်ဖက်မိုးတဲ၏ရှေ့တွင် သူ့အား မြင်းနှင့်ကြိုဆိုလာသူကို တွေ့ရသည်။ ထိုသူသည် မြင်းဘေးတွင် ရပ်လျက်ရှိသည်။

ရပ်တန့်သွားသော ဖရက်ပါကင်၏ မြင်းပါးချပ်ကြိုးကို လှမ်းဆွဲသည်။ ထို့နောက် မြင်းနှစ်ကောင်စလုံးကို တဲ၏ဘေးဘက်ရှိ ခံတက်ပင်မှ သစ်ကိုင်းတွင် ချည်နှောင်ထားလိုက်သည်။

မြင်းပေါ်မှဆင်းလာသော ဖရက်ပါကင်သည် တဲရှေ့သို့ လျှောက်သွားသည်။ သူ၏မျက်နှာကြီးက နီရဲ၍ တင်းမာနေသည်။ ပြာလဲ့သော မျက်လုံးတွင်း၌ ဒေါသမီးတောက်လောင်နေသည်။

တဲတွင်းရှိ လူလေးယောက်ထဲမှာ ခေါင်းဆောင်ဖြစ်ဟန်တူသော လူတစ်ယောက်က ဖရက်ပါကင်နှင့် မျက်နှာချင်းဆိုင် လိုက်သည်။

"ကြိုဆိုပါတယ် သခင်ကြီး၊ တော်တော်ပင်ပန်းလာပြီထင်တယ်၊ ဘရိတ်ဖတ်စ် မစားရသေးဘူး မဟုတ်လား။ ကျွန်တော်တို့ အသင့်ပြင်ဆင်ထားပါတယ်၊ ဟောဟိုမှာ စမ်းချောင်းလေးက ကြည်လင်ပြီး စိမ့်မြနေတာပဲ၊ ရေအရင်ချိုးချင်တယ်ဆိုရင်လည်း ရပါတယ်"

ထိုလူက မျက်နှာချိုချိုနှင့် လေးလေးစားစား ပြောနေသည်။

ယာယီအားဖြင့် ဖရက်ပါကင်၏ဒေါသက အထိုက်အလျောက် အနည်းငယ်မျှ ပြေပျောက်သွားသည်။





"ကျုပ် ပင်ပန်းလာတယ်၊ စမ်းရေအေးအေး ချိုးလိုက်ချင်တယ်"

"ရပါတယ် သခင်ကြီး၊ ဒါပေမဲ့ ရေလဲဘောင်းဘီမရှိဘူး။ ကျွန်တော်တို့အားလုံး ယောက်ျားတွေချည်းပဲ၊ လွတ်လွတ်လပ်လပ် ချိုးနိုင်ပါတယ်၊ သခင်ကြီး ရေချိုးနေချိန်မှာ အစားအသောက် ပြင်ထားလိုက်ပါ့မယ်"

"ကောင်းပြီ လူကလေး၊ သခင်ကြီး အတွင်းခံဘောင်းဘီတိုနဲ့ပဲ စမ်းရေထဲမှာ စိမ်လိုက်ဦးမယ်"

ဖရက်ပါကင်က ပြောပြောဆိုဆိုနှင့် စမ်းချောင်းဘက်သို့ လျှောက်သွားသည်။

စမ်းချောင်းဘေးဘက်ချုံကွယ်တွင် ဘောစီးဖိနပ်ကိုချွတ်လိုက်သည်။ ထို့နောက် သူ၏ကာကီဝတ်စုံကို ချွတ်လိုက်သည်။ သေနတ်အိတ်နှင့် သားရေခါးပတ်အပါအဝင် ချွတ်ထားသော ကာကီဝတ်စုံကို ချုံပေါ်တွင်တင်လိုက်သည်။ သိပ်သည်းသော ရွေးလေးနွယ်များ ရောထွေးနွယ်ယှက်နေသောကြောင့် ခပ်လှမ်းလှမ်းရှိ အမဲလိုက်အဖွဲ့မှ သဲသဲကွဲကွဲ မမြင်နိုင်ပါချေ။

စမ်းရေ၏ အေးမြသောအထိအတွေ့ကြောင့် ဖရက်ပါကင်သည် စိမ်ပြေနပြေ ရေချိုးနေသည်။ ငါးမိနစ်မျှကြာသောအခါ လုံးလုံးလျားလျား အပန်းပြေသွားသည်။ ဝတ်ထားသော အတွင်းခံ

www.burmeseclassic.com



ဘောင်းဘီတိုကိုချွတ်၍ ရေစင်အောင်ညှစ်သည်။ ထို့နောက် ထိုဘောင်းဘီတိုကို ဖြန့်ခါလျက် ချုံပုတ်ပေါ်တွင် တင်ထားသော ကာကီဝတ်စုံ၊ သေနတ်အိတ်နှင့် သားရေခါးပတ်ကို ပြန်လည်ဝတ်ဆင်ရန် လှမ်းကြည့်လိုက်သည်။ လုံးဝ မရှိတော့။ တောစီးဖိနပ်လည်း မတွေ့။

ထို့ကြောင့် ဖရက်ပါကင်သည် ရေမခြောက်သေ့သေးသော အတွင်းခံဘောင်းဘီတိုကိုပင် ပြန်လည်ဝတ်ဆင်လိုက်ရသည်။ စောစောက ပြေပျောက်စပြုနေသော ဒေါသအရှိန် ပြန်တက်လာသည်။

"ဒါ ဘာသဘောလဲ၊ ဘာဖြစ်လို့ ကျုပ်ကို မလေးမစား လုပ်ကြတာလဲ၊ ကျုပ်က ဆဋ္ဌမမြောက်ရှေ့ဘုရင်မင်းမြတ်ကိုယ်တိုင်ခန့်ထားတဲ့ နယ်ပိုင်သခင်ကြီးဆိုတာ မင်းတို့သိတယ်မဟုတ်လား။ မင်းတို့အားလုံး ဒုက္ခရောက်သွားချင်သလား"

ဖရက်ပါကင်က ဒေါသသံဖြင့် ကျယ်လောင်စွာ အော်ဟစ်ပြောဆိုလျက် တဲရှေ့သို့ လျှောက်လာခဲ့သည်။

"ကျုပ်တို့ ဒုက္ခရောက်နေကြတာ ကြာပါပြီ၊ ဟောဒီလူငယ်လေးကို သခင်ကြီး မှတ်မိတယ်မဟုတ်လား"

ခေါင်းဆောင်လုပ်သူက သစ်ပင်ကြီးတစ်ပင်၏ ပင်စည်နောက်ကွယ်မှ ထော့ကျိုးထော့ကျိုးဖြင့် ထွက်လာသော လူငယ်တစ်ယောက်ကို လက်ညှိုးညွှန်ပြသည်။ ထိုလူငယ်၏အသက်မှာ





(၁၂)နှစ်ခန့်ရှိမည်။ ဖရက်ပါကင်က သေချာ စူးစူးရဲရဲကြည့်သည်။

"သိတာပေါ့၊ ကျုပ်အိမ်မှာ ဝေယျာဝစ္စလုပ်တဲ့ ကောင်ကလေးပဲ၊ ကျုပ်မိန်းမရဲ့ ဆွဲကြိုးပျောက်သွားလို့ ကျုပ်ကိုယ်တိုင် သူ့ကို အပြစ်ပေးပြီး အိမ်ကနှင်ထုတ်လိုက်တယ်…အဲဒါ ဘာဖြစ်လဲ"

"ခင်ဗျားပေးတဲ့ပြစ်ဒဏ်ကြောင့် အခု သူ့ ခြေတစ်ဖက် သန်စွမ်းတော့ဘူး။ တစ်သက်လုံး ဒုက္ခိတဘဝနဲ့ နေသွားရတော့မယ်၊ အဲဒါ ကျုပ်တူလေးပဲ၊ မိဘမဲ့အဖြစ်နဲ့ ခင်ဗျားရဲ့အိမ်မှာ အလုပ်လုပ်နေရာက အခုလိုဖြစ်ရတာ၊ သခင်ကြီးလည်း သူ့လို ဝေဒနာမျိုးခံစားပြီး ကိုယ်ချင်းစာနိုင်အောင် သင်ခန်းစာပေးရတော့မယ်၊ ဟောဒီမှာတွေ့လား…ခင်ဗျားက ရှေ့ကပြေးပေတော့၊ ကျုပ်တို့က ဒီကျာပွတ်နဲ့လိုက်ရိုက်ပြီး ပြစ်ဒဏ်ပေးတော့မယ်"

ထိုသူက ပြောပြောဆိုဆိုနှင့် တစ်လံနီးပါးရှည်သော သားရေကြာပွတ်ကို ဖြောင်းခနဲ လေထဲတွင် ဆန့်ထုတ်ရိုက်ပြလိုက်သည်။ တစ်ချိန်က ဖရက်ပါကင်သည် ထိုကဲ့သို့သော သားရေကျာပွတ်ဖြင့် အကျီချွတ်ထားသော လူငယ်လေးအား တရွှမ်းရွှမ်း ရိုက်၍ သူ့ခြံထဲတွင် ပြေးခိုင်းသည်။ နောက်မှ တကောက်ကောက် လိုက်ရိုက်ခဲ့ရာတွင် မြေနီ[illegible]ငုတ်မ်းတစ်ခုထဲသို့ ခြေခေါက်၍ လဲသွားသော လူငယ်လေးအား ခြံထဲမှ ဆွဲထုတ်မောင်းပစ်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ယခုအခါ သူ့အလှည့်ကျလေပြီ။ ရေစိုဘောင်းဘီတိုလေးဖြင့် မိနစ်မပါဘဲ မည်မျှကြာအောင် ပြေးရမည်မသိ။ ဖြောင်းခနဲ မြည်သံနှင့်အတူ သားရေကျာပွတ်၏ရိုက်ချက်များက သူ့ကိုယ်ပေါ်သို့ ကျလာလေပြီ။

ဆွေမြင့်



www.burmeseclassic.com

www.burmeseclassic.com

## တမလွန်မှ သူ့သိစေ

ဒီအဖြစ်အပျက်ဟာ ကြာတော့ကြာခဲ့ပါပြီ။

ဒါပေမဲ့ ကျွန်မရင်ထဲမှာ မနေ့တစ်နေ့တုန်းကလိုပါပဲ။

ရုတ်တရက် ခွဲခွာသွားရလို့ပဲဖြစ်ဖြစ်. . .

မမျှော်လင့်ဘဲ တွေ့ဆုံကြလို့ပဲဖြစ်ဖြစ်. . .

တစ်ဦးနဲ့တစ်ဦး နှုတ်ဆက်ကြသည်မှာ လူသားများ၏ သဘာဝ အလေ့အထများပင် မဟုတ်ပါလား။

သို့ရာတွင် ထူးဆန်းသော နှုတ်ဆက်ခြင်းတစ်ခုကို ကျွန်[illegible] ဘဝတွင် မကြုံစဖူးကြုံခဲ့ရသည်ကိုတော့ ယနေ့တိုင် မမေ့နိုင်သေး[illegible]

✠ ✠ ✠





လွန်ခဲ့တဲ့ (၁၀) နှစ်။ ၁၉၉၇ ခုနှစ်။

မင်္ဂလာဒုံမှ ရွှေပြည်သာမြို့သို့ ကျွန်မတို့ဇနီးမောင်နှံ ပြောင်းရွှေ့လာခဲ့ပါသည်။ ရွှေပြည်သာမြို့ရဲ့ (၈) ရပ်ကွက်၊ နဝရတ်လမ်းတွင် ကျွန်မတို့ဇနီးမောင်နှံ အိမ်ခြံပိုင်းလေးတစ်ခုဝယ်ကာ နေခဲ့ကြပါသည်။

သွားရေးလာရေးလွယ်ကူသလို အစစအရာရာ လုံခြုံစိတ်ချရသော ပတ်ဝန်းကျင်လေးမှာ နေခွင့်ရလို့ ကျွန်မတို့ဇနီးမောင်နှံ အင်မတန်မှ သဘောကျနှစ်မြို့က်မိပါသည်။

ပတ်ဝန်းကျင်တွင် အေးချမ်းသောသူအများစု နေထိုင်တာမို့ သာယာအေးချမ်းလို့ နေပါသည်။

ကျွန်မအမျိုးသားသည် တက္ကစီယာဉ်မောင်းဖြစ်တာမို့ အိမ်မှာ နေချိန်သိပ်မရှိပါ။ ကျွန်မအနေနဲ့ ပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်အောင် အလိုက်အထိုက်နေထိုင်ခဲ့ရာ အိမ်နီးချင်းများနှင့် ခင်မင်ခဲ့လေသည်။

ကျွန်မခင်မင်ခဲ့သော အိမ်နီးချင်းများကလည်း ကျွန်မကို လိုလိုလားလားခင်မင်ကာ ကူညီရိုင်းပင်းခဲ့ကြပါသည်။

ပတ်ဝန်းကျင်ကောင်းတဲ့ အသိုင်းအဝိုင်းဖြစ်တာမို့ ကျွန်မသည် ကိုယ့်ဇာတိချက်မြှုပ်မွေးရပ်မြေနှင့်မခြား ခင်တွယ်လာခဲ့မိပါသည်။

ကျွန်မရဲ့အိမ်နီးချင်းဖော်ဖြစ်သော မရွှေမိသည် ကျွန်မကို



www.burmeseclassic.com

www.burmeseclassic.com



အလွန်ခင်သည်။ သူမသည် ကုသိုလ်ကံမကောင်းလှ။ ရုပ်ရည်ချောမောပြီး စကားမပြောတတ်၊ နားမကြား။ ဒုက္ခိတတစ်ယောက်ဖြစ်သည်။ စကားမပြော နားမကြားပေမယ့် သူမသည် ကျွန်မကို သာမန်လူတွေနှင့်မခြား၊ အမူအရာနှင့်ပြ စကားဆိုတတ်သည်။

ကျွန်မသည် အနေကြာလာတာနှင့်အမျှ အစ်မမရွှေမိကို ညီအစ်မနှင့်မခြား အရမ်းခင်တွယ်မိသည်။ ကျွန်မကိုလည်း သူမသည် ညီမအရင်းလို ချစ်ခင်ရှာပါသည်။ ကျွန်မတို့နှစ်ယောက်သည် ဘယ်ဘဝက ရေစက်မှန်းမသိ တစ်ယောက်ကိုတစ်ယောက် သံယောဇဉ်ဖြစ်လာခဲ့ကြသည်။

သူမတွင် သားနှစ်ယောက်ရှိသည်။ ထိုသားနှစ်ယောက်မှာ အကြီးကောင်က စကားပြောတတ်ပြီး အငယ်ကောင်က သူ့အမေလို ဆွံ့အနားမကြားလေးပင် ဖြစ်သည်။ သူတို့အဖေလည်း ဆွံ့အနားမကြားပင်ဖြစ်သည်။ ကံကောင်းထောက်မ၍ အကြီးကောင်လေးသည် စကားလည်းပြောတတ်သည်၊ နားလည်း ကြားသည်။

ကျွန်မတို့ ပြောင်းရောက်ချိန်တွင် မရွှေမိမှာ အကြီးကောင်လေးက (၄) နှစ်၊ အငယ်လေးက (၈) လသားဖြစ်သည်။

ဘယ်ဘဝက ရေစက်မှန်းမသိ ကျွန်မသည် မရွှေမိတို့မိသားစုကို မြင်လျှင်မြင်ချင်း အရမ်းခင်တွယ်မိပါသည်။ သနားလည်း သနားမိသည်။





အနေကြာတော့ သံယောဇဉ်တွယ်လာတာနှင့်အညီ ကျွန်မမှာ သားသမီးမရှိသေး၍ မရွှေမိရဲ့ကလေးနှစ်ယောက်ကို ထိန်းပေးသည်။ ကလေးနှစ်ယောက်လုံးသည် ကျွန်မအပေါ်မှာ ကြီးခဲ့သည်။ အကြီးကောင် အောင်နိုင်သူကို စာပြပေးရသလို အငယ်ကောင်ကို နို့ဘူးဖျော်တိုက်ပေးရသည်။

အစ်မ မရွှေမိသည် အလှအပ အလွန်ကြိုက်သလို ရုပ်ရှင်ဗွီဒီယိုဆိုလျှင် မကြည့်ရမနေနိုင်အောင် ဝါသနာထုံသူဖြစ်သည်။

နေ့ပူပူ မိုးရွာရွာ ဗွီဒီယိုရုံသို့သွားမြဲ။ အငယ်ကောင်ကို ခါးတစ်ခွင်၊ အကြီးကောင်ကိုလက်ဆွဲကာ ဗွီဒီယိုရုံသို့ နေ့စဉ်မပျက်ခဲ့။ ဘားအော်ဒါရလို့ ပါဝင်ကျခွဲရတဲ့အခါတိုင်း ကျွန်မယောက်ျားမရှိတဲ့ ညပြန်မလာတဲ့နေ့တွေဆိုရင် မရွှေမိတို့သားအမိအိမ်မှာ လာအိပ်ပေးသည်။

သူ့ယောက်ျားကို သူတို့အိမ်မှာထားခဲ့ကာ မရွှေမိမှာ သူများအိပ်ရာမှာ မအိပ်တတ်ဘူးဆိုကာ သူ့အိမ်မှ အိပ်ရာ၊ ခေါင်းအုံးယူအိပ်သည်။ ကျွန်မကို သူတို့နဲ့လာအိပ်နိုင်းသည်။

ကျွန်မမှာ မရွှေမိစိတ်ဆိုးမှာစိုးတာမို့ သူတို့သားအမိနဲ့ ညက ဝင်အိပ်ခဲ့သည်။ အစ်မမရွှေမိသည် ညအိပ်ရာဝင်တိုင်း သနပ်ခါးလိမ်းပြီး ပန်းပန်ကာ အိပ်လေ့ရှိသည်။ သူမတစ်ကိုယ်လုံး သနပ်ခါးနံ့၊ ပန်းနံ့နှင့် ရေမွှေးနံ့များ ကြိုင်လှိုင်သင်းရှော။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မနဲ့ အစ်မ,မရွှေမိမှာ ကလေးတွေကိုသိပ်ပြီး အိမ်ရှေ့ တံခါးပေါက်နားတွင် လေညှင်းခံကာ လက်ဖက်သုပ်စားရင်း စကား ပြောနေမိကြသည်။

အစ်မ မရွှေမိက စကားမပြောတတ်ပေမယ့် လက်ဟန် ခြေဟန်နှင့်ပြောတာကို ကျွန်မကနားလည်ခဲ့တာမို့ သူမဘာပြော လဲဆိုတာ သိခဲ့သည်။ မရွှေမိကလည်း ကျွန်မလိုပဲ ကျွန်မပါးစပ် လှုပ်တာနဲ့ ဘာပြောတယ်ဆိုတာ သိနေခဲ့သည်။

တော်ရုံလူ ကျွန်မလို မရွှေမိအား စကားမပြောတတ်ကြ သူ့ယောကျ်ားနှင့် ယောက်မများပင် သူမစကားကို နားမလည်။ ကျွန် သာ နားလည်တာမို့ သူတို့က ကျွန်မနဲ့မရွှေမိကို ဘင်္ဂလားညီအစ် အပ်နဲ့အပ်ချည်လို့ ပြောစမှတ်ပြုကြသည်။

အဲဒီညက မှတ်မှတ်ရရ မရွှေမိနဲ့ အပြင်မှာ ထိုင်စကား ပြောပြီး ည၉နာရီမှ အိပ်ရာထဲဝင်ခဲ့ကြသည်။ ကျွန်မမှာ လက်ဖ စားခဲ့မိ၍ တော်တော်နဲ့အိပ်မပျော်။ မရွှေမိက အိပ်ရာနဲ့ခေါင်း ထိတာ နှင့် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်စပြုပင်။

'ဝုတ်...ဝုတ်...ဝုတ်'

ည ၁၂ နာရီကျော်လောက်တွေ ခွေးဟောင်သံများ စဉ်ဆက်မပြတ်ကြားရတာမို့ ကျွန်မအိမ်အနီးနားမှာ သူခိုးကပ်သလား အထင်နှင့်ထကာ ခြံဝိုင်းထဲ လက်နှိပ်ဓာတ်မီးနှင့် ထိုးကြည့်လိုက်





သည်။ ဘာမှမတွေ့ရ။

ခွေးဟောင်သံတွေလည်း ရပ်သွားတာမို့ ကျွန်မ အိပ်ရာထဲ ပြန်လှဲဝင် အိပ်လိုက်သည်။ အိပ်လို့မပျော်၊ ဟိုလှိမ့်ဒီလှိမ့်နှင့် မျက်စိကို မှိတ်အိပ်ကြည့်သည်... မရ။ သို့နှင့် မျက်လုံးဖွင့်ကာ အိပ်လိုက်ရ တော့သည်။ ကျွန်မ မှေးခနဲ စိတ်ငြိမ်သက်သွားစဉ် နာခေါင်းထဲ၌ ညှော်မွှေးပန်းရနံ့ကို သင်းပျံ့စွာ ရှူရှိုက်ရမိသည်။

"အို...မွှေးလိုက်တာ"

ကျွန်မ အိပ်ရာနားတစ်ဝိုက်မှာပင် အနံ့က သင်းပျံ့ကြိုင်လှိုင် နေသည်။ အနီးမှာ အိပ်မောကျနေတဲ့ အစ်မ,မရွှေမိနဲ့ သူ့ကလေး နှစ်ယောက်က တုတ်တုတ်မျှမလှုပ်။ နှစ်နှစ်ခြိုက်ခြိုက် တခေါခေါနှင့် အိပ်လို့ကောင်းနေကြသည်။

ထိုစဉ် နားထဲ၌ ခြေသံတရှပ်ရှပ်ကြားရတာမို့ ကျွန်မ တ်ခနဲ လန့်သွားမိသည်။ ကျွန်မသည် မီးအမှောင်ချအိပ်မှ အိပ် ပျော်တတ်တာမို့ မီးမှိတ်ထားရသည်။ အပြင်မှ ချွီးချွီးချွတ်ချွတ်နှင့် ခြေသံကိုကြားရတော့ ကျွန်မ အလွန်လန့်သွားကာ မရွှေမိကို လှုပ်နှိုးလိုက်သည်။

"မရွှေမိ...မရွှေမိ"

အားကိုးတကြီးနဲ့ ကိုယ်ကနှိုးပေမယ့် မရွှေမိက နားမှမကြား တာ။ လုံးဝမနိုးလာ။ ကျွန်မမှာဖြင့် ကြောက်လွန်း၍ ဇောချွေးများပင်



www.burmeseclassic.com

ပြန်လာသည်။

အသံက ခြင်ထောင်နားရောက်တာနှင့် ပျောက်သွားတာ
ကျွန်မ စောင်ကိုခွဲယူပြီး ကြောက်ကြောက်နဲ့ ခေါင်းမြီးခြုံလိုက်သည်
စောင်ထဲမှာ ကျွန်မ ချွေးပျံနေသည်။ မရွှေမိဘက်ကို အားကိုးတကြ
ကျွန်မ တိုးလိုက်သည်။ မရွှေမိကို မထိမိ။ ထပ်ခါထပ်ခါတိုးပြန်လည်း
မရွှေမိနဲ့မထိ။ ဒါနဲ့ ကြောက်ကြောက်နဲ့ ကျွန်မ စောင်ကိုအသာလေး
လှပ်ကာ မရွှေမိကိုစမ်းကြည့်လိုက်သည်။

ကျွန်မဘေးတွင် အိပ်နေသောမရွှေမိ အနားတွင်မရှိတော့
ကျွန်မ ခေါင်းမြီးခြုံစောင်ကို ကြောက်နေတဲ့ကြားထဲမှ ခေါင်းလေး
ဖော်ပြီး ခြင်ထောင်ထဲကို ချောင်းကြည့်မိသောအခါ မရွှေမိမှာ ခြင်ထောင်
ခြေရင်းတွင် ငုတ်တုတ်တုတ်ထိုင်လျက် ခြင်ထောင်ကိုမပြီး တစ်
တစ်ဦးနဲ့ ကွိကွိကွကွ စကားပြောနေသည်။ ကျွန်မစိတ်ထဲ
ဦးမြဝင်းနဲ့ စကားပြောနေတာလား ထင်မှတ်မိသေးသည်။

သူ့ယောက်ျားဦးမြဝင်းက သူ့အိမ်မှာ အိပ်နေတာပဲ။ ဒီ
ဘယ်လိုလာနိုင်ပါ့မလဲ။ အိပ်ရာထဲမဝင်ခင်ကတည်းက ကျွန်မ အိမ်
တံခါးကို ချက်ချသော့ခတ်ခဲ့တာမို့ လုံခြုံပြီးသားပင်။ ကျွန်မ မရွှေမိ
လှုပ်ရှားမှုကို အာရုံခံနားစွင့်နေမိသည်။

မရွှေမိမှာ ငိုသံပင်စွက်လာသည်။ ပြောရင်း ပြောရင်း သူ
ရုတ်ခြည်း ငိုရှိုက်လာသောအခါ ကျွန်မ ထိတ်လန့်သွားပြီး အောင်





သူ့ကို နှိုးလိုက်သည်။

"ဟဲ့...အောင်နိုင်သူ...သား...ထ...ထစမ်း"

အောင်နိုင်သူမှာ နိုးနိုးချင်း ငုတ်တုတ်ထထိုင်ရင်း...

"အန့်တီ ဘာဖြစ်လို့လဲ"

"မင်းအမေ ဘာဖြစ်လို့လဲမသိဘူး"

"ဟင်...ဟုတ်လား"

ကျွန်မ ကြောက်မနေအားတော့ ခြင်ထောင်ဘေးကိုလက်ထုတ်ပြီး ဘတ္တရီအိုးကိုစမ်းကာ ဖွင့်လိုက်သည်။

"ကလစ်"

တစ်အိမ်လုံး မီးရောင်တွေ လင်းထိန်သွားသည်။ ခြင်ထောင်ခြေရင်းမှာ ငုတ်တုတ်ထိုင်နေသော မရွှေမိကို မျက်ဝါးထင်ထင်မြင်ရသော ကျွန်မမှာ အလွန်ပဲအံ့သြသွားသည်။ မရွှေမိသည် ငုတ်တုတ်နှင့်ထိုင်ရင်း အိပ်ပျော်နေလေသည်။ အောင်နိုင်သူနှင့် ကျွန်မတို့တူအရီးနှစ်ယောက် မရွှေမိကို လှုပ်နှိုးရတော့သည်။

"အမေ...အမေ"

"မရွှေမိ...မရွှေမိ"

ခပ်ဆတ်ဆတ်ရိုက်ပြီးနှိုးမှ အစ်မ မရွှေမိ နိုးလာသည်။ ကျွန်မကို အိပ်ရာမှနိုးလာလာချင်း မရွှေမိ ဖက်ကာငိုပါတော့သည်။

"မရွှေမိ...ဘာဖြစ်လို့လဲ...ဘာဖြစ်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ စိုးရိမ်စွာမေးတော့ သူမ ခေါင်းသာ တွင်တွင်ခါပြသည်။ သူ့သားအကြီးကောင်ကို တမေ့တမောငေးကြည့်ပြီး တသိမ့်သိမ့်ရှိုက်ငိုနေတာမို့ ကျွန်မမှာ ဘာမှနားမလည်အောင်ရှိမိသည်။

မရွှေမိကို ငိုရလွန်း၍ မောနေမှာစိုးတာမို့ ချော့မော့နှစ်သိမ့်ပြီး သိပ်လိုက်ရတော့သည်။ ညကြီးမိုးချုပ်ဖြစ်နေ၍ ကလေးငယ်တွေကို လန့်မှာစိုးတာနှင့် ကျွန်မသည် တတ်သလောက်မှတ်သလောက် ဘုရားရှိခိုးကာ စည်းချပြီး ပရိတ်ရွတ်ဖတ်ပြီး အိပ်ရာဝင်မှ နှစ်နှစ်ခြိုက်ခြိုက် အကုန်လုံးအိပ်ပျော်တော့သည်။

မနက်ရောက်တော့ မရွှေမိရဲ့ယောက္ခမနှင့် ယောက်မတွေကို ညက်ဖြစ်ပျက်မှုကိုပြောပြသောအခါ မရွှေမိရဲ့ ယောက္ခမ,လုပ်သူက

"ရွှေမိက အဲဒီလိုပဲ ညညတွေမှာ ထထငိုနေတတ်တယ်။ ငါမေးတော့လည်း ဘာမှမပြောဘူး၊ နင်နဲ့ရွှေမိ ခင်နေတာပဲ နည်းနည်းပါးပါး မေးကြည့်ပါလား"

"ဟုတ်ကဲ့ အဘွား။ သမီး မေးလိုက်ပါ့မယ်"

"အေး…အေး…ဟော…ဟိုမှာဈေးကတောင် ပြန်လာနေပြီ"

အဘွားပြောလို့ပင် မဆုံးသေး မရွှေမိမှာ ဈေးခြင်းဆွဲပြီး မနိုင်မနင်းနဲ့ ပြန်လာတာမို့ ကျွန်မ ပြေးကူဆွဲလိုက်သည်။

..... ထူးအိန္ဒြာ တမေ .....



"ဘာဝယ်လာလဲ"

ကျွန်မ အမှုအရာနှင့် မေးလိုက်တော့ မရွှေမိက အမူအရာနဲ့ ချိုနှစ်ချောင်း ထောင်ပြသည်။ သူ့သင်္ကေတကြောင့် အမဲသား ဝယ်လာတယ်ဆိုတာ သိလိုက်ရသည်။ မရွှေမိက ကျွန်မတို့ထက်ပင် ဝိုလို့သွက်သည်။ ဈေးမှပြန်ရောက်တာနှင့် ဆေးကြောလှီးချွတ် ချက်ပြုတ်တာ ခဏလေးနှင့်ပြီးသွား၏။

သူမ ဈေးမှဝယ်လာသော အမဲသားကို ကောင်းကောင်း နှပ်ချက်ပြီး အိုးထဲမှ ဇလုံတစ်ခုထဲသို့ ပြောင်းထည့်လိုက်တာကို မြင်ရသည်။

ကျွန်မက စောစောစီးစီး ချက်ပြုတ်ပြီးတာမို့ မရွှေမိ ထမင်းဟင်းချက်လျှင် အနားမှာ လာထိုင်ကြည့်နေကျ။ မရွှေမိရဲ့ ထူးခြားမှုကိုမပြတ် ကျွန်မ ကြည့်နေမိရာ မရွှေမိ လှစ်ခနဲ အိမ်အောက်သို့ဆင်းသွားသည်။

သူမနောက်သို့ ကျွန်မ လိုက်ကြည့်မိရာ မရွှေမိသည် အိမ်ရှေ့က ကွင်းပြင်ထဲသို့ ဇလုံကိုကိုင်ပြီးဆင်းသွားရာ ကျွန်မ သိလိုဇောဖြင့် အနောက်က တိတ်တဆိတ်ချောင်းကြည့်မိသည်။

မရွှေမိသည် ငှက်ပျောရွက်တစ်ရွက်ကိုခင်းပြီး အမဲသားဟင်း ဇလုံကို မှောက်သွန်ထည့်ကာ ပါးစပ်မှ ဘာတွေတတွတ်တွတ် ပြောမှန်းမသိ။

..... ထူးအိန္ဒြာ တမေ .....

www.burmeseclassic.com

www.burmeseclassic.com



အားပါးတရပြောနေပုံမှာ လူတစ်ယောက်နဲ့ပြောနေသလား ထင်မှတ်ရသည်။

ကျွန်မ အနောက်မှရပ်ကြည့်နေတာကို မရွှေမိမြင်တော့ ဘာမှ ဆက်မလုပ်တော့ဘဲ ပြန်လှည့်လာကာ ကျွန်မကို စိတ်ဆိုးသောအမူအရာပြကာ မခေါ်တော့။

ကျွန်မမှာ မရွှေမိ ကျွန်မကိုစိတ်ဆိုးသွားပြီဆိုတာသိရတော့ မနေတတ်။ သူ့ကိုလိုက်ချော့သော်လည်း ကျွန်မကို မခေါ်။ မသိဘာသာ နေတော့သည်။ ကျွန်မ အလွန်ပဲ ဝမ်းနည်းမိသည်။ သူမ မကြိုက်တာကို ပြုမှုမိ၍ ကိုယ့်ကိုယ်ကိုယ် အပြစ်တင်မိသည်။

ဒီလိုနဲ့ မရွှေမိ ကျွန်မကိုမခေါ်တာ တစ်ပတ်ရှိသွားပြီ။ ကျွန်မမှာ မနေတတ်တော့ ပျင်းလာသည်။ ခါတိုင်းလို မရွှေမိတို့သားအမိ မလာလည်၍ ကျွန်မအိမ်လေးသည် သွေ့ခြောက်နေသည်။

ကျွန်မ ဈေးဘက် ဈေးဝယ်ရန် ထွက်လာခဲ့သည်။ ဈေးထဲတွင် ခရေပန်းသယ်တွေ့၍ မရွှေမိကြိုက်တတ်တာကို သတိရပြီး ခရေပန်း အကုံးနှစ်ဆယ်ဝယ်ခဲ့သည်။ စံပယ်ပန်းကုံးလေးတွေကိုလည်း ဝယ်ခဲ့သည်။

အိမ်ရောက်တော့ တစ်ဝက်ကို ဘုရားပန်းလှူပြီး ကျန်တာကို မရွှေမိအတွက် ဖယ်ထားလိုက်သည်။

ဈေးမှပြန်ရောက်ပြီး ကျွန်မ ဘုရားပန်းလဲနေချိန်တွင် မရွှေမိ





အိမ်သို့ရောက်လာသည်။ ကျွန်မကို အနောက်မှသိုင်းဖက်ကာ မွှေး ...ပေးလိုက်မှ မရွှေမိ ကျွန်မကိုပြန်ခေါ်လိုကြောင်း သိရသည်။

ကျွန်မက သူမအတွက် ပန်းတွေဝယ်လာကြောင်းပြောတော့ ... အားရဝမ်းသာဖြစ်သွားပြီး ကလေးတစ်ယောက်လို ခုန်ပေါက် ...ရွှင်နေသည်မှာ ထူးထူးကဲကဲရှိလှသည်။

"မရွှေမိ ပျော်ရင် ထူးတယ်နော် ဝါလေး"

အန်တီအေးကြီးက အကြောင်းသိသူပီပီ မရွှေမိရဲ့ထူးကဲမှုကို ...ညီပြီး ကောက်ချက်ချသည်။

ကျွန်မကိုယ်တိုင် မရွှေမိကို ဆံထုံးထုံးပေးပြီး ပန်းပန်ပေး ...တော့ တကယ့်အိုက်တင်ကောင်းကောင်းနှင့် မရွှေမိမှာ မှုဟန် ...သည်။ တတ်လည်းတတ်နိုင်တဲ့ မရွှေမိဟု သူမကို အားလုံးက ...ကြသေးသည်။

ထူးထူးခြားခြား ရွှေမိပျော်ရင်ပျော်သလို သူတို့မိသားစုအိမ် ... စီးပွားတက်လာသည်။ အိမ်ရှိညီအစ်ကိုမောင်နှမများ အလုပ် ...ိုင် တိုးတက်လာကြသည်။ မရွှေမိ ယောက်ျားဦးမြဝင်းလည်း ...က်မှာ အလုပ်တွေစဉ်ဆက်မပြတ် လုပ်ကိုင်ရတော့သည်။ ...တို့သားစုကိုကြည့်ပြီး ကျွန်မမှာ ဝမ်းသာမိသည်။

မရွှေမိမှာ စိတ်ပျိုတော့ ကိုယ်နုသလို အရွယ်တင်ပြီး ...လှသည်။ အသက်လေးဆယ်ကျော်ဆိုပေမယ့် အရွယ်က



www.burmeseclassic.com

www.burmeseclassic.com



ဆယ့်ကိုးနှစ်ဆယ် အပျိုလေးတစ်ယောက်ပမာ။

ရှင်ရှင်ပုပု ပျော်ပျော်မြူးမြူး ဖြစ်နေသော မရွှေမိကို ကျွ[illegible] အခွင့်အရေးစောင့်ကာ ချော့ပြီး ဟိုတလောက အိပ်ရာမှထယော[illegible] တာကို ဘာလဲဟုမေးမိသည်။

မရွှေမိက သူမကို မသိချင်ပါနဲ့ ဝါလေးရယ်ဟုသာ ပြန်[illegible] ခဲ့သည်။

ဒီလိုနဲ့ ကျွန်မတွင် သမီးလေးတစ်ယောက်ရရှိလာခဲ့သည[illegible] ကျွန်မ သမီးလေးမွေးတော့ မရွှေမိတို့မိသားစုအားလုံး ချစ်ကာ ပိုင[illegible] ကလေးကို ထိန်းပေးကြသည်။

မရွှေမိသည် သူ့မှာသမီးမရှိတာမို့ ကျွန်မရဲ့သမီးလေ[illegible] အမေရင်းနှင့်မခြား ပြုစုယုယသည်။ ကလေးကို သူကိုယ်တ[illegible] ရေချိုးပေးရမှ၊ သူကိုယ်တိုင် အဝတ်လဲပေးရမှ ကျေနပ်သည်။

မသိတဲ့လူဆိုလျှင် သမီးကို သူ့ကလေးဟု ထင်ရလော[illegible] သည်။ သူ ဘယ်သွားသွား ကလေးကိုမချ။ သွားလေရာ ခေါ်သွ[illegible] တတ်သည်။

သမီးလေးသည် သိတတ်စအရွယ် သုံးနှစ်အရွယ်သို့[illegible] ရောက်လာခဲ့သည်။ သမီးလေး သုံးနှစ်သမီးကျော်ကျော်တွ[illegible] ကျွန်မတို့မိသားစု ဘဝလေးသည် မထင်မှတ်ဘဲ ယိမ်းယိုင်လာ[illegible] သည်။

..... ထူးအိမ်ခြား တာပေ .....



စီးပွားရေးအခြေကျကာ အမျိုးသားသည် အလုပ်လက်မဲ့ ဘဝသို့ ရောက်ခဲ့ရသည်။ အလုပ်မရှိတဲ့နောက် ရှိတဲ့ပစ္စည်းဥစ္စာတွေ ထုခွဲရောင်းချခဲ့ရသည်။ နောက်ဆုံး အိမ်ကိုပါ အပြတ်ရောင်းရတဲ့ အခြေအနေအထိ ဖြစ်လာသည်။

နောက်ဆုံး လင်မယားနှစ်ယောက်တိုင်ပင်ကာ မင်္ဂလာဒုံ မှာ ပြန်နေကြဖို့ ဆုံးဖြတ်ခဲ့ကြသည်။ ဆိုင်းမဆင့် ဘုံမပါ ကျွန်မတို့ ပြောင်းကြတော့မည်ဆိုတော့ မရွှေမိမှာ ကြုံကြုံပါအောင် ငိုကြွေး လေတော့သည်။ ကျွန်မနဲ့သမီးကို မခွဲနိုင်ဘူးဆိုကာ နေ့စဉ်ရက်ဆက် ငိုသည်။ ကျွန်မတို့မှာ စိတ်မကောင်းရုံမှအပ ဘာမှမတတ်နိုင်ခဲ့။

ပျော်ရာမှာ မနေရ၊ တော်ရာမှာနေ ဆိုတဲ့စကားပုံလို နေရေး၊ စားရေးက အဓိကဖြစ်လာတာမို့ မပြောင်းရွှေ့ချင်ဘဲ မင်္ဂလာဒုံမှ အမေတို့ အိမ်ရှိရာသို့ ပြောင်းရွှေ့ခဲ့ကြရသည်။

အစ်မ မရွှေမိတို့သားအမိမှာ မင်္ဂလာဒုံ ကျွန်မတို့ပြောင်းလာ လည်း သူတို့ မကြာမကြာ အလည်ရောက်လာတတ်သည်။ သမီးနဲ့ ကျွန်မကို အတော်လေး သံယောဇဉ်တွယ်လွန်းလှသည်။

သူလာလျှင် သမီးအတွက် မုန့်ပဲသရေစာနှင့် ကျွန်မအတွက် စားစရာများ၊ မိတ်ကပ်များ ဝယ်လာပေးသည်။ ဤမျှတွယ်တာ ရသော အစ်မမရွှေမိကို ကျွန်မ တိုးပွားကာ ချစ်ခင်သထက် ချစ်ခင် လာသည်။

..... ထူးအိမ်ခြား တာပေ .....

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မတို့ မဝလာခင်ရောက်ပြီး နှစ်နှစ်လောက်တွင် မရွှေမိ ဝင်းသာအောင်ရ လာပြန်သည်။ သူမလက်ထဲတွင် ဖိတ်စာအိတ်လေး ကိုင်လို့ ကျွန်မတို့ ပြုံးစစနှင့် ဖိတ်စာအိတ်ကိုကမ်းပေးတာမို့ . . .

"ဘာတွေလဲ အောင်နိုင်သူ"

"သားရှင်ပြုဖိတ်စာလေ အန်တီ"

"ဟယ် . . . ငါ့တူ ရှင်ပြုတော့မှာ ဟုတ်လား။ ဟယ် . . . ဝမ်းသာလိုက်တာ၊ ကြည့်စမ်း . . . အောင်သူလေး ရှင်ပြုရပြီ၊ သားကို ဘယ်သူပြုပေးမှာလဲသား"

"သားအမေဘောက်က အန်တီတွေ"

"ကောင်းတာပေါ့ သားရယ် . . . အန်တီ အရမ်းဝမ်းသာ တာပဲ"

ကျွန်မတို့ တူဝရီးပြောနေတာကို မရွှေမိက သိသလိုလိုနှင့် သူလည်းပျော်ကြောင်း အမူအရာနဲ့လုပ်ပြသည်။

"အောင်နိုင်သူ မင်းအမေ ပျော်နေတယ်၊ တွေ့လား . . . သား၊ သနားပါတယ်၊ ဘယ်တုန်းကတည်းက သူ ရှင်ပြုချင်နေလဲ မသိဘူးနော် သား"

"ဟုတ်တယ် အန်တီ . . . အမေက သားကိုရှင်ပြုပေးမယ် ချည်းပဲပြောနေတာ ကြာလှပြီ၊ သူရှင်ပြုပြီးရင် သေပျော်တယ်တဲ့"

"ဟဲ့ . . . ပေါက်ကရ . . . အောင်သူ မပြောရဘူးလေ"





"သားပြောတာ မဟုတ်ပါဘူး အန်တီရဲ့ အမေပြောတာပါ"

"ဘာပဲဖြစ်ဖြစ် မပြောပါနဲ့သားရယ်၊ အန်တီတောင်းပန်ပါ သယ်"

မရွှေမိကို အနေဝေးတာပင် လွန်လှပြီ။ ဘဝချင်းမဝေးစေ ။ ဘာရယ်ကြောင့်မှန်းမသိ မရွှေမိကို ကျွန်မ အခင်ဆုံး၊ အချစ်ဆုံး ဖြစ်သည်။

မရွှေမိလည်း ထိုနည်းတူစွာ ကျွန်မကို ထိုအတိုင်းပင် ဖြစ် သည်။ ကျွန်မမှာ ကလေးတစ်ဖက်၊ အလုပ်တစ်ဖက်၊ အိမ်မှုကိစ္စတစ် ဖက်နှင့်ဆိုတော့ ရွှေပြည်သာကိုမရောက်နိုင်တော့။ စိတ်သွားလို့ ကိုယ် ပါ။ မရွှေမိကတော့ သွားလိုက်လာလိုက်နဲ့ အိမ်ဦးနဲ့ကြမ်းပြင်လိုပင်၊ ပဝတ်ကို နှစ်ခေါက်လောက်တော့ ရောက်အောင် ပုံမှန်လာမြဲ သွားမြဲ။

အောင်နိုင်သူရဲ့ ရှင်ပြုအလှူမင်္ဂလာကို မရွှေမိရဲ့အဖေနှင့် အစ်တွေ၊ မောင်တွေက ကြီးကြီးကျယ်ကျယ် ခမ်းခမ်းနားနား လုပ်ပေးသည်။ မရွှေမိမှာ ထိုအလှူပွဲအတွက် ဝမ်းနည်းဝမ်းသာ ဖြစ်ရသည်ဟု ကျွန်မကိုပြောပြသည်။

ကျွန်မအနေနဲ့ မရွှေမိတို့မိသားစုနဲ့ ထပ်တူထပ်မျှပါပဲ။ ကြည် ဖြူ ပီတိဖြစ်မိသည်။ သားရှင်ပြုပွဲတွင် ဦးမြဝင်းနှင့်မရွှေမိတို့ မောင်နှံမှာ ပျော်လို့ရွှင်လို့။



www.burmeseclassic.com

www.burmeseclassic.com



ဦးမြင်းက အိုးစည်ဒိုးပတ်နဲ့ ဝင်ကသလို မရွှေမိကလည်း ငွေဖလားကြီးကိုင်လို့။ ပန်းနဲ့ပိုက်ဆံကြဲသည်မှာ အလှူ့အစ်မကြီး ပီသသည်။ သာသနာကို ထိုက်ထိုက်တန်တန်ပြုခွင့်ရလို့ မပျော်ဘဲ နေစိမ့်မလားလေ။

သည်လိုနဲ့ အောင်နိုင်သူရဲ့ရှင်ပြုမင်္ဂလာပြီးတော့ မရွှေမိတို့ နှုတ်ဆက်ပြီး ကျွန်မတို့ပြန်ခဲ့ကြသည်။ မရွှေမိတို့သားအမိကတော့ မြောက်ဥက္ကလာမှာ ကျန်ရစ်ခဲ့ကြသည်။

အောင်နိုင်သူလေးကို ရှင်ပြုပြီး တစ်နှစ်ပြည့်သောအခါ မရွှေမိသည် ယခင်ကလိုမဟုတ်တော့။ အိမ်သို့လာလည်တဲ့အခါတိုင်း မျက်နှာလေး နွမ်းလျနေတတ်သည်။ မရွှေမိ နေမကောင်းလို့လား မေးတော့လည်း ခေါင်းခါပြသည်။

သူ့အနေနဲ့ သားနှစ်ယောက်လုံးကို ရှင်ပြုချင်ကြောင်း အောင်နိုင်သူက စကားပြောတတ်လို့ ရှင်ပြုရပေမယ့် ကျော်နိုင်သူက စကားမပြောတတ်၍ ရှင်မပြုရကြောင်း၊ သူ့အနေနဲ့ သာသနာ ဖို့အတွက် တစ်ခုသာ အောင်မြင်ခဲ့ကြောင်း၊ သူမရှိတဲ့အခါ အောင်နိုင် သူနဲ့ ကျော်နိုင်သူကို စောင့်ရှောက်ပေးရန် မှာကြားခဲ့သည်။ ကျွန်မ အစ်မမရွှေမိကို မပြောရန်တားမြစ်မိသည်။

အစ်မ မရွှေမိက သူ နောက်ဆုံးတစ်ခေါက်လာခဲ့ဦးမည် ဆိုကာ အဲဒီနေ့က နှုတ်ဆက်လို့ပြန်သွားသည်။

..... ထူးအိမ်သြာ တမေ .....



သူမ ပြန်သွားပြီး ခုနစ်ရက်ပြည့်သောနေ့တွင် ကျွန်မထံသို့ အောင်နိုင်သူနှင့်သွယ်သွယ် ရေးကြီးသုတ်ပျာရောက်လာသည်။

"အန်တီဝါ...အန်တီဝါ"

"ဟယ်...မိသွယ်နဲ့ အောင်သူပါလား။ လာ...လာ ...ယ်လာကြတာလဲ၊ အစ်မ မရွှေမိရော"

"အမေ နေမကောင်းလို့ အန်တီ၊ အဖွားလွှတ်လိုက်လို့ ...သာခေါ်တာ"

အောင်နိုင်သူ့ စကားကြောင့် ကျွန်မအလွန်အမင်း အံ့ဩစွာ ...တ်သွားမိသည်။ စိုးရိမ်ခြင်းများစွာနဲ့။

"ဟင်...ဟုတ်လား။ အစ်မမရွှေမိ ဘာဖြစ်လို့လဲ သား အောင်နိုင်သူ"

"အမေ ရေချိုးရင်း မူးလဲလို့၊ အဲဒါ ဦးနှောက်သွေးကြော ...တ်သွားတယ်"

"အို...ဟုတ်လား၊ ဘုရား...ဘုရား...အစ်မ မရွှေမိ ...ယ်လိုနေသေးလဲ သားရယ်...အဟင့်...ဟင့်"

ကြားလိုက်ရတဲ့ သတင်းဆိုးအတွက် ကျွန်မ ဝမ်းနည်းစွာ ...ိုက်မိသည်။

"အခုတော့ ဘာမှမလှုပ်နိုင်တော့ဘူး အန်တီ၊ ကိုယ် ...တစ်ခြမ်းကပ်သွားတယ်၊ မျက်လုံးတွေလည်း သွေးခြည်ဥသွားတယ်"

..... ထူးအိမ်သြာ တမေ .....

www.burmeseclassic.com

www.burmeseclassic.com



"ဟင်···ဟုတ်လား၊ ကျွတ်···ကျွတ်···အေးကွယ် အန်တီ အခုပဲလိုက်ခဲ့မယ်၊ အစ်မမရွှေမိ ဘာမှမဖြစ်ပါစေနဲ့ကွယ်

ကျွန်မ ကောက်ကာငင်ကာပဲ အောင်နိုင်သူတို့နဲ့ ရွှေပြည် သာသို့ လိုက်လာခဲ့သည်။ ရွှေပြည်သာအိမ်ရောက်တော့ မြင်ရ မြင်ကွင်းက ကျွန်မရင်ကို ဆို့နင့်နင့်ကြီး ဖြစ်စေသည်။ မရွှေမိ အိပ်ရာထက်တွင် ခွေခွေလေး သတိလစ်မေ့မျောနေသည်။

ယခင်က နုပျိုလှပလွန်းသော မရွှေမိမှာ အရိုးပေါ်အရေ ပဲ ရှိတော့သည်။ ခန္ဓာကိုယ်တစ်ခြမ်း လိမ်တွန့်ရွဲ့စောင်းနေပြီ၊ လေ ထားတာမို့ မလှုပ်မယှက်ရှိနေသောအခါ ကျွန်မ ဝမ်းနည်းစွာ ငို မိတော့သည်။

"မရွှေမိရယ်···ဖြစ်မှဖြစ်ရတယ်"

"ဝါလေး···ငိုပစ်လိုက်···အားရအောင်ငို၊ သူ မသေ ဘူး။ မျှင်းမျှင်းလေး အသက်ရှိသေးတယ်၊ နင့်ကိုစောင့်နေရှာ

အများက ပြောလေလေ ကျွန်မ ငိုလေလေပါပဲ။ မ ကို ကျွန်မ ဖက်ဖက်ပြီး ငိုမိသည်။ အကောင်းပကတိရှိတဲ့ သူ ညာဘက်လက်လေးကို ကျွန်မ ခပ်ဖွဖွလေးဆုပ်ကိုင်လိုက်ရာ

ဆတ်ခနဲ မရွှေမိလက်တွေ ရှုန်းထသွားတာမြင်လိုက် ကျွန်မတို့ အလွန်ပင် အံ့သြသွားသည်။

"ဟယ်···မရွှေမိ···မရွှေမိ သတိရပြီ"





ကျွန်မ ဝမ်းသာအားရ ထအော်မိတော့ မရွှေမိရဲ့မှိတ်ထားတဲ့ မျက်လုံးလေးတွေ ပွင့်လာသည်။ သူမကို ဆုပ်ကိုင်ထားတဲ့ ကျွန်မရဲ့ လက်ကို ဆုပ်ကိုင်ပြီး ကျွန်မကို တမေ့တမောငေးကြည့်နေလေသည်။ သူမမျက်ဝန်းထဲတွင် သံယောဇဉ်အရိပ်တွေ ထင်ဟပ်ရစ်တွယ် နေလေသည်။

"မရွှေမိ···မရွှေမိ···ညီမလေး···ဝါလေးလေ၊ ဘာ ပြောချင်လို့လဲ ဟင် မရွှေမိ၊ ဘာမှအားမငယ်နဲ့နော် မရွှေမိ ပျောက် သွားမှာ ဘာမှမဖြစ်ဘူး။ အောင်နိုင်သူနဲ့ ကျော်နိုင်သူလည်း အနား မှာရှိတယ်"

ကလေးတွေကို သူမရှေ့မှာ ခေါ်ထားပြရသေးသည်။ ကလေးတွေထံ မျက်လုံးငေ့ကြည့်ပြီး အိမ်အပေါက်ဝကို အကြည့် ရောက်သွားပြန်သည်။

မရွှေမိကြည့်ရတာ တစ်ယောက်ယောက်ကို စောင့်မျှော်နေ သလိုမျိုးပင်။

ကျွန်မလည်း အိမ်ကိုမပြောခဲ့တာမို့ အဲဒီနေ့က ညနေစောင်း ရွှေပြည်သာမှ ပြန်ခဲ့သည်။ ပြန်သာ ပြန်လာခဲ့ရတယ် စိတ်က ပြောင်း။ မရွှေမိရဲ့နောက်ဆုံးအချိန်မှာ အနားတွင် နေပေးချင်ပေမယ့် နေဖို့အခွင့်မရခဲ့ပေ။

အိမ်သို့ရောက်ပြီး နောက်နေ့တွင် ရွှေပြည်သာမှ ဖုန်းအလာ



www.burmeseclassic.com

www.burmeseclassic.com



ကို မျှော်မိသည်။ နှစ်ရက်သုံးရက်ကြာသည်အထိ ဖုန်းမလာ။ ဒါဆိုရင် မရွှေမိ အခြေအနေကောင်းလို့ပဲဖြစ်မည်ဟု ဝမ်းသာမိသည်။

ဗုဒ္ဓဟူးနေ့ မနက်စောစောပိုင်း ဘုန်းကြီးကျောင်းမှ အုန်းမောင်းခေါက်သံကြောင့် ကျွန်မ အိပ်ရာမှထကာ အရုဏ်ဆွမ်းချက်နေမိသည်။

ထိုအချိန် နှာခေါင်းထဲတွင် သင်းပျံ့သောရေမွှေးနံ့နှင့် ခရေပန်းရနံ့တွေ ရလာသည်။ ကျွန်မ လေသင့်ရာသို့ အနံ့လာတာပဲဟု အထင်နှင့် အိမ်တံခါးများ ထဖွင့်မိသည်။

ပို၍ အနံ့က သင်းပျံ့ကြိုင်လာသည်။ တစ်ပြိုင်နက်တည်းမှာ ကျွန်မနားထဲတွင် လေတိုးသံသဲ့သဲ့ ကြားရပြီးနောက် စကားသံလိုလို ငိုသံလိုလို မသဲမကွဲ ဆက်ကြားနေမိပြန်သည်။

ကျွန်မ အိမ်သားတွေကို မနှိုးရဲ။ ကျွန်မ ကြောက်စိတ်တွေ အလိုလိုဝင်ရောက်လာသည်။ ဘာလုပ်ရမလဲ မစဉ်းစားသေးခင် ပြတင်းပေါက်မှ ဘုတ်ခနဲ စက္ကူအိတ်လေးကျလာသည်။

ကျွန်မ ထိုစက္ကူအိတ်လေးကို ကောက်ယူဖွင့်ကြည့် လိုက်သည်။

"ဟင်...ခရေပန်းတွေပါလား"

စက္ကူအိတ်ထဲတွင် ခရေပန်း အကြွေအခြောက်လေးတွေ တစ်အိတ်ကြီးပါလာသည်။





"မရွှေမိ...မရွှေမိ"

ကျွန်မ တကြော်ကြော်ခေါ်သံက ပွဲတင်ထပ်သွားလျက် သလို ကျွန်မအော်သံကြောင့် အိမ်သားများ နိုးလာကြသည်။

"ဟဲ...ဝါလေး...ဘာဖြစ်တာလဲ...ဘာဖြစ်တာလဲ"

"ဘာမှမဟုတ်ဘူး"

"ဘာမှမဟုတ်ဘူးသာဆိုတာ အိမ်အောက်ကို ရောက်နေပြီး သောင်နေတာလား"

အနားရောက်လာတဲ့ အစ်ကိုကြီးဖြစ်သူက သူမကို အိပ်ရာမှ နိုးယောင်နေတာဟု ထင်ကြေးနှင့်ပြောလာသည်။

"မဟုတ်ဘူး အစ်ကိုကြီးရဲ့၊ စောနက ရွှေမိကိုတွေ့လိုက်လို့ င်းကြည့်တာ"

"ဟာ...ရွှေမိက ရွှေပြည်သာမှာ မဟုတ်လား။ ဘာကိစ္စ ရောက်ရမှာလဲ စောစောစီးစီး လာပါ့မလား။ ပြီးတော့...ရွှေမိ မကောင်း အတော်ဖြစ်နေတယ်ဆို"

"အင်း...ဟုတ်တယ် အစ်ကိုကြီး"

"အေး...အဲဒါဆို ငါထင်ရင် လွဲခဲတယ်၊ ကဲ...ပြောပါ ...နင်နဲ့ရွှေမိ ဘယ်လိုတွေ့တာလဲ"

အစ်ကိုကြီးက မေးလာတော့လည်း ကျွန်မ မရွှေမိ ကြောင်းကို ပြောပြလိုက်သည်။ သူ့နှုတ်ဆက်ပုံက ဆန်းနေတာမို့



www.burmeseclassic.com

www.burmeseclassic.com



ဒိဝ်မက်လည်း မဟုတ်၊ တကယ်လည်း မဟုတ်။ ကျွန်မမှာ ဘယ်လို ယုံကြည်ရမလဲမသိ။ စောနက မရွှေမိကို တဝ်အပ်မြင်လိုက်ရတာမှ ကွက်ကွက်ကွင်းကွင်းရယ်။

"ကဲ...ကဲ...ဝါဝါ ညီမလေး ပြန်ပြီးအိပ်လိုက်တော့"

"ဟုတ်ကဲ့ ကိုကြီး"

သူမတို့ မိသားစုတွေ အိမ်ထဲပြန်ဝင်ခဲ့ကြသည်။ ကျွန်မ အိပ်ယာထဲမှာ အိပ်မရဖြစ်နေသည်။ စိတ်တွေက မရွှေမိ ထံသို့သာ ရောက်နေမိတော့သည်။

မနက်မိုးလင်းတော့ လမ်းထိပ်အိမ်ကကောင်လေး စက်ဘီး နှင့် အိမ်ကိုရောက်လာကာ...

"အန်တီဝါ...ရွှေပြည်သာက ဖုန်းလာတယ်"

"အေး...အေး...သား။ လာပြီ...လာပြီ"

ကျွန်မ ရွှေပြည်သာက ဖုန်းလာတယ်ဆို၍ အပြေးကလေး ဖုန်းအိမ်သို့လာခဲ့သည်။

"ဟယ်လို"

ရင်တထိတ်ထိတ်နဲ့ ဖုန်းနားထောင်လိုက်သည်။

"အန်တီဝါလား"

"အေး...ဟုတ်တယ်သမီး။ မရွှေမိ ဘာဖြစ်လို့လဲ"

"အန်တီရွှေမိဆုံးသွားလို့ အန်တီ"





"ဟင်...ဟုတ်လား...ဘယ်အချိန်ကလဲ သမီး"

"ဒီမနက်ငါးနာရီက ဆုံးတာ၊ အဲဒါနဲ့ အန်တီ့ကို ဖုန်းဆက်လိုက်တာ"

"ဖြစ်မှဖြစ်ရလေ၊ ကဲ...ကဲ...သမီး အန်တီလာခဲ့မယ်နော်"

"ဟုတ်ကဲ့အန်တီ"

ကျွန်မ ဖုန်းချလိုက်သည်။ မရွှေမိ ဆုံးပြီတဲ့။

"မရွှေမိရယ် အကြွေစေ့လို့ နှမြောမိပါတယ်၊ မရွှေမိ အဲဒါဆို ညီမကို မနက်က လာနှုတ်ဆက်တာပေါ့ မရွှေမိရယ်... အဟင့်...ဟင့်"

ကျွန်မ ဝမ်းနည်းစွာ ငိုကြွေးမိသည်။ ကျွန်မအနေနဲ့ မရွှေမိကို အင်မတန်မှ ချစ်ခင်မြတ်နိုးမိပါသည်။ သံယောဇဉ်တွယ်တာလွန်းခဲ့တဲ့ အစ်မမရွှေမိကို ကျွန်မ ဘယ်လိုမှဖြေဆည်မရခဲ့ပါ။

ကျွန်မ အိမ်သို့ပြန်လာပြီး မိသားစုကို မရွှေမိဆုံးကြောင်း ပြောပြကာ ခင်ပွန်းဖြစ်သူနဲ့ ရွှေပြည်သာမှ မရွှေမိတို့အိမ်သို့ လာခဲ့သည်။

မရွှေမိတို့လမ်းထိပ်ရောက်တယ်ဆိုတာနှင့် မရွှေမိတို့အိမ်ရှေ့တွင် ကနားဖျင်းထိုးထားတာကို ရင်နင့်စွာမြင်ရသည်။ ကျွန်မတို့ လာနေတာကို မြင်လိုက်သော မရွှေမိရဲ့သားနှစ်ယောက်က အပြေး



www.burmeseclassic.com

www.burmeseclassic.com



လာကြိုကြသည်။

"အန်တီဝါတို့ လာတယ်ဟေ့"

"အန်တီဝါ...အမေဆုံးပြီဗျ...အီး...ဟီး...ဟီး"

အကြီးကောင် အောင်နိုင်သူလေးက ကျွန်မကိုမြင်တာနှင့် ဖက်ပြီးငိုတော့သည်။ ကျွန်မ အောင်နိုင်သူရဲ့ ကျောပြင်လေးကို ပွတ်ကာ နှစ်သိမ့်လိုက်ရင်း...

"သားရယ်...တိတ်...တိတ်...မငိုနဲ့ကွယ်၊ သူသေသွားတယ်ဆိုတော့ ဝေဒနာမခံစားရဘူးပေါ့ကွယ်၊ တိတ်...တိတ်သား"

အောင်နိုင်သူကို တိတ်ပါလို့ပြောရပေမယ့် ကျွန်မကိုယ်တိုင် ကျိတ်ငိုရှိုက်မိသည်။

မရွှေမိရဲ့ရုပ်ကလပ်ကို လှပစွာပြင်ဆင်ပြီး အလောင်းစင်ပေါ် တင်ထားသည်။ ပန်းကြိုက်သော မရွှေမိအတွက် အလောင်းစင်ပေါ်မှာ ပန်းတွေနှင့်ဖွေးဖွေးထနေသည်။

မရွှေမိရဲ့ အလောင်းစင်နားကို ကျွန်မတိုးကပ်လိုက်တော့ မရွှေမိမှာ အိပ်ပျော်နေသလိုမျိုးပင်။ သေပန်းပွင့်နေတယ်လို့ ဆိုရမည်။ မျက်လွှာကိုပိတ်ထားသော မရွှေမိရဲ့မျက်နှာသည် ပကတိသန့်ရှင်းနေသည်။

မရွှေမိ တကယ်မှသေရဲ့လားဟု ကျွန်မထင်မှတ်လိုက်သေး





သည်။ ကျွန်မအထင်သည် စိတ်ကူးမျှသာ။ မရွှေမိသည် ခန္ဓာချုပ်ငြိမ်း စီညာဉ်စွန့်ခွာလျက် တမလွန်သို့ ပြောင်းရွှေ့ကွယ်လွန်ခဲ့ပြီဆိုတာ ယုံကြည်လို့လည်း မရသေးပါ။

ထိုစဉ် ရေဝေးမှ နိဗ္ဗာန်တင်ယာဉ်ရောက်လာပြီး မရွှေမိကို ရေဝေးရေခဲတိုက်သို့ ခေါ်ဆောင်ဖို့ ပြင်ဆင်ကြလေပြီ။

ကျွန်မ မရွှေမိရုပ်အလောင်းအနားမှခွာကာ မရွှေမိကို နောက်ဆုံးကန်တော့လိုက်သည်။ ကျွန်မရင်ထဲတွင် ဖော်ပြလို့မရသော ဝမ်းနည်းလှိုက်ဖိုမှုတွေ တလိမ့်လိမ့်ဖြစ်လာပြီး ကျွန်မ အားရပါးရ ငိုချပစ်လိုက်သည်။

"မရွှေမိရေ...မရွှေမိရဲ့...ထားရစ်ခဲ့ပြီလား"

ကျွန်မ ဆောက်တည်ရာမဲ့စွာ စိတ်ကိုထွက်ပေါက်ဖွင့်ပြီး အားရပါးရ ငိုလိုက်သောအခါ ရင်ထဲမှာ လှပ်ခနဲဖြစ်သွားပြီး မျက်လုံးထဲမှာ ဘာကိုမှမမြင်ရတော့။ မှောင်အတိကျသွားသည်။ နားထဲတွင် င်သဲ့သဲ့လေးသာ။

"ဟဲ့...ဝါလေး...ဝါလေး...လှုပ်ကြပါဦး။ ငိုရင်းနဲ့တက်သွားပြီ"

ကျွန်မ ဘာကိုမသိတော့...။

✠ ✠ ✠



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ သတိပြန်ရလာတော့ အိပ်ရာထက်ပေါ်မှာ ကျွန်မ ထိုင်ရာမှ ထထိုင်လိုက်သည်။

"ဟော…ဝါလေးနိုးပြီလား။ တရားနဲ့ဖြေပါကွယ်၊ လူ့ရယ် လို့ဖြစ်လာရင် တစ်နေ့ သေမင်းနဲ့ ရင်ဆိုင်ရမှာ မလွဲကေန်ပဲကွယ်၊ အို–နာ–သေဘေး မလွှဲရင်ဆိုင်ရမှာ ကြီးကြီးငယ်ငယ်ပဲပေါ့ကွယ်၊ တရားသဘောနဲ့ ကြည့်ပါ"

မရွှေမိရဲ့ယောက္ခမ အဘွားက ကျွန်မကို တရားသဘောနဲ့ ယှဉ်ပြောနေပေမယ့် ကျွန်မနားထဲမှာ ကြားတစ်ချက်၊ မကြား တစ်ချက်။ မျက်ဝန်းထဲမှာ မရွှေမိကိုသာ မြင်ယောင်နေမိလေသည်။

ဒီလိုနဲ့ မရွှေမိကို သင်္ဂြိုဟ်မယ့်နေ့ရောက်လာသည်။ ၁၂နာရီ ထိုးတော့ ရေဝေးကိုလိုက်ပါ ပို့ဆောင်ဖို့ပြင်ဆင်ကာ ကားများဖြင့် လိုက်ပါ ပို့ဆောင်ကြသည်။

မရွှေမိကိုချစ်ခင်ကြသော ပတ်ဝန်းကျင် မိတ်သင်္ဂဟများမှာ မရွှေမိအကြောင်း ပြောမဆုံးကြ။ တဖွဖွနှင့် မဆုံးနိုင်သလို ကျန်ရစ် ခဲ့သောခင်ပွန်းနှင့် သူ့သားသမီးတွေကို သနားနေကြသည်။

မရွှေမိရဲ့ နောက်ဆုံးခရီးသည် မထင်မှတ်နိုင်အောင် စည် ကား သိုက်မြိုက်ခဲ့သည်။ သူ့ကိုလိုက်ပါပို့ဆောင်သော ကားများမှာ တသီတတန်းကြီးပင်။

ရေဝေးသို့ရောက်ပြီး မရွှေမိကို သရဏဂုံတင်ကာ မီး





သင်္ဂြိုဟ်စက်ထဲ ထည့်လိုက်ကြသည်။

"မရွှေမိရေ…ကောင်းသောဘုံဘဝ ရောက်ပါစေ"

ကျွန်မ မရွှေမိကို တိုးတိုးတိတ်တိတ်ဆုတောင်းပေးခဲ့သည်။ ကျွန်မ ကိုယ့်စိတ်ကိုယ်ထိန်းကာ မရွှေမိရဲ့နောက်ဆုံးခရီးမှာ တတ်နိုင်သမျှ ကုသိုလ်ပြုပေးဖို့ ဆုံးဖြတ်ခဲ့သည်။

မရွှေမိနာရေးမပြီးမချင်း ကျွန်မတို့ ရွှေပြည်သာအိမ်မှာပဲ နေခဲ့သည်။ မရွှေမိ ရက်မလည်မချင်း ကျွန်မ မရွှေမိကိုယ်ထင် ပြမလား။ မရွှေမိကိုမြင်ရမလား မျှော်လင့်မိသည်။

သို့ရာတွင် ကျွန်မဆန္ဒ မပြည့်ခဲ့ပါ။ မရွှေမိကို ချိုးချိုး ချွတ်ချွတ်မျှ မကြားခဲ့ရပေ။ သို့ပါသော်လည်း ထူးဆန်းသောအရာ တစ်ခုကိုတော့ ကျွန်မမြင်တွေ့ခဲ့သည်။

မရွှေမိအတွက် ဓာတ်ပုံနှင့် ပန်းအိုးတင်ထားသော ခုံလေး ပေါ်တွင် အလွန်လှပသော ရောင်စုံလိပ်ပြာကြီးတစ်ကောင် နားနေ သည်ကို သတိထားကြည့်မိသည်။ လှလိုက်တဲ့ လိပ်ပြာကြီးမှာ ဆင် လိပ်ပြာလည်းမဟုတ်၊ ရိုးရိုးလိပ်ပြာပင် ဖြစ်သော်ငြားလည်း အရောင် အသွေးစုံလှသည်။

ထိုလိပ်ပြာကြီးသည် မရွှေမိသင်္ဂြိုဟ်သည့်နေ့မှာ ရောက်လာ တာ ဖြစ်သည်။ ဘယ်မှမသွား၊ ဘယ်မှမနား။ မရွှေမိအတွက် ခင်းထားတဲ့စားပွဲပေါ်မှာသာ နားနေခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ မရွှေမိရက်မလည်မချင်း မရွှေမိကြိုက်နှစ်သက်သော ပန်းတွေကို နေ့စဉ်ရက်ဆက် လဲပေးခဲ့သည်။

မရွှေမိရက်လည်တဲ့နေ့ မနက်စောစောတွင် ပင့်သံဃာ တော်တွေကို မရွှေမိအတွက်ရည်စူး၍ ဆွမ်းကပ်လှူဒါန်းပြီး လှူဒါန်း ရသော ဒါနကုသိုလ်တွေကို မရွှေမိကြားရအောင် သာဓုအနုမောဒနာ ပြု အမျှဝေ ရေစက်ချနေခိုက်မှာ စားပွဲပေါ်မှလိပ်ပြာကြီးသည် ရေစက် ချခွက်တွင် ဝင်နားပြီး ရေစက်ချအမျှဝေတာကို နားထောင်နေသည် ဟန်ဖြင့် ငြိမ်လျက် နားကာ အမျှလည်းပေးပြီးရော အိမ်ထဲသို့ ဝဲပျံသွားပြီး သုံးကြိမ် ဝဲလိုက်၊ ပျံလိုက်လုပ်ပြီးနောက် ကျွန်မရှိရာ ဝဲပျံလာနေသည်။

ကျွန်မ လန့်ပြီး ဘေးသို့ရှောင်လိုက်သော်လည်း လိပ်ပြာကြီး က ကျွန်မပါးပြင်ပေါ် ခေတ္တလာနားခိုက် ကျွန်မမှာ ထိတ်လန့်သွား ပါသည်။

သို့ပါသော် လိပ်ပြာကြီးမှာ ကြာကြာမနား။ အိမ်ထဲသို့ ပျံ သွားပြန်သည်။ ကျွန်မ လိပ်ပြာကြီးနောက်သို့ ပြေးလိုက်ကြည့်မိသည် လိပ်ပြာကြီးသည် အိမ်ရှေ့အလှူမဏ္ဍပ်ထဲတွင်ထိုင်နေပြီး ဧည့်သည် များကိုဧည့်ခံနေသော ဦးမြဝင်းထံ ပျံဝဲသွားတာ တွေ့ရသည်။

ဦးမြဝင်းရှေ့မှာ လိပ်ပြာကြီး သုံးကြိမ်ပျံဝဲပြီးနောက် ဦးမြဝင်း ရဲ့ပါးပြင်ပေါ် သွားနားနေပြန်သည်။ ကျွန်မခေါင်းထဲ အသိတစ်ခုဝင်

..... ထူးဆန်းခြင်း တာပေ .....



လာသည်။ ထိုလိပ်ပြာကြီးကို ကျွန်မ သံသယဝင်မိတော့သည်။

လိပ်ပြာကြီးဟာ မရွှေမိလားမသိဘူးဟု ထင်မှတ်လို့မဆုံးခင် ဦးမြဝင်းက သူ့ပါးပြင်ပေါ်မှာနားနေသော လိပ်ပြာကြီးကို ပုတ်ထုတ် လိုက်ရာ လိပ်ပြာကြီးသည် ကြာကြာမနားတော့ဘဲ အိမ်ထဲသို့ ပျံဝဲ သွားပြန်သည်။ ကျွန်မ လိပ်ပြာကြီးဝဲပျံရာနောက်သို့ ပြေးလိုက်ကြည့်ရ ပြန်သည်။

ဒီတစ်ခါ လိပ်ပြာကြီးသည် အိမ်နောက်တွင် ထမင်းစား နေသော မရွှေမိရဲ့သား အကြီးကောင် အောင်နိုင်သူနဲ့ ကျော်နိုင်သူ တို့ထံ ပျံဝဲသွားသည်။

ကလေးနှစ်ယောက်က လိပ်ပြာကြီးဝဲပျံလာတာကိုမြင်တော့ ကလေးတို့ ဝသီအတိုင်း လိပ်ပြာကြီးကို လိုက်ဖမ်းနေကြသည်။

"ဟဲ့...သားတို့ မဖမ်းနဲ့...မဖမ်းနဲ့"

ကျွန်မ အချိန်မီတားမြစ်နိုင်လို့သာ တော်ရော့သည်။ ကလေးတွေ လိပ်ပြာကြီးကို မဖမ်းတော့ဘဲ ရပ်နားနေခိုက်မှာပဲ လိပ်ပြာကြီးက ကျော်နိုင်သူနဲ့ အောင်နိုင်သူတို့ ညီအစ်ကိုနှစ်ယောက်ရဲ့ ပါးမှာ တစ်လှည့်စီနားပြီး အဝေးသို့ပျံသန်းသွားလေတော့သည်။

ထိုအခါမှ အောင်နိုင်သူမှာ ကျွန်မအနားသို့တိုးကပ်လာရင်း

"အန်တီဝါ...အဲဒီလိပ်ပြာကြီးက အမေလားမသိဘူး နော်"

..... ထူးဆန်းခြင်း တာပေ .....

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လားမသိပါဘူး သားရယ်၊ အဲဒီလိုပဲ လိပ်ပြာကြီးတ
အနှံ့တို့ပါးဖြင့်ပေါ်မှာလည်း နားသွားခဲ့သေးတယ်၊ မင်းအဖေကိုလည်း
အတူတူပဲ"

"ဟင်•••ဟုတ်လား•••ဒါဆို မေမေနှုတ်ဆက်တာပေ
နော်"

"ဟုတ်ချင်လည်း ဟုတ်မှာပေါ့သားရယ်"

ကလေးဆိုပေမယ့် အောင်နိုင်သူလေးသည် တွေးတွေး
ဆဆ ပြောတတ်ရှာသည်။ စကားမပြောတတ်သော ကျော်နိုင်သူ
လေးကတော့ ဘာကိုမှမသိရှာပါ။ မျက်လုံးလေး ပေကလပ် ပေ
လပ်ဖြင့် သူ့အမေကို အိမ်ထဲဝင်ရှာလိုက်၊ အိမ်ပြင်ထွက်ရှာလိုက်
အိမ်ထဲလာတဲ့သူတွေကို သူ့အမေဘယ်မှာလဲဟု လက်ဟန်ခြေ
ဟန်ဖြင့်မေးလိုက်•••တကယ့် သနားစရာပါ။

ကျွန်မရင်ထဲမှာ နည်းနည်းမှမကောင်းနိုင်။ ကျော်နိုင်သူတို့
ရေ့ရေးအတွက် တွေးပူမိပါသည်။ အဖေရှိတယ်ဆိုပေမယ့် အမေ
လောက် အဖေ့အနေနဲ့ အိမ်မှုကိစ္စကို ဘယ်လိုလုပ်နိုင်ပါ့မလဲ။

မရွှေမိစျာပနပြီးဆုံးပြီး နောက်တစ်နေ့ ကျွန်မ မရွှေမိ
ယောက်မကိုခွင့်ပန်ပြီး ပြန်လာခဲ့သည်။ ကျော်နိုင်သူနဲ့ အောင်နိုင်သူတို့
သူတို့အမျိုးတွေက တစ်ယောက်တစ်လှည့်စီ ခေါ်မွေးစားကြမယ်ဟု
ဆိုသောအခါ ကျွန်မ ဝမ်းသာမိပါသည်။

..... ထူးအိန္ဒြာ တလေ .....



ကျွန်မအနေနှင့်လည်း ကလေးတွေကို ခေါ်ယူစောင့်ရှောက်
နိုင်ရလျှင် ခေါ်ယူစောင့်ရှောက်ထားလိုကြောင်း ပြောခဲ့ပါသည်။

ကလေးတွေအတွက် အမေနဲ့လည်းခွဲရ၊ အဖေနဲ့လည်း
ခွဲရမှာစိုးတာမို့ ကျွန်မ ကိုယ်ချင်းစာနာစွာ ဦးမြဝင်းထံမှ မွေးစားဖို့
တောင်းရက်တော့ပါ။

ကိုယ်တတ်နိုင်သလောက် ထောက်ပံ့ဖို့ အတွက်သာ
ဆုံးဖြတ်မိသည်။

ကျွန်မ ရွှေပြည်သာမှပြန်ရောက်ပြီး ညရောက်တော့ အိပ်ရာ
ဝင်ခဲ့သည်။ အဲဒီညက မရွှေမိကို အိပ်မက်မက်ခဲ့သည်။

အစိမ်းရောင်ဝမ်းဆက်ဖြင့် မရွှေမိမှာ နတ်သမီးလေး
တစ်ပါး မင်းသမီးလေးတစ်ပါးလို လှပနေပါသည်။ သူ့မျက်နှာလေးမှာ
သိသိသာသာ နွမ်းလျှနေပြီး ကျွန်မကို မျက်တောင်မခတ် စိုက်ကြည့်
ကာ လက်ဟန်ခြေဟန်နှင့် ကျွန်မတို့ကိုနှုတ်ဆက်ခဲ့ကြောင်း၊ သူ့သား
နှစ်ယောက်ကို မခွဲချင်ဘဲ ခွဲရကြောင်း၊ ကျွန်မကိုလည်း သူ မခွဲချင်
ကြောင်းပြောကာ တရှုပ်ရှုပ်နှင့် ငိုကြွေးပါတော့သည်။

ကျွန်မမှာ မရွှေမိကို ချော့မော့နှစ်သိမ့်ဖို့ အိမ်အောက်ကို
ဆင်းအလာ မရွှေမိသည် လှစ်ခနဲပျောက်ကွယ်သွားလေသည်။

ကျွန်မ မရွှေမိကို တကြော်ကြော်အော်ခေါ်လိုက်ရာ အသံ
သည် အပြင်ထွက်သွားသည်။

..... ထူးအိန္ဒြာ တလေ .....

www.burmeseclassic.com

www.burmeseclassic.com



"မရွှေမိ . . . မရွှေမိ"

ကျွန်မ အိပ်ရာမှ လူးလွန့်နိုးသွားလျက် ကျွန်မ မရွှေမိ အိပ်မက်မြင်မက်တာပဲဟု သိလိုက်ရသည်။

သေကွဲခွဲခဲ့ပေမယ့် ကျွန်မတို့ထံ စိတ်ရောက်နေသော မ ကို ဘဝတစ်ပါးသို့ ဖြောင့်တန်းသွားနိုင်ဖို့ ကျွန်မ အမျှအတန်းပေး လိုက်ပါသည်။

ကျွန်မ မရွှေမိကို ဘယ်တော့မှ မေ့နိုင်လိမ့်မည်မဟုတ် ကျွန်မအပေါ် အစ်မရင်းသဖွယ်ကောင်းခဲ့သော မရွှေမိသည် တမ မှ ကျွန်မတို့ကို မေ့နိုင်မှာမဟုတ်ဘူးလို့လည်း ထင်မိပါသည်။ မ မှာ တမလွန်ဘဝသို့ ပြောင်းလျှင်ပြောင်းချင်း ဝိညာဉ်လိပ်ပြာ စိတ်စွဲလမ်းရာကို လာခဲ့ကာ နောက်ဆုံးနှုတ်ဆက်ခဲ့သေးသည်။

မရွှေမိရဲ့ စိတ်စွဲလမ်းရာသည် မကျွတ်မလွတ် ဝေနေ စာရင်းထဲ အပါအဝင်ဖြစ်နေတာမို့ မရွှေမိကိုရည်မှန်းပြီး ကျွ တတ်အားသမျှ ကုသိုလ်ပြုလုပ်ခဲ့ပါသည်။

နောက်ပိုင်း ကျွန်မ မရွှေမိကို အိပ်မက်မမက်တော့ပါ။ ချို ချွတ်ချွတ်လည်း မကြားရတော့ပါ။

ရာသီစက်ဝန်းပြောင်းလဲပေမယ့် ကျွန်မသည် မမေ့နိုင်သော သတိရခြင်းမျိုးနဲ့ မရွှေမိကို ရံဖန်ရံခါ သတိရမိပါသည်။

အခုဆိုလျှင် မရွှေမိသည် ဘဝတစ်ပါးသို့ ပြောင်းရွှေ့ ကျွ

..... လူ့အိမ်ခြာ တစေ .....



န်ခဲ့သည်မှာ အတော်ကြာခဲ့ပါသည်။ သေသောသူကြာလျှင်မေ့၊ ပျောက်သောသူ ရှာလျှင်တွေ့ဆိုသော စကားပုံသည် ကျွန်မအတွက် မှန်ပါ။

သေသောသူ မရွှေမိကို ကြာလေလေ သတိရလေလေပါပဲ။ ကျွန်မအနားမှာ မရွှေမိမရှိလို့ ပျောက်နေတယ်လို့ ထင်မှတ်ခဲ့ပေမယ့် မရွှေမိသည် ကျွန်မအတွေးစိတ်အစဉ်ထဲမှာ အမြဲရှိသည်ဆိုတာ တမလွန်မှ သူသိပါစေ။

ကလျာဝါဝါ

www.burmeseclassic.com

www.burmeseclassic.com



# ရွှန်ကျော်ဦး

စည်းမျက်နှလုံးသား

www.burmeseclassic.com

www.burmeseclassic.com

## စည်းမျက်နှလုံးသား

တကယ်တော့ သည်နေရာက ကျွန်တော်တို့နဲ့လုံးဝပတ်သက်
လိမ့်မယ်လို့ ကျွန်တော်မထင်ခဲ့တာအမှန်ပါဗျာ။ ကြည့်လေ…ကျွန်တော်ကိုယ်
ကျွန်တော် သည်လိုအဖြစ်မျိုး ဖြစ်လိမ့်မယ်လို့ မထင်ခဲ့မိပါဘူး။

ခုလိုဖြစ်ခဲ့တာကို ကျွန်တော် သေသေချာချာ ပြန်စဉ်းစား ကြည့်
တော့မှ ကျွန်တော့်အသိတရား၊ သတိတရားကင်းလွတ်ခဲ့တာကြောင့်
လူရီအဖြစ်ဆိုးခဲ့ရတာပါ။ လူရီဆိုတာကလည်း တကယ်တော့ ကျွန်
အလွန်ချစ်ခဲ့တဲ့ ကျွန်တော့်မိန်းမပါဗျာ။ ကျွန်တော့် မိန်းမပါ။

ကျွန်တော်တို့ နေတာလား။ ကျွန်တော်တို့နေတာ မြို့နဲ့အတော်လေး
အလှမ်းဝေးတဲ့ ရွာကလေးမှာနေတာပါ။ အိမ်ခြေကတော့ တစ်ရာ





သာက်ပဲရှိတယ်။ တစ်ရွာလုံးက လယ်ယာကိုင်းကျွန်းတွေမှာ ရာသီ
ဖြတ် သီးနှံစိုက်ပျိုးပြီး အေးချမ်းတဲ့ရွာလေးပါ။ ကျွန်တော်လား…
ယ်ကလာ လယ်ယာရှိပါ့မလဲဗျာ။

ဒါပေမဲ့ ကျွန်တော်လို လယ်ပိုင်ချောင်းပိုင်မရှိတဲ့ ကျပန်းလူပါ၊
ကြတဲ့သူတွေအတွက် အဲဒီရွာကလေးက ရေကန်အသင့် ကြာ
သင့်ဆိုရင် မမှားဘူးဗျ။

ကြည့်လေဗျာ။ ကျွန်တော်တို့ရွာနဲ့ မနီးမဝေးမှာ ကွေ့ကောက်ပြီး
စင်းနေတဲ့ ချောင်းတစ်ချောင်းရှိတယ်ဗျ။ အဲဒီချောင်းက ရေမခန်း
ချောင်းဗျ။ ငွေ့ငွေ၊ မိုးမိုး၊ ဆောင်းဆောင်း သားငါး အလျှံပယ်
များတာ။ အဲဒီတော့ ကျွန်တော်ဘဝရပ်တည်ဖို့အတွက် ကွန်တစ်လက်၊
တစ်စင်းရှိရင် ထမင်းမငတ်နိုင်တာ အမှန်ပါ။

ကျွန်တော်မိဘတွေလား။ မရှိကြတော့ပါဘူးဗျာ။ ကျွန်တော် အရွယ်
ရောက်ခင်ကတည်းက ကွယ်လွန်ဆုံးပါးခဲ့ကြလို့ တစ်ကောင်ကြွက်
ဖြစ်နေတဲ့ ကျွန်တော်ကိုသနားပြီး ရွာဦးဘုန်းတော်ကြီးက ကြည့်ရှု
င့်ရှောက်ထားခဲ့တာ။

အဲဒါကြောင့်လည်း ကျွန်တော်ဒီအသက်အရွယ်အထိ လူ ဖြစ်နေ
ယ်ဆိုရင် မမှားပါဘူး။ ကျွန်တော်ပညာရေးလား။ ရွာဦးဘုန်းတော်ကြီး
ကျေးဇူးကြောင့် သေစာရှင်စာ ဖတ်တတ်ရေးတတ်ရုံကလွဲလို့ ကျွန်တော်
ခန်းပညာမရှိခဲ့ပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



ကျုပ်ဘဝက ပညာပါရမီနည်းပါးခဲ့လို့လား မသိဘူး။ ကျုပ်
ကို ပညာတတ်စေချင်တဲ့ ဘုန်းတော်ကြီးက ကြိမ်လုံးနဲ့ ကျုပ်
ကျောပြင်ကို ပြောတင်ပြီး ဘယ်လောက်စာသင်သင် ကျုပ်ကလည်း
ကျုပ်ရဲ့ ရေးတတ်ဖတ်တတ်ရုံက လွဲပြီး ရှေ့ဆက်မတက်နိုင်တော့ဘူး
ကြာတော့ ကျုပ်ကို ဘုန်းတော်ကြီးက ခွေးဖြစ်မယ့်ကောင်ဆိုပြီး
လက်ကိုလျှော့ထားခဲ့ရတာ။

ဒါပေမဲ့ ကျုပ်က စာမတတ်၊ ပေမတတ်ပေမယ့် ဘုန်းတော်
ကြီး သင်ပြတဲ့ လောကနီတိအဆုံးအမတွေကို ထုံမွှမ်းခဲ့လို့လား
မသိဘူး။ ကျုပ်ကိုယ်ကျုပ် အတတ်နိုင်ဆုံး မကောင်းမှုကို ကျူးလွန်
မှာ ရှောင်ကြဉ်ခဲ့သလို၊ ကြောက်လည်းကြောက်ရွံ့မိတယ်။

စကားစပ်လို့ ပြောရဦးမယ်။

တစ်နေ့ ကျုပ်အပေါင်းအသင်းတွေနဲ့ ဆုံတုန်းရှာ ပြော
ဘက်က ထန်းတောကိုသွားပြီး ထန်းရည်မူးနေတယ်ဆိုတာ
ဘယ်သူက ဘုန်းတော်ကြီးကို လျှောက်တင်ခဲ့တယ်မသိဘူး။

ကျုပ်လည်း ထန်းရည်ကို တစ်ခါမှမသောက်ဖူးတော့
ထန်းရည်မူးပြီး အပြန်မှာ ဘုန်းတော်ကြီးကစောင့်ပြီး ကျုပ်ကျောပြင်
ကို ပြောတင်သလို ကြိမ်လုံးကြီးနဲ့ ရိုက်ခဲ့တာ။ ခုအထိ ကျုပ်
ကျောပြင်မှာ အရှိုးထင်နေတဲ့ဒဏ်ရာတွေ မပျောက်သေးပါဘူး
အဲဒီကတည်းက ကျုပ်လည်း မူးတဲ့အရာအားလုံးကို ကြောက်သွား





ဒီတော့ ခုတိုင်ပါပဲဗျာ။

ဗျာ...ကျုပ်နာမည်လား။ ကျုပ်နာမည်ကို ကျုပ်မိဘတွေ
ပေးခဲ့တာက အဆန်းသားဗျ။ ကျုပ်ကိုမွေးတဲ့ညကျမှ တိုက်တိုက်
ဆိုင်ဆိုင် ကျုပ်တို့ရွာနဲ့သိပ်မဝေးတဲ့ ပျဉ်းမကုန်းရွာဘုရားပွဲမှာ
ဇာတ်သဘင်ကြာအတ်လာကလို့ အလွယ်တကူပဲ ကျုပ်နာမည်ကို ရာဟု
ဆိုတဲ့နာမည် ပေးခဲ့တာ။

ခင်ဗျား ကျုပ်နာမည်ကို ကြားလိုက်ရလို့ မျက်စိရောနားပါ
လည်သွားပြီနဲ့တူတယ်။ ဒီလိုဗျ...ကျုပ် စကားပြော လောကြီးသွား
လို့ ပြောဖို့ကျန်ခဲ့တာပါ။

အဲဒီ ဖိုးသောကြာဇာတ်လာကတော့ ကျုပ်တို့တစ်ရွာလုံး
ဇာတ်အခွဲပြန်သွားတာတောင် ပြောလို့မဆုံးအောင် ကျန်ခဲ့တဲ့ ပြဇာတ်
တစ်ပုဒ်ရှိခဲ့တယ်လေ။

အဲဒီပြဇာတ်က ကျုပ်တို့တောကြိုက်ပြဇာတ် မဟုတ်လား။
အဲဒီပြဇာတ်ထဲက အမှုအရာကောင်းလွန်းတဲ့ ပြဇာတ် မင်းသား
နာမည်က ရာဟုတဲ့။ အဲဒါနဲ့ ကျုပ်မိဘတွေက ကျုပ်ကိုနာမည်ပေး
ဖို့ ပွဲမှန်းတပ်တောင် မထပ်ရဘဲ ကျုပ်နာမည်တွင်နေတာက ရာဟု။

ခု ကျုပ်ဖြစ်ခဲ့တဲ့ အဖြစ်လား။ အင်း...ကျုပ်ပြောပြရရင်
ဇာတ်ကပြန်စပြီးပြောမှ ပြည့်စုံမှာဗျ။ ဒါတွေကို ကျုပ်ပြန်ပြောရရင်
တစ် ပြန်လွမ်းပါတယ်ဗျာ။ ကျုပ်အသက်နဲ့ ခန္ဓာကိုယ် ပြိုနေသရွေ့



www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူ့ကိုမှမပြောတော့ဘူးလို့ ကျုပ် ရင့်နှုတ်ဆိတ်ခဲ့မိတာ အမှန်ပါ။

ခင်ဗျားကို ကျုပ်ပြောခဲ့ပြီးပြီပဲဗျာ။ ကျုပ်ဖြစ်ခဲ့တဲ့အဖြစ်က ကျုပ်အသည်းနှလုံးကို တစ်စစီဖြစ်အောင် ကျုပ် ပြန်ခွဲသလို ဖြစ်နေခဲ့တာ မဟုတ်လား။ ကြည့်လေဗျာ⋯ကျုပ်ကြောင့် အပြစ်မဲ့ရှာတဲ့ ကျုပ်အလွန်ချစ်တဲ့ လှရီ၊ တန်ဆာခံဖြစ်ခဲ့တဲ့အဖြစ်ပဲမဟုတ်လား။

ဒါတွေကို ပြန်တွေးမိတိုင်း ကျုပ်ဘဝဆက်တိုင်း ကျုပ်ကိုယ်ကျုပ် ခွင့်မလွှတ်နိုင်သလို၊ တရားဥပဒေကလည်း ခွင့်မလွှတ်နိုင်ဘူးဆိုတာ ကျုပ်လက်တွေ့သိခဲ့ရပြီ မဟုတ်လား။

ဒါကြောင့် ကျုပ်အဖြစ်တွေကို တမလွန်ကလှရီသိအောင် ကျုပ် တောင်းပန်ချင်ပေမယ့် ကျုပ်ကို လှရီ ခွင့်မလွှတ်နိုင်ဘူးဆိုတာ ကျုပ်တွေးမိတိုင်း ကျုပ် ဝမ်းနည်းကြေကွဲလို့ မဆုံးနိုင်ပါဘူးဗျာ။

ကြည့်လေဗျာ။ ကျုပ်နဲ့လှရီ ဟိုတုန်းက ရွာဦးစေတီလေးမှာ နှစ်ဦးသား ဆုတောင်းခဲ့တဲ့စကားသံတွေကို ကျုပ်နားထဲမှာ ပြန်ကြားယောင်မိတိုင်း ကျုပ်ယောကျ်ားတန်မဲ့ ကျိတ်ပြီးမျက်ရည်ကျခဲ့ရတာ မနည်းတော့ပါဘူးဗျာ။

ခင်ဗျားလည်း သိမှာပါဗျာ။ မေတ္တာနှလုံးသားရှိသူတိုင်း ကိုယ် ချစ်ခင်မြတ်နိုးရတဲ့သူနဲ့ ဘဝဆက်တိုင်းဆက်တိုင်း မခွဲမခွာ နေချင်ကြတဲ့ သူတွေမဟုတ်လား။ ဒါကြောင့် ကျုပ်နဲ့လှရီ ရွာဦးစေတီလေးမှာ နှစ်ကိုယ်ကြား သစ္စာပြုခဲ့မိတာ ဆန်းသလားဗျာ။





ကြည့်လေ⋯ကျုပ်ကို ချစ်ရည်ရွှန်းလဲ့တဲ့ မျက်ဝန်းအကြည့်နဲ့ အတူ လှရီဆုတောင်းနေတဲ့အသံကိုကြားရင် ကျုပ်ကိုတောင် ခင်ဗျား ခွင့်လွှတ်နိုင်မှာမဟုတ်ဘူးဆိုတာ ကျုပ်ယုံကြည်တယ်။

"လှရီ အသက်မကချစ်ခင်ရတဲ့ ကိုရာဟုနဲ့ ဘဝဆက်တိုင်းဆက်တိုင်း မခွဲမခွာနေထိုင်ရတဲ့သူ ဖြစ်ပါစေဘုရားတဲ့"

ခုတော့ ကျုပ်ကြောင့် ဆုတောင်းမပြည့်ဝရှာတဲ့ လှရီ အဖြစ်ဆိုးကို ကျုပ်ပြန်တွေးမိတိုင်း ကျုပ်ကိုကျုပ် ခွင့်မလွှတ်နိုင်တဲ့ဘဝပါဗျာ။ ခင်ဗျားပဲ စဉ်းစားကြည့်လေဗျာ။ ကျုပ် လှရီနဲ့ ဘဝမှာတင် လွဲခဲ့ရတဲ့ အဖြစ်က တကယ်တော့ ကျုပ်ရင်ထဲမှာရှိတဲ့ သံသယဆိုတဲ့ အမှောင်ချွက်မီးဟာ ဒီလောက်လောင်ကျွမ်းလိမ့်မယ်လို့ ကျုပ်အစက သတိထားခဲ့မိတာ ကျုပ်အမှားပါဗျာ။ ကျုပ်အမှားပါ။

ခု ပြန်ပြီးတွေးမိတိုင်း ကျုပ်တတ်နိုင်သမျှ ကျုပ်နှလုံးသားကို အတန်တန်ဆေးကြောမိခဲ့ပေမယ့် ကျုပ်နဲ့လှရီဘဝက ရင်းစား မရနိုင်တဲ့ ဘဝဖြစ်နေလို့ ကျုပ်နောင်တရမိရုံကလွဲလို့ ကျုပ်ဘယ်ဘဝအထိကြေကွဲစွာ ခံစားနေရဦးမယ်ဆိုတာ ကျုပ် နှလုံးသားပဲ ကျုပ်သိတာ မဟုတ်လား။

ကျုပ်မိန်းမလှရီလား။ လှရီက ကျုပ်တို့ရွာသူပါဗျာ။ မိဘတွေက ဆင်းရဲနွမ်းပါးတော့ လှရီလည်းကျုပ်လိုပဲ ငယ်စဉ်က ကျောင်း



www.burmeseclassic.com

www.burmeseclassic.com



မနေခဲ့ရတဲ့ ဘဝပါ။ အရွယ်မရောက်ခင်ကတည်းက မိဘတွေ
ဒိုးတူပေါင်ဖက် ကောက်စိုက်၊ ပဲကောက်နဲ့ ကြုံရာကျပန်းလုပ်ခဲ့ရတာ
မိဘတွေကို လုပ်ကျွေးနေတဲ့သူဆိုရင်လည်း မများဘူး။

ရိုးသားပွင့်လင်းပြီး ကိုယ်ကျင့်တရားကောင်းမွန်သ
အိမ်တွင်းမှုကိစ္စ နိုင်နင်းလို့ ကျုပ်တို့ရွာက သားရှင်မိဘတွေဆို လှရီ
သဘောကျနေတာကြာပြီ။

ကျုပ်တို့ရွာမှာက တောသူတောင်သားဘဝ မိန်းကလေး
တွေ အိမ်တွင်းမှုကိစ္စနိုင်နင်းဖို့နဲ့ ရိုးသားယဉ်ကျေးမှုကို အဓိ
ထားကြတာ မဟုတ်လား။ ရုပ်ချောလှတာ,မလှတာ အဓိက မဟု
ဘူး။ မိကောင်းဖခင် သားသမီးပီသဖို့ပါ။ အဝတ်အစားတော
သိပ်ခေတ်ဆန်တာ မကြိုက်ကြဘူး။

ဒါကြောင့်လည်း လှရီကိုလာပြီး တောင်းရမ်းချင်တဲ့ သား
မိဘတွေက အလွန်များကြတာ။ ဒါပေမဲ့ လှရီက "ကျုပ်ဆိုမှကျုပ်
ကြည့်လေဗျာ . . . ကျုပ်ကလည်း အရွယ်ရောက်လာကတည်း
နွားကျောင်း၊ ပဲနုတ်၊ သူရင်းငှားဆိုတဲ့ ဘဝကြမ်းကြမ်းကို စလု
ရတာ။

အဲဒီအချိန်ကစပြီး ကျုပ်နဲ့လှရီ လူချင်းခင်မင်ရင်းနှီးခဲ့တ
ဆိုရင် မမှားဘူး။ ပြီးတော့ ဖူစ်ကောင်ကြွက်ဘဝဖြစ်တဲ့ ကျုပ်
သနားကြင်နာပိုတဲ့ လှရီရဲ့သံယောဇဉ်။

..... ထူးအိန္ဒြာ တဝေ .....



သည်သံယောဇဉ်ကြောင့် ကျုပ်နဲ့လှရီရည်ငံမိကြတာ။ တစ်
ယ၊ နှစ်လတောင် မဟုတ်ခဲ့ဘူး။ ရပ်ခလေ့ရွာခလေ့အရ သုံးနှစ်သုံးမိုး
ကြာခဲ့တာ။

ခုတော့ ကျုပ်သိပ်ချစ်ခဲ့တဲ့လှရီကို ရွာတောင်ပိုင်းက
ဗိုးသက်ရှည်ရဲ့ သား ဥညြက လာတောင်းမယ်ဆိုတဲ့ ရွာသတင်း
လည်းကြားရော ကျုပ် . . . ကျုပ်ရင်ထဲမှာ မုန်တိုင်းအတိုက်ခံရတဲ့
သစ်ပင်လို သွက်သွက်ခါအောင် လှုပ်ရှားယိမ်းယိုင်သွားမိတယ်။

ခင်ဗျားပဲ စဉ်းစားကြည့်စမ်းပါဗျာ။ ကျုပ်ဘဝ တစ်ကောင်
ကြွက်တစ်မျက်နှာ မဟုတ်လား။ ကျုပ်ဘဝမှာ လောလောဆယ်
အားကိုးရမှာက ကျုပ်သိပ်ချစ်ခဲ့တဲ့လှရီတစ်ယောက်ပဲ ရှိတာမဟုတ်
လား။

ဒါကြောင့်လည်း ကျုပ် မနေနိုင်မထိုင်နိုင်ဖြစ်ပြီး လှရီ
ရေခပ်ချိန်စောင့်ပြီး ကျုပ်ကြားရတဲ့သတင်းကို မေးမိတာပေါ့။ ကျုပ်
မေးတဲ့စကားလည်းကြားရော လှရီလေ ကျုပ်ကိုကြည့်ပြီး မျက်ရည်
လေးဝဲနေရှာတဲ့အဖြစ်။

ကျုပ်ကလည်း ကျုပ်ပါပဲဗျာ။ လှရီနဲ့ဝေးဝေးနေရရင် ကျုပ်
မနေတတ်တာ လှရီအသိဆုံးပါ။ ခုလည်း ကျုပ်မရှက်နိုင်တော့ဘူး။
ဦးသံပါကြီးနဲ့ နီးရိမ်တကြီး မေးနေတဲ့ ကျုပ်စကားလည်းကြားရော
လှရီလေ ကျုပ်ကို စကားတစ်ခွန်းပဲ ပြောရှာတယ်။

..... ထူးအိန္ဒြာ တဝေ .....

www.burmeseclassic.com

www.burmeseclassic.com



ကျုပ် လုရီရဲ့စကားလည်း ကြားရော ကျုပ် သိပ်ပြီးအံ့ သွားမိတယ်။ ဟုတ်တယ်လေ။ ကျုပ် လုရီနဲ့အတူ ရှာဦးစေတီလေး ဆုတောင်းခဲ့ပြီးပြီပဲ။ ဒါပေမဲ့ ကျုပ် လုရီကို မေးတိုင်း မေး 'စောင့်ပါဦး ကိုရာဟုရယ်' ဆိုတဲ့ စကားသံအောက်မှာ ကျ သည်းခံပြီး စောင့်စားခဲ့ရတဲ့ နှစ်တွေ။

လုရီသာမသိတာ ကျုပ် သူရင်းငှားအပြင် ချောင်းထဲ ငါးရှာ,ဖားရှာပြီး တစ်နေ့ လုရီကို တင့်တောင့်တင့်တယ်နဲ့ တောင်း နိုင်ဖို့ ကျုပ်ကျိတ်ပြီးငွေစုနေခဲ့တာ။

ခုတော့ လုရီစကားလည်းကြားရော ကျုပ်ကိုယ်ကျုပ်တော မယုံနိုင်တဲ့ဘဝဖြစ်သွားမိတယ်။ အဲဒါနဲ့ပဲ လုရီရေခပ်လမ်းအပြန် ကျ လုရီကိုခိုးပြေးခဲ့တာ။ အဲဒီတုန်းက ကျုပ်လေ လုရီနဲ့ တစ်သက် မခွဲမခွာ နေရတော့မှာပါလားဆိုပြီး ပီတိစိတ်နဲ့ ကြည်နူးခဲ့သ လုရီမိဘတွေက ကျုပ်နဲ့လုရီကို သဘောမတူလို့ခွဲခဲ့ရင်ဆိုတဲ့ စိုးရိမ် နဲ့ ကျုပ် လုရီကိုကြည့်ပြီး ကျုပ်ရင်ထဲမှာ ဗျာများခဲ့ရတာ လွန်ပါ ပဲဗျာ။

ဒါပေမဲ့ • • •လုရီမိဘတွေက ကျုပ်အပေါ် ငဲ့ညှာထော ထားခဲ့ပါတယ်။ ကျုပ်နဲ့လုရီက အရွယ်ရောက်ကြတဲ့သူတွေ မဟုတ် လား။ ပြီးတော့ ကျုပ်ကို ရိုးရိုးသားသားနဲ့ စားမဦးချလုပ်ကျွေးမှာဆို ယုံကြည်ချက်နဲ့ ကျုပ်နဲ့လုရီကို အကျဉ်းရုံးပြီး လုရီမိဘတွေက ကြ





ကြည်ဖြူဖြူပေးစားခဲ့တာ။

ပြီးတော့ လုရီကိုလည်း သျှောင်နောက်ဆံထုံးပါဆိုတဲ့ စကားလိုပဲ။ ရွာချောင်းဘေးက မြေကွက်လပ်မှာ အိမ်လေးဆောက် ပေးပြီး ကျုပ်နဲ့လုရီ တစ်အိုးတစ်အိမ်ထူထောင်ခဲ့တာ ရပ်သိရွာသိ။

ချောင်းရိုးဘေးက အိမ် ဟုတ်လား။ ဟုတ်တယ်လေဗျာ။ ကျုပ်နဲ့လုရီ ရာသက်ပန် ရိုးမြေကျဘဝအခြေတည်မယ့် အဲဒီအိမ် မှာ ကျုပ်သိပ်ချစ်ခဲ့ရတဲ့ လုရီဟာ ကျုပ်မျက်စိရှေ့မှာပဲ မယုံကြည်နိုင် စရာ သွေးအလူးလူးဖြစ်ခဲ့ရတဲ့ မြင်ကွင်းမဟုတ်လား။ ဒီအဖြစ်တွေက ခုတိုင် ကျုပ်မျက်စိထဲမှာ အသစ်လိုမြင်ယောင် နေမိဆဲပါဗျာ။

ကြည့်လေဗျာ။ သည်ချောင်းရိုးဘေးက အိမ်လေးမှာ ကျုပ် က မိုးလင်းမိုးချုပ် ကွန်တစ်လက်နဲ့ သားငါးမပြတ်ရှာဖွေသလို ကျုပ်ရ လာတဲ့ သားငါးကို လုရီက ရောင်းနဲ့ ကျုပ်တို့ စုနှစ်ကိုယ်ဘဝလေး ဟာ ထမင်းမေ့ဟင်းမေ့နဲ့ ပျော်ခဲ့မိတာ အမှန်ပါ။

ကျုပ်ပြောရင် ယုံမလားတောင် မသိဘူး။ လောကကြီးမှာ ကျုပ်နဲ့ လုရီနှစ်ယောက်တည်းပဲရှိခဲ့တယ်လို့ ကျုပ်ထင်ခဲ့မိတာ။ ခင်ဗျား အံ့သြသွားပြီမဟုတ်လား။

ကျုပ်ကလည်း လုရီနဲ့အိမ်ထောင်ကျပြီးကတည်းက ကျုပ် မနားမနေ ကြိုးစားနေမိတာ လုရီအသိဆုံးပါဗျာ။ ကျုပ်ကလည်း အိမ်ထောင်ဦးစီးဆိုတဲ့ တာဝန်မလစ်မလပ်ရအောင် လုံ့လဝီရိယနဲ့



www.burmeseclassic.com

www.burmeseclassic.com



စုဆောင်းနေသလို လှရီကလည်း သိမ်းထုပ်သေချာနဲ့ အိမ်ထော ထိန်းခဲ့လို့ ကျုပ်တို့ လင်မယားမှာ ရွှေလေးငွေလေးတောင် စုဆော မိခဲ့တာ ရပ်သိရွာသိ။

ဒါကြောင့်လား မသိဘူး။ ကျုပ်တို့တစ်ရွာလုံးက ကျုပ် လှရီကို,စံပြထားပြီးပြောမဆုံးပေါင်ဖြစ်ခဲ့တာ။ ကျုပ်နဲ့လှရီကလည် သူများ ပြောလည်းပြောစရာ။ စကားတောင် လေသံမာမာနဲ့ ပြော ဆိုကြတာ မဟုတ်ဘူး။

လင်မယားချင်း ရန်ဖြစ်ဖို့ဆိုတာ ဝေးမှဝေးပဲ။ ခက်နေတာ ပတ်ဝန်းကျင်ပဲဗျ။ ကျုပ်တို့ကို နာလိုတဲ့သူရှိသလို မနာလိုတဲ့သူတွေ အများသားလား။

သူများချမ်းသာကြီးပွားတာကို မုဒိတာမပွားနိုင်တဲ့ စုန် တွေရဲ့ စကားကြောင့် ကျုပ်မိန်းမလှရီ ခုတလော ကျုပ်ကိုပြောဆို မှုပျက်နေသလိုဖြစ်နေတာ ကျုပ်ရိပ်စားမိလို့ လှရီကို နားဝင်အော ကျုပ်ပြောပြောနေရတာ။

"လှရီရယ်…အဲဒီလူတွေက ကိုရာဟုတို့ အဆင်ပြေ တာကို မနာလိုလို့ပြောကြတာ မဟုတ်လား၊ အစစအရာရာ ကို ဘက်က စဉ်းစားနိုင်မှ တော်ကာကျမယ်လှရီ"

"ခက်တာပဲ ကိုရာဟုရယ်…ခု လှရီကြားနေရတဲ့သတ ကို ကိုရာဟုကြားရင် စိတ်မကောင်းဖြစ်မှာစိုးလို့ လှရီ မပြောရက်





တိုရာဟု"

"ဘာ…လှရီ…ကိုရာဟုစိတ်မကောင်းမှာစိုးလို့… ဟုတ်လား"

"ဟုတ်တယ် ကိုရာဟု…အဲဒါ အဖေတောင်ကြားလို့ ဒီကောင် ကြာရင်ခက်လိမ့်မယ်၊ သမီးထိန်းပါလို့ ပြောနေပြီ"

ကျုပ် လှရီရဲ့စကားကြောင့် တွေဝေသွားမိတယ်။ ဘယ်နဲ့ဗျာ မိုးလင်းကမိုးချုပ် ချောင်းရိုးအနှံ့ လှေတစ်စင်းနဲ့ ငါးရှာဖားရှာရတာ။ ဒါတောင်မကဘူး တစ်ခါတစ်ရံ ညဘက်တွေတောင် ကျုပ်မနားနိုင် ဘူး။ ခုတော့ ကျုပ်ကို ကျုပ်ကို…

"လှရီရာ…ကိုရာဟု ချောင်းရိုးထဲကတောင် မတတ်နိုင် တာ လှရီအသိဆုံးပါ၊ ဘယ်သူတွေက ဘာပြောလို့လဲလှရီ"

"ဘယ်သူပြောသလဲတော့ မသိဘူး ကိုရာဟုရယ်… ကိုရာဟု…ငါးဒိုင်က မနှင်းအုံနဲ့"

"ဘာ…လှရီ…မနှင်းအုံ ဟုတ်လား"

ကျုပ်ကြားလိုက်ရတဲ့ လှရီရဲ့စကားတစ်ခွန်းကြောင့် ကျုပ် ဒေါသအလိုလို ဖြစ်သွားမိတယ်။ ကြည့်လေဗျာ။ ကျုပ်က ချောင်းရိုး မှာ နေ့စဉ် ငါးရှာ၊ ဖားရှာနေရတော့ လှရီမအားလပ်ရင် ကျုပ်ပဲ မြို့ကို ငါးတစ်ဆင့်ရောင်းတဲ့ မနှင်းအုံရဲ့ငါးဒိုင်မှာ ငါးသွင်းနေရတာ။

ကျုပ် မနှင်းအုံနဲ့ ဘယ်ကင်းနိုင်ပါ့မလဲဗျာ။ ကျုပ်က



www.burmeseclassic.com

www.burmeseclassic.com



စီးပွားရေးအရ မနှင်းအုံနဲ့ပြောရဆိုရတာ ကျုပ်လွန်သလားဗျ
ခုတော့ ကျုပ်ကို…ကျုပ်ကိုမနှင်းအုံနဲ့။

"ဒါဆို လှရီပဲ ငါးသွားသွင်းတော့…ကိုရာဟု မသွ
တော့ဘူး။ ကိုရာဟုက စီးပွားရေးအရ ဆက်ဆံတာပဲရှိတယ်လ
ပတ်ဝန်းကျင်စကားကို နားမယောင်စမ်းပါနဲ့ လှရီရယ်"

အဲဒီကစပြီး ကျုပ် မနှင်းအုံငါးဒိုင် မသွားတော့ဘဲ လှ
သွားတာ။ ကျုပ်က နွေညမပြတ်ချောင်းရိုးထဲမှာ လှေတစ်စင်
ကွန်ပစ်ရုံတင်မကဘူး။ ငါးထောင်နေရတာ။

ခုတလော ချောင်းရိုးက ငါး မကြုံစဖူး ကျနေတော့ ကျ
အိမ်ကိုတောင် မပြန်နိုင်ဘူး။ ကျုပ်အတွေးနဲ့ ကျုပ် မောရမှန်း ပ
မှန်းတောင် မသိတော့ဘူး။ လှရီက ကျုပ်အတွက် မနက်လာည
ထမင်းတောင် ပို့နေရတာပဲကြည့်။

"လှရီ…ဟုတ်လား"

ဟုတ်တယ်လေ။ ကျုပ်အိမ်ကိုတောင် မပြန်နိုင်ဘဲ ချောင်
ရဲ့ ဘေးမှာ တဲထိုးပြီး နွေညမပြတ်ငါးရှာရင်း ကျုပ်ပျော်နေမိတ
ကြည့်လေဗျာ။ ကျုပ်ကြိုးစားပမ်းစားရှာလို့ ရလာခဲ့တဲ့ ငါးတွေနဲ့အ
ရလာမယ့်ငွေ၊ သည်ငွေနဲ့ ကျုပ်လယ်လေးဝယ်နိုင်ဖို့ စိတ်ကူ
တွေးပြီးပျော်နေမိတယ်။ ကျုပ် လှရီကိုတောင် ခဏခဏပြောမိတ

အဲဒီအချိန်မှာပဲ ကျုပ် ခုလိုအဖြစ်မျိုးနဲ့ မမျှော်လင့်ဘဲ ကြ





ခဲ့ရတာပါပဲဗျာ။ ပြီးတော့ ကျုပ်ချစ်ရတဲ့လှရီကို ကျုပ်ဘဝမှာ မြင်ခွင့်
တွေ့ခွင့်မရတော့မယ့်အဖြစ်ကို၊ ကျုပ် မစဉ်းစားမိတာ ကျုပ်အပြစ်
ပါဗျာ။ ကျုပ်အပြစ်ပါ။

တကယ်တော့ ကျုပ် လှရီနဲ့မခွဲနိုင်မှန်း ကျုပ်ကိုယ်ကျုပ်
သိပါတယ်။ ကြည့်လေဗျာ…ကျုပ် စီးပွားရေးအတွက် သည်ချောင်း
ထဲမှာ ငါးရှာ,ဖားရှာရပေမယ့် ကျုပ် လှရီကို စိတ်မချနိုင်တာ
မှန်ပါ။ မဖြစ်နိုင်လို့သာ ကျုပ်နေနေရတာ။

ဒါကြောင့်လည်း ကျုပ် လိုရမယ်ရဆောင်ထားတဲ့ ဓားကို
ပြီး ကျုပ်·လှရီဆီပြန်လာမိတယ်။ ကျုပ်အိမ်မပြန်တာ လေးငါးရက်
ာင် ကြာခဲ့ပြီမဟုတ်လား။ ဒီနေ့ကျမှ လပြည့်ညမို့လား မသိဘူး။
တာလည်း ထိန်ထိန်သာနေလိုက်တာ။

ဘယ်နေရာကြည့်ကြည့် လရောင်က ညအမှောင်ကိုဖုံးလို့။
ပ်နေတဲ့ ချောင်းရိုးဘေးကအိမ်နဲ့ ကျုပ်ငါးရှာတဲ့ နေရာက
ိတော့အဝေးကြီး မဟုတ်ဘူး။ ကျုပ်တို့နေတဲ့ရွာက ချောင်းရိုး
းမှာ တည်ထားတော့ ရွာတန်းရှည်ကြီးတစ်ခုလို ဖြစ်နေတာ။

ကျုပ် ထိန်ထိန်သာနေတဲ့ လရောင်ကိုကြည့်ပြီး ကျုပ်
ဆက်ရမယ့် ဘဝခရီးအတွက် လှရီနဲ့တိုင်ပင်ရဦးမယ်မဟုတ်လား။
ပြန်တဲ့အချိန်က တစ်ရွာလုံး တိတ်ဆိတ်ငြိမ်သက်လို့ အိပ်မောကျနေ
သ်။



www.burmeseclassic.com

www.burmeseclassic.com



ချင်းတယ်လေ။ တောသူတောင်သားသဘာဝ မိုးလင်းက မိုးချုပ်လို့ လယ်ကွင်းထဲမှာ ပင်ပင်ပန်းပန်းလုပ်ရတော့ မိုးချုပ်တာနဲ့ အနားယူကြရတာ မဟုတ်လား။ ကျုပ်သာ သားဖောင်းဖောနဲ့ မအိပ်နိုင်ဘဲ ချောင်းရိုးထဲ ဆင်းနေရတဲ့ဘဝ မဟုတ်လား။

ကျုပ် တဖြည်းဖြည်းလာရင်း ကျုပ်အိမ်နားရောက်လို့ ကြည့်လိုက်မိတော့ အိမ်ထဲက မီးရောင်ကိုတွေ့လိုက်ရတယ်။ လှရီတစ်ယောက် မအိပ်သေးဘူးဆိုတာ ကျုပ်သိလိုက်ရတယ်။

အဲဒီအချိန်မှာ ကျုပ်နားထဲမှာ သဲ့သဲ့ကြားလိုက်ရတဲ့ ယောကျ်ားစကားသံ။ ကျုပ်ခေါင်းထဲမှာ ချာချာလည် သွားမတတ် ခံစားလိုက်မိတယ်။

ကြည့်လေဗျာ။ မျက်စပ်ပိုးဝင် ဆံတစ်ပင်တင်၊ ချစ်ခြင်း မယားဆိုတဲ့ စကားရဲ့အနက်အဓိပ္ပါယ်ကို အစက ကျုပ် မလေ့လာ မဆန်း စစ်မိခဲ့ရိုး အမှန်ပါ။ ခုတော့ ကျုပ်ကြားနေရတဲ့ စကားသံနှင့် အတူ ကျုပ်ဘဝထဲမှာ မျက်စပ်ပိုးဝင်ရုံ၊ ဆံတစ်ပင် တင်းရုံမကဘူး ကျုပ်ဘဝကို…

ကျုပ်လည်းဘာမှ မစဉ်းစားနိုင်တော့ဘူး။ တကယ်ဆို လှရီ စဉ်းစားသင့်တာပေါ့ဗျာ၊ ဆင်ခြင်သင့်တာပေါ့ဗျာ။ ခုတော့ ကျုပ်ဆိုတဲ့ ရာဟုရှိနေတာတောင် သတိမရနိုင်ဘူး။ လှရီရဲ့ သဘောကျ ရယ်လိုက်တဲ့ အသံလွင်လွင်လေးက ကျုပ်နှလုံးသားကို ဓားနဲ့အစိတ်စိတ်





အမြှာမြှာဖြစ်သွားအောင် ကျုပ်ရင်ထဲမှာ ခံစားမိတဲ့ စိတ်တွေနဲ့အတူ မျက်စိတွေပြာ ဝေသွားမိတယ်။

အဲဒီအချိန်မှာ ကျုပ်ရင်ထဲမှာ အသိတရားဆိုတာမရှိသလို၊ သတိတရားတွေ လက်လွှတ်သွားမိတယ်။ ကျုပ်လည်း ဒေါသဖြစ်ဖြစ်နဲ့ စေ့ထားတဲ့ အိမ်တံခါးကို ဖြုန်းခနဲတွန်းဖွင့်ပြီး ကျုပ်လက်ထဲမှာ ဆုပ်ကိုင် ထားတဲ့ဓားနဲ့ ကျုပ် လှရီကို…လှရီကို…

"ဟင်…ကိုရာဟု…မှား…မှားမယ်…အဲဒါလှရီရဲ့ မောင်လေး…မောင်လေး"

ဓားကိုင်ပြီး အရူးကြီးလို အကြည့်စူးစူးနဲ့ ကျုပ် လှရီကို ခုတ်မတတ်၊ ဝါးမတတ်ကြည့်လိုက်စဉ်မှာ လှရီ ကျုပ်ကိုကြည့်နေတဲ့ အကြည့်။ လှရီအကြည့်ဟာ ကျုပ်ကို နောက်ဆုံးကြည့်တဲ့အကြည့် ဆိုတာ ကျုပ် ဒေါသမိုးတိမ်တွေ ဖုံးလွှမ်းခဲ့လို့ မသိခဲ့ရိုး အမှန်ပါ။ ကျုပ် ဓားကိုင်ရင်း သွေးအလူးလူးဒဏ်ရာကြားက ကျုပ်ကိုကြည့်ပြီး လှရီရဲ့ နောက်ဆုံးသဲ့သဲ့ ပေါ်လာတဲ့စကားသံ။

ကျုပ် အတန်ကြာမှ သတိရပြီး ကမန်းကတန်း လှရီကို ဆွဲပွေ့လိုက်တဲ့အခါ။ လှရီလေ…လှရီ…ကျုပ်ကို တစ်ချက် ကြည့်ပြီး ငြိမ်သက်သွားတယ်။ အဲဒီအချိန်မှာ ကျုပ် နားနဲ့ ဆတ်ဆတ်ကြားလိုက်ရတဲ့အသံက ကျုပ်ဘဝတစ်ခုလုံးကို ချာ ညည်သွားမတတ်ပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျား…ခင်ဗျား ရက်စက်လိုက်တာဗျာ၊ ကျုပ်က မမလှရီရဲ့ မောင်တစ်ဝမ်းကွဲဗျ။ မမလှရီကို တွေ့ချင်လို့လာခဲ့တာ၊ ခု ခင်ဗျား မမလှရီကို ဖြစ်ရလေ…မမရယ်"

ကျုပ်မိန်းမလှရီကို ပြေးပွေ့ရင်းငိုရှိုက်သံနဲ့ ဆို့နင့်တုန်ခါစွာ ပြောလာတဲ့ လှရီရဲ့မောင်ဝမ်းကွဲကို ကျုပ်ကြည့်ရင်း ကျုပ်ကိုင်ထားတဲ့ သွေးစွန်းဓား…

ခုတော့ ကျုပ် လှရီအပေါ်ထားခဲ့တဲ့ သံသယမျက်ဝန်းနဲ့အတူ ကျုပ်ထပ်ဆင့်ပေါ်လာတဲ့ ဒေါသနောက်က ဓား။ ကျုပ်ဓားကိုင်ရင်း လှရီပြောခဲ့တဲ့စကားသံက ကျုပ်နားမှာ အလိုလိုပေါ်လာတယ်။

"ကိုရာဟု…မြို့မှာနေတဲ့ လှရီမောင်ဝမ်းကွဲ လာလိမ့်မယ်"

ဆိုတဲ့ လှရီစကားသံနှင့်အတူ ကျုပ်ပါးပြင်ပေါ်ကို ရှုတ်တရက် ကျလာတဲ့မျက်ရည်။ ကျုပ်ပြောခဲ့ပြီကောလားဗျာ။ ကျုပ် ခုလိုဖြစ်လာတာကလည်း အသိတရားနဲ့သတိထားပြီး စူးစမ်းဆင်ခြင်မှုခုလို ကျုပ်ချစ်တဲ့လှရီနဲ့ ဘဝခြားမှာမဟုတ်ဘူး။

ခုတော့ ကျုပ်ရင်ထဲမှာ တဒင် အသိတရားတွေ ကင်းလွတ်ပြီး တစ်ဖက်သတ်မောဟကြောင့် အပြစ်ဆိုးခဲ့ရှာတဲ့ လှရီ။

တကယ်တော့ လှရီဆိုတာ ကျုပ်အသည်းပေါက်မတတ်





ချစ်ခဲ့တဲ့ ကျုပ်မိန်းမပါဗျာ။ ကျုပ်အလွန်ချစ်တဲ့ မိန်းမကိုမှ ကျုပ်သို့ကျူးလွန်ခဲ့တဲ့အဖြစ်က ဒီဘဝတောင်မကဘူး။ နောင်သံသရာဆက်ဆက် ဝဋ်ကြွေးတုံ့တင်ရှိခဲ့ရင် ကျုပ်မိန်းမလှရီကိုယ်စား ခံယူပါစေလို့ ကျုပ်ဆုတောင်းမိပါတယ်ဗျာ။ ကျုပ်ဆုတောင်း မိပါတယ်။

တကယ်တော့ လူ့ဘဝသက်တမ်းဆိုတာ တိုတိုလေးပါဗျာ။ ကုသိုလ်ကံကောင်းလို့ ကျုပ်တို့ခင်ဗျားတို့ လူလာဖြစ်ကြတာ မဟုတ်လား။ လောဘ၊ ဒေါသ၊ မောဟ၊ မာန်မာနတွေ တစ်ဦးအပေါ် တစ်ဦးမထားကြဘဲ နှလုံးသားမှာ အမြဲထာဝရ မေတ္တာထားကြရင် သာအေးငြိမ်းချမ်းသာကြမှာ မဟုတ်လား။

ခုကြည့်လေ။ ကျုပ်ရဲ့မေတ္တာစည်းပျက်တဲ့ သံသယနှလုံးသားကြောင့် ကျုပ်ချစ်တဲ့လှရီလည်း သေပြီ။ ကျုပ်ရော…ကျူးလွန်မိခဲ့တဲ့အပြစ်ကို ရင်ဆိုင်ရပြီမဟုတ်လား။

ဒါကြောင့် ကျုပ်ပြောချင်ပါတယ်ဗျာ။ ကျုပ်နဲ့လှရီအဖြစ်ကို ကြည့်ပြီး ကျုပ်လိုမဖြစ်အောင်အမြဲတမ်း အသိတရား မလွှတ်ဘဲ သတိထားဆင်ခြင်နိုင်ပါစေလို့ ကျုပ်ပြောချင်ပါတယ်ဗျာ။

ခင်ဗျား ခုလိုကျုပ်အဖြစ်ကို ဘုတ်အုပ်ထဲမှာ ရေးပြီးပြတာကို ကျုပ်ချစ်တဲ့ လှရီသာရှိနေရင် ဘယ်လောက်ဝမ်းသာရှာမလဲဗျာ။ ခုတော့ ကျုပ်ကို တမလွန်ဘဝရောက်တာတောင် ကျုပ်အပေါ်



www.burmeseclassic.com

www.burmeseclassic.com



ခွင့်မလွှတ်နိုင်အောင် နာကြည်းနေဦးမယ်။ လုရိကို ကျုပ်···ကျုပ်
နောက်ဆုံး ကောင်းရာဘုံဘဝရောက်ပါစေလုရိုရယ်···လို့ ကျုပ်
ဆုတောင်းနေရုံကလွဲလို့ ဘာမှမတတ်နိုင်တော့ဘူး။

လွန်ကျော်ဦး



www.burmeseclassic.com

www.burmeseclassic.com

# မြွေနန်းစောင့်အခင်မ

သကြန်ကျဖို့အချိန်က နီးသထက်နီးကပ်လာချေပြီဖြစ်၏။

ထိုကာလ ရောက်လာတိုင်း မြိုင်သာယာ ရွာထိပ်ရှိ ဆုတောင်းပြည့်ဘုရားပွဲတော် ကျင်းပရန်အတွက် ပြင်ဆင်နေကြတော့၏။ သကြန်ကာလအတွင်း ထိုဘုရားပွဲတော်ကို ကျင်းပကြခြင်း ဖြစ်လေ၏။

ရွာနီးချုပ်စပ်မှ ပွဲတော်သို့ လူကြီး၊ လူငယ်၊ လူလတ် ပျိုပျိုအိုအိုများပါမကျန် လာရောက်ကြ၏။ မြိုင်သာယာရွာသူရွာသားတွေလည်း သူတို့၏ဘိုးစဉ်ဘောင်ဆက် ကိုးကွယ်ခဲ့သော ဘုရား... အိမ်လုံးကျွတ်လာကြလေ၏။





ထို့ကြောင့်လည်း အလွန်စည်ကားသော ပွဲတော်တစ်ရပ်အဖြစ် ရွာပတ်ဝန်းကျင်တဝိုက်၌ ကျော်ကြား၏။

ထို့ပြင် ဘုရားကုန်းမြေနှင့် မလှမ်းမကမ်းတွင်ရှိသော ထိန်ပင်ညီနောင်ကလည်း သားဆုပန်ရာ၌ လူသိများကာ အလွန်ထင်ရှားနေတော့၏။

မြိုင်သာယာ၏ ကာလသားများထက် မိန်းမပျိုများသည် အဆင်ဆန်းသော အဝတ်အစားများကို အပြိုင်အဆိုင်ချုပ်လေ့ချုပ်ထရှိကြ၏။ အလှချင်းပြိုင်၍ မည်သူလှပါတော့နိုင် ဆိုသည့်အတိုင်း တစ်ယောက်နှင့်တစ်ယောက် ဂုဏ်ယူစွာ ဝတ်ဆင်ကြလေ့ရှိ၏။

အသက်လေးဆယ်နီးပါး ရှိကြသော ကိုထွန်းနှင့် မမြတို့မှာဆော့ အရွယ်ရင့်လာပြီမို့ လှချင်စိတ်တွေ ကုန်ခမ်းနေလေ၏။ ထိုစဉ် သူတို့၏ တစ်ဦးတည်းသော သားဖြစ်သူ လှမောင်အိမ်ပေါ်သို့ တက်လာသည်ကိုတွေ့ရ၏။

လှမောင်သည် မိဘနှစ်ပါးအနီးတွင်ထိုင်၍ မဝံ့မရဲဖြင့်...

"ဒီနှစ်သကြန်တွင်းမှာ ကိုရင်ဝတ်ချင်တယ်"

ဟုဆိုင်းမဆင့်ဗုံမဆင့် ပြောလေ၏။ မမြသည် တစ်ဆယ့်နှစ်နှစ်ခန့်ရှိသော သားဖြစ်သူအား ကရုဏာသက်စွာ ငေးကြည့်ရင်း...

"ဪ... သားရယ် မေမေတို့လဲ ဒီနှစ်စီးပွားရေးက

www.burmeseclassic.com



ဒီပ်အဆင်မပြေသေးတော့ နောင်နှစ်မှဝတ်နော်၊ သားအဖေလည်း ပွဲရုံစာရေးအလုပ်အပြင် အခြားဘာတစ်ခုမှ လုပ်တတ်တာမဟုတ်တော့ အဲဒီတော့ ဝင်ငွေက လုံလုံလောက်လောက် မရှိဘူးသားရဲ့"

ဟု ဖျောင်းဖျနှစ်သိမ့်လိုက်၏။ လှမောင်သည် မိခင်၏ စကားကြောင့် အနည်းငယ် မျက်နှာပျက်သွားပြီးသော်...

"ဒါဆိုလဲပြီးရော အမေရာ၊ နောက်နှစ်တော့ ကိုရင်စီးပေး ရမယ်နော်"

ဟု ပြောပြောဆိုဆို ထိုင်နေရာမှ ထရပ်လိုက်၏။ မျက်နှာ ရွှပ်ရွှပ်ဖြင့် အိမ်ပေါ်မှ ပြန်ဆင်းသွားတော့၏။ ကိုထွန်းတို့ လင် မယားမှာ တစ်ဦးတည်းသော သားဖြစ်သူ၏ဆန္ဒကို မဖြည့်ဆည်း ပေးနိုင်သဖြင့် စိတ်မကောင်းဖြစ်လျက် ကျန်ရစ်ခဲ့ကြ၏။

ကိုထွန်းသည် သူတို့ရွာတွင်ရှိသော ငပိပွဲရုံတွင် စာရေးအ လုပ်နေခြင်းဖြစ်၏။ မမြမှာလည်း ခင်ပွန်းသည်၏ လုပ်စာကိုအားကိုး ထိုင်စားနေသူဖြစ်၏။ တခြားမည်သည့်အလုပ်မှ လုပ်ကိုင်ခြင်းမ ပေ။

အခြားအလုပ်တစ်ခုခုကို လုပ်ကိုင်ရန်အတွက်လည်း သူ မိသားစုတွင် ငွေပိုငွေလျှံ အရင်းအနှီးမရှိပေ။ အလုပ်ကြမ်းကိုလည်း မလုပ်နိုင်သဖြင့် အားမလိုအားမရဖြစ်ကာရှိ၏။ ထိုစဉ် မမြသည် ထိုင်၍မှိုင်တွေတွေဖြစ်နေရှာသော ခင်ပွန်းကိုထွန်းမျက်နှာအား လှ

..... ထူးဒိဋ္ဌာ တမေ .....



အကဲခတ်လိုက်ပြီးသော်...

"ရှင့်ကို ကျွန်မ တိုင်ပင်စရာတစ်ခုရှိတယ်"

ဟု အမှတ်မထင်ပြောလေ၏။ မှိုင်တွေတွေဖြစ်လျက် ငိုင်စားနေသော ကိုထွန်းမှာ မမြစကားကို ကြားလိုက်ရလျှင် အထိတ် အလန့်ဖြစ်သွားရှာကာ ကြောင်အမ်းအမ်းဖြင့် ပြန်ကြည့်နေလေ၏။ သူ၏စိတ်ထဲတွင်လည်း မည်သည့်စကားကို ပြောလေမည်နည်းဟု သံသယတွေ တသီကြီးဖြစ်ပေါ်လျက်ရှိ၏။

ဇနီးမမြ၏ အမူအရာမှာတော့ တက်ကြွရွှင်လန်းလျက်ရှိ ကြောင်း တွေ့နေရ၏။ ထို့အတွက်ကြောင့် ကိုထွန်း၏ စိတ်ထဲ ဝေဝါဖြစ်နေရှာ၏။ မိမိတို့၏ တစ်ဦးတည်းသောသား ရှင်ပြုမပေး နိုင်သဖြင့် သူ့အနေနှင့် စိတ်ဓာတ်ကျနေသော်လည်း ဇနီးဖြစ်သူမှာ မည်သည့်အတွက်ကြောင့် ဝမ်းပန်းတသာ ရှိနေရသနည်း။ သူ့အနေ ဖြင့် အတွေးရခက်နေလေ၏။

ထိုစဉ် မမြက ပြုံးစစဖြင့် ကိုထွန်းမျက်နှာအား မမှိတ်မသုန် ကြည့်၍...

"ကျွန်မ သမီးလေးတစ်ယောက် ထပ်လိုချင်တယ်"

"ဟေ!"

ဟု ကိုထွန်း၏ နှုတ်မှ အာမေဍိတ်သံ တိုးညှင်းစွာ ထွက်ပေါ် သွားလေ၏။ စောစောက စိတ်ပျက်အားငယ်မှုတွေပင် ပျောက်စီလွင့်.

..... ထူးဒိဋ္ဌာ တမေ .....

www.burmeseclassic.com

www.burmeseclassic.com



စင်ကွယ်ပျောက်ခဲ့၏။

ကိုထွန်းသည် မိမိဇနီးမျက်နှာအား စေ့စေ့စိုက်ကြည့်ကာ သူ့စိတ်ထဲ၌ ရှုံးကြောင်ကြောင်ဖြစ်သွားပြီဟု ကောက်ချက်ပြုမိလိုက်၏။ သူသည် ထိုင်နေရာမှ ပခုံးနှစ်ဖက်ကို မသိမသာတွန်းလိုက်ပြီးနောက်…

“မင်း ကျိုးစယ်နေတာတော့ မဟုတ်ပါဘူးနော်၊ ငါစိတ်အားငယ်နေတာတွေ့လို့ စိတ်သက်သာရာ သက်သာကြောင်း စကားစမ်းကြောင်းလွှဲပစ်လိုက်တာ မဟုတ်လား”

ဟု ထင်ကြေးဖြင့် မေးမြန်းလိုက်လေ၏။ မမြသည် စောစောက ပြုံးစစလုပ်နေသော်လည်း ယခုတော့ မျက်နှာပိုးသပ်ကာ တည်တည်တံ့တံ့ဖြင့် ခင်ပွန်းဖြစ်သူအား လှမ်းကြည့်ရင်း…

“ကျွန်မ အတည်ပြောတာပါ ကိုထွန်း၊ ရှင်ပဲစဉ်းစားလေ ဥတစ်လုံး တစ်ကောင်ကြွက်ဖြစ်နေတဲ့ ကျွန်မတို့သားအနေနဲ့ ဘယ်လောက်ထိ စိတ်အားငယ်နေမလဲ၊ အခုလို ကျွန်မတို့ဖက်က သူ့ရဲ့လိုအင်ဆန္ဒကို မလုပ်ပေးနိုင်တဲ့ အချိန်မှာဆို ဘယ်လောက်စိတ်ထိခိုက်ပြီး ခံစားနေရမလဲ ရှင်ရယ်၊ တကယ်လို့ မောင်နှမနှစ်ဦးသာရှိမယ်ဆိုရင် တစ်ဦးကိုတစ်ဦး ဖျောင်းဖျောင်းဖျဖျနဲ့ အားပေးကူညီဖော်ရမှာပေါ့”

ဟု ရှေ့နောက်တိုင်းထွာ၍ ပြောလိုက်၏။





ထိုအခါ ကိုထွန်းသည် တဒင်္ဂအံ့တွေးထဲ နစ်မျောသွားပြန်၏။ သူက အိမ်ထောင်ဦးစီး စားဝတ်နေရေးအတွက် မိသားစုတာဝန်မှာ သူ့အပေါ်၌ အဓိက ဖြစ်နေ၏။

သားတစ်ယောက်ကိုပင် ပြည့်စုံအောင် မထားနိုင်သည့် သူတို့မိသားစုအဖို့ နောက်တစ်ယောက် ထပ်တိုးလာလျှင် အခက်တွေ့သည်ဖြစ်၏။

ဇနီးဖြစ်သူကို လှမ်းကြည့်ပြန်တော့ စိတ်လိုလက်ရဖြင့် ပြောဆိုနေကြောင်း ပေါ်လွင်နေလေ၏။ အကယ်၍ သူ့အနေနဲ့ အငြင်းအခုန်ပြုပြီး ပြောပြန်လျှင် ဇနီးဖြစ်သူ စိတ်သောကရောက်ရှိသာဖြစ်တော့မည်။

ထို့ကြောင့် ကိုထွန်းမှာ ချီတုံချတုံဖြင့် ဝေခွဲရခက်နေချေ၏။ အတန်ကြာတွေဝေ စဉ်းစားပြီးနောက် ဇနီးဖြစ်သူအားလှမ်း၍…

“အခု မင်းမှာသားသမီးရဖို့ အရိပ်အယောင် ဖြစ်နေလို့လား”

ဟု တဲ့တိုးမေးမြန်းလိုက်သောအခါ ဇနီးဖြစ်သူ မမြက ရှိသေးကြောင်း ခေါင်းရမ်းပြလိုက်ပြီးသော်…

“ရှာထိပ်က ဆုတောင်းပြည့်စေတီအနီးက ထိန်ပင်ညီနောင် သွားပြီး သမီးဆုပန်မယ်လေ”

ဟုပြုံးရယ်၍ ပြောလိုက်လေ၏။

✠ ✠ ✠



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့၌ ကိုထွန်းနှင့် မမြတို့သည် ဖယောင်းတိုင် အမွှေးတိုင်၊ မုန့်ပဲသရေစာများ၊ လက်ဖက်၊ ကြက်သွန်ကြော်၊ နှမ်း အစုံအလင်တို့အား ခြင်းတစ်ခုထဲထည့်၍ ဆုတောင်းပြည့်စေတီသို့ ထွက်ခဲ့ကြ၏။

ကိုထွန်းက ပစ္စည်းပစ္စယများ ထည့်ထားသော ဆွဲခြင်းကို ကိုင်၍လာ၏။ မမြကနောက်မှ လိုက်ပါလာခဲ့၏။ သူတို့လင်မယား သည် ရွာအစွန်လမ်းမမှ အနောက်ဖက်သို့ လျှောက်လာနေကြခြင်း ဖြစ်၏။

လမ်းတွင် တစ်ဦးနှင့်တစ်ဦး စကားစမြည်မပြောပဲ ကိုယ့် အတွေးနှင့်ကိုယ် လျှောက်နေကြ၏။ သူတို့လင်မယားအား လမ်းတွင် ဆုံတွေ့ကြသော လူများက မေးမြန်းကြ၏။ ကိုထွန်းက ဆုတောင်း ပြည့်ဘုရားဘက်သို့ သွားမည့်အကြောင်းသာ တိုတိုတုတ်တုတ်ပြော ပြလေ၏။

မည်သည့်အတွက်ကြောင့် ဆုတောင်းပြည့်ဘုရား သွားကြ မည်ကို ဆက်လက်မေးမြန်းဖို့ အချိန်မရလိုက်ကြချေ။ ကိုထွန်းတို့ လင်မယားက ပြောရင်းဆိုရင်း ခြေလှမ်းတွေ ခပ်သွက်သွက် လျှောက် သွားကြသဖြင့် တအံ့တဩ ငေးကာကျန်ရစ်ခဲ့ကြ၏။

တစ်ဖန် ထိုရွာလမ်းမမှ တောင်ဖက်သို့ ချိုးကွေ့ခဲ့ကြ၏။ သူတို့သည် ရေကန်ကြီးဘေးမှ လျှောက်လာကြပြန်၏။ အိမ်ခြေ





လေးငါးလုံးရှိသော တဲစုကိုကျော်လျှင် ခြုံနွယ်တွေ၊ သစ်ပင်ကြီးတွေ ပေါက်ရောက်နေသည့် ဖုန်ဆိုးတောသို့ ရောက်ရှိလာ၏။

ထိုဖုန်ဆိုးတောက ဆုတောင်းပြည့်ဘုရားသို့သွားသည့် ဖြတ် လမ်းတစ်ခုဖြစ်၏။ တော်ရုံတန်ရုံလူက မသွားကြချေ။ လူခြေပြတ်၏။ ခြေပါးကင်းပါးပေါ်၏။ မသမာသူ လူဆိုးတွေရန်ကိုလည်း ရင်တထိတ် ထိတ်နှင့်သွားရ၏။

သို့သော် ထိုတောလမ်းမှာ လူတစ်ယောက်စာ သာသာ ဆောက်လမ်းကလေးဖြစ်နေ၏။ မမြသည် တောလမ်းအလယ် ဆောက်ရောက်လာသောအခါ သူမရင်ထဲ တလှပ်လှပ်ရင်ခုန်သံတွေ မြည်လာ၏။ အမည်မဖော်နိုင်သော စိတ်ဝေဒနာ တစ်ရပ်ကိုလည်း ခံနိုင်ရ ခံစားနေမိ၏။ ထို့ကြောင့် သူမရှေ့မှ ထစိုက်မတ်မတ် သွား နေသော ခင်ပွန်းဖြစ်သူ ကိုထွန်းအား မြှန်းစားကြီးလှမ်း၍…

"ကိုထွန်း ရှင့်စိတ်ထဲ အခုလိုလာတော့ ဘယ်လိုတွေ ဖြစ် နေသလဲ"

ဟု မေးမြန်းလိုက်၏။ ကိုထွန်းသည် သမင်လည်ပြန်လှည့်၍ ဇနီးဖြစ်သူမမြအား…

"ဩော်…မမြရယ် မင်းဆန္ဒအတိုင်း ပြည့်ဝလိမ့်မယ်လို့ တွေးနေမိတယ်လေ"

ဟု ဆိုးခနဲဆတ်ခနဲ ပြောချလိုက်လေ၏။ မမြက ထိုစကား



www.burmeseclassic.com

www.burmeseclassic.com



ကြားရလျှင် ဝမ်းသာလုံးဆို့သွားလေ၏။ သူမခြေလှမ်းတွေပင် ပို့ မြန်နေသယောင် ထင်မိလိုက်၏။ ကိုထွန်းကတော့ ဖနီးအား ပြော ပြီး ရှေ့ဆက်လျှောက်သွားလေ၏။

ထိုစဉ် သူတို့လင်မယားနှင့် မလှမ်းမကမ်း တောစပ်တ နေရာမှ မြွေတွန်သံ တရှီရှီကို ကြားလိုက်ရ၏။ ရုတ်တရက် ကြား လိုက်ရသော မြွေတွန်သံကြောင့် ခပ်သုတ်သုတ် လျှောက်နေသည့် မမြ၏ခြေလှမ်းတွေ တုံ့နှေးသွားပြီးသော်...

"ကိုထွန်း မြွေတွန်သံမဟုတ်လား၊ ရှေ့ကိုအရမ်းမသွား နော်၊ သတိထားပြီးနေဦး"

ဟုပြောဆိုကာ ရပ်၍နေ၏။ ကိုထွန်းသည် လျှောက်နေ သော ခြေလှမ်းတွေကို ချက်ချင်းရပ်တံ့လိုက်ပြီး မြွေတွန်သံကြား လိုက်ရသော နေရာအား သတိထား အကဲခတ်လိုက်၏။

မြွေတွန်သံမှာမကြားရတော့ပဲ တိတ်ဆိတ်သွားခဲ့၏။ အတ ကြာ ငြိမ်ချက်သား ကောင်းပြီးမှ အတော်ခပ်လှမ်းလှမ်းတွင် တ ရှီနှင့် အဆက်မပြတ် တွန်သံကြားရပြန်၏။

ကိုထွန်းသည် မြွေတွန်သံကို နားထောင်နေရင်း ကြက်သီ တဖြန်းဖြန်းထသွားမိ၏။ ထူးခြားနေသော မြွေတွန်သံမှာ မိမိတို့အာ လမ်းပြခေါ်ဆောင်နေသယောင်ရှိ၏။ မမြသည် သူမရပ်နေရာ တဖဝါးမှ မခွာဝံ့ပဲ ရပ်မြဲရပ်နေတော့၏။

..... ထူးအိမ်သြ တပေ .....



သူမစိတ်တွေ ကြောက်လည်းကြောက်၊ လန့်လည်းလန့်၊ ချောက်ချားမှုတွေလည်း ဖြစ်ပေါ်နေလေ၏။ ထို့ကြောင့် ခင်ပွန်းအား နိုမ်ထိတ်လန့်စွာဖြင့်...

"ကိုထွန်း ရှေ့ဆက်ပြီးသွားလို့ ဖြစ်ပါ့မလား၊ ကျွန်မကြောက် သယ်"

ဟုပြောရင်း ခင်ပွန်းသည်၏ လက်မောင်းအား ကိုင်ထား သ၏။ ကိုထွန်းသည် ဇနီးသည်၏ အမူအရာကြောင့် သူ့စိတ်ထဲ မ်းလျှသွားပြီး သက်ပြင်းတစ်ချက်ချလိုက်လေ၏။ ထို့နောက် ဇနီး သြအား...

"အခုတို့လာတဲ့ကိစ္စဟာ ဘယ်သူ့ကိုမှ ရန်သတ္တုပြုဖို့မဟုတ် သူလေ၊ ကုသိုလ်ဒါနပြုဖို့လာတာပဲ မဟုတ်လား၊ အဲဒီတော့ တို့ သင်မယားကို စောင့်ရှောက်မှုပေးနေတာ ဖြစ်လိမ့်မယ်၊ မကြောက်နဲ့ နော်"

ဟု ပြောဆို၍ ဆက်လက်လျှောက်သွားလေ၏။ မမြသည် ပွန်းနောက်မှ ထပ်ကြပ်မကွာလိုက်ပါရင်း ကြောက်ကြောက်လန့် န့်ဖြစ်နေရှာ၏။ မြွေတွန်သံသည်လည်း တွန်သံပေးကာ ရှေ့မှနေ၍ သွားနေတော့၏။

ဆုတောင်းပြည့်ဘုရား ရောက်ခါနီး တောစပ်တွင် ပျောက် ကွယ်သွားလေ၏။ တစ်ဖန် ခပ်လှမ်းလှမ်းမှ တစ်ကြိမ်တွန်သံကြားရ

..... ထူးအိမ်သြ တပေ .....

www.burmeseclassic.com

www.burmeseclassic.com



ပြီး လုံးဝမကြားရတော့ချေ။ မြွေတွန့်သံ ပျောက်ကွယ်သွားသော နေရာတွင် ရေတွင်းပျက်ကြီးတစ်ခု ရှိကြောင်းသတိရလိုက်၏။

သို့သော် မမြကြောက်ရွံ့နေမည် စိုးရိမ်သဖြင့် ထိုအကြောင်း ကို မပြောဘဲ ထားလိုက်၏။ သူတို့လင်မယားသည် တောစပ် မြေနီလမ်းမသို့ကူးလိုက်၏။

ထိုအခါမှ မမြရင်ထဲ၌ သောကစိတ်တွေ ပျောက်ကွယ်သွား လေ၏။ မမြသည် ကိုထွန်းအား တုန်တုန်ရင်ရင်ဖြင့်···

"တော်ပါသေးရဲ့၊ မြွေတွန့်သံ ရုတ်တရက်ကြားလိုက် တော့ အသည်းတွေ အူတွေတုန်လှုပ်သွားတာပဲ"

ဟု ကြောက်စိတ်မပြယ်သေးပဲ ပြောလိုက်လေ၏။ ကိုထွန်း တို့လင်မယားသည် မြေနီလမ်းကို ဖြတ်ကူးပြီးနောက် လမ်းတစ်ဖက် တွင်ရှိသော ဆုတောင်းပြည့် ဘုရားဝန်းထဲသို့ ရောက်ရှိခဲ့ကြ၏။

ဆုတောင်းပြည့် ဘုရားရင်ပြင်တော်တွင် တစ်ပတ်လှည့် ပူဇော်လိုက်ကြ၏။ ထို့နောက် စနေထောင့်တွင် ဆီမီး၊ အမွှေး တို့ကို ပူဇော်ရှိခိုးနေလေ၏။ တစ်ဖန် စေတီနှင့် မလှမ်းမကမ်း ရှိသော ထိန်ပင်ညီနောင်ဆီသို့ လျှောက်ခဲ့ကြလေ၏။

ထိန်ပင်ညီနောင်သည် တစ်ပင်နှင့်တစ်ပင် ဆယ်ပေ ကွာဝေးလေ၏။ ပေနှစ်ဆယ်ခန့်ကျယ်ဝန်းသော ဝန်းခြံဖြင့်ကာရံ ၏။ ထိုထိန်ပင်ညီနောင် ကွက်လပ်ကြား၌ နတ်နန်းတစ်ခုရှိ၏။





နတ်နန်းသည် အထင်ကရ သားဆုပန်ရာနေရာဖြစ်၏။ နတ်နန်းကို လည်း အုတ်များဖြင့် အခိုင်အခန့် ဆောက်လုပ်ထား၏။

မည်သည့်အချိန်ကာလက ဆောက်လုပ်ထားသော နတ်နန်း မှန်းမသိရချေ။ အနည်းဆုံးနှစ်ပေါင်းတစ်ရာနီးပါးခန့်ရှိနေပြီဖြစ်ကြောင်း သိရှိကြရ၏။ အစဉ်အဆက် ဓမ္မဝေယျာဝစ္စအဖွဲ့က ပြုပြင်ထိန်းသိမ်းခဲ့ သဖြင့် အဆောက်အအုံမှာ ပျက်စီးယိုယွင်းခြင်းမရှိချေ။

ကိုထွန်းတို့လင်မယားသည် ထိန်ပင်ညီနောင် နတ်နန်းထဲသို့ ရောက်ရှိသောအခါ မိမိတို့ယူဆောင်လာသော ဖယောင်းတိုင်၊ အမွှေး တိုင်၊ အစားအသောက်မုန့်များကို နတ်နန်းတွင် ပူဇော်လိုက်ကြ၏။

ထိုနန်းဆောင်ထဲတွင် တစ်တောင်ခန့်ရှိသော နတ်ရုပ်တု နှစ်ခုရှိလေ၏။ ယောက်ျားပုံစံနတ်ရုပ်နှင့် ကျန်ရုပ်တုတစ်ခုမှာ အမျိုး သမီးဖြစ်၏။ ထိုင်မသိမ်းအင်္ကျီ၊ ဖလာထမီ(ထက်ခြမ်းကွဲထမီ၊ မင်းသမီး များဝတ်သောထမီ)နှင့် ချောမောပြေပြစ်သော အမျိုးသမီး ဖြစ်လေ၏။

နတ်ရုပ်တုနှစ်ခုကြားတွင် မြွေနှစ်ကောင်ရုပ်တုက ပါးပျဉ်း ထောင်ထားလျက် တွေ့ရလေ၏။ ထိုနတ်စင်၏အောက်တွင် တောင်ပို့ ကြီးတစ်ခုလည်းရှိ၏။ ကိုထွန်းတို့သည် ဗလိနတ်စာများတင်မြှောက် ထားပြီးသောအခါ မမြက တိုးတိုးညှင်ညှင်ဖြင့်···

"အရှင် ထိန်ပင်စောင့်မောင်နှမ···ကျွန်တော်မျိုးမ ရှိခိုးစွာ အသနားခံပါတယ်၊ ကျွန်တော်မျိုးမအား သနားညှာတာသောစိတ်ဖြင့်



www.burmeseclassic.com

www.burmeseclassic.com



သမီးတစ်ယောက် ကြည့်ရှုစောင့်ရှောက်ပေးတော်မူပါ အရှင်မောင်နှမ''

ဟုတာလေးတစားဖြင့် တောင်းပန်တိုးလျှိုလိုက်၏။ ထိုအခါ ထိန်ပင်ကြီးနှစ်ပင်သည် တရှဲရှဲဖြင့် သစ်ရွက်များလှုပ်ရမ်းသွားလေ၏။ ချောက်ချားစရာအသံကြီး ပျောက်ကွယ်သွားသောအခါ တောင်ပို့နောက်ကွယ်မှ တရှဲရှဲနှင့် မြွေတွန်သံတွေ ရုတ်တရက်ပေါ်လာ၏။

မြွေတွန်သံကြောင့် မမြသည် ကြောက်ရွံ့သွားပြီးလျှင် လှုပ်တပြက်ထ၍ နတ်နန်းခြံဝန်းထဲမှ ထွက်ပြေးရန်ဟန်ပြင်လိုက်လေ၏။ ကိုထွန်းသည် ဇနီးဖြစ်သူ၏လက်အား ကမန်းကတန်း လှမ်းဆွဲထားလိုက်ပြီးသော်. . .

''မမြ ဘယ်ကိုသွားမလို့လဲ၊ ဒီမြွေတွန်သံဟာ တို့အတွက် ထူးခြားနေသလိုပဲ၊ သေသေချာချာ နားထောင်စမ်း။ စိတ်ထဲပီတိ ဖြစ်လာသလို ခံစားရတယ်၊ မကြောက်ပါနဲ့ကွာ၊ စောစောက မင်း ဆုတောင်းလိုက်တဲ့အတွက် ထိန်ပင်စောင့်မောင်နှမက ထင်ထင်ရှား ရှားပြပေးတာမျိုး ဖြစ်မှာပါ''

ဟုအကြောက်ပြေစေရန်အတွက် နှစ်သိမ့်စကားပြောလိုက်၏။ ထိုအခါမှ မမြသည် မဝံ့မရဲဖြင့် ပြန်ထိုင်လိုက်လေ၏။ မြွေတွန်သံကိုလည်း ဂရုတစိုက် နားစွင့်နေလေ၏။ မြွေတွန်သံသည် တဖြည်းဖြည်း ကိုထွန်းတို့နှင့် နီးကပ်လာလေ၏။

..... ထူးဆန်းစွာ တပေ .....



နတ်နန်းတောင်ပို့ရှေ့သို့ ကျုပ်လုံးခန့်ရှိသော မြွေကြီးနှစ်ကောင်ရောက်ရှိလာလေ၏။ မြွေကြီးနှစ်ကောင်မှ တရှဲရှဲတွန်သံပေး ဘယ်ညာယိမ်းထိုးကလျက်ရှိ၏။ ကိုထွန်းသည် မြွေဟောက်ကြီးနှစ်ကောင်အား မျက်တောင်မခတ်ဘဲကြည့်၍ ကြောင်အမ်းအမ်းဖြစ်နေလျက်ရှိလေ၏။

မမြသည်လည်း သူမရင်ထဲ တလှပ်လှပ်ရင်တုန်လျက် ခံစားနေရ၏။ မျက်ရည်တွေလည်း တဒီးဒီးကျလာတော့၏။ မြွေဟောက်ကြီးနှစ်ကောင်ကတော့ ခေါင်းချင်းတိုက် ပါးပျဉ်းထောင်ကာ မမြအား စိုက်စိုက် ကြည့်နေလေ၏။ ထိုစဉ် မမြ၏ဘေးတွင် ကပ်ထိုင်နေသော ကိုထွန်းက မြွေကြီးနှစ်ကောင်အား ငေးမောကာကြည့်၍

''အရှင် ထိန်ပင်စောင့်မောင်နှမ အခုလို ကျွန်တော်တို့အား ကိုယ်ထင်ထင်ပြသတဲ့အတွက် ဝမ်းမြောက်ဝမ်းသာ ဖြစ်ရပါတယ်၊ ကျွန်တော်တို့ရဲ့ ဆုတောင်းမှုကို အသိအမှတ်ပြုပါက ယိမ်းထိုးနေခြင်းကို ရပ်တံ့ပေးတော်မူပါ''

ဟုတောင်းပန်လိုက်၏။ မြွေကြီးနှစ်ကောင်သည် ကိုထွန်း၏ လျှောက်စကားဆုံးလျှင် ချက်ချင်းရပ်တံ့သွားပြီး တဖြည်းဖြည်း ပါးပျဉ်းကျုံ့ပြီး မြေပြင်တွင်ငြိမ်သက်စွာ စင်းစင်းကြီးလှပ်လျက်ရှိ၏။ အတန်ကြာငြိမ်သက်နေပြီးသော် မြွေကြီးနှစ်ကောင်သည် တောင်ပို့ကြီးနောက်ကွယ်သို့ လျှောခနဲဝင်ရောက်သွားခဲ့၏။

www.burmeseclassic.com



ထိုသို့မြွေကြီးနှစ်ကောင် ပျောက်ကွယ်သွားသောအခါ မမြ သည် ခင်ပွန်းဖြစ်သူ ကိုထွန်းအား ဝမ်းသာလှိုက်လှဲစွာဖြင့်…

"ကျွန်မတို့ဆုတောင်းပြည့်ပြီလို့သာ မှတ်လိုက်ပေတော့ ကိုထွန်း"

ဟု ကြည်နူးဝမ်းသာစွာပြောလိုက်၏။ ထို့နောက် သူတို့ ပူဇော်ထားသော ဖယောင်းတိုင်များ ကုန်ဆုံးမီးငြိမ်းသွားလေ၏။ ကိုထွန်းသည် ဗလီနတ်စာ ပူဇော်ထားသော မုန့်ပန်းကန်ကိုစွန့်၍ မုန့်များအား တောင်ပို့ခြေရင်းတွင် စက္ကူတစ်ခုခင်းကာ ပုံပေးထား လိုက်၏။ ပန်းကန်အား ဆွဲခြင်းထဲသို့ထည့်၍ ထိုနေရာမှ ပြန်ထွက် ခဲ့ကြ၏။

မြေနီလမ်းမသို့ ရောက်ရှိလာကြလေ၏။ မမြသည် ခင်ပွန်း ကိုထွန်းအားငဲ့စောင်း၍…

"ကျွန်မတို့ တောလမ်းအတိုင်းပဲ ပြန်မလို့လား၊ ရွာထဲက ပြန်ရင်မကောင်းဘူးလား"

ဟုပြောလိုက်သောအခါ ကိုထွန်းက…

"လာတဲ့လမ်းအတိုင်း ပြန်ကြတာပေါ့၊ ရွာထဲကပြန်ရင် ဟို လူကမေး၊ ဒီလူကမေးနဲ့ကွာ ပြောဆိုရှင်းပြနေရဦးမယ်"

ဟုပြော၍ တောလမ်းစပ်သို့ ရောက်ရှိလာကြ၏။ ကိုထွန်း သည် မြူနွယ်တစ်ခုကို ကွေ့ပတ်၍ လျှောက်လာနေ၏။ မမြကလည်း





အစ်ကြွပ်မကွာ လိုက်ပါလာ၏။ ထိုသို့ဖြင့် မြူနွယ်လွန်သော် ရေတွင်း ပျက်ကြီးအား ဘွားခနဲတွေ့ရလေ၏။ မမြသည် ရေတွင်းအား တွေ့ ရသျှင်…

"ကျွန်မတို့ ဘယ်လိုဖြစ်ပြီး ရေတွင်းနားရောက်လာသလဲ မသိဘူးနော်၊ လမ်းမှားလာပြီပေါ့၊ အလာတုန်းကလည်း မြွေတွန့်သံ ကြား ဒီရေတွင်းပျက်နား ပျောက်သွားတယ်မဟုတ်လား"

ဟု စိုးရိမ်စွာပြော၍ ရေတွင်းထဲငုံ့ကာကြည့်နေမိ၏။ ရေတွင်း မှာ တစ်ဆယ့်နှစ်တောင်(၁၈ ပေ)ကျော်ကျော် နက်ရှိုင်းကြောင်းတွေ့ ရလေ၏။ ထိုရေတွင်းအောက်ခြေကို မြင်ရသည်မှာ မှုန်ပျပျပင်ရှိလေ ၏။ ထိုစဉ် ကိုထွန်းက ရေတွင်းပျက်ဘေးတွင်ရပ်လျက် တငေးတ မောကြည့်၍…

"အင်း…ဒီနေ့ ဆုတောင်းပြည့်ဘုရားဘက်ကို လာရတာ အဆန်းတကြယ် အဖြစ်တွေနဲ့ ဆုံရတယ်၊ တစ်သက်နဲ့တစ်ကိုယ် ဒီလိုအဖြစ်အပျက်မျိုး မကြုံဆုံဖူးဘူး၊ ရှေးဟောင်းဆုတောင်းပြည့် ဘုရား၊ ထိန်ပင်ညီနောင်နတ်နန်း၊ ဒီရေတွင်းပျက်တို့ဟာ သာသနာ ဆယ်မြေမှာ ရှေးတုန်းက တစ်ချိန်ထဲ ဖြစ်တည်လာခဲ့ကြတာလို့ အဖေ ဆို့ပြောခဲ့တယ်"

ဟု တွေးတွေးဆဆနှင့် ပြောလိုက်၏။ မမြသည် မြူတော တွေ ပတ်လည်ဝန်းရံလျက်ရှိသော ရေတွင်းပျက်အနီးသို့ တစ်ကြိမ်မျှ



www.burmeseclassic.com

www.burmeseclassic.com



မရောက်ဖူးသဖြင့် ရင်ထဲခြောက်လှန့်ခံနေရသလို ခံစားနေရလေ၏။

ဝမ်းသာရတော့မလိုလို၊ ဝမ်းနည်းကြေကွဲ ရတော့မလိုလို သူမစိတ်တွေ ယောက်ယက်ခတ်လျက်ရှိနေတော့၏။ ကိုထွန်းသည် ပျက်ယွင်းနေသော ဖနီးဖြစ်သူ၏ အမူအရာအား အကဲခတ်မိလိုက်သဖြင့် ထိုနေရာတွင် ကြာရှည်မနေသင့်တော့ကြောင်း စဉ်းစားမိပြီးသော်...

"မမြ ပြန်ကြရအောင်နော်"

ဟုရင်မောလိုက်ဖို့စွာပြော၍ ဖနီး၏လက်မောင်းအား ကိုင်ကာ ခြံတစ်ခြံ၏ဘေးမှ ဖြတ်လာလေ၏။

ထိုအချင်းအရာအား အိမ်သို့ပြန်ရောက်လာသည့်တိုင် ဇနီး၏ရင်ထဲ၌ စွဲစွဲမြဲမြဲ တင်ကျန်နေလေ၏။ အချိန်ရှိတိုင်း ထိုအကြောင်းကို တစ်ယောက်တည်း တွေးတောကာ စမြုံပြန်နေမိ၏။

ကိုထွန်းသည် ဆုတောင်းပြည့် ဘုရားမှပြန်လာပြီးကတည်းက ဇနီး၏အမူအရာတွေ တုံ့နှေးလေးလံနေကြောင်း သတိထားလိုက်သဖြင့်...

"မမြ ကိုယ့်စိတ်ကိုထိန်းနော်၊ ရတနာသုံးပါးကိုမမေ့နဲ့"

ဟုသတိပေးစကားဆိုလိုက်လေ၏။

✠ ✠ ✠





မမြ၏အဖြစ်က ဆုတောင်းပြည့်သည်ဟု ဆိုရမည်ဖြစ်၏။ တစ်လတင်းတင်းပြည့်သောညတွင် မမြအိပ်မက်မက်ခဲ့၏။

ပထမဦးစွာ မမြကြားလိုက်ရသည့်အသံက မြွေတွန်သံ၊ တစ်ကောင်တည်းမဟုတ်ချေ။ နှစ်ကောင်ဖြစ်ဟန်တူ၏။ မြွေတွန်သံတို့ ဂရုတစိုက် နားစွင့်မိသောအခါ ရင်ထဲ ကြည်နူးပီတိဖြစ်လာမိ၏။ ခပ်လှမ်းလှမ်းမှ ကြားနေရသေးသဖြင့် တစ်ခါတရံ အသံမကြားရချေ။

ထို့ကြောင့် မမြသည် သူမ၏အကြားအာရုံအား ပို၍အားထုတ်လိုက်လေ၏။ မြွေတွန်သံတို့သည် ဝေးနေရာမှ တဖြည်းဖြည်း သူမတို့၏ အိမ်ခေါင်းရင်းဆီသို့ နီးသထက်နီးကပ်လာကြောင်း သတိထားမိလိုက်၏။

အတန်ကြာသောအခါ မြွေဟောက်ကြီးနှစ်ကောင်သည် အိမ်ပေါ်တက်လာသည်ကို တွေ့ရလေ၏။ မမြသည် ထိုမြွေဟောက်ကြီးနှစ်ကောင်အား ကြောက်ရွံ့ထိတ်လန့်မှုမရှိပဲ သူမနှင့်ရင်းနှီးနေသလိုလည်း ခံစားနေမိ၏။

မြွေဟောက်ကြီးနှစ်ကောင်ကလည်း ရန်ပြုမည့် အနေအထားမျိုးမဟုတ်ပဲ အကျွမ်းတဝင် ရင်းနှီးနေဘိအလား ယိမ်းထိုးသဖြင့် ဖျော်ဖြေနေသယောင် ရှိလေ၏။

မမြသည် မြွေဟောက်ကြီးနှစ်ကောင်အား သတိထားကြည့်ရင်း အမှတ်မထင် သတိရလိုက်၏။ သူမစိတ်ထဲ ဝမ်းသာသွားမိ



www.burmeseclassic.com

www.burmeseclassic.com



၏။ တလှပ်လှပ်ရင်ခုန်သံ မြန်လာသဖြင့် သူမ၏ရင်ဘတ်အား လက်နှစ်ဖက်ဖြင့် အသာအယာ ဖိထားနေမိတော့၏။

ထိုမြွေဟောက်ကြီးနှစ်ကောင်မှာ ထိန်ပင်နှတ်နှန်းထဲတွင် သူတို့လင်မယား တွေ့ခဲ့ရသော မြွေကြီးနှစ်ကောင် ဖြစ်နေလေ၏။ မမြကအနား တိုးကပ်လာလေလေ မြွေဟောက်ကြီးနှစ်ကောင်မှာ စောစောက ပါးပျဉ်းထောင်ထားရာမှ ဝပ်စင်း၍ ငြိမ်သက်လျက် ရှိနေလေ၏။

မမြသည် မြွေဟောက်ကြီး နှစ်ကောင်အနီးသို့ ရောက်သော အခါ မြွေမကြီးအား သားသမီးသဖွယ် ပွတ်သပ်ပေးနေရင်း...

"သမီးလေး မေမေဆီကို ဘာကြောင့်လာခဲ့သလဲဟင်"

ထိုအခါ မြွေဟောက်ကြီးနှစ်ကောင်အဖြစ်မှ ဖျတ်ခနဲ မိန်းမပျိုနှစ်ဦး ထွက်ပေါ်လာ၏။ မမြသည် ရုတ်တရက် ပြောင်းလဲသွားသော အခြေအနေကြောင့် အနည်းငယ် နောက်ဆုတ်လိုက်မိ၏။ မီးခိုးလုံးကြီးများကြား၌ သူမသည် ကြောင်တောင်တောင်ဖြင့် ကျုံ့ကျုံ့ယုံ့ယုံ့ ထိုင်နေလေ၏။

တဒင်္ဂဖြစ်ပေါ်လာသော အနေအထားကိုလည်း သူမစိတ်၌ ကြည်နူးနှစ်သက်နေတော့၏။ တအောင့်လောက်ကြာသော် မီးခိုးလုံးတွေကြားမှ ယောကျ်ားနှင့် မိန်းမပျိုနှစ်ဦးအား ဘွားခနဲတွေ့လိုက်ရလေ၏။





မမြသည် ရုတ်တရက် တွေ့လိုက်ရသော မိန်းမပျိုအား နှင်သက်မိသာ ကြည့်နေတော့၏။ ထို့ကြောင့် ထိုမိန်းမပျိုက ချိုသာသောအသံဖြင့်...

"အမေ သမီးကို ဒီလောက် ဘာဖြစ်လို့ ကြည့်နေရတာလဲ၊ အမေ့ဆီမှာနေဖို့ သမီးလာခဲ့တာလေ၊ စိတ်မချလို့ဆိုပြီး အကိုတော်က အဖော်အဖြစ် လိုက်ပို့တယ်လေ"

ဟုပြောရင်း မိန်းမပျိုသည် ယောကျ်ားလေးဘက်သို့ လက်ညှိုးညွှန်ပြလေ၏။

ထို့ကြောင့် မမြသည် သူမနှင့် မလှမ်းမကမ်းတွင် ရပ်နေသော မိန်းမပျိုအား လက်ယပ်ခေါ်လိုက်၏။ မိန်းမပျိုသည် ကန္တဲ့ကလျှင် ဣန္ဒြေရစွာ တစ်လှမ်းချင်း အနီးသို့ ကပ်လာ၏။ မမြသည် သူမရှေ့တွင် ထိုင်လိုက်သော မိန်းမပျို၏ ဦးခေါင်းမှ ဆံစကလေးများကို ယုယုယယ ပွတ်သပ်ပေးနေရင်း...

"သမီး မေမေတို့နဲ့ နေချင်တယ်ဆိုရင် လာနေလေ၊ သမီးလာနေတော့ မေမေတို့မိသားစုတွေ ပျော်ပျော်ပါးပါးနဲ့ ဝမ်းသာစရာကောင်းတာပေါ့"

ဟုပြောရင်း သူမ၏မျက်ဝန်းအိမ်မှ မျက်ရည်တစ်ပေါက်သည် လိမ့်ဆင်းကျလာလေ၏။ ယောကျ်ားပျိုကတော့ တုံဏှီဘာဝဖြင့် ရှိနေလေ၏။ မိန်းမပျိုကိုလည်း ရွှန်းရွှန်းဝေအောင် ကရုဏာသက်



www.burmeseclassic.com

www.burmeseclassic.com



စွာစိုက်ကြည့်လျက်ရှိလေ၏။

သူ့အနေနှင့် မိန်းမပျိုအား မမြတို့၏အိမ်တွင် ထားရစ်ခဲ့ရမည်ကိုလည်း စိတ်ချလက်ချရှိဟန်တူ၏။

ထိုစဉ် မိန်းမပျိုသည် ယောက်ျားပျိုအား ရည်ငံသောမျက်လုံးရွဲကြီးတွေနှင့် စိုက်ကြည့်နေပြီးသော် . . .

"အကို အချိန်လင့်နေဦးမယ် ပြန်တော့နော်၊ ညီမအတွက်ဘာမှစိတ်မပူနဲ့၊ ဒီမှာ အမေတို့က ညီမကို အစစအရာရာ အလိုလိုက်မှာပါနော်"

ဟု ယောက်ျားပျိုအား ကျိုးနွံစွာပြောနေရင်း မမြဘက်သို့ ရွှဲစောင်းကာ ပြောဆိုလိုက်လေ၏။ ထိုအခါ မမြက ထိုယောက်ျားပျိုအား ကြင်နာစွာပြုံးပြ၍ . . .

"ဟုတ်ပါတယ်ကွယ်၊ အဒေါ်တို့က သမီးလေးအပေါ် အစအရာရာ စိတ်ချမ်းသာအောင် ထားပါ့မယ်၊ စိတ်အေးချမ်းသာစွာပြန်ပါကွယ်"

ဟု လိုက်လိုက်လှဲလှဲ ပြောလိုက်၏။ ထို့ကြောင့် ယောက်ျားပျိုသည် သူ၏ညီမဖြစ်သူအား တစ်ချက်တွေတွေကြီး စိုက်ကြည့်တာချာခနဲလှည့်ထွက်သွားခဲ့၏။

တကယ်တန်း ခွဲခွာသွားရမည်ဆိုသောကြောင့် ယောက်ျားပျိုမှာ စိတ်မကောင်း ဖြစ်သွားရှာ၏။ သူ့မျက်နှာပေါ်ဝယ် ဝမ်းနည်





သော အမူအရာတွေက အထင်းသားပေါ်လွင်နေလေ၏။

ထိုစဉ် မိန်းမပျိုသည် မမြအား တွယ်ဖက်ထားရာမှ ရုတ်တရက်ထ၍ ယောက်ျားပျိုနောက်သို့ ပြေးလိုက်သွားလေ၏။ မမြသည် မိန်းမပျို ပြန်လိုက်သွားမည်စိုးသဖြင့် အလန့်တကြားလှမ်း၍

"သမီး . . . ဟဲ့ . . . သမီး . . . နေဦးလေ"

ဟု အော်ပြောနေလေ၏၊ သူမ၏ဘေးတွင် အိပ်ပျော်နေသော ကိုထွန်းတစ်ယောက် မမြ၏ငယ်သံပါအောင် အော်၍ခေါ်လိုက်သောအသံကြောင့် လန့်ဖျန့်နိုးသွားခဲ့၏။

အိပ်ရာထက်တွင် အိပ်ပျော်နေသော ဇနီးကိုလှမ်းကြည့်ပြီး ငြိမ်သွားတော့၏။ ကိုထွန်းသည် ဇနီးသည်အား လှုပ်နိုးလိုက်ပြီးသော် . . .

"ဘာတွေအိပ်မက်ပြီး ကယောင်ကတမ်း အော်နေတာလဲ"

"ဩော် ကျွန်မတို့နဲ့နေဖို့ သမီးလေးကို လှမ်းအော်ခေါ်နေတာပါ"

ဟုဖြေရင်း ရှက်ကိုးရှက်ကန်း ဖြစ်နေရှာလေ၏။

✠ ✠ ✠

..... ထူးအိမ္ဘာ တမေ .....

www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ အိမ်မက်မက်ပြီး နောက်တစ်နေ့မှစ၍ ကိုထွန်းတို့ အိမ်တွင် ထူးထူးခြားခြား ဖြစ်ပေါ်လာ၏။ ညစဉ်ညတိုင်း သူတို့အိမ် သော အခန်းတည့်တည့် မြေပြင်နေရာမှ မြွေတွန်သံတရှီရှီနှင့်ကြား ရ၏။

မမြက မေတ္တာပို့ အမျှအတန်း ပေးဝေလိုက်မှ ထိုအသံ ပျောက်ပျောက်သွားတတ်၏။ မမြသည် သူမရင်တွင်းမှ 'သမီးလေး ရယ် အမေတို့ဆီကို အမြန်လာနေတော့နော်' ဟု တိုးတိုးညှင်းညှင်း လေး တဖွဖွရေရွတ်နေမိ၏။

မကြာမီ မမြတို့ဆန္ဒ ပြည့်ဝလာသည်ဟု ဆိုရမည်ဖြစ်၏။ ကိုထွန်းရော မမြပါ ဝမ်းပန်းတသာ ဖြစ်ကြရသည်။ သူတို့လင်မယား သည် သားကြီးဖြစ်သူ လှမောင်နှင့် အဖော်ရတော့မည်ဟုတွေး ကျေနပ်ပီတိတွေ ဖြစ်လျက်ရှိ၏။ အချိန်တန်တော့ မမြတို့လိုချင်သော သမီးလေးကို မွေးဖွားခဲ့လေ၏။

ကိုထွန်းသည် သူတို့သမီးလေးအား မနန်းသူဟု အမည် ပေးခဲ့၏။ ထိုမိန်းကလေး၏ မျက်နှာသည် မမြမြင်မက်ခဲ့သော အိ မက်ထဲမှ မိန်းမပျိုလေးမျက်နှာနှင့် တထေရာတည်းတူ၏။ အသာ အရေစိုပြေဝင်းဝါကာ သိမ်မွေ့လွန်းလှ၏။

ထိုမွေးဖွားသော အချိန်ကလည်း သူမတို့တစ်ခြံလုံး မြွေတွ သံတွေ ဟိုနေရာက ကြားလိုက်၊ သည်နေရာက ကြားလိုက်ဖြ





ထူးဆန်းနေတော့၏။ လက်သည်နှင့် အိမ်နီးနားချင်းတွေကပင် ထို ထူးခြားသောဖြစ်ရပ်ကြောင့် တအံ့တဩဖြစ်ကုန်ကြ၏။ တစ်ရွာလုံး လည်း နောက်တစ်နေ့တွင် ထိုသတင်းပျံ့နှံ့သွားခဲ့၏။

ယခုဆိုလျှင် မနန်းသူသည် ခြောက်နှစ်ကျော်၊ ခုနစ်နှစ် ထဲသို့ရောက်ရှိနေပြီဖြစ်၏။ စီးပွားရေးကလည်း ယခင်ကထက် ရှာလို့ ဖွေလို့ရ၏။ ထို့ကြောင့် မနန်းသူအား လက်ကောက်၊ ဆွဲကြိုးကလေး များ ဆင်မြန်းထားနိုင်ခဲ့၏။

ဆွဲကြိုးတွင် လော့ကက်သီးလေးဖြင့် ပြုလုပ်ပေးထား၏။ ထိုနေ့က မနန်းသူသည် ကိုထွန်းတို့ လင်မယားအနီးတွင်ထိုင်၍ နားထောင်နေစဉ်...

"သမီးကို ဆွဲကြိုးလုပ်ပေးရင် လော့ကက်သီးတစ်ခုပါ လုပ် ပေးရမယ်နော်၊ အဲဒီလော့ကက်သီးကိုလည်း မြွေတစ်ကောင်ပါးပျဉ်း ထောင်နေတဲ့ပုံစံမျိုး လုပ်ပေးပါနော်အမေ"

ဟု ချွဲချွဲပစ်ပစ် ပြောနေ၏။ ထိုစဉ် အိမ်ပေါ်သို့ တက်လာ သော သူ့အကိုလှမောင်က မြင်သွားလေ၏။ လှမောင်သည် မိသားစု အားဝိုင်းနား လာထိုင်ပြီး သူ့ညီမအား ခေါင်းကလေးအသာပုတ် ကာ...

"အမေတို့ကို နှင်ဘာတွေ ကပ်ချွဲနေတာလဲ"

ဟုပြောလိုက်၏။ မမြက အကျိုးအကြောင်း ပြန်ရှင်းပြပေး



www.burmeseclassic.com

www.burmeseclassic.com



လိုက်၏။ ထိုအခါ လှမောင်က မိဘနှစ်ပါးအား စပ်ဖြဲဖြဲမျက်နှာဖြင့် လှမ်းကြည့်နေလေ၏။

လူပျိုကြီးဖြစ်နေသော လှမောင်သည် သူ့ဆန္ဒအား ရုတ်တရက် ပြောမထွက်ပဲ လည်ချောင်းထဲ တစ်ဆို့ဆို့ဖြစ်နေရှာ၏။ မငြိမ်းသည် သားအမူအရာကို လှမ်းအကဲခတ်၍...

"သားကကော ဘာလိုချင်လို့လဲ၊ ဘာလဲ...နာရီလား၊ ဆွဲကြိုးလား၊ လက်စွပ်လား"

ဟုမေးမြန်းလိုက်၏။ ထိုအခါ မနန်းသူက သူ့အကိုဏ် မျက်နှာအား တစ်ချက်ကြည့်ပြီးသော်...

"အဲဒါတွေ တစ်ခုမှမဟုတ်ဘူးအမေ၊ မိန်းမလိုချင်တယ်လို့ ပြောချင်တာ၊ အမေ့ကိုကြောက်ပြီး မပြောရဲပဲဖြစ်နေတာလေ"

ဟု ဒိုးခနဲဒေါက်ခနဲ ဝင်ပြောလိုက်၏။ ကိုထွန်းသည် သားဖြစ်သူအားလှမ်း၍...

"ဟုတ်လား...သား၊ မင်းညီမလေးပြောတာ မှန်သလား"

ဟု မေးလိုက်သောအခါ လှမောင်က ခေါင်းညိတ်ပြလေ၏။ သားဖြစ်သူ လှမောင်၏ သဘောထားကို သိလိုက်ရသောအခါ ကိုထွန်းတို့ လင်မယားသည် မတိုင်ပင်ရပဲ တစ်ဦးကိုတစ်ဦးလှမ်း ကြည့်မိလိုက်ကြလေ၏။

မငြိမ်းသည် သားဖြစ်သူအား မည်သူ့သမီးလဲ၊ မိန်းမပျိုနာမည် ...





ဘာယ်သူလဲ စသည်ဖြင့် စုံစမ်းမေးမြန်းလိုက်လေ၏။ နောက်ဆုံးတော့ မိန်းကလေးရှင် မိဘများနှင့်တိုင်ပင်ညှိနှိုင်း၍ လက်ထပ်ပေးခဲ့သော၏။

လှမောင်သည် မိန်းမရသော်လည်း ယောက္ခမအိမ်တွင် နေပဲ သူ့မိဘအိမ်၌သာ နေလေ၏။ လှမောင်၏ဇနီး ခင်ရီသည် အိမ်ထောင်ကျပြီးတော့ မည်သည့်အပြင်အလုပ်ကိုမျှ ထွက်မလုပ်ရတော့ချေ။ အိမ်ကိစ္စတွေနှင့် အချိန်ကုန်နေတော့၏။ လှမောင်သည် သူ့ဖခင်၏ပွဲရုံတွင် အလုပ်ဝင်လုပ်ခဲ့လေ၏။

ကိုထွန်းသည် သားနှင့်ချွေးမအား ကျေးဇူးထားသော်လည်း လှမောင်တို့၏ ဝေယျာဝစ္စတွေအား ကိုယ့်လုပ်အားနှင့်ကိုယ်တိုင် ဆောင်ရွက်ခဲ့ကြရ၏။ လှမောင်၏ဇနီးခင်ရီသည် ယောက္ခမအိမ်တွင် နေထိုင်ရသည်မှာ အစားအသောက်၊ အနေအထိုင်၊ မပူပင်ရသော်လည်း လူလွတ်တုန်းကကဲ့သို့ အဝတ်အစား ဖောဖောသီသီ ဝတ်ဆင်ခြင်းမရှိတော့ပေ။

ထိုကိစ္စနှင့်ပတ်သက်ပြီး လှမောင်အား အမြဲတမ်းနားပူနားဆာ လုပ်လေ့ရှိ၏။ လှမောင်သည် ဇနီးအား ချစ်လွန်းအားကြီးသဖြင့် ပူဆာသောလုပ်ခအား တစ်ပြားမကျန်ပေး၏။ သူတို့ရွာသည် အပြိုင်အဆိုင်ဝတ်စားဆင်ယင်မှု၌ ဂုဏ်တုဂုဏ်ပြိုင်လေ့ရှိ၏။

ယခုလည်း သင်္ကြန်ရောက်ဖို့ ရက်ပိုင်းသာရှိတော့၏။ ခင်ရီ



www.burmeseclassic.com

www.burmeseclassic.com



သကြံန်အတွင်း ဆုတောင်းပြည့်ဘုရားပွဲတော် ဝတ်ဆင်ရန်အတွက် အဝတ်အစားတစ်စုံ လိုချင်နေပြီဖြစ်၏။ ခင်ပွန်းဖြစ်သူကိုလည်း ထပ် ထပ်ခါပြောရပေါင်းများသဖြင့် ပူဆာချင်သည့်စိတ် မရှိတော့ချေ။

ထိုနေ့နံနက်က ခင်ရီသည် ဈေးခြင်းတောင်းကိုင်၍ အိမ်မှထွက် လာလေ၏။ သူမတို့နှစ်အိမ်ကျော်လောက်ရောက်လာတော့ ထိုခြံ ထဲမှ မိန်းမတစ်ဦး ထွက်လာလေ၏။ ခင်ရီနှင့် ရွယ်တူတန်းတူ ဖြစ် ငယ်ပေါင်း သူငယ်ချင်းလည်းဖြစ်၏။ အိမ်ထောင်ကျတော့လည်း မတိမ်းမယိမ်း အိမ်ထောင်ကျခဲ့ကြလေ၏။ သူမတို့သည် တစ်ဦး ကြိုက်လျှင် ကျန်တစ်ဦးက ကြိုက်သည်ဖြစ်စေ၊ မကြိုက်သည်ဖြစ် လိုက်ဝယ်ပြီး ဆင်တူဝတ်ဆင်လေ့ရှိကြ၏။

ခင်ရီသည် ထိုခြံဝန်းထဲမှ ထွက်လာသော မလှနှင့် စကား တပြောပြောလာနေကြခြင်းဖြစ်၏။ ဈေးအနီးသို့ရောက်သော် မလှ

"ညည်း သကြံန်တွင်းဆုတောင်းပြည့် ဘုရားပွဲဝတ်ဖို့ ဝယ် တော့ဘူးလား။ ငါတော့ ဈေးထဲရောက်ရင် ပါတိတ်တစ်စုံလော ဝယ်ဦးမယ်"

ဟုပြောလိုက်၏။ ခင်ရီသည် မလှ၏စကားကြောင့် သူမစိတ် ထဲ ကသိကအောင့် ဖြစ်သွားရှာ၏။ သူမလက်ထဲတွင် ဈေးဝယ် ယူလာသောငွေအား မသိမသာ ပြန်ကြည့်မိလိုက်၏။ ထိုနေ့ အားငယ်သော မျက်နှာဖြင့် မလှအား လှမ်း၍ကြည့်ပြီး• • •





"အေးဟယ် ကိုလှမောင်က ပွဲတော်ရက်မရောက်ခင်တော့ ဝယ်ပေးမယ်လို့ ပြောထားတယ်၊ နင်ဝယ်ချင်တဲ့ဆန္ဒရှိရင်တော့ ဝယ် လေ၊ ငါ့ကိုမစောင့်နဲ့နော်၊ ကိုလှမောင်က သူ့ကိုယ်တိုင် စိတ်ကြိုက် ဝယ်ပေးမယ်ဆိုတော့ ငါ့အနေနဲ့ သူ့ဆန္ဒကို မငြင်းဆန်ချင်ဘူး"

ဟု စကားကို အဆင်ပြေအောင် ပြောလိုက်မိ၏။

ခင်ရီသည် ထိုစကားသာ ပြောလိုက်ရသော်လည်း သူမစိတ် ထဲ မသိုးမသန့် ဖြစ်နေလေ၏။ မလှအား လိမ်၍ပြောလိုက်ခြင်း အတွက် သူမစိတ်ထဲ မလုံမလဲ ဖြစ်သွားလေ၏။

မလှသည် ခင်ရီအား ထိုအကြောင်းနှင့် ပတ်သက်၍ ဆက်ပြီးမပြောတော့ချေ။ ဈေးဝယ်စရာများကို လိုက်လံဝယ်ခဲ့၏။ ခင်ရီလည်း ဈေးကိုနှံ့စပ်အောင် မလျှောက်တော့ပဲ သင့်သလိုဝယ်၍ ပြန်လာခဲ့၏။ ဈေးမှအပြန်မှာတော့ ခင်ရီစိတ်ထဲ ပါတိတ်တစ်စုံအား ည်သို့ ဝယ်ရမည်ကို တွေး၍ရင်မောနေလေ၏။

ထိုနေ့တစ်နေ့လုံး အဝတ်အစားဝယ်ဖို့ စိတ်ရောက်နေချေ ၏ ထိုစဉ် မနန်းသူသည် သူ့အကိုမိန်းမအား• • •

"မမ ဘာတွေစဉ်းစားပြီးငိုင်နေတာလဲ၊ ဘာလဲ အကိုလှ ောင်နဲ့ စကားများလို့လား"

ဟု ရုတ်တရက်မေးလေ၏၊ ခင်ရီသည် မနန်းသူ၏ မေးခွန်း အား မြန်းစားကြီးမည်သို့ ဖြေဆိုရမှန်းမသိသဖြင့် ပြူးကြောင်ကြောင်



www.burmeseclassic.com

www.burmeseclassic.com



ဖြင့် စိုက်ကြည့်နေမိ၏။ အတန်ကြာ စိုက်ကြည့်ပြီးတော့ ခင်ရီသည် အလိုအလျောက် ပြုံးမိသွား၏။

မနန်းသူအား ကျောကလေးပွတ်သပ်နေ၏။ မနန်းသူ ဝတ်ဆင်ထားသော လည်ပင်းမှ ဆွဲကြိုးလေးကိုလည်း မထိထိအောင် ထပ်ထလဲလဲ ပွတ်သပ်နေရှာ၏။ အတန်ကြာ ထိုသို့လုပ်ကိုင်နေရင်း

"မဟုတ်ပါဘူး ညီမရယ်၊ အကိုလှမောင် လုပ်ကိုင်နေရတာ စဉ်းစားမိပြီး ပင်ပန်းမှာပဲလို့ တွေးကြည့်နေမိတာပါ"

ဟု လိမ်ညာ၍ပြောလိုက်၏။ မနန်းသူက ခင်ရီ၏ ပါးနှစ်ဖက်အား ဘယ်ပြန်ညာပြန် နမ်းရှုပ်ပြီး ထိုနေရာမှ လှစ်ခနဲပြေးထွက်သွားလေ၏။ မနန်းသူ၏ ကျောပြင်အား အမောတကောကြည့်၍ ပြုံးစစလုပ်ကာ ကျန်ရစ်ငေးမောနေလေ၏။

နောက်တစ်နေ့ နံနက်တွင် ခင်ရီသည် သူမ၏သူငယ်ချင်း မလှကိုပင် ဈေးသွားရန်မစောင့်တော့ပဲ သုတ်သုတ်သွား သုတ်သုတ်ဝယ်၍ အိမ်သို့ ကသောကမျောပြန်ခဲ့၏။ အိမ်ရောက်ပြန်တော့လည်း ကမန်းကတန်း ချက်ပြုတ်လေ၏။

ခင်ရီသည် ယောက္ခမကြီး မမြ၏အရိပ်အခြေကို မပြတ်လေ့လာနေ၏။ ထို့ပြင် မနန်းသူ၏ အသွားအလာကိုလည်း စောင့်ကြည့်ရိပ်ခြေ အကဲခတ်နေချေ၏။ ချက်ပြုတ်မှုကိစ္စ ပြီးစီးသွားသောအခါ သူမစိတ်ထဲ တထင့်ထင့်ဖြစ်နေရှာ၏။





မနန်းသူသည် သူမအဖော်တွေနှင့် ခြံဝန်းရှေ့တွင် ကစားနေကြောင်း တွေ့ရသည်။ ထိုသို့ ကစားနေသည့် နေရာသို့ သွားရှောင်းနိုးနိုး၊ အိမ်အပြန်ကိုပဲ စောင့်နေရကောင်းနိုးနိုးဖြင့် သူမစိတ်ထဲ၌လော,သို့လော အတွေးရကျပ်နေလေ၏။

ထိုစဉ် မမြသည် အိမ်ပေါ်မှဆင်း၍ အပြင်သို့ထွက်သွားသည်ကို သတိထားမိလိုက်၏။ သူမသည် မမြအိမ်မှ ထွက်သွားခြင်း ဝမ်းသာလုံးစို့သွားလေ၏။ သူ့ဆန္ဒကိုလည်း အမြန်ဆုံးအကောင်အထည် ဖော်ချင်နေ၏။

မကြာမီ မနန်းသူ ကစားသည့်ဝိုင်းမှ အိမ်ပေါ်သို့တက်လာ၏။ အိမ်ပေါ်ရောက်လျှင် ခင်ရီအား တွေ့ရသောအခါ မောကြီးပန်းကြီးဖြင့်လှမ်း၍ . . .

"မမ အမေကောဟင်၊ ညီမဗိုက်ဆာနေလို့ ထမင်းစားချင်လို့"

"ဟုတ်လား . . ထမင်းမစားနဲ့နော်၊ မမ မုန့်ဝယ်ကျွေးမယ်"

ဟုပြောရင်း လမ်းပေါ်တွင်ရှိသော ကလေးတစ်သိုက်အား အကဲခတ်လိုက်၏။ ကလေးများမှာ ထိုနေရာတွင် မရှိတော့ချေ။ ပြန်သွားကြပြီဖြစ်မည်။ ခင်ရီသည် မနန်းသူအား ချော့မော့၍ ထုတ်လာခဲ့လေ၏။

✠ ✠ ✠



www.burmeseclassic.com

www.burmeseclassic.com



"မမ ရွာလယ်ဘက်ကိုမသွားပဲနဲ့ ဘာဖြစ်လို့ ရွာပြင်တော
စပ်ဘက်ကို ထွက်ခဲ့တာလဲ"

ဟု မေးမြန်းလိုက်၏။ ခင်ရီသည် မနန်းသူအား ချော့မော့
ဆုတောင်းပြည့်ဘုရားဘက်သို့ သွားသည့်တောလမ်းအတိုင်း ခေါ်
၏။ ဆုတောင်းပြည့်ဘုရားအနီးသို့ ရောက်သောအခါ လမ်းတစ်
ခြမ်းရှိ မြူနွယ်တွေကြားမှ ရေတွင်းပျက်အနားသို့ ခေါ်သွား၏။

မနန်းသူသည် ခင်ရီခေါ်ဆောင်ရာသို့ နဝေတိမ်တောင်ဖြ
လျက် ကြောက်ရွံ့နေချေ၏။ ခင်ရီကလည်း မနန်းသူထွက်မပြေး
အောင် လက်တစ်ဖက်အား တင်းကြပ်စွာကိုင်၍ ခေါ်ဆောင်နေ
၏။ ရေတွင်းပျက်အနား ရောက်သောအခါ မနန်းသူက ခင်ရီအ
မျက်နှာငယ်လေးဖြင့်…

"မမ ဒီရေတွင်းပျက်နစးလာပြီး ညီမတို့ ဘာလုပ်ကြမ
လဲ"

ဟု ကြောက်ကြောက်ရွံ့ရွံ့ မေးလိုက်၏။

ခင်ရီ၏ မျက်နှာတစ်ခုလုံးလည်း နီမြန်းနေ၏။ ကြောက်
ထိတ်လန့်ဖွယ်ကောင်းအောင် တင်းမာခက်ထန်နေလေ၏။ မနန်း
ကိုလည်း ကြမ်းကြမ်းတမ်းတမ်း ကိုင်တွယ်ပြုမူနေ၏။ ခင်ရီသ
မနန်းသူ၏ လက်တစ်ဖက်အား မရုန်းနိုင်အောင် ခပ်တင်းတ
ခပ်ကြမ်းကြမ်း ဖမ်းချုပ်ထားပြီးသော်…





"ညည်း…စကားကြောမရှည်နဲ့ ဒီမှာတွေ့လား"

ဟုပြောပြီး ထမိကြားတွင် ဖွက်ယူလာသော ဓားမြှောင်ဖြင့်
ခြိမ်းခြောက်လိုက်၏။ မနန်းသူသည် ငိုမဲ့မဲ့နှင့် တစ်ချက်ရှိုက်လိုက်ပြီး
သော် ဓားမြှောင်ကိုတွေ့လိုက်ရသဖြင့် ရှိုက်သံပင် ရဲရဲမထွက်ဝံ့ပဲ
ဟင့်ဟင့်ဖြင့် နေရှာ၏။ ထိုအခါ ခင်ရီသည် မနန်းသူအား…

"ညည်း လည်ပင်းက ဆွဲကြိုးကိုဖြုတ်ပေးစမ်း။ မပေးရင်
ရေတွင်းထဲ တွန်းချလိုက်မှာနော်၊ ငါ့ကိုဘာအောက်မေ့လို့လဲ"

ဟု မာန်မဲခြောက်လှန့်လိုက်၏။ မနန်းသူသည် ခင်ရီ၏
စကားကို မမျှော်လင့်ပဲ ကြားရလျှင် အံ့အားသင့်သွား၏။ ကြောက်ရွံ့
ရိမ်စွာဖြင့် ခင်ရီအား…

"မလုပ်ပါနဲ့ အမရယ်၊ အမတို့သိသွားရင် မကောင်းပါဘူး။
ကြိုးကိုဘာလုပ်ဖို့လဲဟင်"

ဟု တောင်းတောင်းပန်ပန်ဖြင့် မျက်နှာငယ်စွာပြောလိုက်၏။
နန်းသူသည် ခင်ရီလက်တွင်းမှ လွတ်မြောက်လို့ လွတ်မြောက်ငြား
တင်းရုန်းကန်နေချေ၏။

မနန်းသူ ရုန်းကန်လေလေ ခင်ရီက ကြမ်းကြမ်းရမ်းရမ်း
ဆက်ဆံလေလေရှိ၏။ အချိန်အနည်းငယ် ကြာလာသောအခါ
နန်းသူမှာ အရွယ်ချင်းကလည်းကွာ၊ အားချင်းလည်းမမျှသဖြင့်
စွာမောပိုက်လာ၏။ ခင်ရီ၏လက်ထဲတွင် အရုပ်ကြိုးပြတ်သဖွယ်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်လာလေ၏။

ခင်ရီ၏ တစ်ကိုယ်လုံးလည်း ဘီလူးသဘက်စီးသလို လှု ရမ်းနေပြီး ခန္ဓာကိုယ်တစ်ခုလုံး တဆတ်ဆတ်တုန်ရင်နေ၏။ မနုန် သူသည် ခင်ရီ၏ အမူအရာကို မြင်နေရသည်မှာ အသည်းတယာ ယားနှင့် အသက်ရှူ မှားနေလေ၏။

ထိုစဉ် ခင်ရီသည် မနုန်းသူထံမှ ဆွဲကြိုးကို အလွယ်တ မရနိုင်မှန်း ရိပ်စားမိလေ၏။ သူမ ဆုံးဖြတ်ချက်တစ်ခုကို ပြတ်သာ စွာချမှတ်လိုက်၏။

ထိုသို့စဉ်းစားပြီးသော် မနုန်းသူ၏လည်ပင်းမှ ဆွဲကြိုးအ ခင်ရီသည် ဆတ်ခနဲဆွဲဖြုတ်လေ၏။ မနုန်းသူကလည်း ခင်ရီလက် သို့ ဆွဲကြိုးပါမသွားအောင် အတင်းရုန်းကန်နေ၏။ တဒင်္ဂနှစ်ဦးသ ရုန်းကန်နေကြပြီးနောက် ခင်ရီလက်ထဲသို့ ဆွဲကြိုးရောက်သွား၏။ ခ သည် သူမလက်ထဲ ဆွဲကြိုးရရှိသဖြင့် ဝမ်းသာခဲ့လေ၏။

သို့သော် ထိုကိစ္စသည် သူမအတွက် ရတက်မအေးနိုင် ရာတွေ ဖြစ်လာမည့်အကြောင်း တွေးမိလေ၏။ ခင်ရီသည် ဆွဲ အား ပါးစပ်ထဲသို့ ပစ်ထည့်ပြီး ငုံထားလိုက်၏။ သူမအနေနှင့် မ သူ့အပေါ် ရက်စက်သည့်လက်စနှင့် ပို၍ရက်စက်ယုတ်မာမှ ဖြစ် ဟုလည်း တွေးမိလိုက်၏။

မနုန်းသူအား ပွေ့ချီ၍ ရေတွင်းဟောင်းထဲသို့ ပစ်ချလို

..... ကားခိုမ်ာ တဝေ .....



တော့၏။ ရေတွင်းပျက်ထဲသို့ ဒလိမ့်ခေါက်ကွေးကျသွားသော မနုန်း သူအား တစ်ချက်ကြည့်ပြီး ထိုနေရာမှ ချာကနဲ လှည့်သွားခဲ့၏။

သို့ဖြင့် မနုန်းသူသည် ရေတွင်းပျက်ထဲမှ မည်သို့ပြန်ထွက် ရအံ့နည်းဟု ပူပန်မိပြီး စိတ်ဆင်းရဲမှုတွေ တသီကြီးဖြစ်လာ၏။ ထို့ ကြောင့် သူမသည် လွတ်ရာလွတ်ကြောင်း ဖြစ်စေရန်အတွက် အော် နိုင်သမျှ အကူအညီ တောင်းလိုက်ပြန်၏။

ထိုစဉ် အသက်ငါးဆယ်ကျော် ယောကျာ်းကြီးနှစ်ဦးသည် ရေတွင်းပျက်အနီး မြေနီလမ်းကလေးအတိုင်း လျှောက်လာနေကြ- လေ၏။ သူတို့သည် ထိုလမ်းမှဖြတ်၍ မြို့တွေဆီသို့ သွားနေကြခြင်း ဖြစ်လေ၏။ ရုတ်တရက် အလွန်သေးငယ်သော အသံတစ်သံအား ထိုလူကြီးတစ်ဦးက ကြားလျှင်• • •

“ဟော• •ဘာသံလဲကွ၊ သေသေချာချာ နားထောင်စမ်း၊ သမီးကို ကယ်ကြပါလို့ အော်ပြောနေတဲ့ အသံပဲ မဟုတ်လား”

ဟု သူ့အဖော်အား ပြောလိုက်၏။ ထိုလူကြီးနှစ်ဦးသည် ဆက်လက်မသွားသေးပဲ ရပ်၍ဂရုတစိုက် နားစွင့်နေခဲ့ကြ၏။ ထိုစဉ် ရေတွင်းပျက်ထဲမှ မနုန်းသူကလည်း• • •

“ကယ်တော်မူကြပါရှင်၊ သမီးဒုက္ခရောက်နေလို့ပါ”

ဟု ငိုယို၍ အော်လိုက်၏။ ထိုလူကြီးနှစ်ဦးသည် အသံ လာရာကို သိလိုက်ရပြီးသော် ရေတွင်းအနား ရောက်လာကြ၏။

..... ထုအိမ်ခြာ တဝေ .....

www.burmeseclassic.com

www.burmeseclassic.com



ရေတွင်းပျက်ထဲတွင် မိန်းကလေးတစ်ဦးအား တွေ့ရလျှင် ရွာ တစ်ဦးက ပြန်ပြေးပြီး လူတွေခေါ်ခဲ့၏။ ဝါးဘိုးဝါးတွေကိုလည်း ထမ်း လာသူက ထမ်းလာခဲ့၏။ (ထိုဝါးတွင် ခြေနင်းရန် ဝါးအတက်များ ရှိ၏)

လူရွယ်တစ်ဦးက ထိုဝါးအား ရေတွင်းထဲချပြီး ဆင်း၍က ဆယ်ခဲ့၏။ ကျေးရွာလူကြီးအိမ်သို့ ရောက်လာကြ၏။ ရွာသားအ သည်လည်း ရောက်လာ၏။ ကိုထွန်းတို့သမီးမှန်းလည်း သိရှိသွား ကြ၏။

ကိုထွန်း၊ မမြတို့လည်း ရောက်ရှိလာ၏။ ရွာလူကြီးက မန သူအား မေးမြန်းစစ်ဆေးနေ၏။ မနန်းသူကလည်း တစ်လုံးမကျ ပြန်ပြောပြခဲ့၏။ ထို့ကြောင့် သူ့အကိုဖနီး ခင်ရီ၏ ယုတ်မာပက်စ မှုတွေ ထင်ရှားစွာပေါ်တော့၏။

ရွာသူကြီးသည် ခင်ရီအား ကိုထွန်းအိမ်တွင်သွားခေါ် လူတစ်ဦးအား လှမ်းပြောလိုက်သောအခါ ကိုထွန်းက...

"ကျွန်တော့်အိမ်မှာ ခင်ရီမရှိဘူး သူ့အမေအိမ်ပြန်သွား လားမသိဘူး"

ဟုပြောလိုက်၏။ ထို့ကြောင့် ခင်ရီအား သူ့မိဘအိမ် သွားခေါ်ခိုင်းလေ၏။ ခင်ရီရောက်လာသောအခါ ရွာသားတွေက အောနလုံးနာစွာ ကြည့်ရှုနေကြ၏။ ကဲ့ရဲ့ရှုတ်ချနေကာ အပြစ်





ကြလေ၏။

ခင်ရီသည် ခေါင်းငုံ၍ ငိုယိုကာရှိလေ၏။ ထိုအခါ ရွာလူကြီး က ခင်ရီအားလှမ်း၍...

"နင် ဒီကလေးမလေးရဲ့ ဆံပင်ကြိုးကိုလုပြီး ရေတွင်းထဲပစ် ချခဲ့တယ် မဟုတ်လား"

ဟု မေးမြန်းလိုက်၏။ ခင်ရီသည် အတန်ကြာ ငိုင်ကျသွား ပြီးသော် မျက်ရည်တွေ တဒီးဒီးကျလာ၏။ ကိုထွန်း၊ မမြအားလည်း ကောင်း၊ မနန်းသူအား လည်းကောင်း မဝံ့မရဲဖြင့် လိုက်လံကြည့်ရှု နေလေ၏။

ထိုစဉ် ခင်ရီ၏ခင်ပွန်း လှမောင် ရုတ်တရက် ရောက်ချလာ လေ၏။ လှမောင်သည် ဇနီးဖြစ်သူအား မျက်တောင့်နီဖြင့်လှမ်းကြည့် ၍...

"နင် တော်တော်ယုတ်မာပက်စက်ပါလား"

ဟုပြော၍ ဝင်ရောက်ထိုးကြိတ်မည် လုပ်သဖြင့် လူတွေက ဆွဲထားရလေ၏။ ထိုစဉ် ရွာလူကြီးက ခင်ရီအားလှမ်း၍...

"ကဲ...နင့်အမှားကို ဝန်ခံမလား"

ဟု မေးလိုက်သောအခါ ခင်ရီသည် မနန်းသူအား မျက်နှာ ငယ်လေးဖြင့် ကြည့်ရှု၍...

"ဟုတ်...ဟုတ်ကဲ့...ကျွန်မမှားခဲ့ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟု ငိုကြီးချက်မဖြင့် ဝန်ခံပြောကြားလိုက်လေ၏။ ရွာသား တွေမှာပို၍ ဒေါသတွေ ဖြစ်ကုန်ကြလေ၏။ ရွာသားတစ်ဦးက မနှ သူအား ကရုဏာသက်စွာလှမ်းကြည့်၍ . . .

"ဒီကလေးမလေးဟာ ထိန်ပင်နတ်နန်းက မြေနန်းစော သခင်မ ဝင်စားတာပဲဖြစ်မယ်"

ဟု ဝေဖန်သံကြောင့် ရွာသားတွေ၏ မျက်လုံးများသ မနန်းသူအား ဝိုင်းအုံကာ ကြည့်ရှုအကဲခတ်နေကြလေ၏။

ဟိဃော



www.burmeseclassic.com

www.burmeseclassic.com

## သားရယင်းမြို့မဟာမင်းမောင်

## နှင့်

## ဝိညာဉ်တောင်ကျိန်စာ

လူမော် အင်မတန်မှ ထူးဆန်းသော အိပ်မက်တစ်ခုကို မြင်မက်ခဲ့သည်မှာ သိတတ်စအရွယ်ကတည်းက အစပြု၍ ယခု အသက်(၂၀)ပြည့်သည်အထိ ဆိုရလေမည်။

လပြည့်ညရောက်တိုင်း ထိုအိပ်မက်ကို မြင်မက်ရခြင်းဖြစ်၏။ ပထမတော့ ထိုအိပ်မက်ကို သိပ်အလေးမမူ။ ကာလအတန်ကြာ လပြည့်ညပုံမှန် တစ်ထေရာတည်း တစ်ပုံစံတည်း စွဲစွဲမြဲမြဲ မက်လာသောအခါ လူမော်တစ်ယောက် လပြည့်ည ရောက်လာမှာကို ကြောက်နေမိ၏။

လပြည့်ညရောက်လျှင် လူမော်အိပ်မရတော့။ ထိုအိပ်မက်





ကို မြင်မက်ရမှာ တွေးပြီးကြောက်နေခြင်းကြောင့်ဖြစ်၏။

ညရောက်ပြီဆိုသည်နှင့် ဖောခွေးများပြန်ကာ သွေးပျက်ချောက်ချားခဲ့ရသည်။

သို့ရာတွင် ပို၍ထူးခြားခဲ့ခြင်းမှာ ညဦးပိုင်း သွေးပျက်ချောက်ချားပြီး အိပ်မပျော်ရှိသော်လည်း ညသန်းခေါင်လွန်လာသည့်အခါ ညှို့သို့မှု ကြိုးစားချုပ်တည်းမရဘဲ သတိလက်လွတ် အိပ်ပျော်သွားခြင်းကြောင့်ဖြစ်၏။

မည်သို့မျှမအိပ်ဟု စိတ်တင်းပြီး ဆုံးဖြတ်သော်ငြားမရခဲ့။ သတိလက်လွတ်ဖြစ်ကာ အိပ်ပျော်သွားခဲ့သည်ချည်းပင်။

အိပ်ပျော်သွားသည့်အခါ ထိုအိပ်မက်ကို မြင်မက်ရတော့၏။

ဆိုခဲ့သည့်အတိုင်း အိပ်မက်က အင်မတန်မှ ထူးဆန်းပြီး သွေးပျက်ချောက်ချားဖွယ်ကောင်းလှ၏။

လူမော် တစ်ကြိမ်တစ်ခါမျှ မရောက်ဖူးသော မြန်မာပြည် အလယ်ပိုင်းရှိ မြို့ပြကြီးတစ်မြို့ကို အမြဲတမ်းမြင်မက်ခဲ့ခြင်းဖြစ်၏။

ထိုမြို့ပြကြီးနှင့် မနီးမဝေး တောအုပ်အုပ်မှတဆင့် တောင်ကုန်းတစ်ခု၊ ထိုတောင်ကုန်းတစ်နေရာတွင် ၎င်းနှင့်ရုပ်ချင်းချွတ်စွတ်တူသောလူတစ်ယောက်၊ ထိုလူနှင့် ၎င်းကား အလွန်ချစ်ကြသော ပုံစံမျိုးကိုတွေ့ရ၏။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ၎င်းနှင့်ထိုလူကို အင်မတန်မှ ခက်ထန်မာကျော သောလူကြီးတစ်ဦးမှ အမျိုးမျိုးနှိပ်စက်ခဲ့၏။

ထို့အတူ ထိုလူကြီးသည် ၎င်းနှင့်ထိုလူကို ရက်ရက်စက်စက် သတ်ဖြတ်ခဲ့သောမြင်ကွင်း စသည်တို့ကို သွေးပျက်ချောက်ချားဖွယ် မြင်မက်ခဲ့ရခြင်းပင်ဖြစ်၏။

ထိုအိပ်မက်ကြောင့် လူမော်သည် ၎င်းတို့အား ရက်ရက်စက်စက် သတ်ခဲ့သော ထိုလူသတ်သမားကြီးကို ပြန်ကလဲ့စားချေချင်စိတ်တွေ တဖွားဖွား ပေါ်ပေါက်လာတော့၏။ အလိုလိုအမုန်းစိတ်တွေ ကြီးထွားလာသည်။ ခံပြင်းနာကျင်မှုတွေ ရင်နှင့်မဆံ့ ပြည့်နှက်လာသည်။

ထို့ကြောင့် ထိုအိပ်မက်နှင့် ပတ်သက်၍ လူသတ်သမားကြီးကို တစ်နေ့နေ့တစ်ချိန်ချိန်မှာ ၎င်းလက်စားပြန်ချေနိုင်လိမ့်မည်ဟု ယုံကြည်ခဲ့၏။

သို့ရာတွင် လူမော်သည် မိခင်ဖြစ်သူအား ထိုကိစ္စနှင့်ပတ်သက်၍ တစ်စွန်းတစ်စမျှ မပြောတော့။ ၎င်းအပေါ် စိုးရိမ်ပူပန်နေလိမ့်မည်။

ယခင် ၎င်းငယ်စဉ်ကတော့ ထိုအိပ်မက်အကြောင်းတို့အား ကြိမ်ဖန်များစွာ ပြောပြဖြစ်ခဲ့၏။ အဲဒီတုန်းကထဲက ၎င်းအပေါ် စိုးရိမ်





ပူပန်ခဲ့ပါသည်။ နောက်ပိုင်း ၎င်းသည် မိခင်ဖြစ်သူအား စိုးရိမ်ပူပန်မှု မဖြစ်စေလို၍ ယခုကဲ့သို့ ကာလများစွာ မြိုသိပ်ထားခဲ့ခြင်းဖြစ်လေ၏။

သို့သော် ၎င်း၏ယုံကြည်စိတ်ချရဆုံး ငယ်ပေါင်းကြီးဖော် ကျော်စွာနှင့် နန္ဒကိုတော့ ၎င်းအိပ်မက်မက်တိုင်း ပြောပြဆွေးနွေး မိခဲ့လေသည်။

"မင်းအိပ်မက်က သိပ်ထူးဆန်းတယ် လူမော်၊ သွေးလေ ချောက်ချားမှု၊ စိတ်စွဲလမ်းမှုကြောင့် တစ်ခါတစ်ရံ မက်တယ်ဆိုရင် ထားတော့။ အခုဟာက တစ်လတစ်ကြိမ်၊ လပြည့်ညရောက်တိုင်း မက်တယ်ဆိုတော့ သိပ်ကိုအံ့ဩစရာ ကောင်းတယ်"

"ပြီးတော့ ဒီအိပ်မက်ထဲက အကြောင်းအရာတွေနဲ့ မင်း ဘယ်လိုဆက်စပ်ပတ်သက်နေတယ်၊ ဘာကြောင့် ရက်ရက်စက်စက် အသတ်ခံရတယ်ဆိုတဲ့ မြင်မက်မှုဟာ ပိုပြီးစိတ်ဝင်စားစရာကောင်း တယ်"

ထိုစဉ်က ကျော်စွာနှင့် နန္ဒက အထက်ပါအတိုင်း မှတ်ချက် ပေးခဲ့ဖူးကြ၏။

"နောက်ပြီး အိပ်မက်ထဲက အကြောင်းအရာပေါ် မူတည်ပြီး လူသတ်သမားအပေါ် မင်းရင်ထဲက အမုန်းနာကြည်းစိတ်၊ ကလဲ့စား ချေချင်စိတ်တွေ အပြင်မှာ လက်ရှိဖြစ်ပေါ်လာတာလဲ အင်မတန်မှ



www.burmeseclassic.com

www.burmeseclassic.com



အံ့သြစရာကောင်းတဲ့အချက်ပဲ''

ဟူ၍လည်း တညီတညွတ်ထဲ မှတ်ချက်ပြုခဲ့ကြပါသေး၏။

ငှင်းတို့နှစ်ဦး မှတ်ချက်ပြုခဲ့သည့်အတိုင်း ငှင်းကိုယ်တိုင် လည်း ထိုကိစ္စအပေါ် အံ့သြအဖြေရှာ၍မဆုံး။

နောက်ဆုံးတော့ မဖြစ်မနေ ကလဲ့စားပြန်ချေရန် အခွင့် အလမ်းကို စောင့်ဆိုင်းနေပါတော့သည်။

သို့သော် ငှင်းနိုင်နိုင်မာမာ ဆုံးဖြတ်ထားသော်လည်း လတ် တလောအချိန်၌ မိခင်မှဆိုးမကြီးကို တစ်ယောက်ထဲထား၍ လူသတ် သမားကိုရှာရန် အခြေအနေမပေးသေးပါချေ။ အနေးနှင့်အမြန်တော့ ငှင်းဆုံးဖြတ်ထားသည့်အတိုင်း လူသတ်သမားကိုရှာပြီး ကလဲ့စား ပြန်ချေခွင့် ရလိမ့်မည်ဟု ယုံကြည်ပါသည်။

ယခုလည်း ပြီးခဲ့သော လပြည့်ညက ထိုအိပ်မက်ကို မက်ခဲ့ ပြန်၏။ ထို့ကြောင့် ငှင်းသည် ဒီတစ်ကြိမ်တွင်မူက်စိစုံမှိတ်ကာ လူသတ်သမားကိုရှာဖို့အတွက် ဆုံးဖြတ်ချက် ချလိုက်ပါတော့၏။

''မင်းတကယ် ဆုံးဖြတ်ပြီးပြီလား လူမော်၊ ဒီကိစ္စဟာ အန္တရာယ် အင်မတန်များနိုင်တယ်နော်''

ကျော်စွာက သတိပေးစကားဆိုသည်။ နန္ဒကလည်း...

''ဟုတ်တယ် လူမော်၊ အိပ်မက်ထဲက လူသတ်သမားကို





ရှာဖို့ဆိုတာ ကိုယ့်အတွက် အန္တရာယ်သိပ်ကြီးသလို၊ အပြင်မှာ တကယ်ရှာတွေ့ဖို့ဆိုတာလည်း မလွယ်ကူဘူး၊ ပြီးတော့ အဲဒီ လူ သတ်သမားကို ရှာတွေ့တဲ့အခါ ဘယ်လိုသက်သေ အထောက် အထားမျိုးနဲ့ မင်းကိုသတ်ခဲ့တဲ့အကြောင်း စွဲချက်တင်မလဲ၊ ဒီကိစ္စဟာ အင်မတန်မှ ရှုပ်ထွေးကြောင်ကြောင်နိုင်တဲ့ ကိစ္စကြီးကွ၊ အများကကြား ရင် ဒီလိုပဲမှတ်ချက်ပြုကြမှာ''

ဟု တွေးတွေးချင့်ချင့် စကားဆိုလာတော့၏။

''ဘာပဲဖြစ်ဖြစ်ကွာ၊ ငါ့ရင်ထဲက အမုန်းတရားတွေအတွက် တော့ ဒီနည်းနဲ့ပဲ ဖြေဖျောက်လို့ရနိုင်မှာ၊ ခုဆိုရင် အဲဒီအရိပ်မည်းကြီး ဟာ ငါ့ဘဝကို ဘယ်လောက်ခြောက်လှန့်နေခဲ့သလဲဆိုတာ မင်းတို့ အသိဆုံးပါကွာ၊

ဒီအတိုင်းပဲ ဆက်သွားရင်တော့ ငါ့ဘဝဟာ ဘယ်တော့မှ ငြိမ်းအေးချမ်းသာနိုင်မှာမဟုတ်ဘူး။ ဒါကြောင့် အဲဒီလူသတ်သမားကို မတွေ့တွေ့အောင်ရှာပြီး လက်စားချေဖို့ ဆုံးဖြတ်လိုက်တာ''

ငှင်းပြောပြီး သက်ပြင်းကို လေးလေးပင်ပင်ချလိုက်တော့၏။

''တားမရလည်း မင်းဆန္ဒအတိုင်းပေါ့ကွာ၊ ဒါပေမယ့် မင်း အမေအရီးလေးကို စောင့်ရှောက်ဖို့ကိစ္စအတွက်တော့ ငါတို့နှစ် ယောက်တာဝန်ထား၊ ကိုယ့်မိဘအရင်းလို ကာကွယ်စောင့်ရှောက်



www.burmeseclassic.com

www.burmeseclassic.com



သွားမယ်ဆိုတာ ကတိပေးတယ်"

ဟု ကျော်စွာက ပြောလိုက်လေ၏။ ထိုအခါ ငှင်းက…

"ကျေးဇူးတင်ပါတယ် သူငယ်ချင်းတို့ရယ်၊ မကြာခင်ရက်အတွင်းမှာ ငါခရီးထွက်တော့မှာကွ"

"ဒါဆိုရင် မင်းအတွက် ဘာတွေလိုအပ်လဲ"

ဟုနန္ဒကမေးသောအခါ ငှင်းကခေါင်းယမ်းလိုက်ပြီး…

"ဘာမှ မလိုအပ်ဘူး။ ဒါပေမယ့် ငါ့ရည်ရွယ်ချက် ပြည့်မြောက်ဖို့ပဲလိုအပ်တယ်၊ ပြီးတော့ ငါမရှိတဲ့နောက်မှာ ခုကိစ္စအတွက် ငါ့ကိုယ်စား အမေ့ကိုရှင်းပြပေးဖို့လည်းလိုအပ်တယ်"

ဟု အားကိုးယုံကြည်စွာ ပြောလိုက်လေ၏။ ကျော်စွာက

"ကောင်းပြီ၊ ဒီကိစ္စအတွက် မင်းစိတ်ချပါ၊ နောက်ကြောင်းအေးအေးထားပြီးသွားပါကွာ"

ကျော်စွာနှင့်နန္ဒက ကတိပေးစကား တညီတညွတ်တည်းဆိုကြသည်။

ထိုရက်ပိုင်းအတွင်းမှာ ငှင်းအိမ်မက်ထဲတွင် မြင်မက်ခဲ့သော မြန်မာပြည်အလယ်ပိုင်းရှိ မြို့ကြီးသို့ခရီးထွက်ခွာခဲ့လေတော့၏။

✠ ✠ ✠





( ၂ )

လူမော်သည် ငှင်းတို့မြို့လေးမှ မြန်မာပြည်အလယ်ပိုင်းရှိ မြို့ကြီးသို့ ခရီးထွက်ခွာခဲ့ရာတွင် ပထမ ရထားစီးရသည်။ ပြီး သင်္ဘော ပြန်စီးရသည်။ ထိုမှတဆင့် ကားစီးကာ ထိုမြို့ပြကြီးသို့ ရောက်ရှိသတော့၏။ ရက်သတ္တတစ်ပတ် ခရီးကြာညောင်းခဲ့သည်။

သို့ဖြင့် လူမော်သည် ထိုမြို့ကြီးသို့ ရောက်သောအခါ သင့်တော်သည့် တည်းခိုခန်းတစ်ခုတွင် တည်းခိုလိုက်၏။

ပထမ ငှင်းအိမ်မက်ထဲက မြို့ကြီးကိုရှာဖွေရာတွင် လွန်စွာမှ …ခဲလိမ့်မည်ဟု ထင်မှတ်ထားသော်လည်း တကယ်တမ်း ငှင်း …ယ်တိုင် ရှာဖွေသည့်အခါ အင်မတန်မှ ထူးဆန်းအံ့ဩစရာကောင်း …ာက်အောင် ထိုမြို့ကြီးသို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိခဲ့ပါ …ည်။ သမာဓေဝနတ်ကောင်း နတ်မြတ်များက လမ်းညွှန်ပေးရော့ …ထားဟုပင် ထင်မှတ်ရသည်။

ဘာပဲဖြစ်ဖြစ် ထိုမြို့ကြီးသို့ ငှင်းအခက်အခဲမရှိ အလွယ် …ူ ရောက်ရှိလာခဲ့ခြင်းအတွက် ရည်မှန်းချက်တစ်ဝက် အောင်မြင် …ု သတ်မှတ်ကာ အတန်ငယ် စိတ်ကျေနပ်မှုရရှိခဲ့လေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့ညနေပိုင်းက ငင်းသည် မြို့၏အခြေအနေကို လေ့လာစုံစမ်းပြီး တည်းခိုခန်းသို့ ပြန်ရောက်လာသည့်အခါ အံ့သြစရာတစ်ခုကို ကြုံရလေသည်။

"မနက်က အစ်ကိုလူကျော် စုံစမ်းနိုင်းထားတဲ့ကိစ္စ သတင်းအစအနတော့ရပြီ"

ဟု တည်းခိုခန်းမှ ဝန်ထမ်းလုပ်သားလေးတစ်ဦးက ငင်းအားလူမှား၍ လာရောက်ပြောဆိုလေ၏။

အဘယ်ကြောင့်ဆိုသော် ငင်းသည် မနက်က မြို့ထဲသို့ထွက်ခဲ့သည်မှာ မှန်သော်လည်း မည်သည့်ကိစ္စမျှ တစ်စုံတစ်ဦးကို မစုံစမ်းနိုင်းပါချေ။ ပြီးတော့ ငင်းအမည်က လူမော်ဖြစ်သည်။ တည်းခိုခန်းလုပ်သားလေး အမည်ခေါ်ချက်အရ လူမော်နှင့် လူကျော် မှားယွင်းနေကြောင်း ထင်ရှားနေ၏။

ထို့ကြောင့် မဟုတ်မှလွဲရော၊ ငင်းနှင့်လူကျော်ဆိုသောပုဂ္ဂိုလ်မှာ အမည်သံတူကြောင်းကွဲ ဆင်ခဲ့သလို၊ ရုပ်ချင်းချွတ်စွပ်တူပြီး အသက်အရွယ်ချင်းပါ မတိမ်းမယိမ်း ရှိနေလိမ့်မည်မှာ ကောင်းမှချပင်။

ထို့ကြောင့် ငင်းသည် လူကျော်မဟုတ်ကြောင်း ရှင်းမပြတော့ဘဲ တည်းခိုခန်းဝန်ထမ်းလုပ်သားလေးထံမှ သတင်းကို ရယူလိုက်တော့သည်။





ဒီတော့မှ ငင်းအတွက် ပို၍အံ့သြထိတ်လန့်သွားခဲ့ရ၏။

လူကျော်ဆိုသော ပုဂ္ဂိုလ် စုံစမ်းနိုင်းစေသည့်ကိစ္စမှာ ငင်းအိပ်မက်ထဲမှ စွဲလန်းစွာမက်ခဲ့ရသော၊ ငင်းကိုယ်တိုင် လာရောက်စုံစမ်းရှာဖွေနေသော မြို့အပြင်ရှိ တောအုပ်အုပ်ထဲမှ တောင်ကုန်းတစ်ခုဖြစ်နေခြင်းကြောင့်ပင်။

အင်မတန်မှ ထူးဆန်းတိုက်ဆိုင်သောဖြစ်ရပ်ပင် မဟုတ်ပါလား။

လူကျော်ဆိုသောပုဂ္ဂိုလ်သည် ငင်းကဲ့သို့ ဒီမြို့သို့ ရောက်ရှိလာခြင်းမှာ ငင်းနှင့်ရည်ရွယ်ချက်တူနေသည်။ မည်သည့်ကိစ္စကြောင့် ထိုတောင်ကုန်းကို စုံစမ်းနိုင်းစေခဲ့သနည်း။

သို့ရာတွင် အိပ်မက်ထဲက မြင်မက်ခဲ့ရသော ငင်းနှင့် သံယောဇဉ်အလွန်ရှိကြသည့် လူတစ်ဦးပေလော။ ထိုကဲ့သို့ တိုက်ဆိုင်နေခြင်းမှာ သာမန်ဖြစ်ရိုးဖြစ်စဉ် တိုက်ဆိုင်ခြင်းမျိုးမဟုတ်ဘဲ အကြောင်းတစ်ရပ် အခြေခံမှုအပေါ်မှာ တိုက်ဆိုင်ခြင်းသာ ဖြစ်ဖို့သေချာသည်။

ပဟေဠိဆန်ခဲ့သော ထိုအဖြေကို ညနေအ[illegible]လေး စောင်းသွားချိန်မှ ငင်းရရှိခဲ့လေ၏။

www.burmeseclassic.com



ထိုအချိန်မှာ မနက်ကထဲက ငရဲနည်းတူ မြို့ထဲသို့ ထွက်သွားသော လူကျော်ဆိုသောပုဂ္ဂိုလ် တည်းခိုခန်းသို့ ပြန်ရောက်လာပြီး ငရဲနှင့်အခန်းချင်းကပ်လျက် တည်းခိုရုံသာမက ငရဲနှင့် ရုပ်ချင်းပါ ချွတ်စွတ်တူပြီး ငရဲနှင့်အသက်အရွယ်ပါ မတိမ်းမယိမ်း ရှိနေခြင်းကြောင့် ဖြစ်လေတော့သည်။

✠ ✠ ✠

( ၃ )

လူကျော်သည် မိမိတည်းခိုရာ တည်းခိုခန်းသို့ ပြန်ရောက်ရှိပြီးနောက် မမျှော်လင့် မထင်မှတ်သော တိုက်ဆိုင်မှုများကြောင့် အံ့ဩစိတ်လှုပ်ရှားခဲ့ရ၏။

မိမိ ဒီဒေသသို့ ရောက်ရှိလာခြင်းမှာ အခြားသူတွေကဲ့သို့ လုပ်ငန်းကိစ္စ၊ သာမန်ခရီးသွားခြင်းမျိုးမဟုတ်ဘဲ မိမိအား အနှစ်နှစ် အလလက အရိပ်တစ္ဆေပမာ ခြောက်လန့်သွေးပျက်စေခဲ့သော အိပ်





မက်တစ်ခုကြောင့်ဖြစ်သည်။

ထိုအိပ်မက်သည် လွန်စွာမှ ထူးဆန်း၏။ မိမိသိတတ်စအရွယ်ကထဲက ထိုအိပ်မက်ကို တစ်လတစ်ကြိမ် လပြည့်ညရောက်တိုင်း မြင်မက်ရလေ့ရှိသည်။

အိပ်မက်ထဲတွင် မိမိတစ်ကြိမ်တစ်ခါမျှ မရောက်ဖူးသော မြို့ပြကြီးတစ်မြို့၊ ထိုမြို့ပြကြီးနှင့် မနီးမဝေးရှိတောအုပ်အုပ်ထဲမှ တောင်ကုန်းတစ်ခု။ ပြီးတော့ မိမိနှင့်ရုပ်ချင်းချွတ်စွတ်တူသော လူငယ်တစ်ယောက်။

ထိုလူငယ်နှင့် မိမိသည် အလွန်သံယောဇဉ်ရှိကြသော ပုံရိပ်ကိုမြင်ရ၏။ ထိုမှတဖန် အင်မတန်မှ ခက်ထန်မာကျောသော လူကြီးတစ်ယောက်သည် မိမိနှင့်ရုပ်ချင်းချွတ်စွတ်တူသည့် လူငယ်လေးအား တောင်ကုန်းတစ်နေရာတွင် အမျိုးမျိုးနှိပ်စက်ခဲ့၏။

ထိုမှတဖန် မိမိနှင့် ထိုလူငယ်အား ရက်ရက်စက်စက် သတ်ဖြတ်ခဲ့သောမြင်ကွင်း။ ထိုလူကြီးသည် မိမိတို့အား မည်သို့ကြောင့် သခုကဲ့သို့ ရက်ရက်စက်စက် သတ်ဖြတ်ခဲ့ရသနည်း။

ပို၍ထူးဆန်းစရာ ကောင်းသောအချက်မှာ ထိုအိပ်မက်ကို မြင်မက်ချိန်ကထဲကစ၍ ထိုလူကြီးကို လွန်စွာမှမုန်းတီးစိတ်များ ဖြစ်ပေါ်ကာ ပြန်ကလဲ့စားချေချင်စိတ်များ ဖြစ်ပေါ်ခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



ပထမတော့ ထိုအိပ်မက်ကို မေ့ဖျောက်ဖို့ ကြိုးစားခဲ့သေး၏။ သို့ရာတွင် တစ်လတစ်ကြိမ် ပုံမှန်မြင်မက်ရသည့်အခါ မိမိသည် ရိုးရိုးတိုက်ဆိုင်မှုဟု မသတ်မှတ်နိုင်တော့ဘဲ တစ်နေ့နေ့တစ်ချိန်ချိန်မှာ အိပ်မက်ထဲက မြန်မာပြည် အလယ်ပိုင်းရှိ မြို့ပြကြီးသို့ အရောက်သွားပြီး ထိုလူကြီးအား ပြန်ကလဲ့စားချေမည်ဟူ၍ နိုင်မာစွာ ဆုံးဖြတ်ချက်ချခဲ့ခြင်းကြောင့်ဖြစ်၏။

မိမိသည် ထိုကိစ္စကို ငယ်စဉ်ကထဲက ဖခင်ဖြစ်သူအား အကြိမ်ကြိမ်ပြောပြခဲ့ရာတွင် ပထမတွင် ဖခင်ဖြစ်သူမှာ ယုံကြည် မရှိခဲ့။ ပြောဖန်များလာသောအခါ ထိုအိပ်မက်နှင့်ပတ်သက်၍ မိ အပေါ် စိုးရိမ်ပူပန်မှုများဖြစ်ပေါ်ခဲ့၏။

ထို့ကြောင့် မိမိသည် နောက်ပိုင်း ထိုအိပ်မက်နှင့်ပတ်သက် ဖခင်ဖြစ်သူအား စိုးရိမ်ပူပန်မှု ဖြစ်ပေါ်မည်စိုး၍ တစ်လုံးတစ်ပါဒမျှ ဖွင့်မဟာတော့။ မိမိစိတ်အတွင်း၌သာ တစ်နေ့တခြားကြီးထား၍ ယ ကဲ့သို့ မြန်မာပြည်အလယ်ပိုင်းရှိ မြို့ပြကြီးသို့ ကားတစ်တန်၊ ရထ တစ်တန်၊ သင်္ဘောတစ်တန်ဖြင့် ခက်ခက်ခဲခဲ ရောက်ရှိလာခဲ့ခြ ဖြစ်သည်။

မိမိရောက်ရှိပြီး နောက်တစ်နေ့ ညနေပိုင်းမှာပင် တည် ခန်းသို့ ပြန်ရောက်လာသောအခါ အံ့သြမှုကို စတင်ကြုံရခြင်း ဖြ





တော့၏။

"ငါ့ညီ အစ်ကိုမနက်က စုံစမ်းခိုင်းထားတဲ့ကိစ္စ ဘာထူးသလဲ"

ဟု မိမိက တည်းခိုခန်း ပြန်ရောက်ရောက်ချင်း တည်းခိုခန်းဝန်ထမ်း အမှုထမ်းလူငယ်လေးအား မေးလိုက်၏။ ထိုအခါ လူငယ်လေးက အံ့သြစွာကြည့်ပြီး . . .

"ဟင် . . . ခုနက အစ်ကို့ကို အဲဒီကိစ္စ ကျွန်တော်အသိပေးလိုက်တယ်မဟုတ်လား"

"ဟာ . . . မဟုတ်တာပဲ၊ ငါ ခုမှတည်းခိုခန်းကို ပြန်ရောက်တာကွ"

မိမိစကားကြောင့် လူငယ်လေးသည် မယုံကြည်နိုင်စွာ ကြည့်ပြီး အူကြောင်ကြောင် ဖြစ်သွား၏။

"အစ်ကို တကယ်ပြောတာလား"

ဟု သံသယရှိစွာ မေးလာလေသည်။ မိမိက . . .

"ငါလိမ်ပြောရမလား၊ မင်းရှူးနေတာပဲ ဖြစ်လိမ့်မယ်"

ဟု ပြောဆိုလိုက်လေ၏။ ထိုအခါ လူငယ်က ဇဝေဇဝါဖြင့်

"ဒါဆိုရင် တစ်ခုခု မှားနေပြီဗျ"

"ဟုတ်တယ် . . . မင်း သေသေချာချာ ပြန်စဉ်းစားစမ်းပါဦး"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် ဘယ်လိုစဉ်းစားစဉ်းစား ဒီအဖြေပဲ ထွက်တယ်၊ ခုနတင်ပဲ အစ်ကိုနဲ့တူတဲ့ လူတစ်ယောက်ကို အစ်ကိုပဲထင်ပြီး ပြောပြလိုက်တာ"

"အဲဒီလူ ဘယ်ရောက်သွားပြီလဲ"

"အပေါ်ထပ်တက်သွားတယ်၊ အစ်ကိုလည်း အပေါ်ထပ်မှာ တည်းတာဆိုတော့ အစ်ကို့အခန်း အစ်ကိုပြန်နားတယ်ထင်ပြီး လိုက်မသွားတာ"

"ဟာ…ဒါဆိုရင် မဖြစ်ဘူး"

ဟုပြောကာ မိမိအပေါ်ထပ်သို့ အမြန်ဆုံး တက်ရောက်ရန် ကြိုးစားလိုက်ချိန်မှာပင်…

"ဒီအဖြစ်မှန်တွေ အားလုံးဟုတ်ပါတယ်"

အသံလာရာသို့ ကြည့်လိုက်တော့ မိမိနှင့်ရုပ်ချင်းချွတ်စွတ်တူသည်ဆိုသော လူတစ်ဦး။ မိမိ ထိုလူကိုကြည့်ပြီး ကိုယ့်ရုပ်ကိုယ် မှန်နှင့်ပြန်ကြည့်နေရသကဲ့သို့ ရှိနေ၏။

"ဟင်…မင်း…မင်း…ဘယ်သူလဲ၊ ဘာလာလုပ်တာလဲ၊ ဘယ်ကလဲ"

ဟု မိမိတအံ့တဩနှင့် မေးလိုက်ချိန်မှာပင် ထိုလူလှေကားမှ တဖြည်းဖြည်း ဆင်းရောက်လာလေတော့၏။

✠ ✠ ✠





( ၄ )

"ငါ့နာမည်က လူမော်၊ မြန်မာပြည်အောက်ပိုင်းက မြို့လေးအမ်မြို့မှာနေတယ်၊ အဖေမရှိတော့ဘူး။ ငါငယ်ငယ်ကတည်းက ငါ့အဖေက စက်လှေလုပ်သား အလုပ်ကိုလုပ်ရင်း စက်လှေနစ်မြုပ်တဲ့အထဲပါသွားတယ်၊ အမေမှုဆိုးမနဲ့ အတူနေတာ(၁၆)နှစ်ကျော်ပြီ၊ ဒီကိုလာရောက်ရတဲ့ရည်ရွယ်ချက်က…"

ဟူ၍ပြောဆိုကာ လူမော်သည် ၎င်းသိတတ်စအရွယ်ကတည်းက တစ်လတစ်ကြိမ် လပြည့်ညရောက်တိုင်း မြင်မက်ခဲ့သော အိပ်မက်အကြောင်းအရာနှင့်ပတ်သက်၍ ယခုကဲ့သို့ ဒီမြို့ကြီးသို့ ရောက်ရှိလာခဲ့ကြောင်း ရှင်းပြလိုက်လေ၏။

ထိုအခါ လူကျော်သည် မိမိနှင့် ဘဝချင်း၊ ရည်ရွယ်ချက်ချင်း၊ စိတ်ခံစားမှုချင်း၊ ထူးဆန်းသော အိပ်မက်မြင်မက်ရပုံချင်း တူနေသောကြောင့် တအံ့တဩ ဖြစ်သွားရလေ၏။ ပြီးမှ…

"ငါ့အမည်က လူကျော်၊ မြန်မာပြည် အထက်ပိုင်း မြို့လေးတစ်မြို့မှာနေတယ်၊ အမေမရှိတော့ဘူး၊ ငါ့ကိုမွေးပြီး သုံးနှစ်လောက်အကြာမှာ ဆုံးပါးသွားခဲ့တယ်၊ အဖေမုဆိုးဖိုနဲ့ပဲ အတူနေခဲ့တာ(၁၆)



www.burmeseclassic.com

www.burmeseclassic.com



နှစ်ကျော်ပြီး ဒီကိုလာရောက်ရတဲ့ ရည်ရွယ်ချက်ကလည်း...''

ဟူ၍ပြောဆိုကာ မိမိငယ်စဉ်ကတည်းက အရိပ်ပမာ စွဲထင်မက်ခဲ့သော အိပ်မက်ကြောင့် ယခုကဲ့သို့ ဒီမြို့သို့ လာရောက်ခဲ့ရကြောင်း ရှင်းပြလိုက်လေတော့သည်။

''ဒါဆိုရင် မင်းအဖြစ်နဲ့ ငါ့အဖြစ်က ထပ်တူကျပြီး ရည်ရွယ်ချက်ချင်း တူညီနေပါလား''

ဟု လူမော်က အံ့ဩဖွယ်ပြောဆိုလိုက်၏။ ထိုအခါ လူကျော်ကလည်း...

''ဟုတ်တယ်နော်၊ အဖြစ်အပျက်ဟာ သိပ်ကိုထူးဆန်းပြီး တိုက်ဆိုင်လွန်းတယ်၊ ငါ့အထင် အိပ်မက်ထဲက သိပ်ချစ်ပြီး သံယောဇဉ်ရှိကြတဲ့ လူငယ်နှစ်ဦးဟာ မင်းနဲ့ငါပဲ ဖြစ်လိမ့်မယ်''

ဟုထောက်ခံပြောဆိုလာ၏။

''ဒါ အသေအချာပဲ၊ မင်းနဲ့ငါဟာ စိတ်ချင်းဆက်သလို တစ်ချိန်တည်း တစ်ပုံစံတည်း မြင်မက်ခဲ့ကြတယ်၊ အဲဒီအိပ်မက်ကြောင့် လက်စားချေဖို့အတွက် ဒီမြို့ကို တစ်ချိန်တည်း ရောက်လာကြတယ်၊ တည်းခိုတာလည်း တစ်နေရာထဲ၊ ပြီးတော့ အပြင်မှာ မင်းနဲ့ငါဟာ အမွှာညီအစ်ကိုလား ထင်ရလောက်အောင် ရုပ်ချင်းချွတ်စွတ်တူနေတယ်''





လူမော်က ပြောဆိုထောက်ပြလိုက်သဖြင့် လူကျော် ခေါင်းတဆတ်ဆတ်ညိတ် ထောက်ခံပြီး...

''အင်း...အဖြစ်အပျက်ဟာ လုံးဝမယုံကြည်နိုင်စရာပဲကွာ၊ မျက်မြင်ကိုယ်တွေ့ဖြစ်လို့သာ ယုံကြည်ရတယ်၊ ရက်ရက်စက်စက် အသတ်ခံလိုက်ရတဲ့ မင်းနဲ့ငါပဲဆိုပါစို့၊ အဲဒီအချိန်ကတည်းက ထူးဆန်းတဲ့ စိတ်ချင်းဆက်နွယ်မှုတွေ ရှိခဲ့ကြလိမ့်မယ်၊ ဒါပေမယ့် ခုန ငါပဟေဠိဖြစ်ခဲ့တာတွေတော့ ရှင်းသွားပါပြီ''

ဟုပြောလေသည်။ လူမော်က သက်ပြင်းရှည် တစ်ချက်ချလိုက်ပြီး...

''ငါလည်း ဒီလိုပါပဲ၊ ဒါကြောင့် မင်းနဲ့ငါပေါင်းပြီး ဒီကိစ္စကို အတူဖြေရှင်းကြရင် မကောင်းဘူးလား''

''ဟာ...သိပ်ကောင်းတဲ့ အကြံပဲ''

လူကျော်က လက်ဖျောက်တစ်ချက်တီး၍ အားတက်သရော ထောက်ခံကာ ဝမ်းသာသွားပုံရ၏။

''ဒါဆိုရင် မင်းနဲ့ငါ အိပ်မက်ထဲက ရက်ရက်စက်စက် သတ်သွားတဲ့လူကြီးကို ဒီမြို့မှာ မြေလှန်ရှာပြီး ကလဲ့စားပြန်ချေရမယ်''

ဟု လူမော်က အံကိုတင်းတင်းကြိတ်ပြီး ပြောလိုက်သည့်အခါ လူကျော်ကလည်း လက်သီးလက်မောင်းတန်း၍ အောက်ပါ



www.burmeseclassic.com

အတိုင်း ရင့်ကျူးကြွေးကျော်လိုက်လေတော့၏။

"ကိုင်း . . . ကျုပ်တို့ကို ရက်ရက်စက်စက် သတ်သွားတဲ့ လူကြီး အိမ့်မှာ ခင်ဗျားအတွက် ပြေးစရာမြေ မရှိစေရဘူးဗျ"

ဟူ၍ဖြစ်လေသတည်း။

✠ ✠ ✠

( ၅ )

ထုံးစံအတိုင်း လူကျော်နှင့် လူမော်တို့နှစ်ယောက် ပေါင်းပြီး ထိုကိစ္စကို တိတ်တဆိတ် စုံစမ်းခဲ့ကြ၏။

သို့ရာတွင် ၎င်းတို့ စုံစမ်းသော ကိစ္စသည် အိပ်မက်ထဲက အကြောင်းအရာဖြစ်ပြီး ပုံပြင်တစ်ပုဒ်၊ ဒဏ္ဍာရီတစ်ပုဒ်သဖွယ် ဖြစ်နေ သဖြင့် ကြားသိသူအားလုံးက ခပ်ကြောင်ကြောင် လူနှစ်ယောက်ဟု မြင်ကာ ဝိုင်းဟားကြသည်။ လှောင်ကြသည်။

၎င်းတို့ စုံစမ်းသော နေရာများကား ကားဂိတ်၊ ဈေး၊ ထမင်းဆိုင်၊ ပျော်ပွဲစားရုံနှင့် မထင်မရှား အရက်ဆိုင်တို့ပင် ဖြစ်ကြသည်။

ထို့ကြောင့် ၎င်းတို့နှစ်ဦး စုံစမ်းသောကိစ္စမှာ ကောက်ရိုးပုံထဲ အပ်ပျောက်ရှာရသလို လွန်စွာမှ ခက်ခဲလှချေသည်။

သို့ရာတွင် ၎င်းတို့နှစ်ဦးသည် စိတ်ဓာတ်မကျဘဲ ဆက်လက်စုံစမ်းရှာဖွေခဲ့၏။

အထူးသဖြင့် ၎င်းတို့ရှာဖွေသော လူသတ်သမား၏ အမည်ကိုလည်း မည်သူမည်ဝါ အတိအကျ ခိုင်ခိုင်လုံလုံ မပြောနိုင်သောကြောင့် ယခုကဲ့သို့ လူအများက ဝိုင်းဟားကြခြင်းဖြစ်သည်။

သို့ဖြင့် ၎င်းတို့နှစ်ဦးသည် ရက်သတ္တတစ်ပတ်မြောက်သောနေ့တွင် ၎င်းတို့အိပ်မက်ထဲတွင် မြင်မက်ခဲ့သော မြို့နှင့်မလှမ်းမကမ်းရှိသောအုပ်အုပ်အတွင်း တောင်ကုန်းနေရာသို့ ရောက်ရှိခဲ့ကြသည်။

တစ်နေကုန် ထိုတောင်ကုန်းပေါ်တွင် ထိုင်စဉ်းစား အမြေ ရှာကြပြီး ညနေစောင်းရောက်သောအခါ တောင်ကုန်း ပတ်ဝန်းကျင် အနီးသို့ လျှောက်ကြည့်ရာတွင် မမျှော်လင့်ဘဲ တောင်ကုန်းနှင့် အတန်ငယ်လှမ်းသော မြေပြန့်တစ်နေရာတွင် တဲတစ်လုံးကို လှမ်း တွေ့ရလေ၏။

ထို့ကြောင့် ၎င်းတို့နှစ်ဦးသည် ထိုတဲရှိရာသို့ လျှောက်ခဲ့ သည်။

www.burmeseclassic.com



တဲဝသို့ ရောက်သောအခါ အထဲသို့ လှမ်းကြည့်လိုက်ရ
တွင် အိပ်ရာပေါ်၌ အသက်ဖုတ်လိုက်ဖုတ်လိုက်နှင့် ကြိုးစားပြီး
အသက်ရှူနေပုံရသော ခပ်စုတ်စုတ် အဘိုးအိုတစ်ဦးကို တွေ့ရှိလိုက်
ကြ၏။

"အထဲမှာ လူမမာအဘိုးအို တစ်ဦးဖြစ်ပုံရတယ်၊ ဝင်
ဝင်ကြည့်ရအောင်"

လူမော်က ပြောလိုက်ပြီး နှစ်ယောက်သား အဘိုးအိုရှိရာ
တဲပေါ်သို့ တက်လိုက်ကြ၏။

"အဘိုး ကျွန်တော်တို့ ခွင့်မတောင်းဘဲ တက်လာမိ
အတွက် ခွင့်လွှတ်ပါ"

ဟု လူမော်က ဆိုလိုက်၏။

ဒီတော့မှ အသက်ကိုကြိုးစားပြီး ရှူသွင်းနေပုံရသော အဘိုး
အိုမှာ မျက်စိအသာဖွင့်လျက် ပက်လက်အနေအထားမှ ၎င်းတို့ကို
ကြည့်လိုက်သည်။

"ရ…ရပါတယ်ကွယ်၊ ဒါနဲ့ မောင်ရင်တို့က ဘယ်သူများ
တုံး"

ရုတ်တရက် အဘိုးအို မေးလာသော မေးခွန်းအတွက်
လူကျော်က အလွယ်တကူပင် ပါးနပ်စွာ ဖြေကြားလိုက်၏။





"ကျွန်တော်တို့က ခရီးသွားလူငယ်နှစ်ယောက်ပါ၊ မျက်စိ
လည်ပြီး ဒီဘက်ကိုရောက်လာရင်း အဘိုးရဲ့တဲကိုတွေ့လို့ ဝင်လာခဲ့
တာ"

"သြော်…သြော်…ခရီးသွားတွေပဲ၊ အင်း…အဘိုးဟာ
မြင်တဲ့အတိုင်းပဲ၊ လူကလေးတို့ကို ကောင်းကောင်းဧည့်မခံနိုင်တာ
စိတ်မရှိပါနဲ့ကွယ်"

ဟု လေသံတိုးတိုးဖြင့် ပြောလာလေ၏။ ထိုအခါ လူမော်
က…

"ဟာ…ကိစ္စမရှိပါဘူးအဘိုး၊ ကျွန်တော်တို့အတွက်
ဘာမှ မလိုအပ်ပါဘူး၊ ဒါနဲ့ အဘိုးက ဘာရောဂါနဲ့ အခုလို အိပ်ရာ
ထဲလဲနေတာလဲ"

ဟု စိတ်မကောင်းဟန် မေးလိုက်၏။ ထိုအခါ အဘိုးအိုက
၎င်းတို့နှစ်ဦးကို စူးစမ်းသလို တစ်ချက်ကြည့်လိုက်ပြီး သက်ပြင်းချ
လေ၏။

"အင်း…အိပ်ရာထဲ လဲနေတာ နှစ်နှစ်ကျော်နေပြီ၊ ကောင်း
ကိုက်ပြန်လဲလိုက်နဲ့ သံသရာကို လည်နေတာပါပဲကွယ်၊ ဘာရောဂါ
လည်းဆိုတော့ နာတာရှည် လူကြီးရောဂါပေါ့ကွယ်"

ဟု၍ တစ်လုံးချင်း ဖြေကြားလေ၏။ ထိုအခါ လူကျော်က



www.burmeseclassic.com

www.burmeseclassic.com



စကားထောက်ဝင်ပေးလိုက်ပြန်သည်။

"ဟုတ်ကဲ့··ကြားရတာ စိတ်မကောင်းပါဘူး။ ဒါနဲ့ အဘိုး မှာ ဆွေမျိုးသားချင်းတွေ မရှိဘူးလား"

"အင်း···အဘိုးက တစ်ကောင်ကြွက်ပါ။ ဒီတောထဲ တောင်ထဲမှာပဲ ကြီးပြင်းလာတာ၊ အဘိုးဟာ တစ်သက်လုံးက ဒီတော ထဲမှာပဲ မုဆိုးအလုပ်နဲ့ ကျင်လည်ခဲ့တာဆိုတော့၊ အင်း···ခုချိန် ဟာ အဘိုးရဲ့ နေဝင်ချိန်တန်ပြီလို့ ပြောရမယ်၊ တစ်လျှောက်လုံး သူများအသက်ကိုချည်း သတ်ခဲ့တဲ့ အကုသိုလ်တွေက စုပုံပြီး ပြန် ဝဋ်လည်ခံစားနေရတာ ဖြစ်ပါလိမ့်မယ်"

ဟု အဘိုးက ညည်းညည်းညူညူ ပြောလာသဖြင့် ၎င်းတို့ နှစ်ဦး စိတ်မကောင်းဟန်ဖြင့် သက်ပြင်းချလိုက်ကြသည်။

သို့ရာတွင် အဘိုးအို ပြောစကားအရ ဒီတောထဲမှာ ကြီး ပြင်းပြီး မုဆိုးအလုပ်လုပ်ခဲ့တာပါ ဆိုသောအချက်မှာ ၎င်းတို့အတွက် စိတ်ဝင်စားစရာ ဖြစ်သွား၏။ ၎င်းတို့ စုံစမ်းရှာဖွေနေသော ကိစ္စ အတွက်လည်း တစ်စုံတစ်ရာ အထောက်အကူပြု သဲလွန်စရှိ မြင်း အားတက်သွားကြသည်။

ထို့ကြောင့် လူမော်နှင့် လူကျော်သည် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ အဖြေရှာလိုက်ကြပြီး တစ်စုံတစ်ရာအဓေ





စိတ်တူကိုယ်တူ နားလည်နေဟန်ဖြင့် ခေါင်းညိတ်လိုက်ကြသည်။

သို့ဖြင့် အဘိုးအိုအား ၎င်းတို့သိချင်သော ကိစ္စကို ကြားဖူး နားဝပုံစံမျိုး သွယ်ဝိုက်သောနည်းဖြင့် မေးမြန်းရန် ကြိုးစားလိုက်ကြ တော့သည်။ လူမော်က···

"ဘာမှအားမငယ်နဲ့အဘိုး။ အဘိုးကို ကျွန်တော်တို့ တတ် နိုင်သလောက် ပြုစုပေးပါ့မယ်၊ ကျွန်တော်တို့အတွက်လည်း ကုသိုလ် ရပါတယ်"

ဟုပြောဆိုလိုက်၏။ လူကျော်ကလည်း···

"ဟုတ်ပါတယ် အဘိုး။ ကျွန်တော်တို့က ခရီးသွားပေမဲ့ ဆိုပေမယ့် အဘိုးနဲ့ရေစက်ရှိလို့ အခုလို ဆုံရတာ၊ ဆုံတဲ့အတွက် ကိုယ်တတ်နိုင်တဲ့ဘက်က ကူညီပေးရတာ ကျွန်တော်တို့အတွက် အပန်းမကြီးပါဘူး"

ဟု ထောက်ခံပြောဆိုလိုက်သည်။ ထိုအခါ အဘိုးအိုက သူ့အခြေအနေ သူသိနေဟန်ဖြင့် ခေါင်းခါယမ်းလိုက်ပြီး···

"သာဓုပါကွယ်···သာဓု···သာဓု၊ ဒါပေမယ့်···အဘိုး ကို ပြုစုလည်း မောင်ရင်တို့အတွက် အချိန်ကုန်ပြီး အလကားပဲ ဖြစ်ပါလိမ့်မယ်၊ အဘိုးဟာ မကြာခင် သေရတော့မယ် လူတစ် ယောက်ပါ၊ အဘိုးသေမှာကို မကြောက်ပါဘူး။ အင်း··လူ့ဘဝ



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာ တိုလွန်းပေမယ့် အချိုးအကွေ့၊ အနိမ့်အမြင့်၊ အနီးအဝေး အသွားအပြန်ဆိုတာမျိုးဟာ အိပ်မက်တမျှလို ထူးဆန်းလွန်းလှတယ် ကွယ်''

ဟုပြောလာသော အဘိုးအို၏ နောက်ဆုံးစကားက အတော်လေး အဓိပ္ပါယ်ရှိနေသဖြင့် စဉ်းစားစရာတွေ အများကြီးရရှိလိုက်၏။

ထို့ကြောင့် ၎င်းတို့နှစ်ဦးသည် တစ်ချိန်လုံး၊ တစ်လျှောက်လုံး အိပ်မက်ဆိုးသဖွယ် ကြုံခဲ့ကြရသော အဖြစ်မှန်ကို ဖွင့်ပြောပြီး ထိုကိစ္စနှင့်ပတ်သက်၍ မေးမြန်းကြည့်မည်ဟု ဆုံးဖြတ်လိုက်တော့၏။

လှမော်က…

''အဘိုးကို ကျွန်တော်တို့ ကိစ္စတစ်ခုလောက် မေးပါရစေ''

ဟုဆိုလိုက်သဖြင့် အဘိုးအိုက ဘာမှမထူးခြားသောဟန်ဖြင့်…

''မေးပါကွယ်…မေးပါ''

ဟုခွင့်ပေးလာ၏။ ထိုအခါ လှမော်က ဆက်လက်၍

''ဒီလိုပါအဘိုး၊ ဟိုးလွန်ခဲ့တဲ့ နှစ်ပေါင်းများစွာက ဒီနယ် ဒီနေရာမှာ ထူးဆန်းတဲ့ အဖြစ်အပျက် တစ်ခုခုများ ရှိခဲ့ဖူးလား''

ဟု မေးမြန်းလိုက်လေ၏။





''ထူးဆန်းတဲ့ အဖြစ်အပျက်၊ မောင်ရင်ဆိုလိုတာက ဘယ်လိုအဖြစ်အပျက်မျိုးလည်း''

ဒီတော့မှ အဘိုးအိုက နားမလည်ဟန်ဖြင့် ပြန်မေးလာ၏။ လှကျော်ကဝင်၍…

''ဒီလိုပါအဘိုး၊ လူနှစ်ယောက်ကို လူတစ်ယောက်က ရက်ရက်စက်စက် သတ်တဲ့အဖြစ်မျိုးပါ''

ဟုရှင်းပြလိုက်သည်။ ထိုအခါ အဘိုးအိုသည် အသက်ကို နှမ်းရှူသွင်းရင်းမှ မျက်မှောင်ကြုတ် တစ်ချက်စဉ်းစားလိုက်ပြီး

''အင်း…မောင်ရင်တို့ မေးပုံအရဆို ဒီတောင်ကုန်းတစ်နေရာမှာ လွန်ခဲ့တဲ့ နှစ်ပေါင်း နှစ်ဆယ်ကျော်က အဘိုး အမဲလိုက်ရင်း ကြုံခဲ့တဲ့ အဖြစ်အပျက်တစ်ခုရှိတယ်''

ဟု ဖြေကြားလာသဖြင့် ၎င်းတို့နှစ်ဦး လွန်စွာမှ စိတ်လှုပ်ရှားကာ လွန်စွာမှ စိတ်ဝင်စားသွားကြ၏။

''ဒါဆိုရင် ကျွန်တော်တို့ကို ပြောပြပါလား အဘိုး''

ဟု လှမော်က မျှော်လင့်မရဘဲ လောပြီးပြောဆိုလိုက်၏။ အဘိုးအိုက အရောင်ယဲ့ယဲ့ သူ့မျက်လုံးများကို အသာမှိတ်လိုက်ပြီး နောက်ပါအတိုင်း ဖြေကြားလာတော့၏။

''အဖြစ်အပျက်က ကြာပြီဆိုပေမယ့် အဘိုးအဖို့နဲ့ ဒီတိုင်း



www.burmeseclassic.com

www.burmeseclassic.com



ရွေ့ ကိုယ်တိုင်ကြုံတွေ့ ကြားသိခဲ့ရတာဆိုတော့ မနေ့တစ်နေ့ အတိုင်းလိုပါပဲကွယ်၊ အဲဒီအချိန်တုန်းက ဒီမြို့ကြီးရဲ့ နယ်တစ်ကြော မှာ အင်မတန်မှ နာမည်ကြီးတဲ့ ဓားပြကြီး တိမ်ညိုဆိုတာရှိခဲ့တယ်

"ဒီနာမည်ကြားတာနဲ့ ဒီနယ်တကြောမှာ အားလုံးတုန်လှုပ် ချောက်ချားပြီး ကြောက်ရွံ့ကြတယ်၊ ပြောရရင်တော့ အရှည်ကြီး ပထမ တိမ်ညိုဆိုတဲ့ ဓားပြကြီးဟာ ဆင်းရဲသားနင်းပြားတွေဘက် ရပ်တည်ပြီး အင်္ဂလိပ်အစိုးရဘက်က မြို့ပိုင်တို့ နယ်ပိုင်တို့ကို အ အရေးရတာနဲ့ အမျိုးမျိုးပညာပေးခဲ့တယ်"

"ဆင်းရဲသားနင်းပြားတွေအပေါ် အမြတ်ကြီးစား ဂုတ် စုတ်တဲ့ အရင်းရှင်များနဲ့ ချစ်တီးကုလားများပါမကျန် ဓားပြတိုက် အပြတ်ရှင်းပစ်တယ်၊ မတရားချုပ်ဆိုထားတဲ့ စာချုပ်တွေကို ဖျက် ပစ်တယ်၊ ဓားပြတိုက်လို့ ရထားတဲ့ပစ္စည်းတွေကို ဆင်းရဲသား ဝေငှပေးတယ်"

"ဒီလိုနဲ့ နှစ်အတော်လေးကြာလာတဲ့အခါမှာ ဓားပြ တိမ်ညိုဟာ ဘယ်လိုကဘယ်လို စိတ်ပြောင်းသွားတယ် မသိ ချစ်တီးကုလားတွေဆီက ပစ္စည်းတွေကို မဝေငှတော့တဲ့အပြင် ရ စက်ကွင်းထဲရောက်လာတဲ့ မိန်းမပျိုလေးတွေမှန်သမျှ အလွတ်မ ဘဲ ဖျက်ဆီးပစ်တယ်"





"ဒီတော့ ဓားပြကြီး တိမ်ညိုဟာ ဆင်းရဲသား နင်းပြားများရဲ့ ကျေးဇူးရှင်အဖြစ် အသိအမှတ်ပြုထားရာမှ ဆင်းရဲသားနင်းပြားများ ထောင် ချမ်းသာမပေးတော့ဘဲ တကယ့်ကို ကြောက်စရာကောင်း တဲ့ ရန်သူကြီးအဖြစ် သတ်မှတ်လိုက်ကြတယ်"

"ဓားပြကြီးတိမ်ညို အရှင်လတ်လတ် ပြောင်းသွားရတဲ့ကိစ္စ ဘယ်သူမှ မယုံကြည်ချင်ကြဘူး၊ တကယ်တော့ ဒီအဖြစ်အပျက်ဟာ သိပ်ကိုရှုပ်ထွေးခဲ့တယ်"

"အဲ့ ဒီနေရာမှာ အရေးကြီးဆုံး ကျန်ခဲ့တဲ့ အချက်တစ် ချက်က ဓားပြကြီးတိမ်ညို မူလရည်ရွယ်ချက်လုပ်ငန်းစဉ် မပြောင်းခင် အချိန်တုန်းက သူ့ဆီကို အသက်နှစ်ဆယ်ဝန်းကျင် ညီအစ်ကိုနှစ် ယောက် ရောက်လာကြတယ်"

"အတိုချုံးပြောရရင် အဲဒီညီအစ်ကိုနှစ်ယောက်ဟာ အကျင့်လူမျိုးတွေ၊ သူတို့ဆီမှာ အနိုမ်ခံဘဝနဲ့ ရပ်တည်ခဲ့ရတဲ့ အတွက် အဲဒီမှာအုပ်ချုပ်တဲ့ အရင်းရှင်အကြီးအကဲက ရန်သူအဖြစ် သတ်မှတ်၊ ဆုငွေထုတ်လိုက်တဲ့အတွက် မြန်မာပြည် အစွန်အဖျား နယ်ထဲကို ခိုလှုံဖို့ရောက်လာကြရင်းနဲ့ ဓားပြကြီး တိမ်ညိုနဲ့တွေ့ပြီး ဓားပြကြီးတိမ်ညိုရဲ့ မွေးစားသားတပည့်အဖြစ် ခံယူလိုက်ကြတယ်"

"သူတို့သုံးယောက်ပေါင်းပြီး လှုပ်ရှားတဲ့သတင်းက ဒီနယ်



www.burmeseclassic.com

www.burmeseclassic.com



တစ်ကြောမှာပါမကာ အခြားမြို့ရွာတွေမှာပါ ဆင်းရဲသားနှင်းပြားများ ကယ်တင်ရှင်အဖြစ် 'တိမ်ညိုသုံးဖော်'လို့တောင် တင်စားခေါ်ဝေ ကြတဲ့အထိ ကျော်ကြားခဲ့ကြတယ်"

"အဲဒီကနေ ခုနစကားကို ပြန်ဆက်ရရင် တိမ်ညိုသုံးဖော် ဟာ ကောင်းတဲ့ဘက်ကနေ၊ မကောင်းတဲ့ဘက်ကို နာမည်ပျက်ပြီး လူတိုင်းအော့နှလုံးနာ ရွံမုန်းသွားခဲ့ကြတဲ့အထိပဲ"

ဟုအဘိုးအိုက ပြောပြီးစကားကို ခေတ္တဖြတ်လိုက်သည်။ အတော်လေး မောပန်းလာသဖြင့် အသက်ကို မှန်မှန်ရှူသွင်းနေရ

အဘိုးအိုကိုကြည့်ပြီး ငှင်းတို့စိတ်မကောင်းပါ။ သို့ရာတွင် အဖြစ်အပျက်က အရေးကြီးဆုံးအချိန်ရောက်နေ၍ အဘိုးအိုအား မပြောပါနှင့်တော့ဟု မတားမြစ်တော့ဘဲ ပြောလာချိန်ကိုသာ စော ဆိုင်းနေခဲ့ကြတော့၏။

အတန်ငယ် အမောပြေသွားသောအခါ အဘိုးအိုက ဆက် လက်ရှင်းပြလာသည်။

"တကယ်တော့ ဒီအဖြစ်အပျက်တွေဟာ သိပ်ကိုဆန်း ကြယ်ပြီး ကြေကွဲစရာကောင်းတယ်၊ အများကတော့ ဓားပြကြီး တိမ်ညိုဟာ ဖွတ်ထွက်မှတောင်ပို့မုန်းသိတဲ့ လူယုတ်မာကြီးလို့ပဲ သတ် မှတ်ခဲ့ကြတယ်"





"မဟုတ်ဘူးလား အဘိုး"

ဟု လူကျော်က စကားဝင်ထောက်လိုက်လေ၏။ အဘိုးအို က ခေါင်းယမ်းပြီး…

"မဟုတ်ဘူး လူကလေးတို့၊ ဒီအဖြစ်မှန်ကို မသိရင်တော့ ဓားပြကြီးတိမ်ညိုဟာ သူတို့ထင်သလိုပါပဲ၊ တကယ်တော့ ဓားပြကြီး တိမ်ညိုအစစ်ဟာ တကယ့်ကို ရဲစွမ်းသတ္တိနဲ့ ပြည့်စုံတဲ့ယောကျ်ား ကောင်းတစ်ယောက်ပါကွယ်၊ ဒီလိုအောက်တန်းကျတဲ့ အလုပ်မျိုးကို ဘယ်တုန်းကမှ မလုပ်ခဲ့ဘူး"

"ဘယ်လို အဘိုး၊ ဓားပြကြီး တိမ်ညိုအစစ်ဟုတ်လား၊ ဒါဆို ဓားပြကြီးတိမ်ညိုအတု ရှိတယ်ဆိုတဲ့ အဓိပ္ပါယ်လားအဘိုး"

ဟု လူမော်က အံ့ဩဟန်ဖြင့် မေးလိုက်၏။ အဘိုးအိုက

"သိပ်ဟုတ်တာပေါ့ကွယ်၊ ဓားပြကြီး တိမ်ညိုအစစ်ရဲ့ နာမည်ကို အသုံးချပြီး လူယုတ်မာဓားပြကြီး တိမ်ညိုအတုဟာ မသမာမှုတွေ အများကြီး ကျူးလွန်ခဲ့တာ၊ တစ်နေ့မှာ ဓားပြကြီး တိမ်ညိုအစစ်ဟာ သူ့မွေးစားသား တိဘက်ကလေး ညီအစ်ကိုနှစ် ယောက်ကို တောထဲမှာ ခေတ္တထားပြီး ကိစ္စတစ်ခုနဲ့ ခရီးထွက်သွား ခဲ့တယ်"

"ညအချိန် တောလမ်းတစ်နေရာမှာ ဓားပြကြီးတိမ်ညို ဆီ



www.burmeseclassic.com

www.burmeseclassic.com



ပျော်နေတုံး ကိုယ်စိပ်ပညာ အဆင့်အတန်း မြင့်မြင့်တတ်ထားတဲ့ ကျော်ခေါင်အမည်ခံ ဓားပြကြီးတိမ်ညိုအတုဟာ တိတ်တဆိတ် လုပ်ကြံသတ်ဖြတ်လိုက်တယ်''

''ပြီးတော့ ဓားပြကြီးတိမ်ညိုအတု ကျော်ခေါင်ဟာ ရုပ်ပြောင်းရုပ်လွှဲပညာ အတော်လေး ကျွမ်းကျင်တဲ့အတွက် အလွယ်တကူပဲ ဓားပြကြီး တိမ်ညိုအစစ်နေရာကို ရုပ်ပြောင်းရုပ်လွှဲနဲ့ အစားထိုးဝင်ပြီး ပြန်လာခဲ့တယ်''

''ဘာကြောင့် ဒီအကြောင်းတွေ ဇစ်ဇစ်မြစ်မြစ် သိရသလဲဆိုတော့ ခုန အဘိုးဆိုခဲ့သလို အဘိုးဟာ ဒီတောထဲမှာ နှစ်ပေါင်းများစွာ မုဆိုးဘဝနဲ့ နေထိုင်ခဲ့တယ်ဆိုတာ၊ တကယ်တော့ အဘိုးဟာ မြေအောက်တော်လှန်ရေးသမားတစ်ဦးဘဝနဲ့ မုဆိုးအလုပ်လုပ်ပြီး နေထိုင်ခဲ့တာကြောင့်ပဲ''

''နောက်ပြီး လှူယုတ်မာ ကျော်ခေါင်ဟာ အဘိုးနဲ့ သိုင်းပညာတစ်ဆရာတည်းထွက်ဖြစ်ဖူးတယ်၊ အဘိုး(၁၅)နှစ်သားအရွယ်က သာယာဝတီနယ်ဘက်က အင်မတန် နာမည်ကြီးတဲ့ ရှမ်းသိုင်းဆရာကြီးတစ်ဦးဆီမှာ သိုင်းပညာသင်ခဲ့ကြတာ''

''သိုင်းပညာတတ်ပြီးတဲ့ထဲက ဒီကောင်ဟာ မသမာမှုတွေကို ကျူးလွန်တော့တာပဲ၊ ဒါကြောင့် ကျော်ခေါင်ရဲ့အကြောင်းကို





အဘိုး အစအဆုံး သိခဲ့တာ၊ ဒီလိုနဲ့ လှူယုတ်မာကျော်ခေါင်ရဲ့ လက်ချက်နဲ့ ဓားပြကြီးတိမ်ညို သေဆုံးပြီးတဲ့နောက် ဓားပြကြီးတိမ်ညိုအမည်ခံရုပ်ပြောင်း ပုံစံတူနဲ့ လှူယုတ်မာကျော်ခေါင်ဟာ ဆန့်ကျင်ဘက်မကောင်းမှုတွေကို ဆက်တိုက်ကျူးလွန်တော့တာပဲ''

''ဒါပေမယ့် တိဘက်ကလေး ညီအစ်ကိုနှစ်ယောက်ဟာ သူတို့ဆရာ ဓားပြကြီးတိမ်ညို စိတ်ဓာတ်လိုပဲ မဟုတ်မခံ၊ မမှန်တာ လုပ်ဘူး၊ ဆင်းရဲသားနင်းပြားများဘက်ကပဲ ရပ်တည်ကြတယ်၊ ကြောင့် ခရီးထွက်သွားပြီး ပြန်လာတဲ့ သူတို့ဆရာတိမ်ညိုဟာ ပြောင်းအလဲကြီး ပြောင်းလဲသွားခဲ့တဲ့အတွက် သူတို့ဆရာအပေါ် သံသယဖြစ်လာတယ်၊ ယခင် သူတို့ဆရာပုံစံမျိုးနဲ့ ဆန့်ကျင်ဘက်ကောင်းတာလုပ်ဖို့၊ ကျူးလွန်ဖို့ခိုင်းစေတိုင်း ညီအစ်ကိုနှစ်ယောက် လက်မခံဘူး၊ ငြင်းဆိုတယ်၊ ဆန့်ကျင်ခဲ့တယ်''

''တစ်နေ့မှာ သူတို့ဆရာစမ်းချောင်းမှာ ရေချိုးနေတုန်း တိတ်တဆိတ် လိုက်သွားပြီး မသင်္ကာလို့ ကြည့်လိုက်တဲ့အခါ သူတို့ ဆရာတိမ်ညိုအစစ်နဲ့ ပုံစံတူတဲ့ မျက်နှာဖုံးစွပ်တစ်ခုကို ကမ်းစပ်မှာ ချွတ်ပြီး ကျော်ခေါင်ရဲ့ အလိမ်တွေ ပေါ်တော့တာပဲ''

''သူ့အဖြစ်မှန်ကို သိသွားတဲ့အတွက် လှူယုတ်မာကျော်ခေါင်ဟာ တိဘက်ကလေး ညီအစ်ကိုနှစ်ယောက်နောက်ကို အသည်း

www.burmeseclassic.com



အသန် လိုက်ဖမ်းဆီးပြီး ဒီတောထဲက တောင်ကုန်းလေးမှာ နှုတ်ပိတ်ပစ်လိုက်တယ်''

''အဲဒီအချိန်မှာ တိဘက်ကလေးညီအစ်ကိုနှစ်ယောက်ဟာ အင်မတန်မှ ကြောက်စရာကောင်းလောက်အောင် သေအုံ့မှုန်မှုန်အချိန်မှာ သစ္စာပြု ကျိန်စာတိုက်သွားခဲ့ကြတယ်၊ 'သူတို့ညီအစ်ကိုနှစ်ယောက်ဟာ သိတတ်စအရွယ်ကတည်းက ဆင်းရဲသား နင်းပြားတွေဘက်က ရပ်တည်ပြီး အမှန်တရားကို ချစ်မြတ်နိုးခဲ့ကြတယ်၊ ဤသစ္စာကြောင့် သူတို့ညီအစ်ကိုနှစ်ဦး သွေးမြေကျခဲ့သလို ဖြစ်ဖေ ရာဘဝဆက်တိုင်းမှာ ဤအဖြစ်ဆိုးကြီးကို မှန်ရိပ်သဖွယ်ပြန်မြင်ပြီး လူယုတ်မာအား လက်စားချေခွင့် ရပါစေလို၏'လို့ သစ္စာပြုကျိန်စာ တိုက်ခဲ့တာပဲကွ''

ဟု အဘိုးအို ရှင်းပြလိုက်သည့်အခါ လူမော်နှင့် လူကျော်သည် ယခုပင် ၎င်းတို့ကိုယ်တိုင် ကြုံတွေ့နေရသလို ပြန်မြင်ပြီး အံကိုတင်းတင်းကြိတ် လက်သီးကို ကျစ်ကျစ်ဆုပ်ကာ လွန်စွာနာကြည်းဒေါသထွက်သွားရတော့၏။

''တောက်…အတော်ယုတ်မာ ပက်စက်လိုက်တာကွာ''

ဟု လူမော်က စိတ်မထိန်းနိုင်ဘဲ အပြင်သို့ ပွင့်ထွက်သွား၏။ လူကျော်မှာလည်း…





''ခင်းကို ဘယ်တော့မှ ကမ္ဘာမကြေဘူးမှတ်၊ ငါတို့ဆရာကိုလည်းသတ်တယ်၊ ငါတို့ညီအစ်ကိုကိုလည်း ရက်ရက်စက်စက် သတ်ခဲ့တယ်၊ ခင်းကို ကလဲ့စားပြန်ချေမယ်ကွ''

ဟု ရင့်ကျူးကြွေးကျော်သံက ကြောက်စရာကောင်းလောက်အောင် ထွက်ပေါ်သွားတော့၏။

အဘိုးအိုက အခြေအနေကို ရိပ်စားမိလိုက်ဟန်ဖြင့် ယဲ့ယဲ့ပြုံးလိုက်ပြီး…

''အိမ်း…လူကလေးတို့ တစ်နေ့နေ့ တစ်ချိန်ချိန်မှာ ဒီကို ရောက်လာလိမ့်မယ်လို့ အဘိုးကြိုတွက်မိပါတယ်၊ ဘာကြောင့်လဲ ဆိုတော့ တိဘက်လူမျိုးတွေဟာ သစ္စာတရားအပေါ် အခြေခံကြတဲ့ အတွက် မမြင်နိုင်တဲ့ ပညာရပ်တွေဟာ အစွမ်းထက်ခဲ့ကြတယ်ကွယ့်၊ ပြီးတော့ လူကလေးတို့နှစ်ယောက် အဘိုးဆီရောက်လာကတည်းက ဟိုဘဝက တိဘက်ကလေး ညီအစ်ကိုနှစ်ယောက်ဆိုတာလည်း အတတ်သိလိုက်တယ်''

''ဘာကြောင့်ဆိုတော့ တိဘက်ကလေး ညီအစ်ကိုနှစ်ယောက်အနက် အစ်ကိုဖြစ်သူရဲ့ ဘယ်ဘက်ပါးစွန်မှာ အမှတ်နက် တစ်ခုရှိသလို၊ ညီဖြစ်သူရဲ့ ညာဘက်ပါးစွန်းမှာလည်း အမှတ်နက် တစ်ခုရှိခဲ့တယ်၊ ခု မောင်ရင်တို့ နှစ်ယောက်မှာလည်း အဲဒီအမှတ်



www.burmeseclassic.com

www.burmeseclassic.com



အသားတွေ ရှိနေတာတွေ့လိုက်ရလို့ပဲကွယ်"

ဒီတော့မှ လှမော်နှင့် လှကျော် ငင်းတို့ဆီမှ အမှတ်အသားများကို သတိပြုမိလိုက်ကြတော့၏။ လှမော်၏ ညာဘက်ပါးစွန်တွင် ဆီးစေ့ခန့် အမှတ်နက်တစ်ခုရှိသလို၊ လှကျော်၏ ဘယ်ဘက်ပါးစွန်တွင်လည်း ဆီးစေ့ခန့် အမှတ်နက်တစ်ခု ကိုယ်စီရှိနေကြပါ၏။

"ဒါကြောင့် မောင်ရင်တို့ မေးကတည်းက ဒီအကြောင်းတွေ အဘိုးအလွယ်တကူ ရှင်းပြလိုက်တာပေါ့ကွယ်"

"အဘိုးအခုလို ရှင်းပြတဲ့အတွက် ကျေးဇူးတင်ပါတယ်၊ ဒါနဲ့ အဲဒီလှယုတ်မာ လူသတ်သမား ကျော်ခေါင် ဘယ်မှာရှိတယ်ဆိုတာ ကျွန်တော်တို့ သိချင်ပါတယ်အဘိုး"

ဟု လှမော်က အဖြစ်မှန်ကို ဖုံးကွယ်မနေတော့ဘဲ ဒဲ့တိုးသာမေးချလိုက်တော့၏။ လှကျော်ကလည်း အဖြစ်မှန်ကို ဝန်ခံပြီး မေးမြန်းလိုက်တော့သည်။

"ဟုတ်ပါတယ် အဘိုး၊ ကျွန်တော်တို့ဟာ အဲဒီလူသတ်သမားကို ကလဲ့စားပြန်ချေဖို့ ရောက်လာကြတဲ့ သူတွေပါ၊ ဒီ လှယုတ်မာရှိတဲ့နေရာ အဘိုးသိရင် တဆိတ်လောက် လမ်းညွှန်ပေးပါ"

အဘိုးအိုက ခေါင်းတဆတ်ဆတ် ညိတ်လိုက်ပြီး···

"အင်း···အဖြစ်မှန်ကို ပြောရရင် အဲဒီအချိန် တိဘက်ကလေး ညီအစ်ကိုနှစ်ယောက်ကို ရက်ရက်စက်စက် သတ်လိုက်ပြီးကတည်းက လှယုတ်မာကျော်ခေါင်ရဲ့ ဘိလူးခေါင်းကို ဖြတ်ချဖို့ အဘိုးကိုယ်တိုင် ကြိုးစားနေချိန်မှာပဲ လှယုတ်မာကျော်ခေါင်ဟာ သာယာဝတီမြို့ကိုအသွား လမ်းကနေဖြတ်ပြီး မြို့ကပုလိပ်အဖွဲ့လက်ရဖမ်းဆီးလိုက်ကြတယ်"

"ပြစ်မှုတွေ ကျူးလွန်တဲ့ အဲဒီလှယုတ်မာကျော်ခေါင်ကို တစ်ကျွန်းပို့လိုက်တယ်လို့ ကြားသိရတယ်၊ အဲဒီနောက် ကျွန်းကနေ လွတ်လာပြီး ဒီမြို့မှာပဲ ရုပ်ပြောင်းရုပ်လွှဲနဲ့ ပြန်ခိုအောင်းနေတိုင်သလိုလို၊ ယခင်က မြေပုံနဲ့ မြှုပ်နှံထားတဲ့ ပစ္စည်းတွေနဲ့ ဒီမြို့မှာ တခြားအမည်ခံပြီး စီးပွားရေးလုပ်ငန်း လုပ်ကိုင်နေသလိုလို ကြားသိခဲ့ရတယ်"

"ဒါပေမယ့် ဒီလှယုတ်မာဟာ ကျွန်းကနေ ပြန်လွတ်လာတယ်ပဲထားဦးတော့ ရုပ်ပြောင်းရုပ်လွှဲပညာ အင်မတန်မှ ကျွမ်းကျင်တဲ့အတွက် သူ့ရဲ့မူလဇာတိအကြောင်းကို ဖော်ထုတ်ဖို့ဆိုတာ မလွယ်ကူဘူးကွယ့်"

ဟု အဘိုးအိုက စိတ်မကောင်းဟန်ဖြင့် ရှင်းပြလာသည့်အခါ လှမော်က···

"ဘာပဲဖြစ်ဖြစ် ဒီလှယုတ်မာ ရုပ်ပြောင်းရုပ်လွှဲနဲ့ ဘယ်အထိ







www.burmeseclassic.com

www.burmeseclassic.com



ပြေးနိုင်မလည်း။ လွတ်အောင်ပြေးစမ်းပါ၊ မြေလှန်ရှာပြီး လက်စားချေပစ်မယ်''

ဟု ကြုံးဝါးလိုက်တော့၏။ လူကျော်ကလည်း···

''ဟုတ်တယ်၊ ကျွန်တော်တို့လက်က ဒီလူယုတ်မာ လွတ်အောင်မပြေးနိုင်ပါဘူး။ ဟိုဘဝက ကျွန်တော်တို့ညီအစ်ကိုနှစ်ယောက်ရဲ့ မမြင်နိုင်တဲ့ အစွမ်းတွေနဲ့ မရရအောင် ကမ္ဘာပတ်ပြီးရှာရမယ်''

ဟု ပြောဆိုကြွေးကြော်လိုက်သည့်အခါ အဘိုးအိုက···

''အိမ်း···လူကလေးတို့ရဲ့ စိတ်ဓာတ်နဲ့ ခံယူချက်ကိုတော့ အဘိုးချီးကျူးပါတယ်ကွယ်၊ ဒါပေမယ့် ပြန်ကလဲ့စားချေခြင်းဆိုတာ သိပ်ကိုဆိုးရွားလွန်းတဲ့အဖြစ်ပဲ၊ ပြီးတော့ ဒါဟာ သံသရာလည်စေတဲ့ အကြောင်းတရားတွေပဲ လူကလေးတို့''

ဟု အဘိုးအိုက ဖြောင်းဖျစကားဆိုလိုက်၏။ သို့ရာတွင် ၎င်းတို့နှစ်ဦးကား ရဲ့ဝံ့စွန့်စားလိုသော လူငယ်ပီပီ အတိတ်က အရိပ်ပမာ စွဲထင်နေသော နာကြည်းမှုအဖုံဖုံတို့ကြောင့် မည်သို့မျှ နောက်မဆုတ်နိုင်ပါချေ။

ထို့ကြောင့် ၎င်းတို့နှစ်ဦးသည် ယခုဘဝ ငယ်စဉ်ကတည်းက အရိပ်သဖွယ် စွဲထင်ခဲ့သောအိပ်မက်နှင့် ပတ်သက်သော အဖြစ်အပျက်များကို အစအဆုံးရှင်းပြလိုက်တော့သည်။





ထိုမြင် အဘိုးအိုရှင်းပြမှ ၎င်းတို့ဟိုးဘဝက အဖြစ်ဆိုးများတိုလည်း ကဃနဏာ သိရှိလိုက်သည့်အတွက် လက်စားချေဖို့ကိုမျှိုင်မာသွားတော့သည်။

''အိမ်း···လူကလေးတို့ဘက်က ကြည့်ရင်လည်း မမှားပါဘူးကွယ်၊ နောက်ဆုံးတော့ ရရှိလာတဲ့အဖြေဟာ တို့ပြည်သူပြည်သားတွေအပေါ် အမျိုးမျိုးစော်ကား အနိုင်ကျင့်ခဲ့တဲ့ လူယုတ်မာတစ်ယောက်ဟာ ဒီမြေပေါ်မှာ မရှိလေကောင်းလေပဲ၊ ဒါပေမယ့် ဒီလူယုတ်မာ ဘယ်မှာရှိတယ်ဆိုတာ အဘိုးအတိအကျလမ်းညွှန်ကူညီပေးနိုင်တဲ့အတွက် စိတ်မကောင်းပါဘူး''

''မကောင်းမှုဆိုတာ ဆိတ်ကွယ်ရာမရှိပါဘူး လူကလေးတို့ရယ်၊ အခုလက်ရှိ အဘိုးကိုပဲကြည့်လေ ကောင်းတာတွေ အတန်အသင့်လုပ်ခဲ့ပေမယ့် မကောင်းတဲ့ဘက်မှာ အားသာပြီး ကိုယ့်ဘဝကိုကိုယ်ဓာတ်မြှုပ်ခဲ့တဲ့အတွက် နေဝင်ချိန်မှာ မကောင်းတာလုပ်ခဲ့တာတွေပဲ စုပုံပြီးပြန်ခံနေရတယ်မဟုတ်လား''

ဟု စိတ်မကောင်းဟန်ဖြင့် ပြောဆိုလာလေတော့၏။

✠ ✠ ✠



www.burmeseclassic.com

www.burmeseclassic.com



( ၆ )

ထို့နောက် အဘိုးအိုအား ကျေးဇူးတင်စကားပြောကာ နှ
ဆက်ပြီး ၎င်းတို့တည်းခိုရာ တည်းခိုခန်းသို့ ပြန်ခဲ့၏။

နောက်တစ်နေ့တွင် ၎င်းတို့နှစ်ဦးသည် လူမမာအဘိုးအိ
အတွက် အားရှိသော အစားအသောက်များနှင့် ဆေးဝါးများကို ဝယ်
ယူပြီးသွားရောက်ကာ အဘိုးအိုအား ကျွေးမွေးပြုစုပေးခဲ့ကြ

သို့ရာတွင် နောက်နှစ်ရက်ခန့် ကြာသောအခါ နှစ်ရှည်
များ ရောဂါခံစားနေရသော အဘိုးအို ဆုံးပါးသွားလေတော့သည်

ထို့ကြောင့် ၎င်းတို့နှစ်ဦးသည် အဘိုးအို၏ အလောင်းအ
ကောင်းစွာသဂြိုဟ်ပေးပြီးနောက် တည်းခိုခန်းသို့ ပြန်ခဲ့ကြပါသည်

တည်းခိုခန်းသို့ ပြန်ရောက်ပြီးနောက် ၎င်းတို့ကြီးမား
လက်စားချေရမည်ဖြစ်သော လူယုတ်မာ ကျော်ခေါင်၏ သတ
အစအနကား ပျောက်ဆုံးသွားပြီဖြစ်သဖြင့် စိတ်ပျက်လက်ပျက်
သွားကြသည်။

ထို့နောက် ၎င်းတို့နှစ်ဦးသည် လမ်းပျောက်သော်လည်
စိတ်မာတ်မကျသေးဘဲ ဒီမြို့တွင် ရက်သတ္တတစ်ပတ်လောက်





သဏ္ဍာန်တစ်မျိုးပြောင်းပြီး ဆက်လက်ရှာဖွေစုံစမ်းရန် အကြံတစ်မျိုး
ပေါ်ပေါက်လာသဖြင့် တည်းခိုခန်းမှ အပြီးတိုင် ထွက်ခွာခဲ့ကြသည်။

မြို့ထဲသို့ ၎င်းတို့နှစ်ဦးသည် သူဖုန်းစား(သူတောင်းစား)
အသွင်ပြောင်း၍ တစ်လမ်းဝင်၊ တစ်လမ်းထွက် တောင်းရမ်းရင်း
သတင်းတို့ကို တိတ်တဆိတ် စုံစမ်းခဲ့ကြသည်။

ထိုသို့ဖြင့် နှစ်ရက်မြောက်နေ့သို့ ရောက်သောအခါ ၎င်းတို့
နှစ်ဦးသည် မြို့အပြင်ရှိ သချိုင်းကုန်းကြီးသို့ မမျှော်လင့်ဘဲ ရောက်
ရှိသွားကြသည်။

သချိုင်းဇရပ်ပျက်ကြီးတစ်ခုကို တွေ့ရသဖြင့် ၎င်းတို့နှစ်ဦး
အပေါ်သို့ တက်ရောက်ပြီး ပါလာသော ထမင်းထုပ်များကို ဖြည်စား
ကြရန် ပြင်ဆင်နေချိန်မှာပင် လွန်စွာမှ စိတ်ပျက်ဖွယ်ကောင်းသော
ရယ်သံကြီးတစ်ခုကို ကြားလိုက်ရ၏။

အသံလာရာသို့ ကြည့်လိုက်သောအခါ ဇရပ်ထုပ်တန်းပေါ်
တွင် ခြေထောက်တစ်ဖက် တွဲလောင်းချကာ ပက်လက်လှန်အိပ်နေ
သော အဝတ်အစား ခပ်စုတ်စုတ် ဝတ်ဆင်ထားသည့် တရုတ်ဘိန်း
စားကြီးတစ်ယောက်ကို မမျှော်လင့်ဘဲ တွေ့လိုက်ရသည်။

"ဒီနေရာလေးဟာ သိပ်အေးချမ်းတယ်၊ ဘာအနှောင့်အယှက်မှ
ဘာ အတားအဆီးမှ မရှိဘူး၊ ငွေမရှိဘူး၊ ဂုဏ်မရှိဘူး၊ အာဏာမရှိ



www.burmeseclassic.com

www.burmeseclassic.com



ဘူး။ ရန်သူမရှိ၊ လောကမှာ မရှိခြင်းငါးပါးဆိုတဲ့အရပ်ဟာ ဒီလိုနေရာမျိုးကိုခေါ်တယ်ကွ"

ဟု တရုတ်ဘိန်းစားကြီး၏ စကားက ထူးခြားနေသဖြင့် ၎င်းတို့ကြောင်အအ ဖြစ်သွားကြသည်။

"မောင်ရင်တို့ ဒီနေရာကို ရောက်လာပြီဆိုကတည်းက မြို့လည်းမြို့စည်းကမ်း၊ ရွာလည်းရွာစည်းကမ်း၊ သချိုင်းလည်းသချိုင်းစည်းကမ်းရှိတယ်၊ မောင်ရင်တို့ လိုက်နာနိုင်ပါ့မလား"

၎င်းတို့ဘာပြော၍ ပြောရမှန်းမသိ ဆွံ့အသွားကြသည်။

ထိုအချိန်မှာ တရုတ်ဘိန်းစားကြီးက ဇရပ်ထုတ်တန်းပေါ်မှ လွှားခနဲ ခုန်ချလာသည်။

"ဘယ်လိုသဘောရလဲ မောင်ရင်တို့ လိုက်နာနိုင်ပါ့မလား"

"ကျွန်တော်တို့က ခရီးသွားတွေပါ"

ဟု လူမော်ကဆိုလိုက်၏။ ထိုအခါ တရုတ်ဘိန်းစားကြီးက တဟားဟားရယ်မောရင်း . . .

"မောင်ရင်တို့က အတော်ရယ်စရာကောင်းတဲ့ သတ္တဝါလေးတွေပဲ"

ပြောပြီး ရယ်နေပြန်၏။ တရုတ်ဘိန်းစားကြီးကိုကြည့်ပြီး ၎င်းတို့နားမလည်နိုင်၊ ဒီလူရူးများရူးနေသလားဟုပင် ထင်မှတ်လိုက်





မိ၏။

"ဘာလဲ . . . ငါ့ကို ရူးနေတယ်လို့ ထင်သလား၊ ဟား . . . ဟား . . . ဟား . . . တကယ်တော့ အားလုံးဟာ အရူးတွေပါကွာ၊ ဒါပေမယ့် ငါရူးတာက ငွေရူး၊ ဂုဏ်ရူး၊ လောဘရူး၊ ဒေါသရူး၊ မောဟရူးသူတွေနဲ့စာရင် 'ဝ၊ ထ၊ က၊ လ၊ သ'ဆိုတဲ့ 'အ'သုံးလုံး ကျေညက်ထားတဲ့ နတ္ထိအရူး၊ သုဘရာဇာအရူးပေါ့ကွာ"

"အကျယ် ပြောရရင်'ဝ'ဆိုတာ ငါ့ဘဝမှာ ဝမ်းနည်းခြင်း၊ ဝမ်းသာခြင်းတွေ မရှိတော့ဘူး၊ 'ထ'ဆိုတာ ငါ့ဘဝအတွက် ထည်ဝါခြင်း၊ ထူထောင်ခြင်းဆိုတာတွေ မလိုအပ်တော့ဘူး၊ 'က'ဆိုတာ ငါ့ဘဝရဲ့ ကိုးကွယ်ရာ အစစ်အမှန်ကို တွေ့ရှိခဲ့ပြီးပြီ၊ 'လ'ဆိုတာ လူ့ဘဝရဲ့ လွတ်လပ်ဆုံးနေရာကို ငါရှာတွေ့ခဲ့တယ်၊ 'သ'ဆိုတာ သင်ယူလို့မရတဲ့ ပညာထဲမှာ အသိဉာဏ်ပညာဟာ ခက်ခဲဆုံးပဲဆိုတာကို ငါသိလိုက်တဲ့နေ့ကစပြီး ဟောဒီသုသာန်မှာ သခါရလူသားတွေ သက်တောင့်သက်သာ အိပ်စက်ဖို့အတွက် သုဘရာဇာကြီး ဖြစ်လာတယ်ဆိုပါတော့ကွာ"

ဟုပြောပြီး ၎င်း၏ လွယ်အိတ်အစုတ်ကြီးထဲသို့ လက်ထိုးနှိုက်ကာ တစ်စုံတစ်ခုအား ဆွဲထုတ်ယူလိုက်ပြီးလျှင် . . .

"ရော့ . . . မောင်ရင်တို့ ဗိုက်ထဲက သတ္တဝါတွေကို ဟောဒီ



www.burmeseclassic.com

www.burmeseclassic.com



ရေအေးအေးနဲ့ ပူလောင်မှုတွေကို ချုပ်ငြိမ်းပေးလိုက်ကြဦး၊ သဘာဝ
တရားကြီးက အပူနဲ့အအေးဆိုတာကို မျှတအောင် ဖန်တီးပေးထား
တယ်၊ ကိုယ်ကမယူတတ်ရင် သဘာဝတရားကြီးက ဒဏ်ခတ်လိမ့်
မယ်ကွ''

ချေးအထပ်ထပ်တက်နေသော ရေဗူးကြီးကို လှမ်းပေးကာ
ငင်းတို့လိုက်မမှီနိုင်သည့် ဒဿနဆန်ဆန် စကားကို တရုတ်ဘိန်းစား
ကြီးက ဆိုလာလေ၏။

ငင်းတို့နှစ်ဦး စဉ်းစားမနေတော့ဘဲ ရေဗူးကို လှမ်းယူကာ
တစ်ယောက်တစ်လှည့်စီ သောက်လိုက်ကြသည်။

''အေး•••ဒါမှပေါ့ကွ၊ သဘာဝတရားကြီးက မောင်ရင်တို့
ဆန္ဒအတိုင်း ပြည့်ဝအောင် ကောင်းချီးပေးပါလိမ့်မယ်၊ ဒါဟာ
သဘာဝတရားကြီးရဲ့ ဖန်တီးမှုကို လက်ခံတဲ့လူသားတွေအဖြစ်
အကျိုးဆက်ရလာဒ်ပဲ•••ဟား•••ဟား•••ဟား''

ဟုပြောပြီး ငင်းကိုယ်ငင်း သဘောကျစွာ ရယ်လိုက်လေ
တော့သည်။ ငင်းတို့မည်သို့နားလည်ရမှန်း မသိချေ။

သေချာတာကတော့ တရုတ်ဘိန်းစားကြီးသည် သာမန်
လူထဲက လူတစ်ယောက်မဟုတ်ဘူးဆိုတာပင် ဖြစ်သည်။

''ကျေးဇူးပါပဲဗျာ''





ဟု လူမော်က ပြောလေရာ တရုတ်ဘိန်းစားကြီးက ခေါင်း
ယမ်းလိုက်ပြီး•••

''ကျေးဇူးဆိုတာ တင်ပြီးရင် ပြန်ဆပ်ရခက်တယ်ကွ၊ ဒါ
ကြောင့် ငါ့ကိုကျေးဇူးမတင်နဲ့၊ သဘာဝတရားကြီးကိုပဲ ကျေးဇူးတင်၊
သဘာဝတရားကြီးကို ယုံကြည်တဲ့အတွက် လက်ငင်းအကျိုးပေးတာ
ကွ၊ မှတ်ထား•••ဟား•••ဟား•••ဟား''

ဟုပြောပြီး အရူးတစ်ယောက်လို ရယ်လိုက်ပြန်သည်။

ဘာပဲဖြစ်ဖြစ် တရုတ်ဘိန်းစားကြီးလို လူမျိုးနှင့် မမျှော်လင့်
ဘဲ ဆုံတွေ့ခိုက်မှာ ထူးဆန်းသည်ဟု မြင်မိသော်လည်း အကျိုးမဲ့
ခြင်းမရှိကြောင်းကိုတော့ ယုံကြည့်သည်။ ထို့ကြောင့် ငင်းက•••

''အဘိုးကို တစ်ခုမေးပါရစေ''

ဟုပြောလိုက်ရာ တရုတ်ဘိန်းစားကြီးက ဘာမျှ မထူးခြား
သလိုဟန်နှင့်•••

''ဘာများပါလိမ့်''

ဟု စကားဝင်ထောက်လေ၏။ ငင်းကဆက်၍•••

''တခြားတော့ မဟုတ်ပါဘူး၊ အဘိုးဒီမှာနေထိုင်တာ ဘယ်
လောက်ကြာပြီလဲ''

''ကြာဆို ငါ့တစ်သက်ရှိပြီကွ၊ ဒီမြို့မှာ ငါ့အကြောင်း မသိတဲ့



www.burmeseclassic.com

www.burmeseclassic.com



လူမရှိဘူး၊ ငါမသိတဲ့အရာလည်း ဒီမြို့မှာမရှိဘူး”

ဟုဆိုလာသဖြင့် ၎င်းနှင့်လူကျော် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ အဖြေရှာလိုက်ကြသည်။

လူကျော်က နားလည်စွာ ခေါင်းညိတ်ပြလိုက်သဖြင့် ၎င်းက

“ဒါဆိုရင် ကျွန်တော်တစ်ခုလောက် မေးပါရစေ”

ဟုပြောလိုက်လေရာ တရုတ်ဘိန်းစားကြီးက တဟားဟား ရယ်မောလိုက်ပြီး…

“မောင်ရင်တို့ မမေးလည်း မောင်ရင်တို့ ဘာကိစ္စနဲ့ ဒီမြို့ ကိုရောက်လာတယ်၊ အခု ငါ့ကိုဘာမေးမယ်ဆိုတာကအစ အကုန် သိတယ်”

ဟုဆိုလာသဖြင့် ၎င်းနှင့်လူကျော် မျက်လုံးပြူးသွားကြလေ ၏။

“ဗျာ…ကျွန်တော်တို့ မေးမယ့်ကိစ္စ အဘိုးအကုန်သိနေ တယ် ဟုတ်လား”

ဟု ၎င်းက တအံ့တသြ မေးလိုက်လျှင် တရုတ်ဘိန်းစား ကြီးက အောင်နိုင်သူအပြုံးဖြင့်…

“သိပ်ဟုတ်လိုက်လေကွာ၊ တစ်ချိန်က ဒီမြို့နယ်တစ်ကြော အင်မတန် နာမည်ကြီးခဲ့တဲ့ ဓားပြကြီးတိမ်ညို အမည်ခံ ဦးကျော်





ခေါင်ရှိမရှိ သိချင်တာမဟုတ်လား”

“ဟာ”

“ဟင်”

၎င်းနှင့်လူကျော် မျက်လုံးမျက်ဆံပြူးကာ အံ့သြသွားကြ တော့၏။ ကေန္ဒ တရုတ်ဘိန်းစားကြီး အကြားအမြင်များ ရနေသလား မသိချေ။

“ကဲ…ဟုတ်မဟုတ် မောင်ရင်တို့ဖြေကြလေ၊ ဘာမှ သံသယမရှိနဲ့၊ ငါ အကြားအမြင်မရဘူး၊ ပြောပြီးပြီ မဟုတ်လား ဒီမြို့မှာ ငါမသိတဲ့အရာ ဘာမှမရှိဘူးဆိုတာလေ”

“ဟုတ်…ဟုတ်ပါတယ်”

“အမှန်ပါပဲခင်ဗျား၊ အံ့သြလွန်းလို့ ဘာပြောရမှန်းတောင် မသိတော့ပါဘူး”

၎င်းနှင့်လူကျော် အံ့သြစကားဆိုကာ ဝန်ခံလိုက်ကြ၏။

“အေး…အဲဒီလို မသိဘူးလို့ စိတ်ကျတာကိုက ကိုယ့်ဘဝ အတွက် အတားအဆီးပဲ၊ မသိခြင်းများစွာထဲမှာ အဆိုးဝါးဆုံးက အံ့သြမှုကြောင့် ဘာပြောရမှန်းမသိခြင်း၊ ထိတ်လန့်မှုကြောင့် ဘာ လုပ်ရမှန်းမသိခြင်း၊ ဝမ်းသာခြင်းကြောင့် ဘာဆိုရမှန်းမသိခြင်း၊ ဝမ်း နည်းခြင်းကြောင့် ဘာကိုင်ရမှန်းမသိခြင်းတွေပဲ ဖြစ်တယ်၊ ဒီတော့



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ဘဝအတွက် အရေးကြီးဆုံးအလုပ်ကို လုပ်တော့မယ်ဆိုရင် အဲဒီအရာတွေကို ဖယ်ရှားထားနိုင်ရမယ်၊ ဒါမှ လိုသလို လျှောက်လှမ်းလို့ရမှာ”

ဟု တရုတ်ဘိန်းစားကြီးက ပြောလေရာ ၎င်းက…

“ဟုတ်…ဟုတ်ကဲ့ ကျွန်တော်တို့နားလည်ပါပြီ အဘိုး။ အဲဒီစိတ်ကို ကြိုးစားပြီး ဖျောက်ပါ့မယ်”

၎င်းစကားကြောင့် တရုတ်ဘိန်းစားကြီးက ခေါင်းတဆတ်ဆတ်ညိတ်လေတော့၏။

ထို့နောက် ၎င်းနှင့်လူကျော်သည် ဒီမြို့သို့ လာရောက်ရခြင်းနှင့် ထူးဆန်းသောအိပ်မက်မှ အစပြု၍ လက်ရှိ၎င်းတို့စိတ်တွင် ဖြစ်ပေါ်နေသော စိတ်ဒဏ်ရာများ၊ နာကြည်းမှုများတို့ကို အစအဆုံး ပြောဆိုရှင်းပြလိုက်လေတော့၏။

စကားအဆုံးတွင် တရုတ်ဘိန်းစားကြီးက စိတ်မသက်မသာ ပုံစံမျိုး သက်ပြင်းချလိုက်ရင်း…

“အင်း…မောင်ရင်တို့ အဖြစ်ကလည်း ထူးဆန်းပြီး အံ့သြစရာကောင်းလိုက်တာ၊ သံသရာဆိုတာ လည်စမြဲပဲကွ၊ အဲဒီ သံသရာကြီး လည်နေသမျှ လူတွေဟာ အမှောင်တွင်းထဲကို ကျသထက်ကျလာကြတယ်”

“ဒါပေမယ့် ပုထုဇဉ်လူသားဆိုတော့ ဒါတွေရှောင်လွှဲလို့ မရဘူးကွ၊ ဘာပဲဖြစ်ဖြစ် မောင်ရင်တို့နှစ်ယောက်ရဲ့ စိတ်ဓာတ်ကို အံ့သြတယ်ကွ၊ လွန်ခဲ့တဲ့ အနှစ်နှစ်ဆယ်ကျော်က ဒီအဖြစ်အပျက်တွေကို ငါတို့လည်း ကြားသိထားတဲ့အတွက် လက်ခံခဲ့တာ”

“တခြားသူတွေဆိုရင်တော့ မောင်ရင်တို့ကို ရူးနေတယ်လို့ ပြောကြလိမ့်မယ်၊ ဒါကြောင့် လောကကြီးမှာ ဖြစ်ပျက်နေတဲ့ အကြောင်းအရာအားလုံး ‘မဖြစ်နိုင်ဘူး’ ‘မဖြစ်နိုင်ပါဘူး’လို့ စောဒကတက်တဲ့သူတွေဟာ လောကကြီးကို (အထူးသဖြင့်)လူတွေအကြောင်းကို အထက်တန်းကျကျ မတွေ့ဖူး၊ မလေ့လာဖူးတဲ့ သူတွေသာ ဖြစ်တယ်”

“ဒီတော့ မောင်ရင်တို့ ရှေ့လျှောက်လူလုပ်ရမှာတွေ အများကြီးရှိသေးတယ်၊ မဖြစ်နိုင်ဘူးဆိုတဲ့အရာ တော်တော်များများကို ဖြစ်နိုင်ချေဘက်ကတွေးပြီး ကြိုးစားပါ၊ အဲဒီကြိုးစားမှုဟာ ဖြစ်နိုင်ဖို့အတွက် အဖြေပဲ၊ အဲဒီအဖြေကို ဆုပ်ကိုင်နိုင်ပြီဆိုရင် မောင်ရင်တို့ဟာ လူထဲကလူထဲမှာ အထက်တန်းကျတဲ့လူတွေ ဖြစ်လာလိမ့်မယ်၊ အဲဒီလို လူမျိုးဖြစ်သွားတဲ့အခါမှာ လောကကြီးမှာ မဖြစ်နိုင်ဘူးဆိုတဲ့အရာတွေအားလုံးဟာ မောင်ရင်တို့အတွက် ရယ်စရာကြီးဖြစ်သွားလိမ့်မယ်ကွ”



www.burmeseclassic.com

www.burmeseclassic.com



ဟု ရှည်လျားစွာ ပြောလေတော့၏။ တရုတ်ဘိန်းစားကြီး၏ စကားမှာ အဓိပ္ပာယ်တွေချည်းဖြစ်၍ ငှင်းနှင့်လူကျော် လွန်စွာသဘောကျ၍ စိတ်ထဲက ခင်တွယ်သွားမိ၏။

ငှင်းတို့နှင့် ဆုံစည်းရခြင်းမှာ နောက်ကျလေခြင်းဟုလည်း တွေးမိသည်။ တရုတ်ဘိန်းစားကြီးက…

"ကဲ…မောင်ရင်တို့ ဘာဆက်လုပ်ကြမလဲ၊ နောက် ဘာသိချင်လဲ"

ဟု စူးစမ်းသလို မေးလေရာ ငှင်းက…

"ဒီမြို့မှာ လူယုတ်မာကျော်ခေါင် ရှိမရှိသိချင်ပါတယ်"

ဟုပြောလိုက်သဖြင့် တရုတ်ဘိန်းစားကြီးက တဟားဟား ရယ်လိုက်ရင်း…

"မင်းတို့ကိုပြောပြီးပြီပဲ လူညံ့ကလေးတွေရ၊ ဒီအချိန်မှာ မောင်ရင်တို့ရဲ့ အစွမ်းအစကို ပြရမယ့်အချိန်ပဲကွ၊ အဲဒီအချိန်ဟာ မောင်ရင်တို့ရဲ့ အောင်မြင်မှုပဲလို့ ယုံကြည်ရင် မဖြစ်နိုင်တာ ဘာမှမရှိ ဘူးကွ…ဟား…ဟား…ဟား"

ဟုပြောဆိုရယ်မောပြီး စကားဖြတ်လိုက်၏။ ပြီးမှ ငှင်းတို့ နှစ်ယောက်ကို အကဲခတ်ကြည့်သည်။ ငှင်းတို့နှစ်ယောက်စလုံး မည် သည့်အဖြေမျှ ရှာမရသေးသဖြင့် တရုတ်ဘိန်းစားကြီးက သနားစွာ





ကြည့်လိုက်ရင်း…

"မောင်ရင်တို့ရဲ့ ရိုးသားမှုကိုကြိုက်တယ်ကွာ၊ ဒါပေမယ့် အဲဒီလို ရိုးသားခြင်းဟာ နေရာတိုင်း အသုံးမဝင်ဘူးကွ၊ ကိုယ့်ရဲ့ ရိုးသားမှုနဲ့ လိမ္မာပါးနပ်မှုဟာ ရေလိုက်ငါးလိုက် အသုံးချတတ်ရတယ် ကွ၊ အင်း…ဒါပေမယ့် မောင်ရင်တို့ ရိုးသားမှုနဲ့ ခိုင်မာတဲ့စိတ်ဓာတ် ဟာ ကိုယ့်ရည်ရွယ်ချက်အတွက် အကောင်းဆုံးလက်နက်ပဲကွ"

"မကြာခင် အဲဒီလက်နက်တွေနဲ့ မောင်ရင်တို့အလိုရှိတဲ့ လက်စားချေမှုကြီးတစ်ရပ်မှာ အသုံးချလိမ့်မယ်လို့ ယုံကြည်တယ်၊ ဒါပေမယ့် မောင်ရင်တို့ဟာ မလွဲမသွေ ကာလတစ်ခုနဲ့ အလောင်း အစားပြုလုပ်ရလိမ့်မယ်"

ဟု ဆိုလာသဖြင့် ငှင်းနှင့်လူကျော် စိတ်လှုပ်ရှားရင်း နား မလည်နိုင် ဖြစ်သွားကြ၏။ ထို့ကြောင့် ငှင်းက…

"အဘိုးပြောတဲ့ အဓိပ္ပာယ် ကျွန်တော်တို့ မရှင်းဘူး၊ အချိန် ကာလတစ်ခုနဲ့ အလောင်းအစားပြုလုပ်ရလိမ့်မယ်ဆိုတာ ဘာကို ပြောတာလဲ"

ဟုမေးလေရာ တရုတ်ဘိန်းစားကြီးက 'မင်းတို့လူညံ့ကလေး တွေပဲ'ဟု အထင်သေးစွာ မရယ်တော့ဘဲ 'မင်းတို့သနားစရာကောင်း လိုက်တာ'ဟု ကရုဏာသက်သလိုပုံစံမျိုး ရယ်လိုက်ပြီး အောက်ပါ



www.burmeseclassic.com

www.burmeseclassic.com



အတိုင်း ဖြေလေတော့၏။

"အမိပွါယ်က ဘာမှမခက်ဘူး ရှင်းရှင်းကလေးပါကွာ၊ မောင်ရင်တို့ အလိုရှိနေတဲ့ လူယုတ်မာ ကျော်ခေါင်ကို လက်စားချေနိုင်ဖို့ အချိန်တစ်ခု စောင့်ဆိုင်းရမယ်လို့ ပြောတာကွ။ အဲဒီအချိန်ဟာ ကြာရင်ကြာမယ်၊ မြန်ရင်မြန်မယ်၊ တစ်နှစ်လည်းဖြစ်နိုင်တယ်၊ တစ်လလည်းဖြစ်နိုင်တယ်၊ တစ်ရက်လည်းဖြစ်နိုင်တယ်၊ တစ်နာရီလည်းဖြစ်နိုင်တယ်၊ နောက်ဆုံး···တစ်မိနစ်လည်း ဖြစ်နိုင်တယ်လို့ ပြောတာကွ"

ဟု ရှင်းပြလေရာ ၎င်းကဆက်၍···

"ဒါဆိုရင် ဦးကျော်ခေါင်ကို လက်စားချေဖို့ဟာ အချိန်စောင့်ရမယ်၊ မလွယ်ဘူးဆိုတဲ့သဘောပေါ့ ဟုတ်လား"

ဟုမေးမြန်းလိုက်သောအခါ တရုတ်ဘိန်းစားကြီးက ခေါင်းညိတ်လိုက်ရင်း···

"အမှန်ပဲကွ၊ လက်စားချေနိုင်ဖို့ထက် သူဘယ်မှာရှိနိုင်တယ်ဆိုတာ အရင်ဆုံးစုံစမ်းရမှာကွ"

ဟုပြောလေရာ ၎င်းနှင့်လူကျော် စိတ်ပျက်သလို ဖြစ်သွားကြ၏။

"ဟင်···ဒါဆို ဦးကျော်ခေါင် ဒီမြို့မှာမရှိဘူးလား"





ဟု လူကျော်က စိတ်လှုပ်ရှားစွာ မေးလိုက်၏။ တရုတ်ဘိန်းစားကြီးက တစ်ဘက်သို့ ခြေသုံးလေးလှမ်း လျှောက်သွားပြီး

"ရှိတယ်"

"ဒါဆို အဖြေက ရှင်းနေတာပဲ အဘိုး၊ ကျွန်တော်တို့ အလွယ်တကူ လက်စားချေနိုင်တာပေါ့၊ ဒါကြောင့် သူရှိတဲ့နေရာ အရင်ဘယ်မှာစုံစမ်းရမှာပဲ"

ဟု၎င်းက မေးလေရာ တရုတ်ဘိန်းစားကြီးက···

"နေဦးလေ၊ ငါ့စကားမဆုံးသေးဘူး၊ ကျော်ခေါင်ဒီမြို့မှာ အခုမဟုတ်ဘူး"

ဟုပြောပြီး ၎င်းတို့နှင့်မျက်နှာချင်းဆိုင်မှာ ရပ်နေ၏။ ၎င်းက

"ကျွန်တော်တို့ရှင်းအောင် ပြောပါအဘိုး"

"ရှင်းအောင်ပြောရရင် ကျော်ခေါင်ဟာ လွန်ခဲ့တဲ့ခြောက်လလောက်ကတည်းက ဒီမြို့ကနေ ပျောက်သွားခဲ့တယ်၊ သူ့အကြောင်း အမွှမချေးခါး အကုန်သိထားတဲ့ ဒီမြို့နဲ့ မလှမ်းမကမ်းတောအုပ်ထဲက မောင်ရင်တို့နဲ့ ဆုံခဲ့တဲ့ မှဆိုးကြီး ဦးသိုင်းခြုံအမည်ခံ ဗိုလ်ချုပ်တော်လှန်ရေးရဲဘော်ဟောင်းကြီး ဦးနက်ကျော်နဲ့ မမျှော်လင့်ပဲ တွေ့တွင်းတစ်နေရာမှာ သွားဆုံမိတဲ့အတွက် ရုပ်ပြောင်းရုပ်လွှဲမည်ဟု ခင်မတန် ကျွမ်းကျင်တဲ့ ကျော်ခေါင်ဟာ သူ့ကို သိရှိသွားပြီဆိုတဲ့



www.burmeseclassic.com

www.burmeseclassic.com



အထင်နဲ့ ဒီမြို့ကနေ ထပ်ပျောက်သွားတာ"

"အမှန်တော့ မုဆိုးကြီး ဦးသိုင်းခြုံဟာ ကျော်ခေါင်တို့ [illegible] ရုတ်တရက် မမှတ်မိခဲ့ဘူး၊ ဒါကို ကျော်ခေါင်ဟာ အစိုးရိမ်လွန်ပြီး မြေရာထပ်ဖျောက်သွားတာ"

ဟု ရှင်းပြလာလေတော့၏။ လူကျော်က...

"ဒါဆို ဦးကျော်ခေါင် ဒီမြို့မှာမရှိတော့ဘူးပေါ့"

"ဟုတ်တယ်"

"တောက်...နာလိုက်တာကွာ၊ ဒင်း...တော်တော်[illegible] ကောင်းသွားတယ်"

ဟု လူကျော်က မကျေမနပ် ရေရွတ်လိုက်လေရာ ငင်း[illegible] လည်း...

"ခင်ဗျားဘယ်လောက်ကံကောင်းနိုင်မလည်း မိုးအဆုံး [illegible] အဆုံးလိုက်ရှာပြီး လက်စားချေရမှ ကျေနပ်နိုင်မယ်"

ဟု ငင်းက ကြုံးဝါးလိုက်ပြန်၏။ တရုတ်ဘိန်းစားကြီး[illegible] သက်ပြင်းချပြီး...

"ဒါပေမယ့် ဘာမှမပူပါနဲ့၊ ကျော်ခေါင်ကို မြန်မာပြည် [illegible] နေရာရာမှာတော့ မောင်ရင်တို့ရှာတွေ့မှာပါ၊ သူဟာ ရုပ်ပြောင်းရုပ်[illegible] ပညာ အတော်လေး ကျွမ်းကျင်တဲ့အတွက် အလွယ်တကူ ရှာ[illegible]





နိုင်တာတော့မှန်တယ်၊ ဒါပေမယ့် တရုတ်စကားပုံတစ်ခုရှိတယ်ကွ၊ 'အန္တရာယ်အရှိဆုံးနေရာဟာ အန္တရာယ်အကင်းဆုံးပဲတဲ့' ဒါကြောင့် ဒီလူယုတ်မာကျော်ခေါင်ဟာ ရုပ်ပြောင်းရုပ်လွှဲပညာနဲ့ ဒီမြို့မှာ တနည်းနည်းနဲ့ ပြန်ခိုအောင်းနေလိမ့်မယ်ဆိုတာပဲကွ"

ဟု ထောက်ပြစကား ဆိုလာသဖြင့် ငင်းနှင့်လူကျော် ထိုအချက်ကို နားလည်ကာ မခံချင်စိတ်များ၊ ခံပြင်းမှုများ ပို၍ကြီးထွားသွားကြတော့၏။

"ကျွန်တော်တို့ မရရအောင် ရှာဖွေရမှာပဲ"

ဟု ငင်းက မကျေမချမ်း ဆိုလိုက်သဖြင့် တရုတ်ဘိန်းစားကြီးက...

"မကြာခင် မောင်ရင်တို့ ရှာတွေ့မှာပါ၊ သူနဲ့ပတ်သတ်ပြီး သဲလွန်စ ထူးခြားချက်တစ်ခုတော့ရှိတယ်၊ အဲဒီသဲလွန်စကိုတွေ့ရင် ကျော်ခေါင်ကို လက်စားချေဖို့ဟာ ကြက်ကလေး ငှက်ကလေး ဖမ်းဆီးသလိုပဲ"

ဟုပြောလေရာ ငင်းနှင့်လူကျော် လွန်စွာမှ စိတ်လှုပ်ရှားကာ ထိုသဲလွန်စအား အင်မတန်မှ သိချင်သွားကြ၏။ ငင်းက...

"ဘယ်လိုသဲလွန်စမျိုးလဲ အဘိုး၊ ကျွန်တော်တို့ အဲဒီသဲလွန်စကိုသိချင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟု အလောတကြီး မေးမြန်းလိုက်သောအခါ တရုတ်ဘိန်းစားကြီးက…

"သူဟာ ဆေးတံအမြဲသောက်လေ့ရှိတယ်၊ သူသောက်တဲ့ဆေးအနံ့က တခြားဆေးတွေနဲ့မတူဘဲ အမွှေးနံ့တစ်ခုပါတယ်၊ ပြီးတော့ သူ့ရဲ့ လက်ျာဘက် လက်ကောက်ဝတ်အောက်အဆစ်တည့်တည့်မှာ ဘဲဥပိုင်းပုံသဏ္ဍာန် အမှတ်အနီကြီးတစ်ခုရှိတယ်၊ အဲဒီနှစ်ချက်ဟာ သဲလွန်စပဲ၊ သူဘယ်လောက် ရုပ်ပြောင်းရုပ်လွှဲတော်တော် လူတစ်ယောက်ရဲ့ ဗီဇအကျင့်နဲ့ အမှတ်အသားဟာ ဘယ်လိုဖျောက်မရနိုင်ဘူး"

ဟု ရှင်းပြလာသဖြင့် ငရင်းနှင့်လူကျော် ပြန်လည်အားရှိကာ မျှော်လင့်ချက်ရောင်ခြည် တစ်ခုကို ပြန်လည်ရရှိလိုက်ကြ၏။

"ကျေးဇူးပါပဲ အဘိုး၊ အဘိုးဆီကရတဲ့ ဒီသဲလွန်စစကားသိပ်ကိုအရေးပါပြီး တန်ဖိုးရှိပါတယ်"

ဟု ဆိုလေသဖြင့် တရုတ်ဘိန်းစားကြီးက ပြုံးပြီး…

"ကျေးဇူးတင်ဖို့ မလိုပါဘူး မောင်ရင်၊ လူယုတ်မာတစ်ယောက်ကို ဒီကမ္ဘာမြေပေါ်က အပြီးတိုင်မောင်းထုတ်ဖို့ ကူညီခွင့်ရတာ ကျေးဇူးတောင် ပြန်တင်ရဦးမယ်၊ ခုလောလောဆည် မောင်ရင်တို့ ဘယ်ပြန်မယ် စိတ်ကူးလဲ"

..... ထူးအိမ်သြာ တပေ .....



ဟု မေးမြန်းလေရာ ငရင်းနှင့်လူကျော် ခေါင်းယမ်းခါလိုက်ကြ၏။ ထို့ကြောင့် တရုတ်ဘိန်းစားကြီးက…

"ဒါဆိုလည်း ဘာမှမပူနဲ့ ငါနဲ့ပေါဒီသချိုင်းမှာ အတူနေပြီး မောင်ရင်တို့ ရည်ရွယ်ချက်ကို အကောင်အထည် ဖော်နိုင်တယ်၊ တည်းခိုခန်းနဲ့စာရင် ဒီနေရာဟာ မောင်ရင်တို့အတွက် အသင့်လျော်ဆုံးပဲ"

"ဘာဖြစ်လို့လဲဆိုတော့ မောင်ရင်တို့ တည်းခိုနေတဲ့ တည်းခိုခန်းဟာ လူဝင်လူထွက်များသလို၊ အန္တရာယ်လည်းရှိနိုင်တယ်၊ ကျော်ခေါင်ရဲ့ တပည့်တပန်းတွေ ဒီမြို့မှာ အများကြီးရှိတယ်၊ မောင်ရင်တို့ အဝင်အထွက်လုပ်ပြီး သူတို့ဆရာအကြောင်း စုံစမ်းနေမှန်းသိရင် ကိုယ့်ရည်ရွယ်ချက် နှောင့်နှေးမယ်၊ အခန့်မသင့်ရင် မောင်ရင်တို့ အသက်အန္တရာယ်ပါ ပြန်ပြီးရန်ရှာနိုင်တယ်၊ ဒီတော့ ငါနဲ့ခေတ္တအတူနေပြီး တိတ်တဆိတ်စုံစမ်းရှာဖွေတာက အကောင်းဆုံးပဲ"

ဟု ပြောဆိုအကြံပေးလေသဖြင့် ငရင်းနှင့်လူကျော် ဝမ်းပန်းတသာ လက်ခံခေါင်းညိတ်လိုက်ကြတော့သည်။

✠ ✠ ✠

..... ထူးအိမ်သြာ တပေ .....

www.burmeseclassic.com

( ၇ )

ထို့နောက် လူမော်နှင့်လူကျော်သည် တရုတ်ဘိန်းစားကြီးနှင့်အတူနေကာ ဦးကျော်ခေါင်သတင်းအား တိတ်တဆိတ်စုံစမ်းခဲ့လေ၏။

နေ့ဘက်မြို့တွင်းအနှံ့ ပုံသဏ္ဍာန်အမျိုးမျိုးဖြင့် စုံစမ်းပြီး ညရောက်မှ သချိုင်းသို့ ပြန်ခဲ့ကြခြင်းဖြစ်၏။

သို့ဖြင့် ရက်သတ္တတစ်ပတ်မြောက်သောနေ့၌ ဦးကျော်ခေါင်၏ သတင်းအစအန တစ်ခုကိုရသည်။

ထိုနေ့က လူမော်နှင့်လူကျော် ကာကာကြီးလက်ဖက်ရည်ဆိုင်ထဲတွင် ထိုင်နေခိုက် ၎င်းတို့နှင့် မလှမ်းမကမ်းစားပွဲသို့ လူစိမ်းသုံးယောက်ရောက်ရှိလာပြီး စကားပြောဆိုနေကြ၏။

၎င်းတို့ပြောဆိုသည့် စကားများထဲတွင် ဦးကျော်ခေါင်အကြောင်း တစ်စွန်းတစ်စပါလာ၍ လူမော်နှင့် လူကျော် နားစွင့်ထောင်ခဲ့သည်။

၎င်းတို့ပြောဆိုကြသည့် စကားများထဲ၌ ဦးကျော်ခေါင်ဆိုသူမှာ ရန်ကုန်မှအပြန် လမ်းတစ်ဝက်တွင် ပုလိပ်အဖွဲ့က စောင့်ဖမ်းဆီးမည်ဟု သတင်းရရှိသည့်အတွက် မူလခိုအောင်းရာ အရပ်သို့မပြန်နိုင်ဘဲ ပဲခူးမြို့တွင် သောင်တင်နေသည်မှာ ရက်သတ္တခြောက်စတ်မျှရှိပြီဖြစ်ကြောင်း။ ယခု ဦးကျော်ခေါင်သည် ပဲခူးမြို့အပြင်ရှိ ခြံကြီးတစ်ခြံတွင် ပုန်းအောင်းနေထိုင်ရကြောင်း။ ထိုခြံကြီးသည် ဦးကျော်ခေါင် ပိုင်ဆိုင်သော ခြံကြီးဖြစ်ကြောင်း။ အစိုးရပုလိပ်အဖွဲ့များ ဖျက်ခြေပြတ်၊ သတင်းအစအန ပျောက်သွားစေရန်အတွက် ပုန်းအောင်းနေထိုင်ဦးမည်ဖြစ်ကြောင်း ပြောဆိုနေကြခြင်းကြောင့်ဖြစ်၏။





ထို့ကြောင့် လူမော်နှင့်လူကျော်သည် ဆိုင်ထဲမှ အသာထွက်လာကာ တရုတ်ဘိန်းစားကြီးအား အကျိုးအကြောင်း အသိပေးပြောကြားပြီး ထိုနေ့ညနေပိုင်းမှပင် ပဲခူးမြို့သို့ ကုန်တင်ကားကြီးတစ်စီးနှင့် ကားကြုံစီးနင်းလိုက်ပါခဲ့လေ၏။

ပဲခူးမြို့သို့ ရောက်သောအခါ ထိုခြံကြီးကို စုံစမ်းပြီး သွားရောက်ခဲ့သည်။

သို့သော် ၎င်းတို့လက်စားချေရန် အလိုရှိသော ဦးကျော်ခေါင်မဟုတ်ဘဲ အသက်သုံးဆယ်ဝန်းကျင်ရှိ နတ်ကတော် ဦးကျော်ခေါင် ဖြစ်နေသဖြင့် ၎င်းတို့နှစ်ရက်မျှကြာပြီး နောက်ကြောင်းပြန်လှည့်ကြလေ၏။

ဒီလိုနှင့် လူမော်နှင့်လူကျော်သည် ၎င်းတို့အလိုရှိသော ဦးကျော်ခေါင်အား ရှာမတွေ့လျှင် မပြန်တော့ဘူးဟူ၍ ဆုံးဖြတ်ချက်ချ

www.burmeseclassic.com



ကာ အပြင်းအထန် စုံစမ်းရှာဖွေခဲ့တော့သည်။

ထိုမြို့မှာပင် လူမော်နှင့်လူကျော် လဝက်ခန့်မျှကြာပြီး တစ်နေ့သ၌ ဦးကျော်ခေါင်၏ သဲလွန်စတစ်ခုအား ရရှိလိုက်တော့၏။

ထိုမြို့၌ ဦးကျော်ခေါင်သည် ရုပ်ပြောင်းရုပ်လွှဲဖြင့် နေထိုင်နေကြောင်း သိရခြင်းဖြစ်၏။

ထိုသတင်းကို မြင်းလှည်းသမားတစ်ဦးထံမှ ကြားရခြင်းဖြစ်သည်။ ထိုမြင်းလှည်းကို ၎င်းတို့အကြိမ်ပေါင်းများစွာ စီးဖူးနေသည်။ ထိုမြင်းလှည်းသမားနှင့် ၎င်းတို့မှာ အတော်လေး ရင်းနှီးခင်မင်ခဲ့သည်။

ထိုနေ့က ထုံးစံအတိုင်း ထိုမြင်းလှည်းကိုမြို့ထဲသွားရန် ငှားခဲ့၏။ ထိုမှတစ်ဆင့် မြို့အပြင်ရှိ စေတီလေးသို့ မြင်းလှည်းအား ဆက်၍ငှားစီးခဲ့လေသည်။

သို့ဖြင့် မြို့ပြင်တစ်နေရာရှိ ချိုင့်ကြီးတစ်ခုရှေ့သို့ ရောက်သည့်အခါ မြင်းလှည်းသမားက ထိုချိုင့်ကြီးထဲသို့ တစ်ချက်ငုံ့စောင်းကြည့်၍ အောက်ပါအတိုင်းဆိုလာသည်။

"ကျုပ်တို့မြို့မှာ ဒီချိုင့်ကြီးက အကြီးဆုံးပဲ၊ ပြီးတော့ ချိုင့်ပိုင်ရှင်ကလည်း သိပ်ထူးဆန်းတယ်"

၎င်းတို့ မြင်းလှည်းသမားကို သိပ်စိတ်မဝင်စားသေး၍ သို့သော် မြင်းလှည်းသမားက ဆက်ပြော၏။

..... ထူးအိမ်သင် တမေ .....



"ချိုင့်ပိုင်ရှင်ဟာ ချိုင့်ကြီးထဲမှာ ပျောက်သွားလိုက်၊ ပြန်ပေါ်လာလိုက်နဲ့ အမြဲနေတယ်လို့ မရှိဘူး။ အင်း---ဒီချိုင့်ပိုင်ရှင်ကြီးနဲ့ပတ်သက်ပြီး မနေ့က ထူးဆန်းတဲ့သတင်းခုရတယ်"

ဟုပြောပြီး မြင်းလှည်းအား ဂရုတစိုက် မောင်းနှင်လေ၏။ ၎င်းတို့အနည်းငယ် စိတ်ဝင်စားသွားသဖြင့်အသေအချာနားစွင့်လိုက်ကြသည်။

"ဘာသတင်းလည်းဆိုတော့ ဒီမြို့မှာ ကောင်းမှုနဲ့ဝမ်းကျောင်းတဲ့ မစိမ်းထိုက်ဆိုတဲ့ အမျိုးသမီးဟာ လွန်ခဲ့တဲ့ညက အဲဒီချိုင့်ပိုင်ရှင်ကြီးအိမ်မှာ ပျော်ပါးတဲ့အလုပ်ကို လုပ်ခဲ့တယ်၊ အဲဒီချိုင့်ပိုင်ရှင်ကြီးရဲ့ ခေါင်းအုံးဘေးမှာ လူမျက်နှာလိုလို မျက်နှာတစ်ခုကို တွေ့ရတယ်လို့ ပြန်ပြောတယ်"

"စိမ်းထိုက်ဆိုတဲ့ အမျိုးသမီးဟာ သူ့အလုပ်သွားတိုင်း မြင်းလှည်းဂိတ်ကိုဝင်ပြီး ကျုပ်ကိုအမြဲမှာလေ့ရှိတယ်၊ မနက် သူပြန်တဲ့အချိန် ကျုပ်က မြင်းလှည်းနဲ့ သွားသွားကြိုပေးရတာ"

ဟုပြောလာသဖြင့် ၎င်းတို့နှစ်ဦး အလွန်စိတ်လှုပ်ရှားသွားကြ၏။ ၎င်းက ချုပ်တည်းမနေနိုင်တော့တဲ့ မြင်းလှည်းဆရာအား အတင်းနှိုင်းပြီး မေးမြန်းလေတော့၏။

"ခင်ဗျားပြောတာ တကယ်သေချာလား"

..... ထူးအိမ်သင် တမေ .....

www.burmeseclassic.com

www.burmeseclassic.com



မြင်းလှည်းဆရာက ၎င်းတို့ကိုကြည့်၍ အံ့ဩနားမလည်နိုင် ဖြစ်သွားပြီး…

"ကျုပ်ကို မစိမ်းထိုက်ကိုယ်တိုင် မနေ့က မနက်က ပြော သွားတာ၊ ကျုပ်က သူ့ကိုသွားကြိုတာလေ၊ နေစမ်းပါဦး မိတ်ဆွေ တို့က ဒီအကြောင်းကြားတာနဲ့ ဘာဖြစ်သွားကြတာလဲ"

ဟုမေးလေရာ မြင်းလှည်းသမား ရိပ်မိသွားမည်စိုး၍ ၎င်း တို့နှစ်ယောက် ကိုယ်ရှိန်သတ်ပြီး အမူအရာ ပြင်လိုက်ရ၏။ ၎င်းက

"ဘာမှမဖြစ်ပါဘူး သိချင်လို့ပါ"

ဟု ဖြေလိုက်သဖြင့် မြင်းလှည်းသမား သံသယ မရှိတော့ ဘဲ မြင်းလှည်းကို ဆက်မောင်းလေတော့၏။

ထို့နောက် ၎င်းတို့သည် မြင်းလှည်းအား မြို့ပြင်ရှိ စေ လေးသို့ မမောင်းခိုင်းတော့ဘဲ မြို့ထဲသို့သာ နောက်ကြောင်းပြန်လှည့် မောင်းခိုင်းခဲ့တော့သည်။

မြို့ထဲရောက်သည့်အခါ မြင်းလှည်းပေါ်ကဆင်းပြီး ၎င်းတို့ နေထိုင်ရာ မြို့အပြင်သချိုင်းသို့ တိတ်တဆိတ် ပြန်ခဲ့ကြလေ၏။

✠ ✠ ✠

..... ထူးအိမ်သြာ တပေ .....



( ၈ )

"အဘိုးကို ပြောစရာရှိတယ်"

ဟု သချိုင်းသို့ရောက်ရောက်ချင်း လူမော်က တက်ကြွစွာ ပြောလိုက်၏။

အုတ်ဂူပေါ် အကျအနထိုင်နေသော ထရှုတ်သိန်းစားကြီး က ဘာမျှထူးခြားဟန်မပြဘဲ နှုတ်ဆိတ်နေလေ၏။ ပြီးမှ…

"မြို့ပြင်က ခြံကြီးတစ်ခုထဲမှာ ကျော်ခေါင် ရှစ်ခြောင်းရှုပ်လွှဲ နဲ့ရောက်နေတယ်၊ မစိမ်းထိုက်ဆိုတဲ့ အပျော်မယ်တစ်ဦးနဲ့ တွေ့ခဲ့တဲ့ တစ်ညက ပျော်ပါးခဲ့တယ်၊ မျက်နှာဖုံးသဲလွန်စကို မစိမ်းထိုက်ဆိုတဲ့ အမျိုးသမီးက တွေ့ရှိတဲ့သတင်း မြင်းလှည်းသမား ကျောက်ဒိုးတို့ အသိပေးတယ်၊ အဲဒီမြင်းလှည်းသမားဆီက မောင်ရင်တို့ ကြားခဲ့ရ တာမဟုတ်လား"

ဟု ပြောလေသဖြင့် ၎င်းနှင့်လူကျော် မယုံကြည်နိုင်အောင် အံ့ဩသွားကြလေ၏။

"ဟင်…အဘိုးက သိနေတယ်"

ဟု ၎င်းက တအံ့တဩ ရေရွတ်လိုက်သလို လူကျော်တ လည်း…

..... ထူးအိမ်သြာ တပေ .....

www.burmeseclassic.com

www.burmeseclassic.com



"အဘိုးက ကျွန်တော်တို့ ပြောမယ့်ကိစ္စ ကြိုသိနေတယ် ဟုတ်လား"

ဟု အံ့သြတကြီး မေးမြန်းလေရာ ထိုအခါ တရုတ်ဘိန်းစားကြီးက တဟားဟား ရယ်မောလျက်...

"ဒါက မခက်ပါဘူးကွာ၊ မောင်ရင်တို့ အခါတိုင်းထက် ဒီနေ့ပြန်လာတာ စောနေတဲ့အတွက် ကိစ္စတစ်ခုပါလာပြီဆိုတာ ကျိန်းသေတယ်၊ ဟောဒီ မောင်ရင့်အကျီၤုပုခုံးမှာ ထင်းရှူးအရွက်လေးတွေ တင်နေတာကို တွေ့ရတဲ့အတွက်ကြောင့် မောင်ရင်တို့မြို့အပြင်ဘက်ကို ရောက်ခဲ့တယ်ဆိုတာသေချာပြီ၊ ထင်းရှူးပင်ဟာ မြို့အပြင်မှာပဲ ရှိတယ်"

"ဒီတော့ မြို့အပြင်ကို မောင်ရင်တို့ စီးနေကျကျောက်ဒိုးရဲ့ မြင်းလှည်းနဲ့သွားမယ်၊ အဲပျော်မယ်လေးတွေထဲက မောင်ကျောက်ဒိုးရဲ့ မြင်းလှည်းကို အမြဲတမ်းငှားစီးတာဆိုရင် ခုနမစိမ်းထိုက်ဆိုတဲ့ အမျိုးသမီးတစ်ဦးပဲရှိတယ်"

"မစိမ်းထိုက်ဟာ အဲဒီခြံကြီးထဲက ဆီစက်၊ ဆန်စက်ပိုင်ရှင် ဦးလှငြိမ်းအမည်ခံ ကျော်ခေါင်ရဲ့အသည်းစွဲ အပျော်မယ်တစ်ဦးဖြစ်တယ်၊ ကျော်ခေါင်ရဲ့ ခြံထဲကို အဝင်အထွက်ရှိတဲ့ မိန်းကလေးဆိုရင် မစိမ်းထိုက်တစ်ဦးပဲရှိတယ်"

..... ထူးအိမ်သြ တပေ .....



"ဒါကြောင့် မစိမ်းထိုက်ဆီက ဒီသတင်းကို ရတယ်ဆိုတာ ထန်းသိတာပေါ့၊ ကျော်ခေါင်ဟာ ရုပ်ပြောင်းရုပ်လွှဲပညာ အင်မတန် တော်တဲ့အတွက် တစ်မြို့လုံး သူဌေးကြီးဦးလှငြိမ်းအဖြစ်ပဲသိထားကြတယ်"

"လွန်ခဲ့တဲ့ နှစ်ရက်လောက်ကမှ သူဌေးကြီး ဦးလှငြိမ်း အမည်ခံ ကျော်ခေါင်ဆိုတာကို တိတိကျကျ သိလိုက်ရတယ်၊ အဲဒီနေ့က ကျော်ခေါင်ဟာ ဒီမြို့က သူ့ခြံထဲကို မြင်းလှည်းတစ်စီးနဲ့ ပြန်လာတယ်၊ ငါ သူတို့ခြံရှေ့အရောက်မှာ သူစီးလာတဲ့ မြင်းလှည်း အငှါကိုဖြုတ်ပြီး ခြံထဲ မောင်းဝင်သွားတယ်"

"ငါက လေတင်ကဆိုတော့ မြင်းလှည်းဖြုတ်သွားချိန်မှာ ထူးခြားတဲ့အနံ့တစ်မျိုးကို ရလိုက်တယ်၊ အဲဒီအနံ့ဟာ ကျော်ခေါင်နဲ့ဦးလှငြိမ်းဘဝကို ကူးပြောင်းလာတဲ့ ဓားပြကြီးတိမ်ညို အမြဲသောက်နေကျ ဆေးတံရဲ့ဆေးအနံ့ပဲ၊ ဒါကြောင့် အားလုံးကို ဆက်စပ်ကြည့်လိုက်ရင် အဖြေကရှင်းနေပြီ၊ ဟုတ်တယ် မဟုတ်လား"

ဟု ပြောဆိုရှင်းပြလာသဖြင့် ၎င်းနှင့်လူကျော် တရုတ်ဘိန်းစားကြီးအား အထင်ကြီးပြီး မလေးစားဘဲ မနေနိုင်တော့။ ထွန်းထွန်းနှင့် ဆွေးခေါ်ဆက်စပ်မှု ထက်မြက်လှပေ၏။ ၎င်းက...

"မှန်ပါတယ် အဘိုး၊ အဘိုးရဲ့ဉာဏ်ပညာစွမ်းရည်ကို ကျွန်

..... ထူးအိမ်သြ တပေ .....

www.burmeseclassic.com

www.burmeseclassic.com



တော်တို့လေးစားပါတယ်''

ဟုချီးမွမ်းလေရာ လူကျော်ကလည်း…

''ဟုတ်ပါတယ်အဘိုး၊ ကျွန်တော်တို့ တွေ့ဖူးသမျှ လူတွေ ထဲမှာ အဘိုးဟာတကယ့်ပါရမီရှင်ကြီး တစ်ဦးပါပဲ''

ဟု ထပ်ဆင့်ချီးကျူးလိုက်လေတော့၏။ ထိုအခါ တရုတ် ဘိန်းစားကြီးက ၎င်း၏ဗီဇအတိုင်း တဟားဟားရယ်မော၍ အုတ် ပေါ်မှ ဆင်းလာလေတော့သည်။

''လောကကြီးက တစ်ခါတစ်ခါ အူကြောင်ကြောင်ကြီး ကွာ၊ တစ်ခါတစ်ခါတော့လည်း ကျီစယ်တတ်တယ်ကွ၊ သူ့အကြ မသိရင် သွားပြီသာမှတ်တော့၊ အရေးကြီးတာက လောကခံဆိုတဲ့ ကျမ်းကြီးကို အစဲဂုံဆောင်တတ်ထားဖို့လိုတယ်၊ မြောက်လွန်းရင် အကျနာတတ်သလို၊ ခြောက်လွန်းရင်လည်း အကြောက်လွန်တတ် တယ်ကွ''

''လောကခံဆိုတဲ့ကျမ်းကြီးကို ကြေညက်ထားသူတွေဟာ လောကကြီးနဲ့ အပေးအယူမျှတယ်၊ ရန်သူလည်းမရှိဘူး၊ မိတ်ဆွေ လည်းမဟုတ်ဘူး၊ စစ်လည်းမဟုတ်ဘူး၊ ငြိမ်းချမ်းရေးလည်းမရှိဘူး ပကတိ လူသားစစ်စစ်ပဲ''

''ပကတိ မဟုတ်သူတွေက ငွေမက်တဲ့လူဟာ ငွေအားကိုး





တယ်၊ ပညာမက်တဲ့လူဟာ ပညာအားကိုးတယ်၊ ဂုဏ်မက်တဲ့လူ ဟာ ခွန်အား၊အားကိုးတယ်၊ လောဘကြီးသူဟာ လောဘအားကိုး တယ်၊ ဒေါသကြီးသူဟာ ဒေါသအားကိုးတယ်၊ မောဟကြီးသူဟာ မောဟအားကိုးတယ်၊ ဒါနဲ့ပဲ သံသရာလည်နေကြတာ''

''နောက်ဆုံး မိမိအားကိုးတဲ့ အဲဒီလက်နက်ဟာ မိမိကိုပြန် ဒုက္ခပေးတော့တာပဲ၊ ဒီတော့ မောင်ရင်တို့ရှေ့လူလုပ်ရမယ့်အချိန်တွေ အများကြီး ရှိသေးတယ်၊ လောကခံကို ကြေညက်အောင်ဖတ်ပါ၊ ပကတိလူသားစစ်စစ်ဖြစ်အောင် ကြိုးစားကြပါ၊ ပကတိလူသား ဖြစ် ပြီဆိုတာနဲ့ အရာအားလုံးဟာ သာမညချည်း ဖြစ်သွားရော''

ဟု ဒဿနဆန်ဆန် စကားများကို ပြောဆိုလာ၏။ ထို နောက် တရုတ်ဘိန်းစားကြီးက ဆက်၍…

''ဒါပေမယ့် အရက်သမားဟာ အရက်သမား အလုပ်လုပ် သလိုလို၊ ကုန်သည်ဟာလည်း ကုန်သည်အလုပ်လုပ်ရမှာပဲ၊ ဒီတော့ မောင်ရင်တို့လည်း မောင်ရင်တို့အလုပ်လုပ်မယ်ဆိုတာ ငါယုံကြည် တယ်''

''ဒီနေရာမှာ အမှားနဲ့အမှန်ဆိုတာ မရှိဘူး၊ အမှန်ဆိုတာ ဘာလဲ၊ အမှားဆိုတာဘာလဲ၊ လက်ဖဝါးနဲ့ လက်ခုံ၊ ရှေ့သတ်နဲ့ နောက်ကျော၊ ဘယ်ဟာအမှား၊ ဘယ်ဟာအမှန်ယူမလည်း၊ အဲဒီ



www.burmeseclassic.com

www.burmeseclassic.com



တော့ ကိုယ့်လုပ်ရပ်ကို ကိုယ့်ကိုကိုယ်ပဲ ပြန်သတ်မှတ်ပေတော့"

ဟု ပြောလာလေ၏။ လေးလေးနက်နက် နားထောင်နေသော ၎င်းနှင့် လူကျော်မှာ အတန်ကြာအထိ ငြိမ်သက်သွားကြ၏။ ပြီးမှ...

"ဘာပဲဖြစ်ဖြစ် အဘိုး၊ ဒီလူယုတ်မာ့ကို ကျွန်တော်တို့ ကလဲ့စားချေရမှ ကျေနပ်နိုင်မယ်"

ဟု ၎င်းက ခိုင်မာစွာပြောလေရာ ထိုအခါ လူကျော်ကလည်း...

"ဟုတ်တယ်အဘိုး၊ ကျွန်တော်တို့ ဆုံးဖြတ်ချက်တွေဟာ ကျွန်တော်တို့အသက်နဲ့ ထပ်တူပဲ"

ဟု ဝင်ထောက်ခဲ့လေ၏။ တရုတ်ဘိန်းစားကြီးက ခေါင်းညိတ်ရင်း...

"အဲဒါ မောင်ရင်တို့ အလုပ်ပဲလေ၊ ယောကျ်ားကောင်းမှန်ရင် ကိုယ့်အလုပ်အပေါ် ကိုယ်ယုံကြည်မှုရှိရမယ်၊ ခိုင်မာမှုရှိရမယ်၊ ဒါမှ အောင်ပွဲခံနိုင်မှာ"

ဟု အားပေးစကားဆိုလေ၏။ ၎င်းက...

"ကျွန်တော်တို့ ဘယ်တော့မှ ဖွဲမလျော့ဘူး၊ ရှေ့ပဲဆက်မယ်"





"ဟုတ်ပြီ၊ ဒါပေမယ့် ကျော်ခေါင်ဟာ ရုပ်ပြောင်းရှုပ်လွှဲပညာကျွမ်းကျင်တယ်၊ ကောက်ကျစ်တယ်၊ ရက်စက်တယ်၊ ဒါကိုတော့ မမေ့နဲ့၊ အမြဲသတိရှိပါ"

"အကောင်းဆုံးက ကိုယ့်ပစ်ကွင်းထဲက သားကောင်ကို ဘယ်တော့မှ လွယ်လွယ်နဲ့ အထင်မသေးမိဖို့ပဲ၊ မောင်ရင်တို့နှစ်ယောက်ရဲ့ ဆန္ဒအောင်မြင်ပါစေ၊ လူအများအပေါ် အမျိုးမျိုး ဒုက္ခပေးခဲ့တဲ့ လူယုတ်မာအတွက် ကမ္ဘာလောကကြီးက ကြာကြာလက်မခံတော့ပါဘူး"

ဟုပြောကာ နေရာမှ ထွက်ခွာသွားလေတော့သည်။

ထို့နောက် ၎င်းနှင့်လူကျော်လည်း...

✠ ✠ ✠

( ၉ )

လပြည့်ညဖြစ်သော်လည်း ခြံကြီးတစ်ခြံလုံး၌အုပ်အုပ်ဆိုင်းဆိုင်း သစ်ပင်ကြီးများကြောင့် လွန်စွာမှ မှောင်နေ၏။

တချို့သစ်ပင် အရိပ်လွတ်သော နေရာများလောက်သာ သရိပ်အလင်းရောင် ထိုးကျလျက်ရှိလေသည်။ အဝေးမှကြည့်လျှင် ထိုခြံကြီးတစ်ခြံလုံး ချောက်ချားထိတ်လန့်ဖွယ်ရာ။



www.burmeseclassic.com

www.burmeseclassic.com



တစ်သီးတစ်ခြား ခြံကြီးဖြစ်နေသည့်အပြင် လူသွားလူလာကလည်း အင်မတန် ကြဲပါးလှ၏။ တစ်ခါတစ်ရံ လေပြင်းနှင့်အတူ အဝေးဆီမှ ဆွဲဆွဲငင်ငင် တိုးအူလိုက်သော ခွေးအူသံတို့မှာ သွေးပျက်ဖွယ်ကောင်းနေပြန်သည်။

ထိုအချိန်မှာ ခြံကြီးထဲသို့ လူနှစ်ယောက်သည် မှောင်ရိပ်ခို၍ တဖြည်းဖြည်း ချဉ်းကပ်လာကြ၏။

ခြံအုတ်တံတိုင်းကြီးများကို တွယ်တက်ကျော်ဖြတ်၍ ခြံကြီးအတွင်းထဲ မှောင်ရိပ်ကျသော သစ်ပင်ကြီးများအောက်မှ အကာအကွယ်ယူကာ အိမ်ကြီးရှိရာ တိုးကပ်သွားနေကြခြင်းဖြစ်သည်။

ထိုလူနှစ်ယောက်မှာ အိမ်ကြီးနံဘေးသို့ ရောက်သောအခါ အိမ်ကြီးအတွင်းထဲ အခြေအနေ အကဲလှမ်းခတ်၍ နှစ်ယောက်အနက် တစ်ယောက်က အသံခပ်အုပ်အုပ်ဖြင့် ပြောလေ၏။

"လူယုတ်မာကျော်ခေါင် အိပ်ပုံမရသေးဘူး။ ဟိုရှေ့က အခန်းထဲမှာ မီးလင်းနေတယ်"

ဟု အခြေအနေအား သုံးသပ်လေရာ ဒုတိယတစ်ယောက်က မီးလင်းနေသော အခန်းသို့ လှမ်းကြည့်ရင်း...

"ဒါ...ငါတို့အတွက် အခွင့်အရေးပဲ၊ ဒီလူယုတ်မာကို တစ်ခါထဲ အသေမသတ်ဘူး။ တဖြည်းဖြည်း မျှင်းသတ်ရမယ်"





ဟု ခံပြင်းကြေကွဲစွာပြောလေတော့၏။ ထိုအခါ ပထမတစ်ယောက်က ခေတ္တမျှစဉ်းစားလိုက်ပြီး...

"ဟုတ်ပြီ ငါအကြံရပြီ၊ ငါတို့နှစ်ယောက်ကို သတ်ခဲ့တဲ့ ပုံစံအတိုင်း သူ့ကိုစိတ်ပိုင်းဆိုင်ရာ ထိနိုက်အောင် အရင်ဆုံးပညာပေးရမယ်"

ဟု အကြံပြုလေ၏။ ထိုအခါ ဒုတိယတစ်ယောက်ကလည်း

"သိပ်ကောင်းတဲ့ အစီအစဉ်ပဲ၊ အဲဒီ ဒီလူယုတ်မာ စိတ်ဒုက္ခအကြီးအကျယ် ရောက်ပြီးပြန်ခံစားရမှာ"

ထို့နောက် ၎င်းတို့လူနှစ်ဦးသည် မီးလင်းနေသော အခန်းဆီသို့ အသာတိုးကပ်သွားပြီး မှန်ရိပ်မှတဆင့် အတွင်းသို့ ကြည့်လိုက်သောအခါ ၎င်းတို့ထင်ထားသည့်အတိုင်း ဦးကျော်ခေါင် [illegible] သေးပါ။ စာဖတ်နေခြင်းကို တွေ့ရ၏။ မီးလင်းနေသော [illegible] စာကြည့်ခန်းဖြစ်နေတော့သည်။

ထို့ကြောင့် ထိုလူနှစ်ဦးသည် အတွင်းရှိ ဦးကျော်ခေါင် ကြားသိသာစေရန် အပြင်မှ တံခါးခေါက် အချက်ပေး၍ [illegible] ကွင်းစွပ်ပြီး ခြောက်လှန့်ပြလိုက်သည်။

တံခါးခေါက်သံကြောင့် ဦးကျော်ခေါင် [illegible] တံခါးကို လှမ်းကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်မှာ မမျှော်လင့်ဘဲ ငှင်းတို့ပြုလုပ်လိုက်သော မြင်းကွင်းကြောင့် ဖုတ်လက်စစာအုပ် လွတ်ကျပြီး သွေးပျက်ထိတ်လန့် တကြားပုံမျိုးဖြစ်သွားကာ မြင်တွေ့လိုက်ရ၏။

"ဒုန်း"

"ဝုန်း"

ဦးကျော်ခေါင် သွေးပျက်ချောက်ချားကာ အနောက်သို့ ခြေဆုတ်လိုက်ချိန်မှာ စားပွဲခုံနှင့် ဝင်တိုက်ပြီး လဲကျသွားခြင်းဖြစ်၏။

ထိုအချိန်မှာ ငှင်းနှင့်လူကျော် ထိုခြံကြီးထဲမှ အမြန်ပြန်ထွက်ခွာခဲ့ကြတော့သည်။

✠ ✠ ✠

( ၁၀ )

နောက်တစ်နေ့တွင် ထိုခြံကြီးထဲ အခြေအနေ အကဲသွားခတ်ကြည့်ရာ၌ ယခင်ရက်များကနှယ် မဟုတ်တော့ဘဲ အစောင့်အကြပ်များ ချထားခြင်းကို အံ့ဩစွာတွေ့ရှိရတော့၏။

ဦးကျော်ခေါင်၏ နောက်လိုက် တပည့်များပင် ဖြစ်ပေ





မည်။ ခြံကြီးပတ်ပတ်လည် ချထားသော အစောင့်အကြပ်မှာ ခုနစ်ယောက်ခန့်ရှိလေသည်။

ညက ငှင်းနှင့်လူမော် သွားရောက်ပြီး ဦးကျော်ခေါင်အား အတိတ်မှ ငှင်း၏လုပ်ရပ်များကို ပြန်လည်သတိရစေရန် ပြုလုပ်လိုက်ခြင်းအတွက် ဦးကျော်ခေါင်သည် သွေးပျက်ချောက်ချားကာ ယခုကဲ့သို့ အခြေအနေမျိုး စီစဉ်ထားခဲ့ခြင်း ဖြစ်ပေမည်။

ဘာပဲဖြစ်ဖြစ် ငှင်းနှင့်လူကျော်ကတော့ ဦးကျော်ခေါင်အား ပြန်လည် လက်စားချေနိုင်မှ ကျေနပ်မည်။ နှစ်ပေါင်းများစွာ ချိုးနှိမ်ခဲ့သော အိပ်မက်သဖွယ် ခြောက်လှန့်သွေးပျက်စေခဲ့သော (အထူးသဖြင့် လွန်ခဲ့သော အတိတ်ဘဝတစ်ခုက) ငှင်းတို့ညီအစ်ကိုအား ရက်ရက်စက်စက် သတ်ဖြတ်ခဲ့သည့် လုပ်ရပ်အတွက် ယခုတော့ ပြန်လည် လက်စားချေခွင့်ကြုံလေပြီ၊ လက်စားချေရမည့်အခါ အခွင့်အခါကိုလည်း ခိုင်မာစွာ ချမှတ်ခဲ့ပြီးပြီဖြစ်၏။

ထိုနောက် ငှင်းနှင့်လူကျော်သည် ဒီကနေ့ညတွင် ဦးကျော်ခေါင်၏ အိမ်ကြီးထဲသို့ အလွယ်တကူ ဝင်ရောက်နိုင်မည့် ထပ်မံပြင်ဆင်မှုများကို ကြိုတင်လေ့လာကြ၏။

အစောင့်အကြပ်များ ချထား၍ အလွယ်တကူ ဝင်၍မရနိုင်မလွယ်။ ထို့ကြောင့် ငှင်းနှင့်လူကျော်သည် အခြားနည်းလမ်း



www.burmeseclassic.com

www.burmeseclassic.com



ကြာမြင့်အောင် အိမ်ကြီးထဲဝင်ရောက်နိုင်ရန် လမ်းကြောင်းကို အကဲခတ်လေ့လာကြသောအခါ လမ်းကြောင်းတစ်ခုကို အမှတ်မထင်တွေ့ရှိလိုက်၏။

ဦးကျော်ခေါင်၏ အိပ်ခန်းဘေးတွင် အလွန်ကြီးမားသော သစ်ပင်ကြီးတစ်ပင်ရှိ၏။ ထိုအပင်ကြီးမှ ကိုင်းတက်များသည် အိပ်ခန်းရှိရာ ပြတင်းပေါက်သို့ ထိုးကျနေ၏။ ထိုသစ်ကိုင်းများမှတဆင့် ပြတင်းပေါက်ကိုကျော်ပြီး အိပ်ခန်းထဲသို့ ဝင်ရောက်နိုင်မည်ဖြစ်သည်။

သို့သော် အလွယ်တကူတော့ မရနိုင်။ ခက်ခက်ခဲခဲ ကြိုးစားမှရပါလိမ့်မည်။

သို့မှသာ ခြံထဲတွင်ချထားသော ဦးကျော်ခေါင်၏ တပည့်များကို အလိမ္မာသုံး၍ ဝင်ရောက်နိုင်မှ ဦးကျော်ခေါင်အား အလွယ်တကူ လက်စားချေခွင့်ရနိုင်မှာဖြစ်၏။

ထို့ကြောင့် ကျွန်ုပ်က . . .

"ဒီကောင်တွေကို ပရိယာယ်သုံးပြီး ကျော်နိုင်ရင် လူယုတ်မာကျော်ခေါင်ကို လက်စားချေလို့ရပြီ"

ဟုသုံးသပ်ပြလေရာ လူမော်က . . .

"သိပ်တော့ မလွယ်လှဘူး။ ဒီအချိန်ဟာ လူယုတ်မာကျော်ခေါင်အတွက် အရေးကြီးကြောင်း၊ ဒီကောင်တွေသိထားရင် ပိုဆ





ိုက်မှာ သေချာတယ်၊ ပြီးတော့ ဒီလူယုတ်မာကျော်ခေါင်လည်း သတိဝီရိယနဲ့ နေမှာမလွဲဘူး။ ဒီတော့ လူယုတ်မာကျော်ခေါင်ကို ဒီည လက်စားချေနိုင်ဖို့ အကောင်းဆုံးနည်းလမ်းကို ရှာရမယ်"

ဟု ပြောဆိုသတိပေးလာသောအခါ ငှင်းနှင့်လူကျော် ခြံကြီးအတွင်းထဲ အကဲခတ်ကြည့်ရှုရင်း အတန်ကြာမျှ စဉ်းစားလိုက်ကြသည်။

ပြီးမှ ငှင်းကတွေးတွေးဆဆဖြင့် . . .

"ဒီကောင်တွေကို အလွယ်တကူ လှည့်စားနိုင်မဲ့ နည်းလမ်းတစ်ခုတော့ရှိတယ်"

ဟု ပြောလိုက်ရာ လူကျော်က ဝမ်းသာသွားပြီး . . .

"ဘယ်လိုနည်းလမ်းလည်း ပြောစမ်းပါဦး"

ဟု မေးမြန်းလိုက်လျှင် ငှင်းက ထိုနည်းလမ်းကို အသေးစိတ် ပြောပြလိုက်၏။ ထိုအခါ လူကျော်လည်း ထိုနည်းလမ်းကို သဘောကျသွားပြီး လက်ခံလိုက်၏။

ထို့နောက် ငှင်းနှင့်လူကျော်သည် ကြိုတင်စီစဉ်စရာများ အမြန်ဆုံးစီစဉ်ရန်အတွက် ထိုခြံကြီးနံဘေးမှ ထွက်ခွာခဲ့ကြလေတော့သည်။

✠ ✠ ✠



www.burmeseclassic.com

www.burmeseclassic.com



( ၁၁ )

ညနေစောင်းသို့ရောက်သောအခါ ဦးကျော်ခေါင်၏ ခြံရှေ့သို့ မြင်းလှည်းတစ်စီး ထိုးရပ်လာလေ၏။

ထိုအချိန်မှာ ခြံထဲရှိ ဦးကျော်ခေါင်၏ တပည့်များက လွှ
စွာမှ မာရေကျောရေနိုင်လှစွာ အလွယ်တကူ ဝင်ခွင့်မပေးဘဲ မည်
သည့်ကိစ္စရှိကြောင်း မေးမြန်းလေ၏။

ထိုအခါ မြင်းလှည်းသမားလုလင်သည် ဦးကျော်ခေါင်၏
တပည့်များအား ခေတ္တစောင့်ဆိုင်းရန်ပြောပြီး မြင်းလှည်းပေါ်မှ အင်
မတန်မှ ချောမောလှပသော အမျိုးသမီးငယ်အား အောက်သို့ဆင်
နိုင်းလိုက်လေ၏။

ထိုအမျိုးသမီးငယ် မြင်းလှည်းအောက်သို့ ဆင်းလိုက်သော
အခါ ဦးကျော်ခေါင်၏ တပည့်များသည် အမျိုးသမီးငယ်အားကြည့်
၍ တောင်းပန်စကားဆိုကာ ဝင်ခွင့်ပြုလိုက်လေတော့၏။

ထိုအခါ မြင်းလှည်းသမား လုလင်သည် ခြံအပြင် မြင်း
လှည်းပေါ်မှာပင် ကျန်နေခဲ့ပြီး အမျိုးသမီးငယ်ကတော့မှု ဦးကျော်
ခေါင်၏ တပည့်များနှင့် အိမ်ကြီးရှိရာသို့ လိုက်ပါသွားလေ၏။

..... ထူးအိမ်သြာ တာမေ .....



သို့ဖြင့် အိမ်ကြီးသို့မရောက်ခင် လမ်းတစ်ဝက်၌ အမျိုးသမီး
ငယ်သည် တစ်စုံတစ်ရာကို သတိရသွားဟန်မျိုးဖြင့်…

"ဪ…မေ့နေလိုက်တာ၊ ဒီမှာရှင်တို့အတွက် ဂျာမနီ
အကောင်းစား အရက်တွေပါလာတယ်၊ ကျွန်မမိတ်ဆွေတစ်ဦးဆီက
အကူးတက လှမ်းမှာလိုက်တာ၊ ကျွန်မအတွက် အသုံးမဝင်ပါဘူး
ရှင်တို့အတွက် လက်ဆောင်ပေးချင်လို့"

ဟုလက်ထဲမှ ဆွဲထားသော အထုပ်တစ်ထုပ်ကိုပြပြီး ပြော
လိုက်သဖြင့် ဦးကျော်ခေါင်၏ တပည့်များသည် လွှန်စွာမှအရက်
ကြိုက်တတ်သူများဖြစ်သဖြင့် ဝမ်းသာသွားကြသည်။

အမျိုးသမီးငယ် လက်ထဲမှ အရက်ပုလင်းထည့်ထားသော
အထုပ်ကို အငမ်းမရ လှယူကြပြီး သူ့ထက်ငါ အပြိုင်ကျေးဇူးတင်
ကြောင်း ဆိုကြလေသည်။

"ကျေးဇူးကြီးမားပါတယ် အစ်မလေး၊ ကျွန်တော်တို့အပေါ်
စေတနာထားတတ်တဲ့ အစ်မလေးအတွက် ကျွန်တော်တို့ ကျေးဇူးပြန်ပြု
မယ်"

"ဟုတ်တယ်ဗျ၊ ကျုပ်တို့က ပါးစပ်ပြောမဟုတ်ဘူး၊ အစ်မ
လေးကို တကယ်ကျေးဇူးတင်တာပါ၊ ဂျာမနီအရက်ဆိုတာ ကျုပ်တို့
အတွက် နတ်စည်းစိမ်တမျှလိုပဲ၊ ဒါကြောင့် အစ်မလေးကို ကျေးဇူး

..... ထူးအိမ်သြာ တာမေ .....

www.burmeseclassic.com

www.burmeseclassic.com



ပြန်မြူချင်တာ"

"အဟင့်…ဟင့်…မလိုပါဘူးရှင်၊ လိုအပ်တဲ့အခါကျ တော့ ကျွန်မပြောပါ့မယ်၊ ကဲ…ကျွန်မတို့ အိမ်ထဲအမြန်သွားကြစို့ ကျွန်မကို ဦးကျော်ခေါင် မျှော်နေရောပေါ့"

ဟုပြောပြီး အိမ်ကြီးရှိရာသို့ ဆက်လျှောက်လိုက်ကြ၏ ထိုသို့လျှောက်ရင်းမှ…

"ဩော်…တစ်ခုမေ့နေလို့၊ အဲဒီအထုပ်ထဲမှာ အရက် ရွှဲဖက်စားသုံးဖို့ ဘဲကင်တစ်ကောင်ပါ ပါသေးတယ်"

ဟုသတိရပြီး အမျိုးသမီးငယ်က ပြောလိုက်သဖြင့် နှ ကတည်းက အစားအသောက် လွန်စွာမှုခုံမင်လှသော ဦးကျော်ခေါ ၏ တပည့်များမှာပို၍ ဝမ်းသာသွားကြတော့၏။

"ကျေး…ကျေးဇူးကြီးမားလှပါတယ် အစ်မလေး"

ဟု အားလုံးဝမ်းပန်းတသာ ဆိုလိုက်ကြသည်။

ထို့နောက် အမျိုးသမီးငယ်သည် ဦးကျော်ခေါင်အား မျှဝင်တွေ့ပြီး လက်ဆောင်ပစ္စည်းတစ်ခုပေးကာ ခြံရှေ့မြင်းလှည်း ရှိရာသို့ ပြန်လာ၏။

ပြီးနောက် မြင်းလှည်းကို မောင်းနှင်၍ လာလမ်းအတိုင်း ထွက်ခွာခဲ့ကြလေတော့သည်။

….. ထုအိန္ဒြာ တပေ …..



သို့ရာတွင် မြင်းလှည်းသမားလုလင်သည် မြင်းလှည်းသမား ကျောက်ဒိုး၊ အမျိုးသမီးငယ်သည် မစိမ်းထိုက်ဖြစ်ကြ၏။

၎င်းတို့နှစ်ဦးသည် ဦးကျော်ခေါင်အိမ်ကြီးမှ မြင်းလှည်းဖြင့် အပြန်တွင် မြို့အပြင်တစ်နေရာ၌ လူမော်နှင့်လူကျော်တို့အား သွား ရောက်တွေ့ဆုံကြမည်ကို အကယ်၍များ ဦးကျော်ခေါင် သိရှိခဲ့မည် ဆိုပါလျှင်…။

✠ ✠ ✠

( ၁၂ )

ည ၁၀း၀၀ နာရီထိုးချိန်၌ လူမော်နှင့်လူကျော်တည် ကြို တင်စီစဉ်ထားသည့်အတိုင်း ဦးကျော်ခေါင်၏ ခြံကြီးရှေ့သို့ ရောက်လာ ကြ၏။

မှောင်ရိပ်ခိုပြီး ခြံကြီးရှေ့သို့ တဖြည်းဖြည်း ရောက်လာပြီး နောက် ခြံကြီးအတွင်းထဲသို့ အကဲခတ်ကြည့်ရှုလိုက်သည်။

ညနေက မစိမ်းထိုက်နှင့် မြင်းလှည်းသမား ကျောက်ဒိုး ကောင်းမှုကြောင့် ဦးကျော်ခေါင်တပည့်များ အိပ်ဆေးမိ

….. ထုအိန္ဒြာ တပေ .

www.burmeseclassic.com

www.burmeseclassic.com



ဂျာမနီအရက်နှင့် ဘဲကင်ကိုစားသောက်ပြီး တခဲလောကကြီးနှင့် အဆက်ပြတ်နေကြလိမ့်မည်။

ငင်းတို့ထင်သည့်အတိုင်း ဦးကျော်ခေါင် တပည့်များအားလုံး ခြံကြီးထဲရှိ မြက်ခင်းပြင် စားပွဲဝိုင်းဆောင်းတွင် ဂျာမဏီအရက်နှင့် ဘဲကင်၏တန်ခိုးကြောင့် စိတ်ပျက်စရာကောင်းလောက်အောင် လဲပြို နေကြလေ၏။

ထိုအခြေအနေကြောင့် ငင်းနှင့်လူကျော်သည် လူယုတ်မာကျော်ခေါင်အား ဤညအလွယ်တကူ လက်စားချေခွင့်ရတော့မည်။

"ဒီကောင်တွေ အားလုံးတော့ မှောက်နေပြီ ငါတို့အထဲဝင်ကြမယ်"

ဟု ငင်းက အသံခပ်အုပ်အုပ်ဖြင့် ပြောလိုက်ရာ လူကျော်က ခေါင်းညိတ်ပြသည်။

သို့ဖြင့် ငင်းနှင့်လူကျော်သည် ခြံကြီးထဲသို့ဝင်ရောက်ရန် အုတ်တံတိုင်းကြီးအား တွယ်တက်လိုက်ကြ၏။

ထိုအချိန်တွင် ငင်းတို့တက်ရောက်ရာ အုတ်တံတိုင်းကြီးပေါ်မှ ဝတ်ရုံနက်လူတစ်ယောက် လျင်မြန်စွာခုန်ချ၍ အမှောင်ရိပ်ထဲသို့ ဝင်ရောက်ပျောက်ကွယ် သွားတော့သည်။

ငင်းတို့ ထိုဝတ်ရုံနက် လူနောက်သို့ လိုက်ရန်ကြိုးစားချိန်





မရလိုက်ဘဲ နောက်ကျသွား၏။ ထိုဝတ်ရုံနက်လူသည် ကိုယ်ခန္ဓာပေါ့ပါးလျှင်မြန်လွန်းသဖြင့် အဆင့်မြင့်သိုင်းသမားတစ်ဦး ဖြစ်နိုင်ချေရှိသည်။

သို့ရာတွင် ထိုဝတ်ရုံနက်လူသည် ဦးကျော်ခေါင်ခြံကြီးထဲမှ မည်သို့ကြောင့် ရောက်လာသနည်း။ မည်သူဖြစ်သနည်း။ ငင်းတို့ကဲ့သို့ ဦးကျော်ခေါင်အား အလိုရှိသူဖြစ်နေမည်လား။

"ဒီလူ ငါတို့ကို ရန်မရှာဘဲ ရှောင်ထိမ်းသွားတာ အံ့ဩစရာကောင်းတယ်"

ဟု လူကျော်က မှတ်ချက်ပြုလေရာ ငင်းက တွေးဆလိုက်တန်ဖြင့်...

"အင်း...သေချာတာကတော့ ဒီလူ ငါတို့အရင် လက်ဦးသွားပြီလားမသိဘူး"

ဟု ပြောလိုက်၏။ ထိုအခါ လူကျော်က မချင့်မရဲ ဖြစ်သွားပြီး...

"တောက်...ဒီလူယုတ်မာကို ငါတို့လက်နဲ့ကိုယ်တိုင်သတ်ရမှကျေနပ်မယ်"

ဟု ကြုံးဝါးလိုက်၏။ ငင်းက...

"ငါတို့အိမ်ထဲ အမြန်ဝင်ကြမယ်၊ သူ့တပည့်တွေ သတိရ



www.burmeseclassic.com

www.burmeseclassic.com



သောရင် လုပ်ငန်းကြံ့ကြာလိမ့်မယ်''

ဟု ရင်းကပြောလိုက်၏။ ထို့နောက် ရင်းနှင့်လူကျော်သည် ခြံကြီးထဲသို့ အသာဝင်ရောက်ကာ ဦးကျော်ခေါင် အိပ်ခန်းဘေးရှိ သစ်ပင်ကြီးပေါ်သို့ လျှင်မြန်စွာ တက်လိုက်ကြ၏။

ထိုမှတဆင့် ရင်းသည် အိပ်ခန်းပြတင်းတံခါးကို အသာ ဆွဲဖွင့်လိုက်သောအခါ အလွယ်တကူပင် ပွင့်သွား၏။ ပြတင်းတံခါး မပိတ်ဘဲထားပုံရသည်။

''သတိရှိပါစေနော်''

ဟု လူကျော်က လှမ်းသတိပေးလိုက်၏။

သို့ဖြင့် ရင်းနှင့်လူကျော်သည် အိပ်ခန်းပြတင်းတံခါးမှတဆင့် အတွင်းထဲသို့ အလွယ်တကူ ဝင်ရောက်လိုက်ကြ၏။

အခန်းတစ်ခုလုံး တိတ်ဆိတ်နေ၏။ အခန်းအခြေအနေကို အကဲခတ်ကြည့်ရှုလိုက်သောအခါ ကုတင်ပေါ်တွင် ဦးကျော်ခေါင် ရှိမနေပါ။ အခန်းက အတော်လေးကျယ်ဝန်းလှသဖြင့် ဦးကျော်ခေါင် ကို အလွယ်တကူ ရှာမရနိုင်ဖြစ်နေ၏။

ထို့ကြောင့် ရင်းသည် အခန်းမီးခလုပ်ရှိနိုင်သည့် နေရာကို မှန်းဆ၍ရှာဖွေကြည့်လိုက်၏။

ကံကောင်းလှစွာ အိပ်ခန်းအဝင်အထွက်ပေါက်ဘေးရှိ မီး





ခလုတ်တစ်ခုကို လက်နှင့်စမ်းမိလိုက်သဖြင့် ဖွင့်လိုက်လေ၏။

တစ်ခန်းလုံး မီးလင်းထိန်သွားပြီး အခန်းထောင့်ရှိ စားပွဲဝိုင်း ချ၍ မျက်နှာမူပြီးထိုင်နေသော ဦးကျော်ခေါင်ကို ဘွားခနဲတွေ့လိုက် ရလေသည်။

''ခင်ဗျား ထွက်ပြေးဖို့ မကြိုးစားပါနဲ့ ဦးကျော်ခေါင်၊ ကျုပ် တို့လက်က ပြေးမလွတ်ပါဘူး''

ဟု လူကျော်က ပြောလိုက်ပြီး အသင့်ပါလာသော ကြိုးခွေ ကို အကျီအိတ်ထဲမှ ထုတ်လိုက်သည်။

ထိုအတူ ရင်းသည်လည်း ခါးကြားတွင် အသင့်ပါလာသော ဓားမြှောင်တစ်ချောင်းကို ဆွဲထုတ်လိုက်၏။

''ဒီမှာ ဦးကျော်ခေါင်၊ ကျုပ်တို့မျက်နှာတွေက အမှတ်တွေ ကို သေသေချာချာ ကြည့်စမ်းပါဗျ။ ကျုပ်တို့ဘယ်သူတွေလည်းဆို တာ ခင်ဗျားကြီး မမှတ်မိဘူးလား''

ဦးကျော်ခေါင်ကား ကုလားထိုင်ပေါ်ထိုင်လျက် မည်သို့မျှ မတုန်ပြန်။ ၎င်းတို့အား မျက်တောင်မခတ်တမ်း စိုက်ကြည့်နေလေ၏။

ထိုအခါ ရင်းက စိတ်မရှည်စွာ ဖြစ်သွားပြီး…

''ခုမှ ခင်ဗျားကြီး အိပ်ချင်ယောင်ဆောင်မနေနဲ့ လွန်ခဲ့တဲ့ အနှစ်နှစ်ဆယ်ကျော်က ကျုပ်တို့ဆရာတိမ်ညိုကိုသတ်ပြီး ရှာ်ငြောင်း



www.burmeseclassic.com

www.burmeseclassic.com



ရုပ်လွှဲနဲ့ ကျုပ်တို့သရာနေရာဝင်ပြီး မကောင်းတာတွေ လုပ်ခဲ့တယ်၊ ပြီးတော့ ကျုပ်တို့ညီအစ်ကိုနှစ်ယောက်ကိုလည်း ရက်ရက်စက်စက် သတ်ခဲ့တယ်၊ ခင်ဗျားဘာပြောင်းဦးမလဲ''

ဟု မေးမြန်းလိုက်လေရာ ဦးကျော်ခေါင်သည် တုတ်တုတ်မျှ မလှုပ်၊ မှုလအတိုင်းရှိနေခဲ၏။ ထို့ကြောင့်လူမော်က စိတ်မထိန်းနိုင်တော့ဘဲ • • •

''ကြာပါတယ်ကွာ၊ တစ်ခါတည်းသာ သတ်ပစ်လိုက်''

ဟုပြောပြီး ဦးကျော်ခေါင်၏ အကျီရင်ဘတ်အား ဆောင့်ဆွဲမလိုက်တော့၏။

''ဟာ''

''ဟင်''

ရှေ့ဘက်သို့ ထိုးကျလာသော ဦးကျော်ခေါင်၏ ခန္ဓာကိုယ်ကြီးအားကြည့်ရင်း တအံ့တသြ ဖြစ်သွားကြသည်။

ဦးကျော်ခေါင်၏ ခန္ဓာကိုယ် စားပွဲပေါ်သို့ ကွေးညွှတ်ကျပြီး စားပွဲနှင့်မျက်နှာ အပ်သွားချိန်တွင် ကျောတည့်တည့်၌ ဓားတန်းလန်းကြီး စိုက်ဝင်နေသည်ကို အံ့သြဖွယ်တွေ့လိုက်ရတော့၏။

''တို့ထင်တဲ့အတိုင်း လက်ဦးသွားပြီ''

ဟု ၎င်းက မကျေမနပ် ရေရွတ်ရင်း ဘေးဘီသို့ကြည့်လိုက်

..... ထူးဒိဋ္ဌာ တလေ .....



မိသည်။

''ခုနပြီအပြင်မှာ တွေ့လိုက်တဲ့ ဝတ်ရုံနက်နဲ့လူရဲ့ လက်ချက်ပဲဖြစ်မယ်၊ တောက် • • • ငါတို့လက်နဲ့ ဒီလူယုတ်မာကို မသတ်လိုက်ရတာ နာတယ်ကွာ''

ဟု လူကျော်ကလည်း မကျေမချမ်း ရေရွတ်လေတော့သည်။

၎င်းနှင့် လူကျော်သည် မည်သည့်အချိန်ကတည်းက ဓားတန်းလန်းနှင့် သေနေမှန်းမသိရသော လူယုတ်မာကျော်ခေါင်၏ ရုပ်အလောင်းအားကြည့်ရင်း မကျေမနပ်ဖြစ်ကာ စိတ်ပျက်သွားကြတော့သည်။ ၎င်းက • • •

''ငါတို့အရင် လက်ဦးမှုရသွားပြီဆိုတော့ ငါတို့ပြန်ရုံပဲရှိတယ်''

ဟုပြောပြီး နေရာမှလှည့်ပြန်ရန် ဟန်ပြင်လိုက်ကြသည်။

''မောင်ရင်တို့ လုံးဝမလှုပ်ပါနဲ့၊ ခုခံဖို့လည်း မကြိုးစားပါနဲ့၊ အေးအေးဆေးဆေး အဖမ်းခံပါ''

ဟု အနောက်က ပြောလာသော အသံကြောင့် ပြိုင်တူလှည့်ကြည့်လိုက်သည့်အခါ ပုလိပ်အဖွဲ့က ၎င်းတို့အား အလစ်ဝိုင်းဖမ်းဆီးလိုက်ကြောင်း သိရလေ၏။

..... ထူးဒိဋ္ဌာ တလေ .....

www.burmeseclassic.com

www.burmeseclassic.com



ငှင်းနှင့်လူကျော် အံ့ဩမယုံကြည်နိုင်စွာဖြင့် ရှိနေဆဲမှာ ပုလိပ်သားများ အလုံးအရင်းနှင့်ဝိုင်း၍ ငှင်းနှင့်လူကျော်အား ဖမ်းဆီး လက်ထိပ်ခတ်လိုက်လေပြီ။

"ဦးကျော်ခေါင်ကို ကျုပ်တို့မသတ်ဘူး"

ဟု ငှင်းက ငြင်းဆိုလေရာ ပုလိပ်ခေါင်းဆောင် လူဆိုးထိန်း ဖြစ်သူက• • •

"ခုမှငြင်းမနေပါနဲ့၊ ငြင်းလည်းအပိုပဲ၊ ဦးကျော်ခေါင်ကို မောင်မင်းတို့ မသတ်ရင် ဘယ်သူသတ်မလဲ၊ လက်ပူးလက်ကြပ်မိ တာတောင် ငြင်းချင်သေးရင် ရယ်စရာကောင်းလိမ့်မယ်၊ ကဲ• • • တရားခံနှစ်ဦးကို ဂါတ်ကိုတစ်ခါတည်း ဖမ်းခေါ်ခဲ့ကြ"

ဟု ပုလိပ်ခေါင်းဆောင်၏ အမိန့်သံဆုံးသည်နှင့် ပုလိပ်သား များက ငှင်းနှင့်လူကျော်အား လက်ထိပ်တန်းလန်းနှင့် ဖမ်းဆီးခေါ် ဆောင်လိုက်ကြတော့သည်။

✠ ✠ ✠





( ၁၃ )

ငှင်းနှင့်လူကျော်တို့ မြို့ဂါတ်ရှိ အချုပ်ခန်းတွင် နှစ်ရက်မျှ ချုပ်နှောင်ဖမ်းဆီးထားပြီး ထိုနေ့မနက်ပိုင်းတွင် ပုလိပ်သားတစ်ဦးမှ လာရောက်၍ ငှင်းနှင့်လူကျော်အား အချုပ်ခန်းထဲမှ ပြန်လွှတ်ပေးခဲ့ သည်။

ငှင်းနှင့်လူကျော် အံ့ဩနားမလည်နိုင်ဘဲ ရှိနေချိန်မှာ ငှင်း တို့ကို ကိုယ်တိုင်ဖမ်းဆီး ခေါ်ဆောင်ခဲ့သော လူဆိုးထိန်းကပင် ရှင်းပြ ခဲ့သည်။

"မောင်ရင်တို့ကို အပြစ်မရှိကြောင်း လူတစ်ယောက်က အာမခံနဲ့ ခေါ်ထုတ်လို့ ပြန်လွှတ်ပေးလိုက်တာ၊ အဲဒီလူ ရုံးရှေ့မှာ မောင်ရင်တို့ကို စောင့်နေတယ်"

ဟုရှင်းပြလိုက်သဖြင့် ငှင်းနှင့်လူကျော် ထိုလူကို စိတ်ဝင်စား သွားကြသည်။

ထို့ကြောင့် ရုံးရှေ့သို့ အမြန်လျှောက်ခဲ့၏။ ရုံးရှေ့သို့ ရောက် သောအခါ လူလတ်ပိုင်းအရွယ်ရှိ ဥပဓိရုပ်သန့်သန့်၊ အရပ်အမောင်း ထောင်ကောင်းကောင်းနှင့် လိုက်ဖက်စွာ အနက်ရောင်ဘောင်းဘီ၊ သက္ကလပ်အကျီဝတ်ဆင်ကာ လည်ပင်း၌ မာဖလာ[illegible]၍ ဦး[illegible]



www.burmeseclassic.com

www.burmeseclassic.com



ခပ်ငိုက်ငိုက်စောင်းထားသော လူတစ်ယောက်ကို တွေ့ရလေ၏။

ထိုလူ့ရှေ့သို့ ငင်းနှင့်လူကျော် မျက်နှာချင်းဆိုင် ရောက်သွားသောအခါ ထိုလူသည် တစ်ချက်ပြုံးပြပြီး စီးကရက်တစ်လိပ် ထုတ်ကာ မီးညှိဖွာရှိုက်လိုက်သည်။ ပြီးမှ . . .

"ငါ့ညီတို့နှစ်ယောက် အချုပ်ထဲမှာ နှစ်ည ဒုက္ခခံလိုက်ရတဲ့အတွက် စိတ်မကောင်းပါဘူး"

ဟု အသံဩဇာ အပြည့်ရှိစွာ ဆိုလာလေ၏။ ထိုအခါ ငင်းနှင့်လူကျော်သည် ထိုလူအား တစ်ကြိမ်တစ်ခါမျှ မမြင်ဖူးသော်လည်း ငင်းတို့အား အချုပ်ထဲမှ အာမခံနှင့် ထုတ်ပေးသူဖြစ်ကြောင်း လူဆိုးထိန်းမှ ကြိုပြောထား၍ သိလိုက်လေသည်။

"ကျွန်တော်တို့နှစ်ယောက်ကို အချုပ်ခန်းထဲက အာမခံလုပ်ပြီး ထုတ်ပေးကျွဲညီတဲ့အတွက် ကျေးဇူးတင်ပါတယ်"

ဟု ငင်းက လှိုက်လှိုက်လှဲလှဲ ပြောလိုက်လေရာ ထိုလူက တစ်ချက်ပြုံးလိုက်ပြီး . . .

"အစ်ကို့ကို ကျေးဇူးတင်ဖို့ မလိုပါဘူး။ ငါ့ညီတို့နှစ်ယောက်မှာ 'အပြစ်မှမရှိပဲ"

ဟု ပြောလာသဖြင့် ငင်းနှင့်လူကျော် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ အံ့ဩသွားကြ၏။

..... ထူးဒိုန္တာ တပေ .....



"ကျွန်တော်တို့မှာ အပြစ်မရှိကြောင်း အစ်ကိုဘယ်လိုသိလဲ"

ဟု ငင်းက မေးလေရာ ထိုလူက အသံထွက်ရယ်မော၍ရင်း

"တကယ်တော့ ဒီကိစ္စကိုသိတာ မဆန်းလှပါဘူး။ အစ်တို့နာမည်က ဆားပုလင်း မြိုင်မဟာမင်းမောင်ပါ"

ဟု ဖြေလေရာ ငင်းတို့နှစ်ယောက်စလုံး ပါးစပ်အဟောင်းသားဖြစ်သွားပြီး . . .

"ဗျာ . . . အစ်ကိုက ဆားပုလင်းမြိုင်မဟာမင်းမောင် တုတ်လား"

ဟု လူကျော်က အံ့ဩတကြီး ရေရွတ်လေ၏။ ငင်းကလည်း . . .

"ဒါ . . . ဒါဆို . . . အစ်ကိုဟာ အမှန်တရားဘက်တော်သားအဖြစ် မြန်မာပြည်တစ်ဝှမ်း ထင်ရှားကျော်ကြားတဲ့ ဆားပုလင်း မြိုင်မဟာမင်းမောင်ပေါ့"

ဟုမေးမြန်းလိုက်၏။ ထိုအခါ ဆားပုလင်းမြိုင်မဟာမင်းမောင်က ခေါင်းညိတ်လိုက်ရင်း . . .

"ဟုတ်ပါတယ်၊ အစ်ကိုက အင်းစိန်စီအိုင်ဒီရုံးက စုံထောက်မြိုင်မဟာမင်းမောင်ပါ၊ တစ်ချိန်က ဒီမြို့မှာ ဓားပြကြီးတို့ညီအစ်ကို

..... ထူးဒိုန္တာ တပေ .....

www.burmeseclassic.com



ရုပ်ပြောင်းရုပ်လွှဲနဲ့ မကောင်းမှုတွေ ကျူးလွန်ခဲ့တဲ့ ဦးကျော်ခေါင်ကို စုံစမ်းဖော်ထုတ်ဖို့ ဒီမြို့ကို အထူးတာဝန်နဲ့ ရောက်လာခဲ့တာ''

ဟု စကားကို ဖြတ်လိုက်ပြီး စီးကရက်ဖွာရှိုက်လိုက်၏။ ပြီးမှ ဆက်လက်ပြောလာသည်။

''ငါ့ညီတို့နှစ်ယောက်လည်း ဦးကျော်ခေါင်ကို လွန်ခဲ့တဲ့ နှစ်နှစ်ဆယ်ကျော်က သွေးကြွေးအတွက် ကလဲ့စားပြန်ချေဖို့ ရောက်လာတဲ့ လူမော်နဲ့လူကျော်မဟုတ်လား''

ဟုမေးလာသဖြင့် ၎င်းနှင့်လူကျော်သည် တအံ့တသြဖြစ်ကာ ဆားပုလင်း မြို့ဝ်မဟာမင်းမောင်အား အထင်ကြီးလေးစားစွာ ကြည့်လိုက်ကြ၏။

''နာမည်ကျော်တဲ့အတိုင်း တကယ့်ကို လေးစားလောက်ပါတယ် ခင်ဗျား''

ဟု၎င်းက ချီးမွမ်းပြောလိုက်လေရာ ဆားပုလင်းမြို့ဝ်မဟာမင်းမောင်က...

''အစ်ကိုဟာ ညီလေးတို့ ချီးမွမ်းသလောက်လည်း မဟုတ်သေးပါဘူး၊ အမှန်တရားကို ချစ်မြတ်နိုးသူ တစ်ယောက်ပါပဲ''

ဟု ဆိုလာလေ၏။ ထိုအခါ ၎င်းက...

''ဘာပဲဖြစ်ဖြစ် အစ်ကိုဟာ ကျွန်တော်တို့ရဲ့ အမှန်တရားကို





ဖော်ထုတ်ပေးတဲ့ ကျေးဇူးရှင်ဖြစ်သွားပါပြီ၊ ဒါကြောင့် ကျွန်တော်တို့ ဦးကျော်ခေါင်ကို သတ်တဲ့တရားခံ မဟုတ်တူးပြောနိုင်တာလေး ရှင်းပြပါဦး''

ဟုမေးမြန်းလိုက်လျှင် ဆားပုလင်းမြို့ဝ်မဟာမင်းမောင်က အောက်ပါအတိုင်း ရှင်းပြလာတော့၏။

''အင်း...တကယ်တော့ ဒီအမှုဟာ ဦးကျော်ခေါင်ကို ဦးကျော်ခေါင် ပြန်သတ်လိုက်တာပါပဲ၊ ဘာဖြစ်လို့လဲဆိုတော့ ကျွန်းကနေ ပြန်လွတ်လာတဲ့ ဦးကျော်ခေါင်က ဒီမြို့မှာ တစ်ခြားစီးပွားရေး လုပ်ငန်းတွေနဲ့ ဦးလှငြိမ်း အမည်ခံပြီး ဖာတ်မြှုပ်နေထိုင်ခဲ့တယ်''

''တစ်ချိန်က သူခိုးပြတိုက်လို့ရခဲ့တဲ့ ပစ္စည်းတွေကို မြေပုံအတိုင်း ပြန်တူးဖော်ထုခွဲရောင်းချပြီး စီးပွားရေးလုပ်တယ်၊ တစ်ဖက်ကလည်း မှောင်ခိုလုပ်ငန်း လုပ်ကိုင်တယ်၊ ဦးလှငြိမ်းဘဝနဲ့လည်း လူသတ်မှုနှစ်ခုကို ဆက်တိုက်ကျူးလွန်ခဲ့တယ်၊ ဒါတွေက အသာထားတော့ ငါ့ညီတို့နဲ့ ဆက်စပ်တဲ့ကိစ္စပဲ ရှင်းအောင် ပြောပြမယ်''

ဟု စကားကို ခေတ္တဖြတ်လိုက်ပြီး စီးကရက်တစ်လိပ်ထုတ်ကာ မီးညှိဖွာရှိုက်လေ၏။ ပြီးမှဆက်လက်၍ ရှင်းပြလာသည်။

''ဒီမြို့ကို ငါ့ညီတို့နှစ်ယောက် ရောက်လာပြီး လက်စားချေမယ့်ကိစ္စ ဦးကျော်ခေါင်ကိုယ်တိုင် သိရှိသွားတယ်၊ ဒါကြောင့်



www.burmeseclassic.com

www.burmeseclassic.com



အလွန်ပါးနပ်တဲ့ ဦးကျော်ခေါင်ဟာ သူတို့လက်စားချေတော့မယ်ဆိုတာကို ကြိုမြင်လိုက်တဲ့အတွက် ငါ့ညီတို့ကို ကိစ္စပြတ်ထောင်ချောက်ပြန်ဆင်ခဲ့တာ၊ ဦးကျော်ခေါင်ဆိုတဲ့ ဘဝကိုလည်း အစဖျောက်ပစ်လိုက်တာ"

"အရှင်းဆုံးပြောရရင် အဲဒီညက ဦးကျော်ခေါင်ဟာ ရုပ်ပြောင်းရုပ်လွှဲ သူ့ရဲ့ပညာနဲ့ သူ့တပည့်တစ်ဦးကို ဦးကျော်ခေါင် ကိုယ်ပွားတစ်ယောက် အတုပြုလုပ်လိုက်တယ်"

"ငါ့ညီတို့ လက်စားချေဖို့ ရောက်လာတဲ့အချိန်ထက် ဆယ့်ငါးမိနစ်ခန့်စောပြီး ဒီအစီအစဉ်ကို ပွန်မပျက်ပြုလုပ်လိုက်တာ၊ သူ့နောက်ကို အစ်ကိုတို့ စုံထောက်အဖွဲ့ လိုက်နေတယ်ဆိုတာလည်း သိတဲ့အတွက် အဲဒီညမှာ ငါ့ညီတို့ရောက်ပြီး အစ်ကိုတို့ စုံထောက်အဖွဲ့အရောက်ကို ချိန်သားကိုက်ပြီး ထောင်ချောက်ဆင်ခဲ့တာပဲ"

"ငါ့ညီတို့ ခြံရှေ့မရောက်ခင် ဆယ့်ငါးမိနစ်အလိုမှာ သူ့မျက်နှာနဲ့ တစ်ထေရာတည်း ရုပ်ပြောင်းရုပ်လွှဲ ဖန်တီးထားတဲ့ သူ့တပည့်ကို သူကိုယ်တိုင် နောက်ကျောကနေ ဓားနဲ့ထိုးသတ်ပြီး အခန်းဝဘက်ကို မျက်နှာမူတဲ့ စားပွဲမှာ ဟန်မပျက်ထိုင်နေတဲ့ ပုံစံပြုလုပ်ပြီး သူက ထွက်ပြေးတိမ်းရှောင်သွားတယ်"

ဟု ရှင်းပြလာသဖြင့် ရင်နှင့်လူကျော် ဦးကျော်ခေါင် မြို့ကြီး

..... ထူးအိန္ဒြာ တပေ .....



ထဲဝင်ရန် ကြိုးစားနေချိန်က ဝတ်ရုံနက်လူတစ်ယောက် ထွက်ပြေးတိမ်းရှောင်သွားသော အဖြေအား ရရှိ-ပိုက်တော့၏။

ထိုဝတ်ရုံနက်လူဟာ ဦးကျော်ခေါင်ဆိုတာ သေချာပြီ။ အတော့်ကို ပရိယာယ်ကျွမ်းကျင်ပြီး ကြောက်စရာကောင်းသော လူစားဟုလည်း တွေးလိုက်မိတော့သည်။

"ပထမ စီစဉ်ထားတဲ့အတိုင်းဆိုရင် ဦးကျော်ခေါင်ဟာ ပြေးမလွတ်ဘူး။ အဲဒီမှာ သူက ဆယ့်ငါးမိနစ် ကြိုမြင်သွားတဲ့အတွက် အလွယ်တကူ လွတ်မြောက်သွားတာ"

"ဦးကျော်ခေါင်အစစ်ဟာ ငါ့ညီတို့ကို လူသတ်တရားခံအဖြစ် ထောင်ချောက်ဆင်ထားခဲ့ရုံတင်မကဘူး။ အစ်ကိုတို့ စုံထောက်အဖွဲ့ကိုပါ မျက်စေ့လှည့်ထားနိုင်ခဲ့တာ"

"ဒါပေမယ့် သူ့ရဲ့ရုပ်ပြောင်းရုပ်လွှဲပညာနဲ့ ပရိယာယ်တယ်လောက်ပဲကျွမ်းကျွမ်း သူ့ဘက်က ဟာကွက်တစ်ခုရှိခဲ့တယ်။ အဲဒီဟာကွက်ကြောင့် ငါ့ညီတို့ကို လူသတ်တရားခံအဖြစ်က ဆွဲထုတ်နိုင်ခဲ့သလို၊ ဦးကျော်ခေါင် ဖန်တီးပြုလုပ်ထားခဲ့တဲ့ အကြံအစည်အားလုံးကိုလည်း သဲလွန်စ ဖော်ထုတ်နိုင်ခဲ့တာ"

"သူ့ဘက်က ဟာကွက်တစ်ကွက်က ဦးကျော်ခေါင်အစစ်ရဲ့ လက်ယာဘက် လက်ကောက်ဝတ်အောက် အဆစ်ပေါ်တည့်တည့်မှာ

..... ထူးအိန္ဒြာ တပေ .....

www.burmeseclassic.com

www.burmeseclassic.com



ဘဲဥပိုင်းပုံသဏ္ဌာန် အမှတ်အနီကြီး တစ်ခုရှိတယ်၊ အခုနောက်ကျော မှာဓားတန်းလန်းနဲ့ သေဆုံးသွားတဲ့ ဦးကျော်ခေါင်မှာ ဘာအမှတ်မှ မရှိဘူး"

"ဒါကြောင့် ရုပ်ပြောင်းရုပ်လွှဲ ဦးကျော်ခေါင်အတုဆိုတာ ပြောနိုင်ခဲ့တာ၊ ဒါကြောင့်လည်း ငါ့ညီတို့ဒီအမှုက ကွင်းလုံးကျွတ် လွတ်သွားတာ၊ ဒါပေမယ့် ဦးကျော်ခေါင်ကို အစ်ကိုကိုယ်တိုင် မကြာမီ ကာလအတွင်းမှာ ဖမ်းဆီးနိုင်ဖို့လိမ့်မယ်"

ဟု ပြောဆိုရှင်းပြလာသောအခါ ငှင်းနှင့်လူကျော် ဇာတ်ညည် လည်း ရှင်းသွားသော်လည်း လူယုတ်မာကျော်ခေါင် လွတ်မြောက်ပြီး အသက်ရှင်ရှိနေသေးသည့်အတွက် ပို၍ပို၍ လက်စားချေချင်စိတ်များ က ကြီးထွားလာလေတော့၏။

"ဒီလောက်လည်း မခံပြင်းကြပါနဲ့ ငါ့ညီတို့ရာ၊ ငါ့ညီတို့ရဲ့ ခံစားမှုကို အစ်ကို ကိုယ်ချင်းစာပါတယ်၊ ဒါပေမယ့် မကောင်းမှု ပြုလုပ်ထားသူ တစ်ယောက်အတွက် ပြေးစရာမြေဆိုတာ ကျဉ်းပါ တယ်၊ အကောင်းဆုံးက တရားနည်းလမ်းကျကျ ဥပဒေဘောင် အတွင်းက လက်စားချေခြင်းမျိုးပဲ ဖြစ်စေချင်တယ်"

ဟု ဆားပုလင်းမြို့မဟာမင်းမောင်က ဖျောင်းဖျနှစ်သိမ့် စကားဆိုလာ၏။

..... ထုးအိန္ဒြာ ဆာပေ .....



"အစ်ကို တစ်ခုတောင်းဆိုချင်တာက ဦးကျော်ခေါင်ကို အမြန်ဆုံးဖမ်းဆီးဖို့ အစ်ကိုနဲ့လက်တွဲမယ်ဆိုရင် အချိန်မရွေး ကြိုဆို ပါတယ်"

ဟုဆိုလိုက်လေရာ ငှင်းက...

"ကျေးဇူးတင်ပါတယ် အစ်ကို၊ တစ်နေ့နေ့ တစ်ချိန်ချိန် တစ်နေရာရာမှာ အစ်ကိုနဲ့ ကျွန်တော်တို့ ပြန်ဆုံဖို့ရေစက်ရှိရင် ပြန်ဆုံ ကြဦးမှာပါ"

ဟုဆိုလိုက်သဖြင့် ဆားပုလင်းမြို့မဟာမင်းမောင် သက် ပြင်းချလိုက်သည်။

ထို့နောက် လူကျော်ကဝင်၍...

"ဒါနဲ့...အစ်ကို့ကို တစ်ခုမေးပါရစေ၊ ကျွန်တော်တို့နှစ် ယောက်ရဲ့အကြောင်းကို အစ်ကိုဘယ်လိုသိခဲ့တာလည်း"

ဟုမေးမြန်းလေရာ ဆားပုလင်းမြို့မဟာမင်းမောင်က..

"အင်း...မြင်းလှည်းသမား မောင်ကျောက်ဒိုးနဲ့ အစ်ကို ဆုံခဲ့တယ်၊ ငါ့ညီတို့အကြောင်းတွေ သူ့ဆီက တစ်ချို့တစ်ဝက် သိခဲ့ တယ်၊ ပြီးတော့ လွန်ခဲ့တဲ့ အနှစ်နှစ်ဆယ်ကျော်က တမြို့ကြီးထိနည်း အတု ဦးကျော်ခေါင်ရဲ့ အမှတ်ကို ပြန်ရှာပြီးသိခဲ့ရတယ် ဆိုပါတော့ ကွာ"

www.burmeseclassic.com



ဟု ရှင်းပြလိုက်လျှင် ၎င်းက…

"ဒါကြောင့်လည်း ဆားပုလင်း မြှိုင်မဟာမင်းမောင်ဆိုပြီး နာမည်ကြီးတာကိုး"

ဟု နှိုးမွမ်းပြောဆိုလိုက်၏။ ထို့နောက် ၎င်းကဆက်လက်၍

"အစ်ကို့ရဲ့ ကျေးဇူးကို ကျွန်တော်တို့ တစ်သက်မမေ့ပါဘူး။ တစ်ချိန်ချိန်မှာ ပြန်ဆပ်ခွင့်ကြုံချင်ပါတယ်၊ ကျွန်တော်တို့နှစ်ယောက်ကိုလည်း သွားခွင့်ပြုပါတော့"

ဟုပြောဆိုနှုတ်ဆက်လေရာ ထိုအခါ ဆားပုလင်း မြှိုင်မဟာမင်းမောင်က…

"ကောင်းပါပြီ၊ ဒါပေမယ့်…ငါ့ညီတို့ အလိုရှိတဲ့ ဦးကျော်ခေါင်ဟာ ဒီမြို့မှာမရှိတော့ဘူး"

ဟု ၎င်းတို့၏ အတွင်းစိတ်ကို ထိုးဖောက်သိရှိသလိုနှယ် သတိပေးပြောလိုက်လေ၏။

ထို့နောက် ၎င်းနှင့်လူကျော်သည် ဆားပုလင်းမြှိုင်မဟာမင်းမောင်အား ကျောခိုင်း၍ ထွက်ခွာခဲ့လေတော့သည်။ သို့ဖြင့် ၎င်းတို့ ရှေ့ဆက်ရမည့် ခရီးကား နေးလည်းနေးနိုင်သည်။ မြန်လည်း မြန်နိုင်သည်။

ကမ္ဘာမြေပြင်၏ တစ်နေရာ၌ လူယုတ်မာ ဦးကျော်ခေါင်



နှင့် ဆုံစည်းရလိမ့်မည်ဟူသော ယုံကြည်ချက် စိတ်ဓာတ်ဖြင့် မနက်ပေါင်းခရီးကို ဖြတ်သန်းနေရဦးမည် ဖြစ်လေတော့သတည်း။ ။

[ဝန်ခံချက် ။ ဤတွင် ကျွန်ုပ်ရေးသားသော 'ဆားပုလင်းမြှိုင်မဟာမင်းမောင်နှင့် ဝိညာဉ်တောင်ကျိန်စာ' အမည်ရှိ ဝတ္ထုရှည် ပထမပိုင်းမှာ ဒီတွင်ပြီးဆုံးလေသတည်း။ ဒုတိယပိုင်းကို ဆက်လက်ရေးသား၍ 'ထူးအိန္ဒြာစာပေ' မှ မကြာမီ ထွက်ရှိလာမည်ဖြစ်ကြောင်း ကျွန်ုပ်၏ စာဖတ်ပရိသတ်ကြီးအား အသိပေးအပ်ရင်း ဤဝတ္ထုရှည်နှင့်ပတ်သက်၍ တစ်စုံတစ်ရာကျေနပ်မှုမရှိပါလျှင် ကျွန်ုပ်မှ တောင်းပန်ပါသည်။

စာရေးသူ

နေတ်ဟိဏ်းဇော်]

www.burmeseclassic.com